

www.burmeseclassic.com
ဝိဇ္ဇာအဂ္ဂ
ဟဲဘူးဝံပုလွေတစ္ဆေ
BURMESE CLASSIC .com
ပန်းချီ [illegible]န်းရွှေကြည်
2011
www.burmeseclassic.com

www.burmeseclassic.com

# စိတ္တအဂ္ဂ

## ဟဲဘူးဝံပုလွေတစ္ဆေ

ဦးအောင်စိုး (မော်လမြိုင်) စီစဉ်သည်

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၁၅၄၀၂၁၁

အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၁၆၄၀၂၁၁

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)

အမှတ်(၆၃)၊ ဩဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျော်ရင် (၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)

အမှတ် ၂၂၅၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၁၊ ဧပြီလ။

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၅၀ ကျပ်

ဖြန့်ချိရေး – **ခုနစ်ဆင့်ကြယ်စာပေ**

အမှတ် ၁၈၂၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၇၃၀၅၁၆၆၄

၈၉၅ ၈၃

စိတ္တအဂ္ဂ

ဟဲဘူးဝံပုလွေတစ္ဆေ / စိတ္တအဂ္ဂ ။ - ရန်ကုန်၊

သိန်းမင်းစာပေ ၊ ၂၀၁၁ ။

၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ဟဲဘူးဝံပုလွေတစ္ဆေ

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ဟဲဘူးဝံပုလွေတကောင်

## ဒိပြအရှ

www.burmeseclassic.com

အခန်း (၁)

သွေးစွန်းလပြည့်

မိစ္ဆာတိုက်ပွဲ

ကျောက်ဖြူတိုက်၏ အရှင်သခင်များ

ကြောက်မက်ဖွယ်လက်ဆောင်

ဝံပုလွေတောင်မှ လျှို့ဝှက်ချက်



အခန်း (၁)

သွေးစွန်းလပြည့်

BURMESE CLASSIC

အထက်မြန်မာပြည် ကောက်ကွေ့ချောင်းဝနှင့် ရွှေကူမြို့အကြားရှိ ဧရာဝတီ၏ မြောက်ဘက်မြစ်ကမ်းမှ ဟဲဘူးရွာကလေးသည်ကား တောမကာ မြို့မကျအရပ်ဒေသလေးဖြစ်နေ၏။

ဟဲဘူးရွာ၏ မြောက်ဘက် မိုင်ဝက်ခန့်အကွာတွင်မူ ကျောက်တစ်လုံးတောင်တန်းကြီးနှင့် ဆက်နေသော ဝံပုလွေတောင်ကြီးသည် ဝံပုလွေတစ်ကောင်၏ ဦးခေါင်းပိုင်းကို ဘေးတိုက်မြင်ရသည့် သဏ္ဍာန်ရှိကာ အမှန်တကယ်လည်း သားစားဝံပုလွေတို့ အုပ်စုလိုက် ခိုအောင်းနေထိုင်သော ဝံပုလွေဂူများ



www.burmeseclassic.com

www.burmeseclassic.com



ရှိလေ၏။

ထို့ကြောင့်လည်း ဝံပုလွေတောင်ကြီးနှင့် ယင်းတောင်ခြေရှိ တောအုပ်ထဲသို့ ဟဲဘူးရွာသားတို့သည် တော်ရုံအုပ်စုမတောင့်ဘဲနှင့် သစ်ခုတ်၊ ဝါးခုတ် မသွားဝံ့ကြချေ။

ဝံပုလွေတောင်ကြီးသည် ဟဲဘူးရွာအနီးတွင်ရှိသဖြင့် ယင်းတောင်ကြီးကို ဟဲဘူးတောင်ဟုလည်း ဒေသခံတို့က ခေါ်တွင်ကြကာ ထိုတောင်ကြီးတွင် မှီတင်းနေထိုင်ကြသော ဝံပုလွေတို့ကိုလည်း ဟဲဘူးဝံပုလွေဟု ခေါ်တွင်ကြလေ၏။

ဟဲဘူးဝံပုလွေတို့သည်ကား သာမန်ဝံပုလွေတို့ထက် အကောင်ပိုကြီးကာ တစ်ကိုယ်လုံးရှိ အမွေးအမျှင်တို့လည်း ပိုရှည်ကြလျက် လွန်စွာလည်း ကြမ်းကြုတ်ရက်စက်ကြလေသည်။

သို့သော် ဟဲဘူးဝံပုလွေတို့သည် သူတို့၏ ဝံပုလွေတောင် (ခေါ်) ဟဲဘူးတောင်ကြီးနှင့် တောအုပ်ထဲသို့ ကျူးကျော်ဝင်ရောက်လာသည့် မုဆိုးများ၊ သစ်ခုတ်ဝါးခုတ်သမားများကိုသာ အုပ်စုဖွဲ့လျက် အန္တရာယ်ပြုတတ်ကြသော်လည်း ဟဲဘူးရွာထဲသို့မူ ဝင်ရောက်ရန်မူလေ့ မရှိကြချေ။

ထို့ကြောင့် ဟဲဘူးရွာသူရွာသားတို့သည် ဝံပုလွေတို့၏ အန္တရာယ်ကို ဂရုထားစရာမလိုခဲ့ပေ။





သို့သော် ယင်းအနေအထားမှာ ရွာထိပ်ရောဝတီမြစ်ကမ်းပါး၌ တည်ရှိသောကျောက်ဖြူတိုက်ကြီး၏ပိုင်ရှင် ဦးစောဒေဝ ထူးဆန်းစွာပျောက်ဆုံးသွားပြီး လေးလတိတိကြာမြင့်ခဲ့သည့် ဆောင်းဦးပေါက်လပြည့်ညတစ်ညတွင်မူ ပျက်ယွင်းသွားခဲ့ရလေ၏။

ထိုဆောင်းဦးပေါက် လပြည့်ည၏ အဖြစ်ဆိုးကို ဟဲဘူးရွာသူရွာသားတို့ မမေ့နိုင်အောင် အမှတ်ရလျက်ရှိလေသည်။

ယင်းညက လမင်းသည် ပြည့်ဝန်းစွာ သာလျက်ရှိလေ၏။

ရွာလယ်လမ်းမပေါ်တွင် ကလေးတို့သည် ပျော်ရွှင်ဆူညံစွာ ပြေးလွှားဆော့ကစားလျက် ရှိခဲ့ကြလေ၏။

ရွာသူအပျိုချောတို့က သာယာချမ်းမြေ့သော လရောင်အောက်တွင် မောင်းထောင်းဆန်ဖွပ်သူဖွပ်၊ ဗိုင်းငင်သူငင်လျက်ရှိကြလေ၏။

ရွာကာလသားတို့သည်လည်း ဘင်ဂျိုတစ်လက်ဖြင့် ရွာလယ်လမ်းတွင် ဟိုသည်လျှောက်ကာ ချစ်တေးသီကျူးလျက်ရှိကြလေ၏။

ရွာလူကြီးတို့မှာမူ အိမ်ရှေ့ကွပ်ပျစ်တို့အပေါ်တွင် ရေနွေး



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတိုင်းအွဲ့ကာ ရပ်ရေးရွာရေးကို ဆွေးနွေးတိုင်ပင် ငြင်းခုန်လျက် ရှိကြလေ၏။

ယင်းသို့ ဟဲဘူးရွာကလေး၏ တောသဘာဝအတိုင်း ချမ်းမြေ့ပျော်ရွှင်စွာ ဆောင်းဦးလပြည့်ညကို ဖြတ်သန်းလျက် ရှိကြစဉ် ...

ညဥ့်သည် နက်သည်ထက်နက်လာပြီး သူငယ်အိပ်ဆိတ်ချိန်ကျော်လာသည်နှင့် ကလေးတော်တော်များများကို မိဘတို့က အော်ဟစ်ခေါ်ငင်ကာ ရွာလယ်လမ်းမှ ခေါ်ထုတ်သွားကြလေ၏။

ဘင်ဂျိုသမားတို့လည်း အာခြောက်လက်ညောင်းလာ၍လား သို့မဟုတ် သူတို့ ပိုးပန်းစောင်းချိတ်ကာ ချစ်တေးသံပေးနေကြသည့် အပျိုချောတို့ အိပ်ရာဝင်ကုန်ကြ၍လား မသိ ... ဂီတဝိုင်းတို့ကို ရုပ်သိမ်းလျက် အသီးသီး အိမ်ပြန်သူတို့ ပြန်ကြလေကုန်၏။

အချို့ကာလသားတို့ကမူ ရွာမြောက်ပိုင်းမှ ဒေါ်ကြီးညို၏အရက်ဆိုင်လေးသို့ ခြေဦးလှည့်သူ လှည့်ကြလေ၏။

ရွာလူကြီးတို့လည်း ရေနွေးကြမ်းဝိုင်းကိုသိမ်းကာ ဘုရားဝတ်ပြုသူပြု၍ အိပ်ရာဝင်သူဝင်ကြလေကုန်၏။

သို့ဖြင့် ညဥ့်သန်းခေါင်ယံတိုင်သည်၌ ရွာလယ်လမ်း





တစ်လျှောက် လူသူရှင်းလင်းပြီး ကစော်သမားချက်ကြီးနှင့် ကိုရင်သောင်းဟန်တို့သာ ပါးစပ်မှ တွေ့ကရာသီချင်းကို အော်ဟစ်ဆိုကာ ရွာလမ်းအတိုင်း သိုင်းကွက်နင်းလျှောက်လှမ်းလာလျက် ရှိကြလေ၏။

လဝန်းသည် ကြယ်တာရာတို့ခြံရံလျက် ဟဲဘူးရွာအထက်မှ ကောင်းကင်ယံတွင် တောက်ပစွာ ထိန်ထိန်သာလျက်ရှိလေသည်။

ယင်းညဥ့်သန်းခေါင်ယံတိတိအချိန်တွင် ကျောက်ဖြူတိုက်ကြီးဆီမှ ဝံပုလွေအူသံကြီးသည် ရုတ်တရက် ထူးဆန်းစွာ ထွက်ပေါ်လာတော့၏။

'ဝူး အူ အူ အူ ဝူး အူ'

ဆွဲဆွဲငင်ငင် လှိုက်လှိုက်လှဲလှဲ အူလိုက်သော ဝံပုလွေအူသံကြီးကို နီးကပ်စွာကြားလိုက်ရသည့် ရွာသူရွာသားတို့သည် အိပ်ရာတို့အထဲမှ ခေါင်းထောင်ထကာ နားစွင့်လိုက်မိကြတော့၏။

"ဟာ ... ဝံပုလွေအူသံကြီးပါလား"

"ဟုတ်တယ်တော့ ကိုရင်သိန်းဖေ့ ရွာ ရွာထိပ်က လာတဲ့ အသံတော့"

လဝန်းသည် ထိန်ထိန်သာသည်ထက် သာနေသဖို



www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေအူသံကြီးသည်လည်း အူလိုက်သည်းလိုက် အဆက်မပြတ် ထွက်ပေါ်လျက်ရှိရာ အိပ်မပျော်သေးသည့် ရွာသူရွာသားတို့မှာ ရွာထဲသို့ ဝံပုလွေတွေ ဝင်လာပြီးလားဟူသော စိုးရိမ်စိတ်ဖြင့် အိပ်ရာထဲလှဲနေရာမှ ဝုတ်တုတ်ထထိုင်မိကြလေ၏။

"စန်းလလို ××× ငွေရည်သွေးနဲ့ ××× ခင့်ရုပ်ရုံလေး ရယ် ××× ကြော့ရှင်းပါတော့တယ် ××× သူတကာစွဲလောက်တဲ့ ××× လှသွေးရည် ××× ကြင်ကြင်နာပါကွယ် ××× ဟယ် ဟယ်"

'ဂူး အူ အူ ဂူး အူ အူ'

"ဟ . . . သောက်ခွေး"

ရွာထိပ်သို့ ရောက်လုလုဖြစ်နေသည့် ကစော်သမား ချက်ကြီးသည် အသံဝါကြီးဖြင့် စွတ်အော်နေရာမှ ဝံပုလွေအူသံကြီးကြောင့် လန့်ဖျပ်ကာ အအော်ရပ်သွားချေ၏။

"ဟ ဘိုချက် . . . ဝံ ဝံပုလွေအူသံကြီးပါလားဗျ"

"အေးကွ . . . ကိုရင် ဟို ဟိုကျောက်ဖြူတိုက်ကြီးဘက် က လာ လာတဲ့အသံထင်တယ် . . . အေ့"

'ဂူး အူ အူ ဂူး အူ အူ'

ဝန်းကျင်အနှံ့ပဲ့တင်ထပ်ထွက်ပေါ်လျက်ရှိသော ဝံပုလွေ အူသံကြီးသည်ကား ရွာထိပ် ရေဝတီမြစ်ကမ်းနံဘေးရှိ ကျောက် ဖြူတိုက်ကြီးဆီမှ ထွက်ပေါ်လာလျက်ရှိသည်ကို ရွာထိပ်သို့ ရောက်နေကြပြီဖြစ်သည့် ချက်ကြီးနှင့် ကိုရင်သောင်းဟန်တို့က ပီပီပြင်ပြင်ကြီး အနီးကပ်ကြားလိုက်ရရာ ကြက်သီးမွေးညင်း ထသွားကြလျက် မူးနေသည်များပင် ပျောက်သွားကာ မျက်လုံး ပြူးကုန်ကြတော့၏။

"ဟုတ် . . ဟုတ်တယ်ဗျ၊ အဲ . . အဲဒီ ကျောက်ဖြူတိုက် ကြီးထဲကနေ အဲဒီအူသံကြီး ထွက်ပေါ်နေတာဗျ"

"ဟ . . . အဲ အဲဒီကျောက်ဖြူတိုက်ကြီးကို ဦးစောဒေဝ မရှိကတည်းက ပိတ်ထားတာပဲဟာ၊ အေ့ . . . ဘယ်ကဘယ်လို ဝံပုလွေအူသံ ထွက် . . ထွက်ပေါ်နေရတာလဲကွ"

"အဲဒီကျောက်ဖြူတိုက်ကြီးထဲ ဝံပုလွေတွေ ရောက် . . ရောက်နေလို့ ဖြစ်မှာပေါ့ဗျာ"

ချက်ကြီးနှင့် ကိုရင်သောင်းဟန်တို့သည် ဝံပုလွေအူသံ ကြီး အဆက်မပြတ် ထွက်ပေါ်လျက်ရှိသော ကျောက်ဖြူတိုက်ကြီး အား အံ့အားသင့် နားမလည်နိုင်စွာ ငေးကြောင်ရပ်ကြည့်နေကြ ငြဲမှာပင် ဝံပုလွေတောင် (ခေါ်) ဟဲဘူးတောင်ကြီးဘက်ဆီမှ ဝံပုလွေအူသံတို့ကို ခပ်သဲ့သဲ့ ကြားလိုက်ရပြန်တော့၏။

'ဂူး အူ အူ ဂူး အူ အူ'







www.burmeseclassic.com

www.burmeseclassic.com



''ဟိုက် ... ဟဲဘူးတောင်ဘက်ကလည်း ဝံပုလွေအူသံတွေ ကြားရပါလားကွာ''

''ဟုတ် .. ဟုတ်တယ်ဗျ''

ကျောက်ဖြူတိုက်ကြီးဆီမှ ဝံပုလွေအူသံကြီး တစ်ခဲနက်ထွက်ပေါ်လျက်ရှိသလို ဟဲဘူးတောင်ဘက်ဆီမှလည်း ဝံပုလွေအူသံများ အလုံးလိုက်အရင်းလိုက် ခပ်သဲ့သဲ့ ထွက်ပေါ်လျက်ရှိရာမှ ယင်းဝံပုလွေအူသံတို့သည် တဖြည်းဖြည်း ရွာနှင့်နီးလာသလို ခံစားလာရလေ၏။

''ဟာ ကိုရင် ... ဝံပုလွေအူသံတွေက ရွာနဲ့နီးလာသလိုပါလား''

''ဟုတ်တယ် ဘိုချက် ... ငါ ကေန္တ ဒီကျောက်ဖြူတိုက်ကြီးဆီက ဝံပုလွေအူသံကြားရလို့ ဟဲ .. ဟဲဘူးတောင်က ဟဲဘူးဝံပုလွေတွေ ရွာဘက်ပြေးလာကြပြီနဲ့တူတယ်ဗျ''

သူတို့ တွေးထင်သည်မှာ မမှားချေ။

ဟဲဘူးတောင်ဘက်ဆီမှ ဝံပုလွေအူသံတို့သည် တစ်စထက်တစ်စ ကျယ်လောင်လာပြီး မကြာမီမှာပင် ရွာမြောက်ပိုင်းမှနေ၍ ရွာထိပ်ဘက်ဆီသို့ တစ်ဟုန်ထိုး ပြေးလွှားလာနေကြသော ဝံပုလွေအုပ်ကြီးကို ရွာလမ်းဖွေးဖွေးပေါ်တွင် လှမ်းမြင်လိုက်ကြရ





တော့၏။

''ဟိုက် ... ဝံ ဝံပုလွေတွေ ပြေးလာကြပါလား''

ဟဲဘူးဝံပုလွေများသည်ကား ဟဲဘူးရွာလေးထဲသို့ တစ်ဟုန်ထိုး ပြေးဝင်လာကြရာ ရွာထိပ်နားအရောက်တွင် ရွာလယ်လမ်းမပေါ်၌ ကိုးရိုးကားရားရပ်နေကြသည့် ကစော်သမားနှစ်ယောက်နှင့် ထိပ်တိုက်တိုးတော့၏။

'ဂူး ဂူး ဝေါင်း'

''ဟာ ... ဝံ ဝံပုလွေကောင်တွေ''

'ဝေါင်း ဝေါင်း'

''အား''

'ဝေါင်း'

''အောင်မယ်လေးဗျ''

ရက်စက်ကြမ်းကြုတ်လှသည့် သားစား ဟဲဘူးဝံပုလွေတို့သည်ကား သူတို့ပြေးလမ်းရှေ့တွင် တွေ့ရသည့် ကစော်သမားမနုဿလူသားနှစ်ဦးအား သူတို့၏အစာထင်မှတ်ကာ ဝိုင်းဝန်းကိုက်ခဲကြတော့၏။

'ဝေါင်း'

'ဝေါင်း'



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး ကယ်ကြပါဦးဗျ"

ဝံပုလွေတို့၏ မာန်ဖီသံများ လူသားနှစ်ဦး၏ ထိတ်လန့်တကြား သွေးပျက်အော်ဟစ်သံများ ငရဲပွက်သလို တစ်ခဲနက်ဆူညံစွာ ထွက်ပေါ်လာသဖြင့် ဟဲဘူးရွာကလေးမှာ တုန်လှုပ်သွားတော့၏။

ဟဲဘူးရွာ၏ သာယာလှပခဲ့သော လပြည့်ညသည်ကား သွေးစွန်းခဲ့ချေပြီတည်း။

✳ ✳ ✳





## မိစ္ဆာတိုက်ပွဲ

"ရော် ... ကိုစံဖြူရဲ့ ဒီအတိုင်းဆို ခက်ကပြီဗျ။ ဘယ့်နှယ် ... လပြည့်ညတိုင်းသာ ဒီလိုဖြစ်နေရင် ဘယ်လိုလုပ်ကြမတုံး။ ခုဆို လပြည့်သုံးညရှိပြီဗျ"

"ဟုတ်တယ် ကိုဘချော ... ကျုပ်လည်း တစ်နေ့တစ်နေ့ ဒါကိုပဲ စဉ်းစားနေတာ၊ ခုနောက်ပိုင်းဆို လပြည့်ညတိုင်းလိုလို လမင်းကြီးထိန်ထိန်သာပြီဆိုတာနဲ့ ဟဲဘူးဝံပုလွေတွေရဲ့ရန်က စိတ်မချရတော့ဘူးဗျ"

"ဘယ်လာစိတ်ချရတော့မှာလဲ၊ ပြီးခဲ့တဲ့ လပြည့်ရက်



www.burmeseclassic.com

www.burmeseclassic.com



ညကဆို ကျုပ်နဲ့ ကျုပ်ရဲ့မိန်းမ မမိန်းကလေးတို့ ရွာမြောက်ပိုင်းမှာ ကြွေသွားတောင်းရင်း သာမြတို့အိမ်မှာ စကားကောင်းနေတာနဲ့ မိုးကြီးစုပ်စုပ်ချုပ်သွားရောဗျို့၊ နို့ပေမယ့် လကသာနေလေတော့ မီးတုတ်မပါလည်း မှုစရာမလိုဘူးပေါ့ဗျာ၊ ဒါနဲ့ လအတော်မြင့်ချိန်မှာ လင်မယားနှစ်ယောက်သား စကားတပြောပြောနဲ့ ရွာတောင်ပိုင်းပြန်အလာ ရွာထိပ်ကျောက်ဖြူတိုက်ကြီးဆီက ဝံပုလွေအူသံကြီး ဖြုန်းခနဲ ထွက်ပေါ်လာရောဗျို့''

''ဟုတ်တယ် . . . အဲဒီညက ကျုပ်လည်း ဘုရားဝတ်ပြုမလို့ လုပ်နေတုန်း ကြားရတယ်ဗျ၊ ဘယ့်နှယ် . . . ညဦးပိုင်းပဲရှိသေးတယ်၊ ဒီအသံကြီးကြားရပါလိမ့်ပေါ့''

''ဟုတ်သဗျာ . . . ကျုပ်တို့လင်မယားလည်း အဲဒီလိုတွေးမိတာပါပဲ၊ မမိန်းကလေးကတောင် ပြောသေး၊ ဘယ့်နှယ်ညဦးပိုင်း စောစောစီးစီး ဝံပုလွေအူသံကြီး ကြားရပါလိမ့်ပေါ့၊ ဘာပဲဖြစ်ဖြစ် အဲဒီကျောက်ဖြူတိုက်ကြီးဘက်ဆီက ဝံပုလွေအူသံကြီး ထွက်ပေါ်လာရင် ဟဲဘူးတောင်ဘက်က ဟိုမိစ္ဆာ ဝံပုလွေကောင်တွေ ဆင်းလာတတ်တာမို့ ကျုပ်တို့လင်မယားလည်း အိမ်ဘက် အသော့နှင်ရတော့တာပဲဗျို့၊ ဒါပေမဲ့ ရွာထိပ်လမ်းမပေါ်ကကလေးတွေဟာ အဆော့မပျက်ဘူးဗျ၊ မောင်သာအိုးတို့ လျှောက်





ပြန်သံပေး ခြေအေးဝမ်းရောင်အဖွဲ့ရဲ့ ဘင်ဂျိုသံလည်း ခဏပဲရပ်ပြီး ပြန်တီးပြန်ဆိုနေကြသဗျ၊ ဒါနဲ့ ကျုပ်က ခပ်သုတ်သုတ်လျှောက်ရင်း ဟဲ့ နောက်ပိုးရှုးတွေ ကျောက်ဖြူတိုက်ကြီးဘက်က ဝံပုလွေအူသံ မကြားဘူးလား၊ ရှောင်ကြရှားကြပါတော့လား၊ ခဏဆို ဟဲဘူးဝံပုလွေတွေ ရောက်လာတော့မယ်လို့ ဝေါက်ငမ်းသတိပေးလိုက်မိတယ်ဗျ''

''ဒီတော့ သင်းတို့တွေ ထပြေးကြရောလား''

''ဘယ်လာပြေးရမှာလဲဗျာ . . . မပြေးတဲ့အပြင် ဘဖြူကလည်း စိုးရိမ်ရန်ကောတဲ့၊ ဒီညဟာ လပြည့်ညဖြစ်ပေမယ့် စောပါသေးတယ်တဲ့၊ အဲဒီဝံပုလွေရူးတွေ မလာလောက်သေးပါဘူးတဲ့၊ စောဒက အဲသလို ပြန်တက်သဗျ၊ ပြီးတော့ ဆိုမြဲဆို၊ တီးမြဲဆက်တီးနေကြသဗျ၊ ဒါပေမဲ့ သင်းတို့ ဘယ်ခံနိုင်မတုံး''

''အင်း . . . ဆိုပါဦး''

''ဟာ . . . ပြောလို့မှ မကြာပါဘူး၊ ဟဲဘူးတောင်ကြီးဘက်က ဝံပုလွေအူသံတွေ တစ်ခဲနက် ထွက်ပေါ်လာပြီး ဝံပုလွေအုပ်ကြီး ရွာဘက်ပြိုဆင်းလာတာများဗျာ . . . နွားရိုင်းအုပ်ကြီးဆင်းလာတာ ကျနေတာပဲ . . .!

အဲဒီတော့မှ ကလေးတွေလည်း ငယ်သံပါအောင် အော်



www.burmeseclassic.com

www.burmeseclassic.com



ချိုင့်တြ ကာလသားအုပ်စုလည်း ပုဆိုးမနိုင် ပဝါမနိုင်နဲ့ နီးရာခြံ ပိုင်းတွေထဲ ကမ္ဘားရှူးထိုး ပြေးဝင်ကြတော့တာပဲဗျို့”

“ခင် ... ခင်များတို့လင်မယားရော ပြေးတာပဲလား”

“ဟာ ... ဘယ်နေပါ့မလဲ ကိုဘချောရယ်၊ ကျုပ်ဖြင့် မမိန်းကလေးရဲ့လက်ကို ဆွဲပြီးပြေးတာများ ဘယ်လိုကဘယ်လို အိမ်ပြန်ရောက်သလဲ မသိပါဘူးဗျာ၊ ကျုပ်တို့အိမ်ပေါ်လည်း ရောက်ရော ဝံပုလွေတွေဆိုတာ အိမ်ခြံပိုင်းရှေ့က တဝေါ်းဝေါ်း နဲ့ မာန်ဖီပြီး ပြေးသွားတာများ သူတို့လက်စာမိလိုက်လို့ကတော့ အရိုးပဲကျန်မှာ အမှန်ပဲဗျို့၊ ကံသိပေလို့ပဲဗျာ”

“အင်း ... ခက်ကပြီဗျ၊ ဒီအတိုင်းဆို အတော်ခက်ပြီ”

ဦးဘချောက ခေါင်းကို ခပ်ဖြည်းဖြည်းယမ်းကာ ညည်း တွားလိုက်ပြီးနောက် ဝါးဆေးတံကြီးကို မီးညှိလျက် ဖွာရှိုက်ရင်း ခပ်ဝေးဝေးမှ ဟဲဘူးတောင်ကြီးဘက်သို့ ငေးကြည့်လိုက်၏။

ဦးဘချောတို့၏အိမ်မှာ ရွာမြောက်ဘက်စွန်းတွင် တည် ရှိသဖြင့် ဟဲဘူးတောင်ကြီးနှင့်ဆို ဖုန်းဆိုးလွင်ပြင်နှင့် တောအုပ် သာ ခြားလေသည်။

ရွာမြောက်ဘက်ပိုင်းရှိ လယ်မြေအချို့မှာ ကုန်းမြင့်ပိုင်း တွင်တည်ရှိသဖြင့် ထွန်ယက်စိုက်ပျိုး၍ မကောင်း။ ရေသွယ်၍





မရဖြစ်ကာ ကောနေခဲ့သည်မှာ ကြာပြီဖြစ်၏။ ကျတ်တီးကုန်းမြေ ကဲ့သို့ဖြစ်လျက် ဆူးချုံပင်တို့သာ ပေါက်ရောက်ကာ ဖုန်းဆိုးလွင် ပြင်ဖြစ်လာခဲ့လေသည်။

မူလပိုင်ရှင်တို့လည်း ယင်းလယ်မြေတို့တွင် ထွန်ယက် စိုက်ပျိုးမှု မရှိတော့။ ထိုကြောင့် ရွာမြောက်ဘက်သို့ ရွာသူရွာသား တို့ လာရောက်မှု နည်းခဲ့ကြတော့၏။

ယခုဆို ကြောက်မက်ဖွယ် သားစားဝံပုလွေရိုင်းတို့ ခိုတင်းနေထိုင်သည့် ဟဲဘူးတောင် ဟဲဘူးတောတန်းနှင့် တစ် ဆက်တည်းဖြစ်နေသော အနီးဖုန်းဆိုးလွင်ပြင်ကို ဖြတ်သန်းဝံ့သူ ပင် မရှိတော့ချေ။

ဦးဘချောတို့အိမ်ဝိုင်းက ထိုဖုန်းဆိုးလွင်ပြင်၏အစပ်တွင် ဘည်ရှိသဖြင့် ဝံပုလွေရိုင်းတို့၏ရန်ကို ပိုမိုစိုးရိမ်ရသည်။

ထို့ကြောင့် ဟဲဘူးဝံပုလွေတစ္ဆေ အခြောက်ခံနေရခြင်း ခွဲရာကမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းကို အဓိကထား ဘင်ခြင်စဉ်းစားတွေးတောရင်းမှ တစ်ရွာတည်းသား ဦးစံဖြူနှင့် ဆွေးနွေးတိုင်ပင်နေကြခြင်း ဖြစ်ပါ၏။

ဦးစံဖြူသည်လည်း ရွာလူကြီးတစ်ဦးပင်ဖြစ်သဖြင့် ဟဲဘူး ဝံပုလွေတို့၏ရန်ကို ကာကွယ်ဖို့ ဆွေးနွေးတိုင်ပင်ရန် ဦးဘချော၏



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ရောက်ရှိလာပြီး အိမ်ရှေ့မှကွပ်ပျစ်ဝယ် ရေနွေးကြမ်းဝိုင်းဖွဲ့ရင်း စကားစမြည်ပြောနေကြခြင်း ဖြစ်ပါသည်။

''ဒါထက် ကိုစံဖြူ . . . လူသူမနေတာကြာပြီဖြစ်တဲ့ ရွာတောင်ပိုင်းမြစ်ကမ်းစပ်က ကျောက်ဖြူတိုက်ကြီးကို ဘယ်က ဝံပုလွေကောင် ရောက်ရောက်လာပြီး အူတာလဲဗျ။ သင်း အူသံကြားမှ ဟဲဘူးဝံပုလွေတွေ ရောက်လာတတ်တာ ဟုတ်လား။ သင်းသာ အစမထောင်ရင် ဟဲဘူးဝံပုလွေကောင်တွေရဲ့ရန် ဖြစ်ပေါ်လာစရာမလိုဘူး''

''အေးဗျ . . . ရွာလယ်ပိုင်းက ကိုသာခင်တို့နဲ့ ကာလသားတွေလည်း အဲဒီကျောက်ဖြူတိုက်ကြီးရဲ့အကြောင်း အဲလိုပြောနေကြလေရဲ့၊ ကာလသားခေါင်း ဖော်မိုးကဆို သော့ခတ်ပိတ်ထားတဲ့ ကျောက်ဖြူတိုက်ကြီးထဲ ချိုးဖျက်ဝင်ရောက်ပြီး အဲဒီဝံပုလွေကောင်ကို အပြတ်ရှင်းချင်နေတာဗျ''

''ဒီလိုတော့ အရမ်းကာရောလုပ်လို့ရမယ် မထင်ဘူးဗျ ကိုစံဖြူရဲ့၊ တော်ကြာ ကျောက်ဖြူတိုက်ကြီးရဲ့ပိုင်ရှင် ဦးစောဒေဝ ပြန်ရောက်လာမှ သူ့ပိုင်နက်ကျူးကျော်ပါတယ်ဆိုပြီး တရားစွဲရင် ရှင်းရခက်နေမယ်ဗျ''

''ဒါကြောင့် ကျုပ်တို့ ကိုသာခင်တို့လည်း ကာလသား





တွေကို တားနေရတာပေါ့ဗျ၊ တစ်ခုရှိတာက . . .''

ဦးစံဖြူက စကားကိုရပ်လိုက်ပြီး မြေကရားအိုးထဲမှ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်၏။ ဦးဘချောမှာ ဝါးဆေးတံကြီးကိုပင် ဖွာရန်မေ့နေပြီး ဦးစံဖြူ၏စကားအား စိတ်ဝင်စားစွာ နားစွင့်သည်။

''အင်း . . . ဆိုပါဦးဗျ၊ ဘာတစ်ခုရှိတာလဲ''

''အခုလာမယ့် လသာညတွေကျရင် မြစ်ကမ်းခြေဘက်ကနေ ဝံပုလွေမလာနိုင်အောင် တားဆီးနိုင်မယ်ဆိုရင် အဲဒီပြဿနာ ပြေလည်နိုင်ကောင်းတယ်ဗျ''

''နေပါဦး . . . ခင်ဗျားဆိုလိုတာက ဝံပုလွေကောင်ဟာ မြစ်ကိုဖြတ်ကူးလာပြီး ကျောက်ဖြူတိုက်ကြီးပေါ် နောက်ကျောဘက်ကနေ တက်အူတာမို့ အဲဒီဝံပုလွေကောင် မလာနိုင်အောင် တားမယ်ပေါ့ . . . ဟုတ်လား''

''ဒါပေါ့ဗျာ၊ အဲဒီလိုနည်းနဲ့ တားဆီးနိုင်ရင် ရနိုင်တယ် ကိုဘချောရဲ့''

''ဝံပုလွေကောင်က မြစ်ကိုဖြတ်ကူးလာတာ မဟုတ်ဘဲ၊ ရွာအရှေ့တောင်ဘက်၊ အနောက်တောင်ဘက်က ပတ်လာတာဆိုရင်ကော''



www.burmeseclassic.com

www.burmeseclassic.com



''ကျုပ်တို့က ကျောက်ဖြူတိုက်ကြီးကို ကုန်းတွင်းဘက်ကလည်း ပတ်ဝိုင်းထားမှာလေဗျာ၊ သင်း ဘယ်ဘက်ကလာမလဲ၊ လာချင်တဲ့ဘက်က လာစမ်းပါစေ၊ လာတာနဲ့ ဒူးလေးနဲ့ ဝိုင်းပစ်၊ ဓားလှံနဲ့ဝိုင်းထိုးခုတ်ကြတာပေါ့ဗျာ''

ဦးဘချောက ဆေးတံကို မီးညှိဖွာပြီး စဉ်းစားတွေးတောပြန်၏။

''အင်း ... ခင်ဗျားပြောတာ ဖြစ်နိုင်တယ်ဗျ ကိုစံဖြူ၊ အဲဒီကျောက်ဖြူတိုက်ကြီးထဲ ဘယ်ကဘယ်လို ရောက်ရောက်လာမှန်းမသိတဲ့ ဝံပုလွေကောင်ကြောင့် ကျုပ်တို့ ဒုက္ခရောက်နေရတာ၊ သင်း မလာနိုင်အောင် စောင့်ကြပ်ထားရင် အဲဒီပြဿနာငြိမ်းသွားနိုင်တယ်၊ ဒီတော့ အဲဒီလိုစောင့်ကြပ်မယ့်ကိစ္စကို လက်တွေ့အကောင်အထည်ဖော်တော့ဗျာ၊ လာမယ့် လဆန်းညတွေမှာပဲ စဖော်ဗျာ''

''ဖော်တာပေါ့ဗျာ၊ ကျုပ်တို့ ရွာလူကြီးတွေနဲ့ ရွာကာလသားတွေ စုဝေးတိုင်ပင်ပြီး လုပ်ကြမယ်၊ အခု အဲဒီကိစ္စ တိုင်ပင်ဖို့ ခင်ဗျားဆီ လာခဲ့တာဗျ''

ထို့နောက် ရွာလူကြီးနှစ်ဦးတို့သည် ကျေးရွာလုံခြုံရေးကိစ္စများကို ဆက်လက်ဆွေးနွေးနေကြလေ၏။





ဟဲဘူးရွာကလေးသည်ကား ဇန်းမော်၊ ရွှေကူနှင့် ကသာမြို့အကြား ရေကြောင်းသင့်ရာ ဧရာဝတီကမ်းစပ်တွင် တည်ရှိသည့်အပြင် ရွာ၏အနောက်အရပ် ကောက်ကွေ့ချောင်းကြီးနှင့်ဆက်စပ်နေသော အင်းကြီးများမှ ငါးပိသာချိန်များစွာ ထွက်ရှိရာ ရေလုပ်ငန်းထွန်းကားသည့် ရွာကလေးဖြစ်လေ၏။

ဟဲဘူးမြစ်ဆိပ်မှနေ၍ အထက်ဘက်ဖြစ်သော ဇန်းမော်မြစ်ကြီးနားဘက်သို့လည်းကောင်း၊ အောက်ဘက် ကသာ၊ ထီးချိုင့်မှသည် မန္တလေးအထိ ငါး၊ ငါးပိကောင်၊ ငါးဆားနယ်တို့ကို ရင်စို့ခန့်မြင့်သော ခြင်းကြီးများဖြင့် သဘောအစုန်အဆန်တင်ပို့လျက်ရှိရာ စီးပွားဖြစ်လှသည်။

စီးပွားဖြစ်သဖြင့် မြို့အရပ်မှ စီးပွားရေးသမားများ လာရောက် အခြေစိုက်ခြင်း၊ ဝင်ထွက်ခြင်းရှိလာရာ ရွာကလေးမှာမြို့ကလေးတစ်မြို့နှယ် စည်ကားသိုက်မြိုက်စပြုလာပြီ ဖြစ်၏။

ထိုသို့သော ရေလုပ်ငန်းအပြင် ဟဲဘူးရွာကလေးသည် အိုးလုပ်ငန်းဖြင့်ပါ ထင်ရှားသော ရွာကလေးဖြစ်သည်။

ရွှေကူဒိစတြိတ်အပိုင်အတွင်းမှ ဟဲဘူးရွာကလေးတွင် အနုပညာမြောက်သော လက်မှုပညာရှင်များလည်း ရှိ၏။

ယင်း ဟဲဘူးလက်မှုပညာရှင်တို့သည် မြန်မာပြည်



www.burmeseclassic.com

www.burmeseclassic.com



အဘက်ပိုင်းတွင်မက မြေလတ်ပိုင်း၊ အောက်ပိုင်းဒေသတို့တွင်ပါ ကျော်ကြားလှသော ရွှေကူအိုးများကို လက်ရာမြောက်စွာ ထုတ်လုပ်ပေးကြ၏။

ရွှေကူသောက်ရေအိုးတို့သည် အသွင်ထူးကာ မြေသား အရောင်နုပြီး ချောမွတ်၏။ မြေလတ်ပိုင်းအိုးများ၊ အညာအိုးများ နှင့် မတူညီသော ဝိသေသထူးများစွာရှိ၏။

မြေလတ်ပိုင်းအိုး၊ အညာအိုးများမှာ အိုးသားထူပြီးပွကာ ပုပိုင်းဝိုင်းသဏ္ဌာန်ရှိ၏။ မြေအရောင်မှာ နီညိုရင့်ရောင်ဖြစ်၏။ အိုးအဝ ကျယ်လေ့ရှိ၏။ အိုးသားပွသဖြင့် ရေစိမ့်တတ်ရာ အိုး အောက်၌ ကရွတ်ခွေခံရ၏။ စဥ့်ဇလုံခံရ၏။

ဟဲဘူးရွာထွက် ရွှေကူအိုးများမှာမူ မြေသားကျစ်သဖြင့် ရေစိမ့်ယိုခြင်း မရှိ။ အိုးဖင်အောက်တွင် စဥ့်ဇလုံခံစရာမလို။

အိုးတို့၏သဏ္ဌာန်မှာ ရှည်မျောမျောကလေးဖြစ်ကာ ရေ အိုးအောက်ခံပါ တစ်ဆက်တည်း ပြုလုပ်ထားသဖြင့် ကရွတ်ခွေ မလိုချေ။

အညာအိုးများ၊ မြေလတ်အိုးများကဲ့သို့ အိုးသပ်သပ် အဖုံးသပ်သပ် မရောင်းဘဲ လက်ကိုင်ပါသည့် အိုးအဖုံးကလေး များကို လည်တံရှည်အိုးပေါ်တွင် စနစ်တကျ ဖုံးကာရောင်း၏။





အိုးသားအရောင်မှာ နီညိုနုဖြစ်ပြီး အရွယ်အစားအမျိုး မျိုးရှိသော ယင်းအိုးတို့တွင် ဆေးဖြင့် ရောင်စုံပန်းပွင့်များ ခြယ်သ ထားရာ သေသပ်လှပသန့်ရှင်းလှချေ၏။

ထို့ကြောင့် ရွှေကူသောက်ရေအိုးများသည် ကျော်ကြား ၏။ ရောင်းပန်းလှ၏။ ဟဲဘူးရွာမှထုတ်လုပ်သော ရွှေကူအိုးများကို လူကြိုက်များလှ၏။

သို့ဖြင့် ဟဲဘူးရွာကလေးမှာ စီးပွားဖြစ်လေရာ မြို့အရပ် ဒေသတို့မှ ပိုက်ဆံဝါလား ငွေရှင်တို့ လာရောက်အခြေစိုက်တတ် ကြ၏။

ကျောက်ဖြူတိုက်ကြီး၏ပိုင်ရှင် ဦးစောဒေဝမှာလည်း မူလအစဉ်အဆက်ပိုင်ရှင် ပေါ်မိုင်းကြီးတစ်ဦးထံမှ ယင်းတိုက်ကြီး ကိုဝယ်ယူကာ အခြေချလာသော မြစ်ကြီးနားဘက်မှ လုပ်ငန်းရှင် ကြီးတစ်ဦးဖြစ်၏။

ဦးစောဒေဝမှာ ဇနီးဒေါ်မြကြွယ်ပါရှိလာပြီး လင်မယား နှစ်ဦး အိုးလုပ်ငန်းထောင်ကာ တက်ညီလက်ညီ အလုပ်လုပ်ကြ ၏။

သုံးလေးလခန့် အချိန်အတော်ကြာ လုပ်ငန်းလုပ်ကိုင် နေကြစဉ်မှာပင် ဒေါ်မြကြွယ်မှာ အဆုတ်ရောဂါဖြင့် ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



နာမကျန်းဖြစ်ကာ ကွယ်လွန်သွားခဲ့ရသည်။

သားထောက်သမီးခံမရှိသော ဦးစောဒေဝမှာ ဇနီးမရှိ တော့သည့်နောက်ပိုင်း စိတ်ဓာတ်ကျကာ အိုးလုပ်ငန်းကို ဖြုတ် လိုက်ပြီး ကျောက်ဖြူတိုက်ကြီးထဲမှ အပြင်သို့ ထွက်သည်မရှိတော့ ချေ။

အိမ်ထဲမှာသာ အောင်းကာ အိမ်ကို အလုံပိတ်ထားလေ့ ရှိ၏။ ဦးစောဒေဝ၏ လက်ရုံးတပည့် ခါးကုန်းကြီး ဦးခမောက်ကမူ တစ်ပတ်တစ်ခါခန့် ရွာထဲထွက်ထွက်လာကာ ရိက္ခာခြောက် ရိက္ခာစိုတို့ကို တစ်ပတ်စာ ဝယ်ယူလေ့ရှိ၏။

ရွာထဲမှလူများက ဦးခမောက်၏နာမည်ရင်းကို မသိကြ။

သူ၏ခါးမှာ ထာဝရကုန်းနေကာ ကျောမှ ပို့မောက်နေ သည့်ဘုကြီးက ခမောက်တစ်ခု မှောက်ထားသည့်အသွင် ရှိသ ဖြင့် သူ့ကို ရွာသူရွာသားတို့က ဦးခမောက်ဟု အလွယ်တကူ ခေါ်ကြခြင်းဖြစ်သည်။

ဦးခမောက်က စကားနည်း၏။ စကားမပီ။ သို့သော် မစွမ်းမသန် မဟုတ်။ သန်စွမ်းဖျတ်လတ်၏။ သူ၏ခါး၌ ဓား ကောက်ကြီးတစ်လက်ကို အမြဲချိတ်ဆွဲထားလေ့ရှိ၏။

ဦးစောဒေဝကိုယ်တိုင်သည်လည်း ထောင်ထောင်မောင်း





မောင်းကြီးဖြစ်သည်။

သူတို့ဆရာတပည့်နှစ်ဦးစလုံးသည် လွန်စွာ မျက်နှာထား တည်ကြရာ ရွာထဲသို့ သူတို့လျှောက်လှမ်းလာပြီဆိုလျှင် ရွာသူ ရွာသားများနှင့် ကလေးတို့သည် သူတို့ကို မခေါ်မပြောဝံ့ကြ။ ဝေးဝေးမှ ရှောင်ကွင်းသွားလေ့ရှိကြ၏။ ကြာတော့ သူတို့နှင့် ဟဲဘူးရွာကလေးမှာ စိမ်းသည်ထက်စိမ်းလာကာ ရွာနှင့် တစ်သီး တခြားလို ဖြစ်လာတော့သည်။

ဦးစောဒေဝမှာ တောလိုက်ဝါသနာပါသဖြင့် တစ်ခါတစ် ရံ နှစ်လုံးပြူးသေနတ်ပြောင်းရှည်ကြီးလွယ်ပြီး ရွာမြောက်ပိုင်းမှ ကျောက်တစ်လုံးတောင်တန်းကြီး၏အခြေရှိ တောအုပ်ကြီးများ ဘက် အမဲပစ်ထွက်သွားလေ့ရှိ၏။

သူ ဤသို့ အမဲပစ်ထွက်ပါက သူနှင့်အတူ ဦးခမောက် လည်း လိုက်ပါသွားလေ့ရှိ၏။

လွန်ခဲ့သော ခုနစ်လခန့်က သူတို့ဆရာတပည့်နှစ်ဦး ယင်းသို့တောလည်ထွက်သွားကြရာမှ ဟဲဘူးသို့ ပြန်ရောက်မလာ တော့ချေ။

ယခုတော့ သူတို့နေထိုင်ခဲ့ရာ ကျောက်ဖြူတိုက်ကြီးက ဟဲဘူးရွာကို ခြောက်လှန့်ပေးလျက် ရှိချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်စေ ဟဲဘူးရွာသူရွာသားတို့သည် တိုင်ပင်ညည်းဝေးကြပြီးနောက် လဆန်းရက်ကာလများ၌ ကျောက်ဖြူတိုက်ကြီးဝန်းကျင်တွင် နေ့ရောညပါ ကင်းများချထားလျက် စောင့်ကြည့်နေကြတော့၏။

သို့ဖြင့် လဆန်း ၁၃-၁၄ရက်မှသည် လပြည့်ညသို့ တစ်ဖန် ရောက်ရှိလာပြီဖြစ်သည်။

''ဟင်း ဟင်း ... ဒီလပြည့်ညမှာတော့ ဒီကျောက်ဖြူတိုက်ကြီးဆီက ဘယ်လို ဝံပုလွေအူသံမှ ထွက်ပေါ်လာစရာအကြောင်း မရှိတော့ဘူးကွ''

ဤကာလသားခေါင်း ဇော်မိုးက ဖက်ကြမ်းဆေးလိပ်ဖွာရင်း ကျောက်တုံးကြီးတစ်လုံးအပေါ် ထိုင်လျက်မှ ကျောက်ဖြူတိုက်ကြီးဘက်ကြည့်ကာ မှတ်ချက်ချလိုက်၏။

လရောင်အောက်တွင် မြစ်ကမ်းစပ်မှ ကျောက်ဖြူတိုက်ကြီးမှာ ဖွေးထင်းလို့နေသည်။

''ဒါပေါ့ ကိုဇော်မိုးရဲ့ ... ကျုပ်တို့ နေ့ရောညပါ ကင်းစောင့်နေခဲ့ကြတာ၊ အကြောင်းမဲ့မှ မဟုတ်ဘဲ ဘယ်ဝံပုလွေအစုတ်ပလုတ်၊ ဒီကျောက်ဖြူတိုက်ကြီးအနား လာနိုင်လို့လဲ''

''အေး ... အဲဒီဝံပုလွေစုတ် မလာနိုင်ရင် ကျောက်ဖြူတိုက်ကြီးဆီက ဝံပုလွေအူသံကြီးလည်း ထွက်ပေါ်လာစရာ အကြောင်းမရှိတော့ဘူး၊ ဒါဆို ငါတို့ရွာလည်း ဟဲဘူးဝံပုလွေတစ္ဆေ အခြောက်ခံရတဲ့အဖြစ်ဆိုးက လွတ်ရောပေါ့ကွာ ... မဟုတ်ဘူးလား ... ဟား ဟား ဟား''

''ဟုတ်ပါ့ဗျာ ဟုတ်ပ ... ဟား ဟား ဟား ... ကျုပ်ဖြင့် အဲဒီဝံပုလွေကောင်ရဲ့အသားကို ကင်စားပြီး အရက်နဲ့မြည်းမယ်လို့ စိတ်ကူးထားတာဗျ၊ ခွေးမသား ဝံပုလွေစုတ် အနားတောင် မသီဝံ့ပါလား ... ဟား ဟား ဟား''

ရွာကာလသားခေါင်း ဇော်မိုးနှင့် လူငယ်လူရွယ်တစ်စုမှာ ဓားလှံလေးမြားတို့ကို အသင့်ကိုင်ရင်း မြင့်မားလှသည့် ကမ်းပါးစောက်အပေါ်ရှိ ကျောက်တုံးများပေါ်တွင် ထိုင်လျက်လည်းကောင်း၊ မြက်ခင်းပေါ် ထိုင်လျက်လည်းကောင်း ကင်းစောင့်နေကြရာမှ ကျေနပ်စွာ ဝေဖန်ပြောဆိုရင်း ရယ်မောသဘောကျနေကြတော့၏။

ယင်းအချိန်မှာပင် လိုက်လိုက်လှဲလှဲအူလိုက်သည့် ဝံပုလွေ အူသံကြီးက ကျောက်ဖြူတိုက်ကြီးဘက်ဆီမှ ရုတ်တရက် ထွက်ပေါ်လာတော့သည်။

'ဝူး အူ အူ ဝူး အူ အူ'




www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်"

"ဟာ"

"ဟင်"

ကျောက်ဖြူတိုက်ကြီးဘက်မှ ဝံပုလွေအူသံကြီးကို မမျှော်လင့်ဘဲ ကြားလိုက်ရရာ ဇော်မိုးတို့ ကာလသားတစ်သိုက်မှာ အံ့အားလွန်စွာသင့်သွားကြတော့၏။

"ဟ ... ဘယ့်နှယ်၊ ဘယ်တုန်းက ဝံပုလွေစုတ် တိုက်ကြီးထဲ ရောက်နေပါလိမ့်"

"ဟုတ်ပ့ါကွာ ... ငါတို့ ဒီလောက်စောင့်ကြပ်နေတဲ့ကြားက ဘယ်နေရာကနေ ဝင်သွားသလဲ မသိဘူးကွ"

"ဧကန္တ ... အဲဒီ ဝံပုလွေကောင်ဟာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လားမသိဘူး"

"ဘာလဲကွ မောင်ကိန်း ... ဘယ်လိုသွေးရိုးသားရိုးလဲ"

"သာမန်တိရစ္ဆာန်ဝံပုလွေမှ ဟုတ်ရဲ့လားလို့ ပြောတာကွ၊ တစ္ဆေသရဲဝံပုလွေများ ဖြစ်နေသလားလို့"

'ဝူး အူ အူ ဝူး အူ အူ'

သည်တစ်ခါတော့ ...





ဝံပုလွေအူသံကြီးက အဆက်မပြတ် ထွက်ပေါ်လာကာ ဟဲဘူးရွာတစ်နံတစ်လျား လွှင့်ပျံ့လို့သွားတော့သည်။

လပြည့်ညဥ့်ယံဝယ် ဝံပုလွေအူသံကြီးက ပဲ့တင်ထပ်မျှ ထွက်ပေါ်လျက်ရှိရာ မကြာမီမှာပင် ဝံပုလွေတောင် (ခေါ်) ဟဲဘူးတောင်ကြီးဘက်ဆီမှ သားစားဝံပုလွေရိုင်းတို့၏ အူသံတို့လည်း ခပ်သဲ့သဲ့ ထွက်ပေါ်လာတော့၏။

"ဟာ ... ဟဲ ဟဲဘူးဝံပုလွေတွေ လာတော့မယ်ဟေ့၊ ဘယ်လိုလုပ်ကြမလဲ"

ကာလသားတို့ မျက်လုံးပြူးသွားကြ၏။

သူတို့ ဘာလုပ်၍ဘာကိုင်ရမှန်းမသိ ဖြစ်နေကြစဉ်မှာပင် ဟဲဘူးဝံပုလွေတို့၏ အူသံ၊ မာန်ဖီသံတို့က ရွာဘက်ဆီသို့ နီးလာခဲ့ပြီဖြစ်သည်။

"ဟာ ... ဟဲ ဟဲဘူးဝံပုလွေတွေ လာကုန်ပြီ၊ ဘယ်လိုလုပ်ကြမလဲ ကိုဇော်မိုး"

သူတို့ရောက်ရှိနေသည့် ကျောက်ဖြူတိုက်ကြီးရှိရာ မြစ်ကမ်းပါးစွန်းမှာ ရွာအစပ်နှင့် ကိုက် ၁၀၀ ကျော်ခန့်ဝေးပြီး ကျောက်ဖြူတိုက်ကြီးနှင့် ရွာအစပ်အကြားဝယ် မြေပြန့်လွင်ပြင်ငယ် ရှိ၏။

ချုံပုတ်အနည်းငယ်သာရှိသော ယင်းကွင်းပြင်၏အလယ်



www.burmeseclassic.com

www.burmeseclassic.com



မှ မြေလမ်းဖုံဖုံက ရွာစပ်မှနေ၍ ကျောက်ဖြူတိုက်ကြီးရှေ့သို့ ရှေ့ရှုတည်ရှိနေပြီး ကျောက်ဖြူတိုက်ကြီးရှေ့သို့အရောက်တွင် ဝဲဘက်သို့ ချိုးကွေ့ကာ မြစ်ဆိပ်သို့ ဦးတည်သွားလေသည်။

ယခုအခါ ဟဲဘူးဝံပုလွေတို့သည် ရွာလယ်လမ်းအတိုင်း ရွာမြောက်ပိုင်းမှ တစ်ဟုန်ထိုး ပြေးဝင်လာလျက်ရှိကြရာ သူတို့၏ မာန်ဖီသံ၊ ပြေးလွှားလာသံတို့က အုတ်အုတ်ကျက်ကျက် တစ်ခဲနက် ထွက်ပေါ်လာလျက်ရှိလေပြီ။

ရွာလယ်လမ်းအတိုင်း ဖုန်တထောင်းထောင်းထမျှ ပြေးလွှားလာနေကြသော ဝံပုလွေအုပ်ကြီးကို လရောင်ဖြင့် ထင်းထင်းကြီးမြင်နေကြရသည့် ရွာကာလသားတို့မှာ သွေးပျက်တုန်လှုပ်ကုန်ကြတော့၏။

"ကို ကိုဇော်မိုး လုပ်ပါဦးဗျ ... ဝံ ဝံပုလွေတွေ လာနေပြီ"

"အေး ... ငါတို့ ရွာထဲ ပြန်ပြေးဝင်ရှောင်ပုန်းလို့လည်း မရတော့ဘူး။ ဒီကောင်တွေနဲ့ ထိပ်တိုက်တိုးပြီ၊ မထူးဘူးကွာ ... သူသေကိုယ်သေ ပြန်ချကြတာပေါ့"

"ဖြစ် .. ဖြစ်ပါ့မလားဗျ"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ ... ဒီမိစ္ဆာကောင်တွေ ကိုက်





တာတော့ လည်စင်းမခံနိုင်ဘူး။ ပြန်ချရမှာပဲ"

"ကျုပ် .. ကျုပ်တို့ကတော့ မနိုင်ရင် မြစ်ထဲခုန်ချပြေးမှာပဲ"

"ခွေးမသား မောင်ကိန်း ... စစ်မရောက်ခင် မြားကုန်မနေနဲ့ ... ပြန်ချ"

'ဝေါင်း ဝေါင်း ဝေါင်း'

သွေးဆာနေကြဟန်တူသည့် ဟဲဘူးဝံပုလွေအုပ်ကြီးသည်ကား ကျောက်ဖြူတိုက်ကြီး၏ဝန်းကျင်တွင် လူသားတစ်စုကို တွေ့လိုက်ရရာ တစ်ခဲနက် မာန်ဖီရင်း ပြေးဝင်ခုန်အုပ်ကိုက်ခဲကြတော့၏။

ကာလသားခေါင်း ဇော်မိုးဦးဆောင်သည့် ရွာကာလသားတို့ကလည်း ဓားလှံလက်နက်တို့ဖြင့် ရဲဝံ့စွာ ပြန်လည်ခုခံတိုက်ခိုက်ကြတော့သည်။

'ဝေါင်း ဝေါင်း'

"သေစမ်းကွာ"

'ရွပ်'

"မိစ္ဆာကောင်တွေ သေစမ်း"

'ရွပ်'



www.burmeseclassic.com

www.burmeseclassic.com



'ရွပ်'

'ဝေါင်း ဝေါင်း ဝေါင်း'

လရောင်အောက်မှ လူသားတစ်စုနှင့် ဟဲဘူးဝံပုလွေအုပ်ကြီး၏တိုက်ပွဲကား ကြောက်ခမန်းလိလိ ရှိဘိ၏။

သွေးဆာနေကြသည့် သားစားဝံပုလွေရိုင်းတို့က လူသားတို့၏အသွေးအသားကို အားပါးတရ စားသောက်ဝါးမျိုရန် ကြမ်းကြုတ်ခက်ထန်စွာ တိုက်ခိုက်ကြသလို ရွာကာလသားတို့ကလည်း ပြင်းထန်စွာ ခုခံကြတော့သည်။

ဝံပုလွေကြီးတစ်ကောင်က ကာလသားခေါင်းဖော်မိုး၏လည်မျိုကိုခဲရန် ခုန်ဝင်လာသည်တွင် ဖော်မိုးက ဝဲဘက်သို့ ကိုယ်ကိုတိမ်းကာ ရှောင်လိုက်ရင်း လက်ထဲမှလှံရှည်ဖြင့် ပင့်ထိုးလိုက်ရာ . . .

''ရွပ်''

လှံသွားချွန်မြမြက ဝံပုလွေရိုင်းကြီး၏ ဗိုက်သားဖွေးဖွေးကို ထိုးခွဲဝင်ရောက်သွားတော့၏။

'ဝေါင်း'

ဝံပုလွေရိုင်းကြီးမှာ တစ်ချက်သာ မာန်ဖီလိုက်ပြီး မြေပေါ် ဘုံးခနဲ ပစ်လဲကျသွားတော့သည်။





နောက် ဝံပုလွေရိုင်းတစ်ကောင်ကား ရွာကာလသားတို့အထဲတွင် ဗလအကောင်းဆုံး အတုတ်ခိုင်ဆုံး စောဗညား၏ပေါင်ကို ပြေးဟပ်ရန် ခုန်ဝင်လာရာ စောဗညားက ကျွန်းတိုင်လုံးနှယ်တုတ်ခိုင်သည့် ညာခြေဖြင့် ဖောင်းခနဲ ခတ်ထုတ်လိုက်ပြီး ဝံပုလွေ မြေပြင်ပေါ်အကျ လက်ထဲမှ ဆောင်ဓားဖြင့် အားပါးတရခွဲခုတ်လိုက်ရာ ဝံပုလွေကောင်မှာ အသံထွက်၍မျှ မညည်းညူနိုင်ဘဲ ခေါင်းတခြားကိုယ်တခြား ဖြစ်သွားတော့၏။

'ရွပ်'

ဟဲဘူးဝံပုလွေရိုင်းများကို မြင်ကတည်းက ကြောက်ဒူးတုန်နေသည့် မောင်ကိန်းမှာ သူ့ကို အမဲဖျက်ရန် ဝံပုလွေနှစ်ကောင်က ဝိုင်းလာရာ ဓားရှိးကို လက်နှစ်ဖက်ဖြင့် စုံကိုင်လျက်ဘယ်ညာရမ်းကာ ကြောက်ကြောက်ဖြင့် ခုခံကာကွယ်နေလေသည်။ ယင်းသို့ ခုခံရင်း နောက်သို့ဆုတ်လျက်ရှိရာ နောက်ဆုံးတွင် ကမ်းပါးစောက်မှ ခြေချော်ကာ မြစ်ရေပြင်ထဲ ထိုးကျသွားတော့၏။

''အား''

'ဗွမ်း'

ရွာကာလသား ဆယ့်ငါးယောက်နှင့် ဝံပုလွေအကောင်



www.burmeseclassic.com

www.burmeseclassic.com



သုံးသယ်ခန့်မှာ သံကြီးမဲကြီးတိုက်ခိုက်လျက် ရှိရာမှ ကာလသားတို့မှာ ဒဏ်ရာဒဏ်ချက် အသီးသီးရလျက်ရှိကြသလို ဝံပုလွေရိုင်းတို့သည်လည်း ခေါင်းပြတ်သည့်အကောင်က ပြတ်၊ ဗိုက်ပွင့်သည့်အကောင်က ပွင့်ဖြင့် သွေးသံရဲရဲ သေပွဲဝင်ကုန်ကြတော့၏။

တိုက်ပွဲအချိန်ကြာလာသည်တွင် ကာလသားခေါင်းဖော်မိုးဦးဆောင်သည့် ရွာကာလသားတို့ဘက်က အသာစီးရလာကာ ဝံပုလွေရိုင်းတို့မှာ တစ်ကောင်ပြီးတစ်ကောင် သေပွဲဝင်ကုန်ကြလေတော့သည်။

ဝံပုလွေရိုင်းတို့သည် အခြေအနေမဟန်တော့သည်ကို သိလာသဖြင့် တိုက်စစ်ကို ရပ်တန့်လိုက်ကြကာ နောက်သို့ ရှုံသွားကြပြီးနောက် သွားတဖြဲဖြဲဖြင့် မာန်ဖီဟိန်းဟောက်နေကြတော့၏။

"ခွေးမသား ဝံပုလွေစုတ်တွေကို မျိုးဖြုတ်ကြဟေ့"

ကာလသားခေါင်းဖော်မိုးက ကြွေးကြော်သံပေးအော်ဟစ်လိုက်ပြီး သူကိုယ်တိုင် လှံတံကြီးကို ကိုင်မြှောက်ကာ ဝံပုလွေတို့ဆီသို့ ပြေးသွားရာ ...

"ချကြဟေ့ ... သတ်ကြ"

ဟု ဗိုင်းဝန်းအော်ဟစ်ကြွေးကြော်လျက် ကာလသားတို့





က ဝံပုလွေတို့ကို ပြေးခုတ်ထိုးကြလေလျှင် ...

ဝံပုလွေရိုင်းတို့သည် နောက်သို့ ချာခနဲလှည့်ပြီး ရွာဘက်ဆီ ပြေးသွားကြတော့၏။

ဝံပုလွေရိုင်းတို့ အရှုံးပေးကာ အမြီးကုပ်ပြေးကြပြီမှန်း သိလိုက်ကြသည့် ရွာကာလသားတို့သည် အားတက်လျက် ကြွေးကြော်သံပေးရင်း နောက်မှ ပြေးလိုက်ကြတော့သည်။ ဝံပုလွေတို့လည်း ရွာလယ်လမ်းအတိုင်း ပြေးဝင်သွားကြပြီးလျှင် ရွာကိုဖြတ်ကာ ဟံဘူးတောင်ကြီးဘက် အမြီးတန်းလျက် ခြေကုန်သုတ် ဒုန်းစိုင်း ပြေးကြလေတော့၏။

"ဝေး ... ဝံပုလွေစုတ်တွေ ပြေးပြီဟေ့"

"မိစ္ဆာဝံပုလွေတွေကို အောင်ပွဲခံလိုက်နိုင်ပြီကွ ... ဟား ဟား ဟား"

ရွာကာလသားတို့သည် ရွာလယ်လမ်းပေါ်တွင် အောင်ပွဲခံ အော်ဟစ်ကြွေးကြော်ကာ ပျော်မြူးသွားကြသလို ဝံပုလွေတို့နှင့် လူသားတို့၏ ရေပွက်သလို တိုက်ခိုက်အော်ဟစ်ကြိမ်းမောင်း မာန်ဖီသံများကို ကြားရသဖြင့် အိမ်တံခါးများ အလုံပိတ်ကာ သွေးပျက်ချောက်ချားစွာ နားစွင့်နေကြသည့် ရွာသူရွာသားတို့ သည်း ရွာလမ်းမပေါ် ထွက်လာကြပြီး ကာလသားများနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲခံပျော်ရွှင်ကြလေ၏။

သူတို့သည် ရွာကာလသားတို့အား ရွာ၏သူရဲကောင်းများအဖြစ် ချီးကျူးစကားဆိုကြကာ ချီးမွမ်းထောပနာပြုမဆုံးကြတော့ချေ။

"ငါတို့ရွာကာလသားတွေ အားကိုးရတယ်ဟေ့၊ ဝံပုလွေတွေဆိုတာ ကြောက်ချေးပါပြီး ပြေးကြတာ အမြီးကိုတန်းနေကြတာပဲ"

"ဟုတ်ပ့ါဗျာ ... ဒီကောင်တွေ နောက်ဆို လာရဲမှာမဟုတ်တော့ဘူး"

"ဒါမှ ကျုပ်တို့ရွာ အေးချမ်းမှာ၊ နို့မို့ဆို လပြည့်ညတွေများ ရောက်ပြီဆိုမှဖြင့် ကိုယ့်ကြီးငယ်ရှိရင်တောင် အိမ်နဲ့ဝေးဝေးနေရာဆို မသွားဝံ့ကြတော့ဘူး"

"ဟုတ်ပ့ါရှင် ... ကလေးတွေလည်း လသာသာမှာမဆော့ဝံ့၊ လုံမလေးတို့တောင် ခြိုင်းထဲဆင်းပြီး မောင်းမထောင်းဝံ့ကြပေဘူး၊ ခုမှ စိတ်အေးရတော့တယ်၊ မောင်ဖော်မိုးတို့ ညိုကြီးတို့ ဗိုက်ပူတို့ သံခဲတို့များ အားကိုးရပါပေရဲ့"

ယင်းအချိန်ဝယ် မောင်ကိန်းသည် ရေအရွှဲသားဖြင့် ရွာတောင်ပိုင်းမြစ်ကမ်းဘက်မှ ခပ်ကုပ်ကုပ် ပြန်လာ၏။





"ဟဲ့ကောင် မောင်ကိန်း ... နင့်ကို ကာလသားတွေထဲ မတွေ့လို့ မေးနေကြတာ၊ ဘယ်နှယ် ခုမှပြန်ရောက်လာရတာလဲ၊ တစ်ကိုယ်လုံးလည်း ရွှဲစိုလို့ပါလား ... ဘယ်လိုဖြစ်လာရတာလဲ"

"ဟီး ... ပြောချင်ပါဘူး ဘကြီးအိုးစည်ရာ၊ ဝံပုလွေနှစ်ကောင်က ကျုပ်ကိုဝိုင်းထားတော့ ထိုးမယ့်ဆင် နောက်တစ်လှမ်းဆုတ်ဆိုတဲ့ သေနင်္ဂဗျူဟာအတိုင်း အဲဒီဝံပုလွေစုတ်တွေကို ဓားနဲ့လွှဲခုတ်ဖို့ အရှိန်ယူတဲ့အနေနဲ့ နောက်ကို သုံးလေးလှမ်းဆုတ်လိုက်တာမှာ ကမ်းပါးစပ်ကနေ မြစ်ထဲပြုတ်ကျသွားလို့ဗျ ... ဟီး"

"ဟား ဟား ဟား ... ဖြစ်ရလေကွာ၊ မင်းလည်း အာဂသူရဲကောင်းပဲ ... ဟား ဟား ဟား"

အိပ်မပျော်သေးသည့် ရွာသူရွာသားများနှင့် ဆူညံသံတို့ကြောင့် တစ်ရေးနိုးလာသည့် ရွာသူရွာသားတို့မှာ ကာလသားသူရဲကောင်းတို့နှင့်အတူ ရွာလယ်လမ်းပေါ်တွင် ဝံပုလွေအောင်ပွဲကြီးအတွက် ပျော်ရွှင်မြူးထူးကာ ဂုဏ်ယူမဆုံး ဖြစ်နေကြစဉ် ...

ရွာတောင်ဘက်စွန်း မြစ်ကမ်းပါးစပ်အနီးရှိ ကျောက်ဖြူတိုက်ကြီးဆီမှ ဝံပုလွေအူသံတစ်ချက် ခပ်ညည်းညည်း ထွက်ပေါ်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယင်းဝံပုလွေအူသံသည်ကား သည်းလှိုက်အူလှိုက် အူသံမျိုးမဟုတ်ဘဲ ဝမ်းနည်းကြေကွဲသော အူသံရှည်သာ ဖြစ်ပါတော့သတည်း။

'ဝု အု အု အု'

✳ ✳ ✳





## ကျောက်ဖြူတိုက်၏ အရှင်သခင်များ

ဟဲဘူးဝံပုလွေတို့၏ရန် အေးသွားပြီဟု ယူဆသွားကြသည့်တိုင် ဟဲဘူးရွာသူရွာသားတို့သည် မြစ်ဆိပ်သို့ဆင်းတိုင်း ကျောက်ဖြူတိုက်ကြီး၏ရှေ့မှ ဖြတ်သန်းသွားကြရသည့်အခါ ဤတိုက်ကြီးထဲတွင် ဝံပုလွေကြီးတစ်ကောင် ရှိနေလေသလားဟူသော သံသယ ဖြစ်နေကြဆဲဖြစ်၏။

ထို့ကြောင့် အကြောင်းကိစ္စတစ်စုံတစ်ရာရှိသဖြင့် ညပိုင်းအချိန်များတွင် ကျောက်ဖြူတိုက်ကြီးရှေ့မှ ဖြတ်သန်းသွားရသည့်အခါ အလိုလို ကျောချမ်းမိတတ်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူသူမနေသည်မှာ ကြာပြီဖြစ်သော ယင်းကျောက်ဖြူ တိုက်ကြီးအထဲသို့ ရွာကာလသားတချို့က စွန့်စားဝင်ရောက်ကာ အနီဝံပုလွေကြီးအား ရှာဖွေလိုကြသော်လည်း ရွာလူကြီးတို့က ပိုင်ရှင်ရှိသောအိမ်ရာကို မကျူးကျော်သင့်ကြောင်း ဖျောင်းဖျ ပြောဆိုတားမြစ်ကြသဖြင့် ဝင်ရောက်ဖြစ်ခြင်းမရှိပေ။

တစ်နေ့သောအခါတွင်မူ ယင်းကျောက်ဖြူတိုက်ကြီးသို့ လူတစ်စု ရောက်ရှိလာသည်ကို ရွာသူရွာသားတို့ အံ့အားတသင့် တွေ့ရတော့သည်။

ထိုနေ့နံနက်က မြစ်ဆိပ်သို့ မော်တော်တစ်စင်း ဆိုက် ရောက်လာပြီး မော်တော်ပေါ်မှ ဆံပင်စုတ်ဖွားဖြူဖြူကြီးနှင့် မုတ် ဆိတ်၊ နှုတ်ခမ်းမွေးတို့ပါ ဖွေးဖွေးဖြူနေသည့် အသက်ကြီးကြီး လူကောင်ထွားထွားလူကြီးတစ်ဦးက ဦးစွာဆင်းလာကာ သူ့ နောက်မှ လူငယ်ချောချောတစ်ဦး လိုက်ပါလာသည်ကို တွေ့ရ

ထိုလူကြီးသည် အညိုရောင် ဂရိတ်ကုတ်အင်္ကျီရှည်ကြီး ကို ဝတ်ထားပြီး အနီရောင်မာဖလာ အစင်းကြားကို လည်ပင်း ပတ်ထားလေသည်။

လူရွယ်ချောချောကမူ သက္ကလတ်ဦးထုပ်ကို ခေါင်းတွင် ဆောင်းထားကာ သက္ကလတ်ဘောင်းဘီအညိုရောင်နှင့် ကုတ်





အင်္ကျီ ချောကလက်ရောင်တို့ကို သေသပ်စွာဝတ်ဆင်ထားပြီး ကျောပိုးအိတ်ကို လွယ်ထား၏။

သူတို့နှစ်ဦး၏နောက်တွင်မူ ခါးကုန်းကုန်းနှင့်လူကြီးတစ် ဦးလိုက်ပါလာပြီး အလုပ်သမားလေးဦးက ကျွန်းသေတ္တာကြီး နှစ်လုံးအား ကြိုးဆိုင်းကာ တံပိုးလျှိုလျက် သေတ္တာတစ်လုံးလျှင် ရှေ့တစ်ယောက် နောက်တစ်ယောက်ထမ်းရင်း နောက်ဆုံးမှ လိုက်ပါလာလေသည်။

သူတို့သည် မြစ်ကမ်းစပ်မှ တက်လာကြပြီး မြေလမ်းဖြူ ဖြူလေးအတိုင်း ကျောက်ဖြူတိုက်ကြီး၏ရှေ့သို့ ရောက်လာရာ ရွာလူကြီးတစ်ဦးဖြစ်သော ဦးစံဖြူသည် မြစ်ဆိပ်သို့ ကိစ္စတစ်ခုဖြင့် ဆင်းလာရင်း ထိုလူစုကိုတွေ့လေလျှင် အံ့အားတသင့် ဖြစ်သွား လေ၏။

ဦးစံဖြူသည် ရှေ့ဆုံးမှ မုတ်ဆိတ်ဖြူကြီးအား မျက်မှောင် ကြုတ်ကာ သေသေချာချာ စူးစိုက်ကြည့်နေရာမှ . . .

"နေပါဦး . . . ခင် ခင်ဗျား ဦးစောဒေဝ မဟုတ်လား"

ဟု မေးလိုက်ရာ မုတ်ဆိတ်ဖြူကြီးက ဦးစံဖြူအား ရှု တည်တည်ကြီး ပြန်ကြည့်လိုက်ပြီးလျှင် . . .

"ဟုတ်တယ်လေ . . . ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ဆတ်ဆတ် ပြန်မေးလိုက်လေသည်။

''ဘာမှမဖြစ်ပါဘူး ... ခင်ဗျားပျောက်သွားတာ ခြောက်လ,ခုနစ်လလောက်ကြာပြီး ခုမှ ပြန်လာလို့ပါ၊ ပြီးတော့''

''ပြီးတော့ ဘာဖြစ်သလဲဗျ''

''အဲ ... ခင်ဗျား အရင်က ဒီလိုမဟုတ်ပါဘူး၊ ခု ဆံပင်တွေရော နှုတ်ခမ်းမွေး, မုတ်ဆိတ်မွေးတွေပါ ဖွေးဖွေးဖြူ သွားလို့ပါ၊ အတော်ပြောင်းလဲသွားတာပဲ''

''ဒါ ဆန်းသလားဗျ၊ လောကကြီးဟာ အမြဲပြောင်းလဲနေတာပဲ၊ ခင်ဗျားလည်း ပြောင်းလဲတာပဲ မဟုတ်လား၊ နောက် ဆို ဘာဝပါပြောင်းမှာ''

''အဲ ... ဟုတ် ဟုတ်ပါတယ်ဗျာ၊ ဒါထက် ဒီသူငယ်က ဘယ်သူလဲဗျ''

ဦးစံဖြူက လူရွယ်ချောချောအားမေးငေ့ါပြကာ မေးလိုက်ခြင်း ဖြစ်သည်။

''သူက ကျုပ်ရဲ့တူဗျ၊ နာမည်က လူရဲ၊ ကဲ ... ခင်ဗျား ဘာထပ်သိချင်သေးသလဲ''

ဦးစောဒေဝက ဘုကျကျဖြင့် မေးလိုက်ရာ ရွာလူကြီး ဦးစံဖြူလည်း ခေါင်းကုတ်ကာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား





လေ၏။ ပြီးမှ တစ်စုံတစ်ရာကို ချက်ချင်းသတိရသွားကာ ...

''အဲ ... သိချင်တာ မရှိတော့ပါဘူးဗျာ၊ ဒါပေမဲ့ ပြောချင်တာတော့ ရှိတယ်ဗျ၊ ခင်ဗျားမရှိတဲ့နောက် ခင်ဗျားရဲ့ကျောက်ဖြူတိုက်ကြီးက ကျုပ်တို့ရွာကို တော်တော်ဒုက္ခပေးခဲ့တယ်ဗျ''

''ဘာဗျ ... ဘယ်လိုဒုက္ခပေးတာလဲ''

''အင်း ... ဒီလိုဗျ''

ရွာလူကြီးဦးစံဖြူလည်း ကျောက်ဖြူတိုက်ကြီးထဲမှ လပြည့်ညများတွင် ဝံပုလွေအူသံကြားရပုံ၊ ဟဲဘူးဝံပုလွေရိုင်းတို့သည် ယင်းဝံပုလွေအူသံကြားရပါက ရွာထဲဖြတ်ပြေးဝင်လာကြပုံ၊ ရွာသားနှစ်ဦးကို ကိုက်ခဲသတ်ဖြတ်သွားကြပုံနှင့် ပြီးခဲ့သည့် လပြည့်ညက ဝံပုလွေရိုင်းများနှင့် ရွာကာလသားတို့ တိုက်ပွဲဖြစ်ပွားခဲ့ပုံတို့ကို အတိုချုံး ပြောပြလိုက်လေသည်။

''အဲဒီတော့ဗျာ ခင်ဗျားရဲ့ ကျောက်ဖြူတိုက်ကြီးထဲမှာ ဝံပုလွေကြီးတစ်ကောင် ရှိနေပုံရတယ်ဗျ၊ တိုက်ထဲဝင်ရင် သတိထားဝင်ကြ''

ဦးစံဖြူ၏စကားအဆုံးတွင် ဦးစောဒေဝက ဟားတိုက်ရယ်လိုက်သည်။

''ဟား ဟား ဟား ... ခင်ဗျားတို့တစ်ရွာလုံး ရူးနေပြီနှ



www.burmeseclassic.com

www.burmeseclassic.com



တူတယ်၊ ဘယ်ကဝံပုလွေက ကျုပ်ရဲ့တိုက်ထဲ ရောက်နေရမှာလဲဗျ . . . အဓိပ္ပာယ်မရှိတာ၊ ခင်ဗျားတို့ရွာသူရွာသားတွေ လပြည့်ညရောက်ရင် လရောင်ရဲ့ဆွဲအားညှို့ဓာတ်ကြောင့် ရူးကြောင်ကြောင်ဖြစ်ပြီး ကိုယ်ထင်မြင်ချင်ရာ ထင်မြင်, ကြားချင်ရာကြားကြတာဖြစ်မှာပါဗျာ . . . ဟား ဟား ဟား . . . ကဲ ကဲ . . . ယုတ္တိမရှိတာတွေ လာပြောပြီး ကျုပ်ရဲ့အချိန်ကို မဖြုန်းနဲ့၊ ကျုပ်အိမ်ကျုပ်ပြန်ရောက်ချင်ပြီ၊ ခင်ဗျားလည်း သွားစရာရှိတာ သွားတော့''

ဦးစောဒေဝက ပြတ်သားစွာပြောလိုက်ပြီးနောက် ကျောက်ဖြူတိုက်ကြီး၏ ဝင်းတံခါးသော့ဖွင့်ကာ လူတစ်ရပ်ကျော်ခန့်မြင့်သည့် သစ်သားတံခါးချပ်ကြီးတို့ကို တွန်းဖွင့်လျက် ခြံထဲဝင်သွားတော့၏။

ဦးစောဒေဝ၏နောက်ပါးမှ လူရဲဆိုသော လူငယ်ကမူ ရွာလူကြီးဦးစံဖြူအား အားနာသလိုကြည့်ကာ ပြုံးပြနှုတ်ဆက်ပြီး ခြံကြီးထဲ လိုက်ဝင်သွားလေ၏။

ခါးကုန်းကြီးကမူ ဦးစံဖြူအား ရှုတည်တည်ကြီး တစ်ချက်လှည့်ကြည့်ကာ လက်ဆွဲအိတ်ကြီးတစ်လုံးကို ဆွဲလျက် ခြံပေါက်ဝမှ ဝင်သွားလေသည်။

အလုပ်သမားတို့သည်လည်း မြေပြင်ပေါ် ချထားသည့် သေတ္တာကြီးများကို ပြန်ထမ်းကာ ခြံထဲလိုက်ဝင်သွားကြလေ၏။

ဦးစံဖြူသည် မချင့်မရဲ ဖြစ်ကျန်ခဲ့ရာမှ . . .

''ဟင်း . . . စေတနာနဲ့သတိပေးတာကို ဂရုမစိုက်လည်း နေပေါ့ကွာ''

ဟု ပွစိပွစိပြောလျက် မြစ်ဆိပ်သို့ ဆင်းသွားလေ၏။

ခေတ္တအကြာတွင် အလုပ်သမားလေးဦးသည် ကျောက်ဖြူတိုက်ခြံဝင်းကြီးထဲမှ ပြန်ထွက်လာကြရာ ခြံဝင်းတံခါးကြီးသည်း ပြန်ပိတ်သွားလေ၏။

အလုပ်သမားတို့ မြစ်ဆိပ်သို့ပြန်အရောက်တွင် သူတို့၏ မော်တော်ပေါ် ပြန်တက်ကြပြီး မော်တော်လည်း ဗန်းမော်ဘက်သို့ ပြန်လည်ဆန်တက်သွားလေတော့သတည်း။

✳ ✳ ✳





www.burmeseclassic.com

www.burmeseclassic.com



## ကြောက်မက်ဖွယ်လက်ဆောင်

ကျောက်ဖြူတိုက်ကြီးသို့ ဦးစောဒေဝတို့လူစု ပြန်လည်ရောက်ရှိလာသောသတင်းက ဟဲဘူးရွာကလေးထဲ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားတော့၏။

''ရွာထိပ်က ကျောက်ဖြူတိုက်ကြီးရဲ့ပိုင်ရှင် ဦးစောဒေဝတို့ ဦးခမောက်တို့ ပြန်ရောက်လာကြပြီတဲ့''

''ဟုတ်တယ် ... ဦးစောဒေဝရဲ့ တူတစ်ယောက်တောင်ပါလာသေးတယ်၊ အမယ် ... ကောင်လေးက အသက်အစိတ်လောက်ပဲရှိမယ်၊ ဖြူဖြူချောချောလေးတော့''





''ဟဲ့ ... မိသူဇာ ... ညည်းကိုယ်တိုင် တွေ့လို့လား၊ ဖြူဖြူချောချောလေးလို့ ပြောရအောင်''

''အမယ် ... အဲ့ဒါဖြစ်လို့ မတွေ့ရမှာလဲ၊ ကျုပ် မြစ်ဆိပ်ဘက်မ ဈေးတောင်း သွားအပ်မှာ တွေ့တာတော့၊ ဘိုင်စကယ်မှာ ခင်းသား ကျဲနေတာပဲ၊ ချောချက်က ... ဟီး''

''ဟုတ်တယ် ... နာမည်ကရော ဘယ်သူတဲ့လဲ''

''နာမည်တော့ သေချာမသိဘူး၊ ကျုပ်က ခပ်လှမ်းလှမ်းကဆိုတော့ ဦးစောဒေဝနဲ့ ဦးကြီးစံဖြူတို့ ပြောဆိုနေတာကို သေချာမကြားရဘူး ... နားစွန်နားဖျားပဲ ကြားရတာတော့ အဲ ... သူ့နာမည်က လူသားဆိုလား၊ ဘာလားပဲ''

''ဟယ် ... လူသားရယ်လို့ မဟုတ်နိုင်ပါဘူး''

''လူရဲပါအေ၊ ကျုပ် ဦးလေးစံဖြူကို ကပ်မေးပြီးပါပြီ၊ ဦးလေးစံဖြူကတောင် ကျုပ်ကို ပေါက်လိုက်သေးတယ် မိသန်းရွှေရဲ့ ညည်းက ကလေးနှစ်ယောက်အမေဖြစ်ပြီး သူများယောက်ျားလေးရဲ့နာမည် မေးရသလားဘဲ့၊ တော်တော်နှံ့တဲ့မိန်းမတဲ့ ... ဟီးဟီး''

''လူရဲတဲ့လား၊ နာမည်လေးက ချစ်စရာလေး ... ဟီးဟီး''



www.burmeseclassic.com

www.burmeseclassic.com



တဲတူးရွာသူ လုံမပျိုတို့ကလည်း စိတ်ဝင်စားစွာ ရင်ခုန်
နှင်း လူရဲ၏အကြောင်းကို ရယ်ပွဲဖွဲ့ပြောဆိုကြ၏။

ရွာအလယ်ပိုင်းတွင် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြင့် နေ
ထိုင်သော အင်းသူကြီးဦးအောင်မြိုင်၏ တစ်ဦးတည်းသော သမီး
ပန်သစ္စာသည် အိမ်ဘေးမှအဖီလေးတွင် ရက်ကန်းခတ်လျက်
ရှိစဉ် အိမ်ဝိုင်းထဲသို့ သူငယ်ချင်းမလေးဖြစ်သူ ပုံပုံ ပြေးဝင်လာ
ကာ ကျောက်ဖြူတိုက်ကြီးမှ သတင်းထူးကို ပြောလေသည်။

''ဟဲ့ မိသစ္စာ ... ကျောက်ဖြူတိုက်ကြီးကို ဦးစောဒေဝ
ပြန်ရောက်လာပြီတဲ့တော့''

''အေး ... ငါလည်းကြားတယ်၊ အရီးဒေါ်မြစ်ကြီးပြော
တာ၊ ဦးခမောက်ကြီးပါ ပြန်ပါလာတယ်ဆို''

''အံမယ် ဦးခမောက်ကြီးတင်မကဘူး ... ဦးစောဒေဝရဲ့
ဘလည်း ပါလာတယ်တဲ့တော့၊ လူပုံချောဆိုပဲ''

''ဟွန်း ... ဒါလည်း မိဝါနုတို့ စောစောက လာပြောလို့
သိပြီးပါပြီတော်၊ လူစိမ်းယောကျ်ားပျိုတစ်ယောက် ရွာရောက်လာ
တာကို ဓေလမင်းသား ရောက်လာတာကျနေတာပဲ၊ မိဝါနုတို့
ပြောသွားလိုက်တာ ရွှန်းရွှန်းကိုဝေလို့၊ အဲဒီလူရဲ့ဆိုတဲ့လူ ချောတဲ့
အကြောင်း၊ အသားလေးဆိုတာ ဖွေးနုနေတဲ့အကြောင်း၊ အရပ်





ကာ မြင့်ပြီး ဘောင်းဘီရှည်ဝတ်ထားတာ ဂိုက်ဆိုက်သိပ်ကောင်း
ကြောင်း အို ... စုံလို့ပါပဲ၊ ငါတော့ မိန်းကလေးတန်မဲ့ ယောကျ်ား
ပျိုတစ်ယောက်ရဲ့အကြောင်းကို ဟိမဝန္တာချီးမွမ်းခန်းဖွင့်တာ ကြား
ရတော့ နားတောင်ရှက်မိပါရဲ့၊ ဒါကြောင့်မို့ ပြောလွှတ်လိုက်တယ်
စိတ်မဝင်စားဘူးလို့၊ ညည်းလည်း ဒါပဲပြောမလို့ မဟုတ်လား၊
ဒါဆိုရင်တော့ အောင်ဖျာလိပ်ပြီး ပြန်ပေတော့၊ မိသစ္စာတို့က
စိတ်မဝင်စားပေါင်''

လှပသော နှုတ်ခမ်းဖူးဖူးလေးကို မဲ့ကာ ပန်သစ္စာက
ရက်ကန်းခတ်မပျက်ဘဲ ပြောလိုက်ရာ သူမ့ကြားသိရသမျှ
သတင်းထူးကို အားပါးတရ ဖောက်သည်ချရန် မောင်းတင်အားခဲ
ထားသည့် ပုံပုံမှာ အရှိန်ပျက်သွားပြီး ကျွဲမြီးတိုကာ နှုတ်ခမ်းစူ
ခဲ့ဆောင့်လျက် ပန်သစ္စာအား မျက်စောင်းထိုးလိုက်လေ၏။

ပြီးမှ လက်နှစ်ဖက်ခါးထောက်ကာ နှုတ်ခမ်းတလန်
မျက်တလန်ဖြင့် မေးသည်။

''သြော် မိသစ္စာ ... နင်က အဲဒီလူကို စိတ်မဝင်စား
ဘူးပေါ့ ... ဟုတ်လား''

''ဟုတ်တယ် ... ဘာဖြစ်လို့ စိတ်ဝင်စားရမှာလဲ ...
အေးသာကြီး''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ အေးပါ ... နင် အပြောကြီးထား၊ အဲဒီလူရဲ ဆိုတဲ့ ရွှေမင်းသားချောလေးကိုတွေ့မှ ဟိုက မခေါ်ရဘဲ မိန်းမ တန်မဲ့ နင်က နောက်ပိုးနေရဦးမယ် ... ဟီ ဟီ"

ပုံပုံက ပန်သစ္စာကို မခံချင်အောင် စလိုက်ရာ ပန်သစ္စာ ဒေါကန်သွားပြီး ရက်ကန်းခတ်ခြင်းကိုရပ်ကာ နံဘေးရှိ ချည်ရစ် လုံးကို ကောက်ကိုင်လိုက်၏။

"ဟဲ့ ဗိုင်းတာမ ... ငါ ရစ်လုံးနဲ့ထုလိုက်ရ၊ သွာ ... နားရွက်စရာတွေ လာမပြောနဲ့၊ နင်တို့ မိဝါနုတို့လို မိန်း နောက်ပိုးအစားထဲ ငါမပါဘူး၊ သိရဲ့လား ... ဟွန်း"

ပုံပုံမှာ ခေါင်းပုသွားပြီး လျှာကလေးတစ်လစ်ထုတ်လျှ ပြောင်စပ်စပ်မျက်နှာပေးဖြင့် လှည့်အထွက် သူငယ်ချင်းဖြစ်သ ပန်သစ္စာကို စဖြစ်အောင် စသွားသေးသည်။

"အေးပါ အေးပါ ... အပြောကြီးမ ကြည့်ကြသေးတ ပေါ့၊ အဲဒီလူရဲဆိုတဲ့ ရွှေမင်းသားလေးကို တွေ့ဖူးချင်လို့ မိဝါနု မြစ်ဆိပ်ဘက် ရမယ်ရှာပြီး ဒီညနေမှာ သွားကြမှာတဲ့၊ နင်လည် တွေ့ဖူးချင်ရင် လိုက်သွားပါလား၊ နင် လိုက်ချင်လိုက်သွားနိုင် အောင် ငါက စေတနာနဲ့ သတင်းလာပေးတာ ... ဟီ ဟီ

"ကဲဟယ် ... မျက်နှာလာပြောင်ဦး"





ပန်သစ္စာ တကယ်ဒေါကန်ကာ ရစ်လုံးဖြင့် ပစ်ပေါက် လိုက်ရာ ပုံပုံက ခါးလေးကော့ရှောင်ရင်း တခစ်ခစ်ရယ်လျက် အိမ်ဝိုင်းထဲမှ ပြေးထွက်သွားတော့၏။

ပန်သစ္စာမှာ ရှက်သွေးကြောင့် မျက်နှာကလေး နီရဲကျန် ရစ်ခဲ့သော်လည်း ရင်ထဲဝယ် လူရဲဆိုသူကို စိတ်ဝင်စားသလိုလို ဖြစ်သွားရသည်။

"ဟွန်း ... အဲဒီလူက ဘာမို့ ငါတို့ရွာက ကောင်မတွေ သည်းသည်းလှုပ်နေရတာလဲ မသိဘူး၊ မိုးပေါ်ကကျလာတဲ့ မိုး ကျရွှေကိုယ်မို့လား ... ဟွန်း ...၊

ဒါထက် သူက ဦးစောဒေဝရဲ့တူဆိုပါလား၊ ဘာကြောင့် သူက သူ့ဦးလေးနဲ့ ငါတို့ရွာကို လိုက်လာရတာလဲ ... ဒီရွာမှာ များ အခြေချမလို့လား ...၊

အင်း ... ဒီရွာမှာ သူနေရင်တော့ ငါနဲ့ တစ်နေ့မဟုတ် တစ်နေ့ တွေ့မှာပဲ၊ အဲဒီလိုတွေ့မှ သူ ဘယ်လောက်ချောသလဲ ဆိုတာ ကြည့်ရမယ် ...၊

အဲလေ ... ဘယ့်နှယ် ငါ အဲဒီလူရဲ့အကြောင်း တွေးမိ နေပါလိမ့်၊ ဘုမသိဘမသိနဲ့ အဲဒီလိုလူမျိုးကို ငါ ပတ်သည်းမပတ် သက်ချင်ဘူး၊ တွေ့လည်း မတွေ့ဖူးချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမက အတွေးထဲမှ လူရဲကို မောင်းထုတ်လိုက်ပြီး ရက်ကန်းစင်မှာ ရက်ကန်းပြန်ခတ်ဖို့ ထိုင်လိုက်သည်။

သို့သော် သူမ ရက်ကန်းဆက်ခတ်၍ မရတော့။ ရက်ကန်းစင်မှ အကွက်အဆင်ဆန်းတို့ကို စိတ်ဝင်စား၍မရတော့။ သူမ၏အတွေးထဲဝယ် လူရဲဟူသည့် အမည်နာမသည်သာ တလည်လည် ဖြစ်နေတော့၏။

တကယ်တော့ ပန်သစ္စာသည် ဤဟဲဘူးရွာကလေး၏ အချောအလှထိပ်ခေါင် ကွမ်းတောင်ကိုင်ကလေးမို့ အလှမာနတက်ကာ တော်ရုံယောကျ်ားပျိုကို ဂရုမစိုက်လိုသူလေးဖြစ်သည်။

သူမ၏အလှသတင်းကလည်း ရွာနီးချုပ်စပ်သို့ သင်းပျံ့လျက်ရှိသဖြင့် ဟဲဘူးရွာမှ ကာလသားတို့သာမက အခြားရွာမှ ကာလသားတို့ကပါ လာရောက်နောက်ပိုးကြသော်လည်း သူမ၏ အချစ်ပန်းကို မည်သူမျှ ဆွတ်လှမ်းနိုင်ခြင်း မရှိကြ။

ရွာ၌ အချမ်းသာဆုံးစာရင်းဝင် အင်းသူကြီး၏သမီး ဖြစ်သလို ဇန်းမော်မြို့ရှိ မက်ထရစ်ကျောင်းတွင် ခုနစ်တန်းအထိ ဘော်ဒါနေကာ တက်ရောက်သင်ကြားဖူးသဖြင့် ရွာရှိ ကာလသမီးများထဲဝယ် ပညာအတတ်ဆုံးဖြစ်ရာ တော်ရုံကာလသားများ သူမအနီးသို့ မသီဝံ့ချေ။

သို့နှယ် ဥစ္စာမာန် ပညာမာန် အလှမာန်ရှိသူလေးမို့ လူရဲဆိုသော ရွာ၏ အာဂန္တုမျက်နှာစိမ်းလုလင်ပျိုကို အရေးတယူလုပ်လိုခြင်း မရှိ၊ ပတ်သက်လိုခြင်းလည်း မရှိ၊ ဝါနတို့လို တွေ့မြင်လိုခြင်းလည်း မရှိ။

သို့သော် . . .

အခြားရွာသူပျိုဖြူတို့ သည်းသည်းလှုပ်နေကြသည့် လူရဲဆိုသော တသားချောနှင့် ဆုံရကြုံရဖို့ ကံကြမ္မာက ဖန်လာ၏။

✳

ဖြစ်ရပုံက ဤသို့ဖြစ်သည်။

ဟဲဘူးရွာ၏ တစ်ဖက်ကမ်းရှိ မျောချောင်းရွာတွင် နေထိုင်သော ကြီးဒေါ်ဖြစ်သူ ဒေါ်မြသီကို သမ္ဘန်ဆိပ်သို့ လိုက်ပို့ပြီး သမ္ဘန်ဆိပ်မှ တစ်ဦးတည်း ရွာဆီပြန်လာသည့် ပန်သစ္စာသည် ကျောက်ဖြူတိုက်ကြီးရှေ့အရောက်တွင် အသွားတုန်းက ပိတ်ထားသော ခြံတံခါးကြီး ပွင့်လျက်ရှိသည်ကို သတိပြုမိလိုက်၏။

နံနက်နေခြည်က ခပ်ဟဟပွင့်နေသည့် ခြံတံခါးသင်္ဘော







www.burmeseclassic.com

www.burmeseclassic.com



[illegible] ဆိုးကျုံ့လျက်ရှိပြီး ခြံထဲသို့ ပန်သစ္စာအငဲ့စောင်း [illegible] သည်တွင် ခြံထဲ၌ လူသူအရိပ်အယောင် မတွေ့ရချေ။

ကျောက်ဖြူတိုက်ကြီး၏ အောက်ထပ်မှ ပြတင်းတံခါး အချို့ ပွင့်နေသည်ကို တွေ့ရသော်လည်း လူရိပ်လူယောင် မမြင်ရပေ။

အမှန်တော့ လွန်ခဲ့သည့်ခြောက်လ,ခုနစ်လခန့်အတွင်း ဤကျောက်ဖြူတိုက်ကြီး၏ရှေ့မှ ပန်သစ္စာ အကြိမ်ပေါင်းများစွာ ဖြတ်သန်းဖူးရာ ဖြတ်သန်းသည့်အခါတိုင်း သစ်သားခြံတံခါးကြီးကို သော့ခလောက်ကြီးခတ်လျက် ပိတ်ထားသည်ကိုသာ တွေ့ရလေ့ရှိပြီး ခြံတံခါး၏ရှေ့၌ မြက်ပင်များ ထူထပ်ရှည်လျားစွာ ပေါက်ရောက်လျက်ရှိကာ နဘူးချုံနွယ်တို့ပင် ခြံတံခါးပေါ် တွယ်ကပ်တက်နေသည်ကို တွေ့ခဲ့ရ၏။

ယင်းသို့ အစဉ်အမြဲ ခြံဝင်းနှင့်ခြံတံခါးရှေ့တွင် ချုံနွယ်မြက်ပင်တို့ ရှုပ်ထွေးနေခဲ့သည့် ရှုခင်းမှာ ယခုတော့ လုံးဝပြောင်းလဲသွားပြီး ခြံဝင်းရှေ့နှင့်ခြံတံခါးရှေ့၌ မြက်ပင်များ ချုံပင်များ ကင်းရှင်းလျက်ရှိချေသည်ပဲ။

ခြံဝင်းထဲမှာလည်း မြက်ပင်များကို ရှင်းထားသဖြင့် သန့်ရှင်းသပ်ရပ်လျက်ရှိသည်ကို တွေ့ရလေသည်။





ပန်သစ္စာသည် ကျောက်ဖြူတိုက်ကြီး၏ ယခင်ကနှင့် [illegible]သော ခြံရှေ့နှင့် ခြံဝင်းအတွင်းရှုခင်းကို အမှတ်မထင် ငေး[illegible]ကြည့်မိသဖြင့် လှမ်းလက်စခြေလှမ်းလည်း ရပ်တန့်သွားရလေ၏။

သူမ မည်မျှငေးကြည့်နေမိသည်မသိ . . . သူမ၏နောက် [illegible]ဘက်မှ စကားသံတစ်ခု ထွက်ပေါ်လာသဖြင့် ရုတ်တရက်မို့ [illegible]န့်ဖျပ်သွားရလေသည်။

"ဟိတ် . . . သူများခြံထဲ ဘာလာချောင်းကြည့်နေတာ [illegible]"

"အို"

ပန်သစ္စာသည် နောက်ဘက်သို့ အလန့်တကြား လှည့်ကြည့်လိုက်ရာ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် လူရွယ်ချောချော [illegible]စ်ဦးကို တွေ့လိုက်ရသဖြင့် အံ့အားတသင့် ဖြစ်သွားရသလို [illegible]ကြ်သွေးလေးလည်း ဖြန်းသွားရလေသည်။

ထိုလူရွယ်ချောသည်ကား ဝါနုတို့၊ ပုံပုံတို့ ပြောသည့် [illegible]ရဲကလွဲ၍ မည်သူမျှ မဖြစ်နိုင်ပါ။

လူရဲက ရေညှိရောင်ဆွယ်တာလက်ရှည်လေးကို အနက်[illegible]ရောင် သက္ကလတ်ဘောင်းဘီရှည်နှင့် တွဲဖက်ဝတ်ထားပြီး လက်[illegible]နှစ်ဖက်ကို ဘောင်းဘီဘေးအိတ်များထဲ ထိုးထည့်ထားလျက်



www.burmeseclassic.com

www.burmeseclassic.com



စတိုင်လ်ကျကျရပ်နေရင်း ခပ်ပြုံးပြုံးမျက်နှာဖြင့် ပန်သစ္စာ
စိုက်ကြည့်လျက်ရှိသည်။

သူ၏အသားအရေက ပန်သစ္စာ ကြားဖူးထားသည့်
တိုင်း ဝါဝင်းစိုပြည်စိမ်းဖန့်လျက်ရှိပြီး အမောက်ကလေးထော
ကာ ရှင်းကြော့နေအောင် ဖြီးသင်ထားသည့် မဟူရာဆံကေသ
မှာ နံနက်နေခြည်မျှင်တို့ ထိခတ်လျက် တောက်လက်လို့
သည်။

ပြေပြစ်သောနဖူးပြင်၊ ထူထူတန်းတန်း မျက်ခုံးမွေးန
နက်များ၊ ပေါ်လွင်လွန်းသော နှာတံ၊ ပြုံးနေသည့်နှုတ်ခမ်
ခပ်ချွန်ချွန်မေးစေ့တို့ဖြင့် ဖွဲ့စည်းထားသော လူရဲ၏မျက်နှာ
ချောမောသန့်ပြန့်လို့နေပါ၏။

သူ၏မျက်နှာက အံနည်းငယ်ရှည်သယောင် ရှိသေ
လည်း ရှည်သွယ်သောအရပ်နှင့်လိုက်ဖက်ကာ အထူးသ
မျက်ဝန်းများက နက်မှောင်စူးရှလှသဖြင့် သူ၏အကြည့်သ
ပန်သစ္စာ၏ရင်ထဲသို့ပင် ဖောက်ဝင်သွားသလို ရှိဘိ၏။

ပန်သစ္စာ၏ဘဝတွင် ဤမျှ ချောမောသန့်ပြန့်က
စတိုင်လ်ကျလှသည့် ယောကျ်ားပျိုမျိုးကို ယခုလို အနီးက
မတွေ့ဖူးသလို စွဲဆောင်မှုအားပြင်းလှသည့် ဤနှယ်ယောကျ်





ပျိုး၏ အကြည့်မျိုးဖြင့် အကြည့်မခံဖူးသောကြောင့် သူ့မျက်လုံးများကို ရင်ဆိုင်ကြည့်ရင်း ရင်က မခုန်စဖူး တလှပ်လှပ် ခုန်လာရတော့သည်။

ရွယ်တူကာလသားတို့ကို အထက်စီးမှသာ အမြဲကြည့်ခဲ့သည့် ပန်သစ္စာမှာ ယခုတော့ လူရဲဆိုသော လူရွယ်ချော၏ အကြည့်အောက်ဝယ် လက်ဖျားခြေဖျားများ အေးစက်လာရတော့၏။

လူရဲက သူ့ကို မျက်လုံးကလေးများ အပြုံးသားဖြင့် ငေးကြောင်ကြည့်နေရှာသည့် မိန်းမချောလေးအား နှုတ်ခမ်းဖျားလေးများ ကွေးတက်သွားသည်အထိ ပြုံးကြည့်လိုက်ပြီး …

"ဟော့ … မေးတာ ဖြေလေ၊ ကိုယ်တို့အိမ်ကို ဘာဖြစ်လို့ လာချောင်းကြည့်နေရတာလဲလို့"

ဟု ထပ်မေးလိုက်မှ မှင်တက်မိနေသည့် ပန်သစ္စာမှာ သတိဝင်သွားပြီး မျက်နှာကလေး ရဲတွတ်သွားလျက် …

"အို … ဘယ်မှာချောင်းကြည့်လို့လဲ၊ ဒီခြံတံခါးကြီး မပွင့်စဖူး ပွင့်နေလို့ အမှတ်မထင် ကြည့်မိတာပါနော်"

ဟု နှုတ်ခမ်းလေးစူကာ ပြန်ပြောလိုက်မိလေ၏။

လူရဲက သူ့ကို ခပ်တည်တည်ပြန်ပက်လိုက်သည့် မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ခေါ့လေးကို အံ့သြသဘောကျစွာ ပြုံးကြည့်မြဲ ကြည့်နေလိုက်မိသည်။

သူ ဤဟဲဘူးရွာသို့ရောက်ရှိလာသည်မှာ ရက်သတ္တပတ်တစ်ပတ်ခန့်ရှိပြီဖြစ်ရာ သူတို့၏ ကျောက်ဖြူတိုက်ကြီးရှေ့မှ ဖြတ်သွားဖြတ်လာကြသည့် ရွာသူမိန်းမပျိုတို့ကို တိုက်ကြီးအပေါ်ထပ်ရှိ မှန်ပြတင်းနောက်မှ လှမ်းကြည့်တွေ့မြင်ဖူးခဲ့၏။

ယင်းသို့ တွေ့ဖူးသမျှ ရွာသူမိန်းမပျိုလေးများထက်အဆများစွာ ဖြူစင်ဝင်းမွတ်လှပလျက်ရှိသဖြင့်လည်း သူမကို အံ့သြသဘောကျစွာ စိုက်ကြည့်မိနေခြင်း ဖြစ်ပါသည်။

သူမက အောက်အနားသားဝယ် အစိမ်းရောင်အစင်းကလေးများပါသည့် ဂျပ်ခုတ်ထဘီအနက်ရောင်လေးနှင့် လိုက်ဖက်စွာ ရှုန်သားအင်္ကျီ ဖက်ဖူးရောင်လက်စက ရင်စေ့လေးကို တွဲဖက်ဝတ်ထားလေသည်။ နဖူးဝင်းဝင်းလေးအပေါ် ဆံမြိတ်လေးများ ဖရိုဖရဲကျနေပြီး ပိတုန်းရောင်ဆံကေသာကို ကျစ်ဆံမြီးအရှည်ကြီးကျစ်ကာ ဖဲပြားအစိမ်းရောင်လေး စည်းလျက် ကျောနောက်တွင် ချထားသော မိန်းမချောလေးမှာ ကွေးညွတ်သောမျက်ခုံးလေးများ၊ မျက်တောင်ကော့ကော့ကြီးများနှင့် ဝိုင်းစက်ရွှန်းလဲ့သည့်မျက်ဝန်းများ၊ ပေါ်လွင်သောနှာတံ၊ နှင်းဆီဖူးနှုတ်ခမ်းနှစ်





မွှာတို့ဖြင့် အလှကြီးလှလျက် ရှိလေ၏။

သူမ၏ ပါးမို့မို့လေးများပေါ်ဝယ် သနပ်ခါးပါးကွက်ကြီးများ ဝိုင်းစက်ညီညာစွာ လိမ်းထားသဖြင့်လည်း မြန်မာဆန်ဆန်တစ်မျိုးလှပလျက် ရှိလေသည်။

"မင်းက အရမ်းလှတာပဲနော်၊ ဒီရွာကပဲလား ... နာမည် ဘယ်လိုခေါ်သလဲ"

လူရဲက ရင်းနှီးသောလေသံဖြင့် မေးလိုက်ရာ သူမက နှုတ်ခမ်းဖူးဖူးလေးကို ချစ်စဖွယ် မဲ့လိုက်ပြီး ...

"ရှင့်နာမည်အရင်ပြောမှ ပြောမယ်၊ ပြီးတော့ ရှင်ကရော ဘယ်မြို့ဘယ်ရွာက လာတာလဲ၊ အဲဒါအရင်ပြော"

ဟု လက်ကလေးနှစ်ဖက်ပိုက်ရပ်ကာ ခပ်တည်တည်လေး ပြန်ပြောလိုက်လေ၏။

သူမ၏ မခိုးမခန့်အမူအရာလေးကို လူရဲက သဘောကျသွားပြီး အားပါးတရ ပြုံးလိုက်မိသည်။

"ဟင်း ဟင်း ...မင်းက အလာကြီးပဲ၊ အေးလေ ...မင်းသိချင်ရင်လည်း ပြောရသေးတာပေါ့။ ကိုယ့်ရဲ့နာမည်က လူရဲတဲ့၊ မြစ်ကြီးနားဇာတိ၊ မြစ်ကြီးနားက လာတာ၊ ကဲ ... ကျေနပ်ပြီလား၊ မင်းရဲ့နာမည်ပြောတော့"



www.burmeseclassic.com

သူမက မခိုးမခန့်ပြုံးလိုက်ပြီး …

"ဩော် … ရှင်က မြို့သားကြီးပေါ့၊ မြို့သားကြီးကို ပဟေဋ္ဌိနဲ့ပဲပြောမယ်၊ ပန်းကိုရရင် မိန်းကလေးတွေ ပြုလုပ်လေ့ရှိတဲ့ အပြုအမူနဲ့ စိတ်ထားတည်ကြည်သူတို့ စောင့်ထိန်းတဲ့အရာ ပေါင်းထားတာဟာ ဒီကရဲ့ နာမည်ပဲ"

သူမ၏စကားကြောင့် လူရဲမျက်ခုံးပင့်လိုက်မိတော့၏။

"အားပါး … မင်းက တကယ့်အလာကြီးပါလား"

လူရဲကပြုံးလျက် စဉ်းစားသလို လုပ်လိုက်ပြီးမှ …

"ကောင်းပြီ … မင်းရဲ့ပဟေဋ္ဌိကိုဖော်ပြီး မင်းရဲ့နာမည်ကို ပြောမယ်၊ ကိုယ်ပြောတာမှန်ရင် ကိုယ်ပေးတဲ့လက်ဆောင်တစ်ခုကို လက်ခံယူရမယ်"

သူမက မျက်မှောင်လေး အတွန့်ချိုးလိုက်၏။

"ဘာလက်ဆောင်လဲ၊ သူများပေးတဲ့လက်ဆောင်ကို မလိုချင်ပါဘူး"

"မဟုတ်ဘူးလေ၊ မင်းဝှက်တဲ့ပဟေဋ္ဌိကို ကိုယ်က ဖော်နိုင်ရင် မင်းလက်ခံယူရမယ်လို့ ပြောတာ၊ လောင်းကြေးစားကြေးသဘောပေါ့၊ ကိုယ် မဖော်နိုင်ရင် မင်း လက်ခံယူစရာမလိုဘူး"

"ကောင်းပြီလေ … ရှင် ရအောင်ဖော်ပါဦး"





"ဖော်မယ်၊ ကိုယ်မှန်ရင် ကိုယ်ပေးတဲ့လက်ဆောင်ကို ရရမယ်နော်"

"အင်းပါ … ကဲ ဖော်မှာဖော်"

"အဲ … ဘာတဲ့၊ ပန်းကိုရရင် မိန်းကလေးတွေ ပြုလေ့ရှိ အပြုအမူ … ဟုတ်လား၊ အဲ်င်း … မိန်းကလေးတွေက တစ်ပွင့်ကိုရရင် ပန်တာပေါ့၊ အဲဒီတော့ မင်းနာမည်ရဲ့ ပထမ လုံးဟာ ပန်ဖြစ်ရမယ် … ဟုတ်တယ်မဟုတ်လား"

"ကဲပါ … နောက်စကားလုံးကို ဖော်ဦး"

"အဲ … နောက်စကားလုံးက စိတ်ထားတည်ကြည်သူ စောင့်ထိန်းတဲ့အရာ ဟုတ်လား၊ အင်း … စိတ်ထားတည် ည်သူတွေဟာ သမာဓိတည်ကြည်သလို ကတိစကားလည်း ည်တတ်ကြတယ်၊ ပြီးတော့ သူတို့ဟာ ကိုယ်ကျင့်တရားကို င့်ထိန်းကြသလို သစ္စာကိုလည်း ပျက်ယွင်းခြင်းမရှိအောင် င့်ထိန်းတတ်ကြတယ်၊ ကိုယ်ကျင့်တရား၊ စာရိတ္တဆိုတာ ာလေးတစ်ယောက်ရဲ့နာမည်နဲ့ ဘယ်လိုမှ ဆက်စပ်မှု မရှိ အဲ … သစ္စာဆိုတဲ့ စကားလုံးကတော့ လှပတဲ့စကားလုံး ယ်၊ ဒီတော့ စောစောက ပန်နဲ့ပေါင်းလိုက်ရင် ပန်သစ္စာ ွားရော၊ ဘယ့်နှယ်လဲ … မင်းရဲ့နာမည်က ပန်သစ္စာ



www.burmeseclassic.com

www.burmeseclassic.com



...ဟုတ်တယ်မဟုတ်လား''

ပန်သစ္စာက ကျေနပ်စွာ ပြုံးလိုက်၏။ လူရဲ၏ စကားပြော မှန်ရည်မှုကို နှစ်သက်မိသလို ဉာဏ်ရည်ထက်မြက်မှုကိုလည်း စိတ်ထဲမှ ချီးကျူးလိုက်မိသည်။

''အင်း ...ရှင်က ဘယ်ဆိုးလို့လဲ၊ ပန့်ဝှက်တဲ့ပဟေဠိကို ချက်ချင်းဖော်နိုင်တယ်''

လူရဲကလည်း ကျေနပ်စွာ ပြုံးလိုက်သည်။

''ကဲ ...ဒါဆို ပဟေဠိဖော်ပွဲမှာ ကိုယ်မှန်သွားတဲ့အတွက် ကိုယ်ပေးမယ့်လက်ဆောင်ကို ပန် လက်ခံရမယ် ...ဟုတ်ပြီလား''

''ရှင်က ဘာလက်ဆောင်ပေးမှာမို့လဲ''

''နေဦး ...ကိုယ် သွားယူလိုက်ဦးမယ်၊ ပန် ဒီမှာ ခဏလေးစောင့် ...ဟုတ်ပြီလား၊ ကိုယ် အိမ်ထဲမှာ သွားယူလိုက်ဦးမယ်''

လူရဲက ပြောပြောဆိုဆိုဖြင့် ခြံဝင်းထဲသို့ အပြေးကလေးဝင်သွားရာ ပန်သစ္စာမှာ ခြံအဝတွင် ယောင်ချာချာလေးရပ်ကာ ကျန်ရစ်ခဲ့လေသည်။

ခဏအကြာတွင် ခြံတံခါးဝမှ လူရဲပြန်ထွက်လာရာ ဓ





ကြီးအနီရောင်ဖြင့် ချည်ထားသည့် စက္ကူဘူးအညိုရောင်လေးကို သက်ဝယ်ပိုက်လာလေသည်။

''ရော့ ...ဒါ ကိုယ့်ရဲ့လက်ဆောင်ပါပဲ၊ ပန် အိမ်ရောက်မှ ဖွင့်ကြည့် ...ဟုတ်ပြီလား၊ ပန်နဲ့ကိုယ် စတင်သိကျွမ်းခြင်း အထိမ်းအမှတ်လက်ဆောင်လို့ ယူဆလို့ရသလို ကိုယ့်ရဲ့ အမှတ်တရလက်ဆောင်လို့လည်း ယူဆလို့ရပါတယ်၊ ပန် ကိုယ့်ရဲ့လက်ဆောင်ကို မပျောက်မပျက် သိမ်းထားပါနော်၊ လွှင့်လည်း ပစ်ပါနဲ့၊ သူများကိုလည်း ပေးမပစ်ပါနဲ့''

လူရဲက လက်ဆောင်ဘူးလေးကို ကမ်းပေးရင်း တတွတ်တွတ်မှာကြားရာ ပန်သစ္စာက လက်လှမ်းယူလိုက်ပြီး ပြုံးလိုက်သည်။

''စိတ်ချပါ ကိုလူရဲရယ် ...ပန် ကိုလူရဲရဲ့ ဒီလက်ဆောင်ကို ထာဝရသိမ်းထားပါ့မယ်''

''ကိုယ့်ကို ကိုရဲလို့ခေါ်ပါလား ပန်၊ ပြီးတော့ ပန် ကိုယ့်ကို မုန်းသွားခဲ့ရင်တောင် ကိုယ့်ရဲ့ဒီအမှတ်တရလက်ဆောင်ကို နှင့်ပစ်တာမျိုး မလုပ်ရဘူးနော်''

''သြော် ...စိတ်ချပါရှင်၊ ကိုရဲ အမှတ်တရပေးတဲ့ လက်ဆောင်ကို ပန် တန်ဖိုးထားပါတယ်ရှင်၊ ဘယ်တော့မှ နှင့်



www.burmeseclassic.com

www.burmeseclassic.com



မပစ်ဘူး . . . စိတ်ချ၊ ပြီးတော့ ပန်က ကိုရဲကို ဘာဖြစ်လို့မုန်းရမှာလဲ . . . မမုန်းပါဘူး''

ပန်သစ္စာက ခပ်ပြုံးပြုံးပြောလိုက်သည့်တိုင် လှူရဲကမူ သူမအား ခပ်ငေးငေးကြည့်လိုက်၊ အညိုရောင်စက္ကူဘူးလေးကို စိတ်မချသလိုကြည့်လိုက် လုပ်နေလေသည်။

သူ့အမူအရာက စောစောကလို သွက်လက်ရွှင်မြူးခြင်းမရှိဘဲ ခပ်ငူငူခပ်ငေးငေး ဖြစ်နေ၏။

သူ ဘာကြောင့် လေးတွဲ့တွဲ့ဖြစ်သွားရသည်ကို ပန်သစ္စာ နားမလည်နိုင်ချေ။

သူက သူ၏အမှတ်တရလက်ဆောင်ပစ္စည်းကို မည်သည့်အခါမှ စွန့်မပစ်ရန်သာ စိတ်မချသလို တဖွဖွမှာနေလေသည်။

ပန်သစ္စာက စောစောကလို စူးရှတောက်လက်ခြင်းမရှိတော့ဘဲ မှိုင်းမှိုင်းညို့လျက်ရှိသည့် လှူရဲ၏မျက်ဝန်းများကို မှင်တက်မိစွာ ငေးကြည့်ရင်း ရင်ထဲဝယ် သူ့ကို ကရုဏာသက်သလို ခံစားလာရလေ၏။

''စိတ်ချပါ ကိုရဲရယ် . . . ကိုရဲရဲ့လက်ဆောင်ကို ပန် ထာဝရ သိမ်းထားပါ့မယ်၊ ကဲ . . . ပန် သွားတော့မယ်နော်''





''ကောင်းပါပြီ ပန်၊ ကိုယ် ရွာထဲမဝင်ချင်ဘူး . . . ဒါပေမဲ့ ပန်နဲ့တော့ ထပ်တွေ့ချင်တယ်၊ ပန် နေ့လယ်ဘက် အားရင် ဟောဟိုက စေတီဟောင်းဘက် လာခဲ့ပါလား၊ ကိုယ့်မှာ စကားပြောဖော်မရှိဘူးလေ၊ ပန်နဲ့ စကားပြောချင်လို့ပါ''

လှူရဲက ရွာ၏အရှေ့ဘက် တစ်ဖာလုံခန့်အကွာအဝေးရှိ မြစ်အချိုးအကွေ့ အငူစွန်းမှ မြစ်ကမ်းစပ်ဘက်သို့ တစ်စိတ်တစ်ပိုင်းပြိုလဲကျနေသည့် စေတီဟောင်းလေးဆီ လက်ညှိုးညွှန်ပြရင်း ပြောရာ ပန်သစ္စာက ခေါင်းညိတ်ပြလိုက်ရ၏။

''စိတ်ချပါ ကိုရဲ . . . ပန် အားတဲ့အခါ လာခဲ့ပါ့မယ်၊ ကဲ . . . ခုတော့ ပန် ရွာထဲဝင်တော့မယ်နော်၊ ကဲ . . . သွားပြီ ကိုရဲ''

ပန်သစ္စာက လှူရဲကို နှုတ်ဆက်ပြီးနောက် လက်ဆောင်ဘူးလေးကိုပိုက်ကာ မြေလမ်းဖြူဖြူလေးအတိုင်း ရွာဘက်သို့ လျှောက်လှမ်းသွားလေ၏။

လှူရဲကမူ ကျောက်ဖြူတိုက်ခြံဝင်းအဝတွင် ငေးငူကြီး ရပ်ရင်း ငေးကြည့်ကျန်ခဲ့ပါတော့သတည်း။

✳



www.burmeseclassic.com

www.burmeseclassic.com



ပန်သစ္စာသည် သူမ၏အိမ်သို့ ပြန်ရောက်သည့်တွင် ရရှိလာသော လက်ဆောင်ဘူးကို မိခင်ကြီးမမြင်စေရန် ဧည့်ခန်းမှ ဗီရိုကြီးအပေါ် တင်ထားခဲ့ပြီး ...

မိဘတို့၏ အိပ်ခန်းထဲသို့ဝင်ကာ အနည်းငယ် ဖျားနေရှာသည့် မိခင်ကြီးအား ကြီးဒေါ်ဖြစ်သူကို သမ္မန်နှင့် တင်ပေးလိုက်ပြီဖြစ်ကြောင်း သတင်းပို့လေ၏။

ပြီးတော့ ဧည့်ခန်းသို့ ပြန်ထွက်လာကာ လက်ဆောင်ဘူးကလေးကို ရင်ဝယ်ပိုက်လျက် အိမ်ပေါ်ထပ်သို့ လှေကားမှ ခပ်သွက်သွက်တက်လာခဲ့လေသည်။

သူမအနေဖြင့် လူရဲပေးလိုက်သည့် လက်ဆောင်ဘူးထဲမှ လက်ဆောင်ပစ္စည်းမှာ မည်သို့သောပစ္စည်းဖြစ်သည်ကို သိလိုလှပြီဖြစ်သဖြင့် ဖွင့်ကြည့်ရန် အိပ်ခန်းထဲ အမြန်ဆုံးယူလာမိခြင်းဖြစ်လေ၏။

အိမ်ဝယ် ဖခင်ကြီး မရှိ၊ မနေ့ညကတည်းက အင်းထဲမှာသွားအိပ်ကာ ယနေ့နေ့ခင်းလောက်မှ ပြန်လာမည်ဖြစ်သည်။

အိမ်၌ ကူဖော်လောင်ဖက်အဖြစ်ခေါ်ထားသော ဒေါ်သေး

ခုနစ်စဉ်ကြယ်စာပေ



သည်လည်း မီးဖိုဆောင်ဝယ် ချက်ရေးပြုတ်ရေးဖြင့် အလုပ်ရှုပ်လျက် ရှိလေ၏။

သို့တိုင် ပန်သစ္စာက ယောက်ျားပျိုလေးတစ်ဦးထံမှ သမဆုံးအကြိမ် လက်ခံမိလာသော လက်ဆောင်ဘူးကို လွတ်လပ်အေးဆေးစွာ ဖွင့်ကြည့်လိုသဖြင့် အိပ်ခန်းထဲဝင်ပြီးသည်နှင့် အခန်းတံခါးချက်ကို ထိုးပိတ်လိုက်လေသည်။

ထို့နောက် သူမသည် ပြတင်းပေါက်အနီးမှ ခုတင်ပေါ်သို့ တင်ပါးလွှဲထိုင်လိုက်ပြီး အနံ့အမြင့် ငါးလက်မခန့်နှင့် အရှည်တစ်ပေခန့်ရှိသော အညိုရောင်စက္ကူဘူးကို ပေါင်ပေါ်တင်လိုက်သော၏။

သူမ၏ ဖြူသွယ်သွယ်လက်ချောင်းကလေးများက ဘူးကို ပတ်ချည်ထားသော ဖဲကြိုးအနီအား ခပ်ဖြည်းဖြည်း ဖြည်လိုက်သည်။

"သူက ငါ့ကို ဘယ်လိုလက်ဆောင်မျိုး ပေးတာပါလိမ့်၊ ခမင်းရုပ်ကလေးပဲလား၊ မင်းသားရုပ်ကလေးပဲလား၊ ဘူးကြည့်ရတာ အရုပ်ထည့်တဲ့ ဘူးပုံစံမျိုးပဲ၊ ဘိုမရုပ်ကလေးပဲလား"

သူမက ရင်ခုန်စွာ အမျိုးမျိုးတွေးဆရင်း ဘူးအဖုံးကို ဖွင့်လိုက်ရာ ...

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အို"

ဘူးထဲမှ ပစ္စည်းကို တွေ့လိုက်ရသည်တွင် ပန်သစ္စာမှာ လွန်စွာ စိတ်ပျက်သွားတော့၏။

"ဟွန်း . . . ဝံပုလွေအရုပ်ကြီးပါလား"

ဝံပုလွေဆိုလျှင် ဟဲဘူးရွာတစ်ရွာလုံး မုန်းတီးလျက်ရှိ သူမသည်လည်း ဝံပုလွေကို မုန်းသူဖြစ်လေသည်။

အေးချမ်းသာယာလှသော သူမတို့၏ ဟဲဘူးရွာကလေ မှာ ဝံပုလွေတို့ကြောင့် စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခများစွာ ခံစားနေ ရာ ဟဲဘူးရွာတစ်ရွာလုံး ကလေး လူကြီး ယောက်ျား မိန်းမ စကာ ဝံပုလွေဆိုလျှင် ရွာ၏ မဟာရန်သူမိစ္ဆာအဖြစ် မုန်းတီးနေ ကြသည် မဟုတ်ပါလား။

ပန်သစ္စာမှာ အမွေးပွပွနှင့် အညိုနုရောင် ဝံပုလွေကော ကို ယောင်ယမ်းလွှင့်ပစ်မိမလိုပင် ဖြစ်သွားရတော့၏။

သူမသည် ဝံပုလွေအရုပ်ကို ခုတင်ပေါ် တင်လိုက်ပြီ ခုတင်ဘေးတွင် မတ်တတ်ရပ်လျက် ငေးငူငူကြီးဖြစ်နေတော သည်။

"ဟွန်း . . . ကိုလူရဲက ငါ့ကို ဘာသဘောနဲ့ ဒီဝံပုလွေ အရုပ်ကို လက်ဆောင်ပေးပါလိမ့် . . . ရှာရှာပေါက်ပေါက်"





သူမက စိတ်ပျက်စွာဖြင့် ခုတင်ပေါ် ပိုးလိုးပက်လက် ဖြစ်နေသော ဝံပုလွေအရုပ်ကို မျက်မှောင်ကုတ်ကြည့်နေမိလေ၏။

ဝံပုလွေအရုပ်မှာ နိုင်ငံခြားမှ လာပုံရလေသည်။ နှုတ်သီး ချွန်ချွန်ရှည်ရှည် နားရွက်ဖားဖားနှင့် ဝံပုလွေကောင်က မျက်လုံး ညိုညိုစူးရှရှတို့ကို မျက်မှောင်ကြီးကုတ်ထားပြီး အနည်းငယ် ဟထားသည့် ပါးစပ်ထဲမှ အစွယ်ဖြူဖြူတို့ ပြူးထွက်နေကြလေ၏။

ဝံပုလွေကောင်၏မျက်နှာက ကောက်ကျစ်သော ဗီဇ ရိုက်အပြည့်နှင့်။ ခန္ဓာကိုယ်က အချိုးအဆစ် လွန်စွာကျကာ အမြီးက ဖားဖားကြီးဖြစ်သည်။

ရုတ်တရက်ကြည့်ပါက တကယ့်သက်ရှိ ဝံပုလွေနှင့် လွန်စွာတူကာ မြဲကြည့်လျှင် လှပသလိုရှိသော်လည်း သေချာ ကြည့်ပါက စက်ဆုတ်ရွံရှာဖွယ်ရာကောင်းလှပေ၏။

"ခက်တာပဲ . . . ငါ ဒီဝံပုလွေအရုပ်ကြီးကို မလိုချင်ဘူး၊ ဒါပေမဲ့ ကိုလူရဲရဲ့လက်ဆောင်ကို ထာဝရသိမ်းထားပါ့မယ်, စွန့် မပစ်ပါဘူး, ဘယ်သူ့မှလည်း ပေးမပစ်ပါဘူးလို့ ကတိပေးထား ခဲ့မိပြီ၊ ဘယ်လိုလုပ်ရမှာပါလိမ့်"

ပန်သစ္စာသည် ဝံပုလွေအရုပ်ကြီးကို စွန့်ပစ်ရအခက်၊ သည်အတိုင်း အလှထား၍လည်း မဖြစ်သဖြင့် မည်သို့လုပ်ရမည်နည်း



www.burmeseclassic.com

www.burmeseclassic.com



မသိဖြစ်နေသော်လည်း နောက်ဆုံးတွင် ယင်းဝံပုလွေအရုပ်ကို မိဘများရော အခြားမည်သူမျှပါ တွေ့သွား၍မဖြစ်သောကြောင့် ဘူးထဲပြန်ထည့်ကာ ခုတင်အောက်ထဲ ထည့်ထားလိုက်တော့၏။

ထို့နောက်တွင်မှ ပန်သစ္စာသည် အခန်းတံခါးကို ပိတ်ကာ အောက်ထပ်သို့ စိတ်ပျက်စွာ ဆင်းလာခဲ့ပါတော့သတည်း။

✳

ပန်သစ္စာ ရက်ကန်းခတ်နေစဉ် ဝါနုနှင့်ပွံ့ပွံ့တို့ ပြုံးခန့်ခန့် မျက်နှာပေးများဖြင့် ရောက်ရှိလာကြလေ၏။

ပန်သစ္စာကလည်း လူချောလေး လူရဲနှင့် သိကျွမ်းရပုံကို သူငယ်ချင်းများအား ကြွားချင်နေရာ အတော်ဖြစ်သွားလေသည်။

ထို့ကြောင့် သူမက ရက်ကန်းခတ်ခြင်းကို ရပ်တန့်ကာ သူငယ်ချင်းမနှစ်ဦးအား မော့ကြည့်လိုက်ရာ သူမတို့၏မျက်နှာများမှာ ပြုံးစိစိဖြစ်နေကြသည်ကို တွေ့ရလေ၏။

''ဟဲ့ ဗိုင်းတာမတွေ ... မျက်နှာတွေက မချိုမချဉ်နဲ့ ဘယ်လိုဖြစ်လာကြတာလဲ''





ပန်သစ္စာက မျက်စောင်းထိုးကာ ငေါက်ဆတ်ဆတ် မေးလိုက်လေလျှင် ဝါနုနှင့်ပွံ့ပွံ့တို့လည်း ဟီးခနဲရယ်ချလိုက်ကြပြီး ...

''ဟီး ... မိသစ္စာ ... နင်နဲ့လူရဲဆိုတဲ့ ရွှေမင်းသားလေးနဲ့ အဆင်ပြေနေကြပြီဆို''

''အေးဟယ် ... မိသစ္စာတို့ ခြေသွက်မယ့်သွက်တော့ မြန်လိုက်ပါရှိလိုက်တာ၊ ငါတို့တောင် မသိလိုက်ဘူး''

ဝါနုနှင့် ပွံ့ပွံ့တို့က သရော်သလိုလို အပြစ်တင်စွပ်စွဲသလိုလိုပြောရင်း ရက်ကန်းစင်နံဘေးမှ ခုံတန်းလျားတွင် ဝင်ထိုင်လိုက်ကြ၏။

''နင်တို့ ဘယ်သူပြောသလဲ''

''အောင်မယ် ... မဟုတ်ပါဘူးလို့ ငြင်းမလို့လား၊ ရဘူးနော် မိသစ္စာ ... ဟိုတမြန်နေ့က နင်နဲ့ အဲဒီရွှေမင်းသားလေးနဲ့ ကျောက်ဖြူတိုက်ကြီးရဲ့ ခြံတံခါးဝမှာ တပြုံးပြုံးနဲ့ စကားအောင်ဖွဲ့နေကြတာကို ဦးချမ်းမြတို့ ဒေါ်လေးမျှင်တို့က ကမ်းနားက တက်အလာမှာ တွေ့တယ်တဲ့''

ဖြစ်နိုင်ပါသည်။ ထိုနေ့က ရေလုပ်သားတချို့ သူမတို့အားပြောနေကြသည့် နံဘေးခပ်လှမ်းလှမ်းမှ ဖြတ်သွားကြသည်ကို ပန်သစ္စာ ပြန်လည်အမှတ်ရမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်မဟုတ်လား မိသစ္စာ"

"အေးပါ . . . မဟုတ်ဘူးလို့ ဘယ်သူက ငြင်းနေလို့လဲ"

"ဟွန်း . . . အပြောကြီးတဲ့ဟာမ၊ အစကတော့ အဲဒီလူကို စိတ်မဝင်စားဘူးလေး ဘာလေးနဲ့ . . . ခုတော့"

"ဟဲ့ . . . ခုတော့ ဘာဖြစ်လို့လဲ၊ ငါနဲ့သူ ရိုးရိုးသိသွားကြတာပဲ ရှိတယ်"

"ဟုတ်လား . . . ဘယ်လိုသိကြတာလဲ . . . ပြောပါဦး"

"ဟုတ်တယ် မိသစ္စာ . . . နင်က ငါတို့ရွာကမိန်းကလေးတွေအထဲမှာ အလှဆုံး, မာနအကြီးဆုံး မဟုတ်လား၊ အဲဒီလိုမာနတစ်ခွဲသားနဲ့ နေတဲ့နင်က ဘယ်လို ဘယ်လိုဖြစ်ပြီး လူဆိုတဲ့ မိုးကျရွှေကိုယ်လေးနဲ့ ချိတ်ဆက်ဖြစ်သွားတာလဲ ဆိုတာကိုငါနဲ့မိဝါနုတို့က သိပ်စိတ်ဝင်စားနေကြတာဟ . . . ပြောပြစမ်းပါဟာ"

"ဟင်း ဟင်း . . . ဒီလိုဟ"

ပန်သစ္စာက တစ်ရွာလုံးရှိ မဒီကညာများ လွန်စွာ စိတ်ဝင်စားလျက်ရှိသော လူရဲနှင့် သူမ သိကျွမ်းရင်းနှီးခဲ့ရသည့်အကြောင်းကို သူငယ်ချင်းမများအား ခပ်ကြွားကြွားလေး ပြောပြချင်နေသဖြင့် အတော်ဖြစ်သွား၏။





သို့ကြောင့်လည်း သူမ၏အမည်ကို အတတ်ဆန်းကာ ပဟေဠိဝှက်မိသဖြင့် ဝံပုလွေအရုပ်ကြီး လက်ဆောင်ရလိုက်သည့်အကြောင်းကို ချန်လှပ်ထားလျက် ကျန်တာအားလုံး ပြောပြလိုက်လေသည်။

ပန်သစ္စာ၏စကားအဆုံးတွင် ဝါနုက အားကျသောလေသံဖြင့် ပြောသည်။

"အေးဟယ် . . . ငါလည်း နင့်လိုပဲ၊ ကိုလူရဲနဲ့ သိကျွမ်းရင်းနှီးချင်လိုက်တာ"

ဤတွင် ပုံ့ပုံ့က ဝင်ခွပ်လိုက်၏။

"ဟဲ့ . . . နင် ရင်းနှီးသိကျွမ်းချင်ပေမယ့် နင့်လို ဂျပိန်မအရုပ် မိုးထိုးနေတာကြီးနဲ့တော့ ကိုလူရဲက သိကျွမ်းချင်မှာမဟုတ်ဘူး၊ ငါ့လို ပါးဖောင်းဖောင်း, မျက်နှာပြည့်ပြည့်ခုံခုံနဲ့ ဖြူဖြူဝင်းဝင်းလေးမျိုးကိုမှ ကိုလူရဲက မိတ်ဆွေဖွဲ့မှာ . . . သိရဲ့လား . . . ဟင်း ဟင်း"

"တော်ပါ . . . နင့်လို အရုပ်တောင်ဆုပ်လောက်ကိုဟိုက စာဖွဲ့မှာမဟုတ်ဘူး၊ မိသစ္စာလို အလှပဂေးကိုမှ စိတ်ဝင်တစားနဲ့ မိတ်ဖွဲ့မှာ"

ပုံ့ပုံ့နှင့်ဝါနုတို့က တစ်ဦးကိုတစ်ဦး မခံချင်အောင်စနောက်



www.burmeseclassic.com

www.burmeseclassic.com



နေကြရာမှ ဝါနုက· တစ်စုံတစ်ရာကို သတိရမိလိုက်ပြီး ...

"ဩော် ... ဒါထက် အဲဒီကိုလူရဲတို့ရဲ့ ကျောက်ဖြူတိုက်ကြီးဆီက လပြည့်ညတွေမှာ ဝံပုလွေအူသံတွေကြားရတာ ဘာဖြစ်လို့လဲလို့ နင် မေးမကြည့်ဘူးလား· မိသစ္စာ"

"မေးချိန်မရပါဘူးဟာ ... အဲဒီနေ့ကလည်း သူနဲ့ငါက ခဏပဲ စကားရပ်ပြောခဲ့ကြရတာပါ"

"အေး ... ဒါဆို နောက်တစ်ခါ သူနဲ့တွေ့ရင် မေးကြည့်ဟာ ... အဲဒီဝံပုလွေကောင်ဟာ ဘယ်ကရောက်လာသလဲ၊ ခုရော ဘယ်မှာနေသလဲ၊ ကျောက်ဖြူတိုက်ကြီးရဲ့ အထဲမှာပဲ ရှိသေးသလားလို့ပေါ့ဟာ"

အမှန်တော့ ဝါနုတို့မေးခိုင်းသည့် မေးခွန်းများမှာ သူမကိုယ်တိုင်မေးချင်နေသော မေးခွန်းများပင် ဖြစ်ပါ၏။

"အေးပါ ... ဒီတစ်ခါ သူနဲ့ထပ်တွေ့ရင် ငါ မေးထားလိုက်ပါ့မယ်"

"သူ့ဆီက အဖြေရရင်လည်း ငါတို့ကိုမျှဝေဖို့ မမေ့နဲ့နော် ကောင်မ"

"အေးပါဟာ ... စိတ်ချပါ ... ဟင်း ဟင်း ဟင်း"

* * *





## ဝံပုလွေတောင်မှ လျှို့ဝှက်ချက်

ပန်သစ္စာသည် ဝံပုလွေအရုပ်ကြီး လက်ဆောင်ရခဲ့ခြင်းအပေါ် ဘဝင်မကျ ဖြစ်လျက်ရှိကာ သူမကို အဘယ်အတွက်ကြောင့် ယင်းဝံပုလွေအရုပ်ကြီးကိုမှ ရွေးပြီး လက်ဆောင်ပေးရသည်ကို လူရဲအား မေးချင်နေမိသည်။

သူမသည် ဝံပုလွေအရုပ်ကြီးအား စတင်လက်ခံရယူခဲ့သည့်က တစ်ကြိမ်တည်းသာ ထုတ်ကြည့်မိလျက် ခုတင်အောက်ထဲ ထိုးထည့်ထားပြီးကတည်းက နောက် ထပ်မံထုတ်ယူကြည့်ခြင်း မရှိခဲ့တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



''အင်း ... ဘယ်လိုအဓိပ္ပာယ်နဲ့ အဲဒီဝံပုလွေအရုပ်ကြီး ပေးတာလဲ ဆိုတာကို သေချာမေးရမယ်''

သို့ဖြင့် ဝံပုလွေအရုပ်ကို လက်ခံရရှိပြီး သုံးရက်မြောက် နေ့ မွန်းလွဲပိုင်းအချိန်တွင် ...

''အမေ ရွာမြောက်ပိုင်းက ဒေါ်ကြီးနှင်းသီတို့အိမ် ကြွေး ကျန်သွားတောင်းလိုက်ဦးမယ် ... ဒီနေ့ ချိန်းထားလို့''

ဟု မိခင်ကြီးအား အကြောင်းပြရမယ်ရှာ ခွင့်တောင်းပြီး ရွာမြောက်ပိုင်းဘက် ခပ်သွက်သွက်ထွက်ခဲ့လေ၏။

ရွာမြောက်ဘက်ပိုင်းအစွန်သို့တိုင် ရွာလယ် မြေလမ်းဖုံ့ဖုံ့ အတိုင်း လျှောက်လှမ်းလာခဲ့ရာမှ ရွာမြောက်စွန်းသို့ ရောက်လေ လျှင် မြစ်ဆိပ်ဘက်သွားသည့်လမ်းမှ ဖဲ့ထွက်ကာ ရွာအရှေ့ ဘက် စေတီပေါင်းလေးရှိရာသို့ ဦးတည်လျက် လယ်ကွင်းတစ် ကွင်း၏နံဘေးမှ ကပ်လျှောက်လာခဲ့လေသည်။

ကိုးတောင်ပြည့် ထုံးစေတီအိုလေးသည်ကား မြစ်ကမ်း ပြိုခြင်းဒဏ်ကြောင့် စေတီ၏ အောက်ခြေပန္နက်ခုံတစ်ခြမ်း မြစ် ကမ်းပါးအောက်သို့ ပြိုပျက်ကျနေရာ စေတီသည်လည်း မြစ် ဘက်သို့ ယိုင်စောင်းနေချေ၏။

ထီးတော်လည်း ကျိုးပျက်လျက်ရှိကာ စေတီပရဝဏ်





ပတ်ပတ်လည်တွင် ချုံနွယ်များ၊ ကိုင်းမြက်များက တောထလို့ နေလေသည်။

ပန်းသစ္စာသည် တစ်ဝက်တစ်ပျက် ပြိုကျနေသည့် ကိုး ဆင်းစေတီအိုလေး၏အနီးသို့ ရောက်လာသည်တွင် လူရဲအား တွေ့လိုတွေ့ငြား ဟိုသည်ကြည့်ကာ ရှာဖွေမိလေ၏။

သို့သော် ...

စေတီဝန်းကျင် ချုံနွယ်ပိတ်ပေါင်းတို့အနီးတွင်လည်း ကောင်း၊ စေတီပြိုလဲယိုင်ကျနေသည့် ဆင်ခြေလျှော သဲသောင် ပြင်တစ်လျှောက်တွင်လည်းကောင်း လူရဲကို အရိပ်အယောင် သော်မျှ မမြင်တွေ့ရချေ။

သူမသည် ကိုင်းမြက်များအကြားတွင် ယောင်ချာချာ ဖြစ်လျက် ဟိုသည်ငေးမျှော်ကြည့်နေစဉ် သူမ၏နောက်ကျောဘက် မှ လူရဲ၏စကားသံ ထွက်ပေါ်လာသဖြင့် ရုတ်တရက်မို့ ထိတ်ခနဲ လန့်သွားရသည်။

''ဘယ်သူ့ကို ရှာနေတာလဲ ပန်''

''အို''

သူမက ချာခနဲလှည့်ကြည့်လိုက်ပြီး ...

''ရှင်ကလည်းလေ ... အသံမပေး ဘာမပေးနဲ့ လန့်



www.burmeseclassic.com

www.burmeseclassic.com



သွားတာပဲ၊ ဘယ်သူ့ကို ရှာရမှာလဲ . . . ရှင့်ကိုရှာနေတာပေါ့၊ ရှင်ပဲ ဒီဘုရားလေးအနားကို လာခဲ့ပါဆို''

ရှပ်အကျီလက်တို အပြာနုရောင်လေးဝတ်ထားသည့် လူရဲက အနက်ရောင်သက္ကလတ်ဘောင်းဘီ၏ ဘေးအိတ်တို့ထဲ လက်နှစ်ဖက်ထည့်ကာ မျက်နှာကိုမော့ရင်း ပေါ့ပါးလွတ်လပ်စွာ ရယ်လိုက်သည်။

''ဟား ဟား ဟား . . . ပန် လန့်သွားသလား၊ ကိုယ်က ပန် ရွာထဲကထွက်လာတာကို အဝေးကြီးကတည်းက လှမ်းမြင် ရတာ၊ ပန့်ကို စချင်လို့ ဟိုချုံပုတ်နောက်မှာ ကွယ်နေတာ''

''ဟွန်း . . . အဲဒီလို ကြပ်ကြပ်လုပ်၊ ကြာရင် ပန် နှလုံးသွေးရပ်ပြီး သေသွားမယ် . . . သိလား''

''ဟင်း ဟင်း . . . ဆောရီးပဲ ပန်ရယ်၊ ကဲ . . . ဟောဟို က သစ်ပင်အရိပ်အောက်မှာ စကားပြောရအောင် ပန်''

သူနှင့်သူမတို့ ကသစ်ပင်အရိပ်အောက်ဆီ လျှောက်လှမ်း ကြပြီး သဲပြင်မွမွအဲပေါ် ထိုင်ချလိုက်ကြ၏။

ပန်သစ္စာက မြစ်ရေပြင်ကိုဖြတ်သန်းတိုက်ခတ်လာသော လေအေးအေးကြောင့် ပါးပြင်ပေါ် ဖရိုဖရဲကျလာသည့် ဆံနွယ် တို့ကို နားသယ်နောက်ဘက်သို့ လက်ဖြင့်သပ်ကာ ပို့လိုက်သည်။





သည့်တစ်ခါတော့ သူမက ခေါင်းလှော်ပြီးစမ္ဘိ ဆံပင်ကို အားလျားချလာရာ သူမ၏ မဟူရာရောင်ဆံနွယ်မျှင်တို့သည် တင် ပါးသို့တိုင် ဝေ့ဝဲကျလျက် လေပြည်အနော့ဝယ် ဝဲလွင့်လို့နေကြ ၏။

ပါးကွက်ကြားကလေးနှင့် နုပျိုလန်းဆန်းလှပလျက်ရှိ သော ပန်သစ္စာကို လူရဲက တရှိုက်မက်မက် ငေးကြည့်နေလိုက်မိ သည်။

သူမကို အားမနာစတမ်း ငေးကြည့်နေသည့် လူရဲကို မျက်စောင်းလေး မသိမသာထိုးလိုက်ပြီး ရင်ထဲမှ သိချင်ရာကို ပန်သစ္စာ စတင်မေးလိုက်လေ၏။

''ဒီမှာ ရှင့်ကို မေးစရာရှိလို့ လာတာ . . . သိလား''

''ဟုတ်လား . . . ဘာမေးချင်လို့လဲ ပန် . . . မေးလေ''

''ရှင်က ဘယ်လိုရည်ရွယ်ချက်နဲ့ ဝံပုလွေအရုပ်ကြီးကို လက်ဆောင်ပေးရတာလဲ''

''ဝံပုလွေအရုပ်''

''ဟုတ်တယ်လေ . . . မိန်းကလေးတစ်ယောက်ကို အ မှတ်တရ လက်ဆောင်ပေးတာ ဝံပုလွေအရုပ်ပေးရတယ်လို့၊ ဟိုကယ်ဆို ယမင်းရုပ်လေး, ဘိုမအရုပ်လေးဆို တော်သေးရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဪ … ဒါတော့ ပန်ရယ် … ကိုယ်က ဘယ်လို ကြိုတင်စီစဉ်ထားမှုမှ မရှိဘူးလေ၊ မရည်ရွယ်ဘဲ ရုတ်တရက် ပေးဖြစ်သွားတာ မဟုတ်လား၊ ပြီးတော့ ကိုယ်တို့လို ယောကျ်ား လေးတွေက ယမင်းရုပ်တို့ ဘိုမရုပ်တို့ ဝယ်ပြီးဆောင်ထားလေ့ ရှိတာမှ မဟုတ်ဘဲ"

"နေပါဦး … ရှင်က ဘယ်လိုဖြစ်ပြီး အဲဒီနေ့က လက် ဆောင်ပေးဖို့ စိတ်ကူးရသွားရတာလဲ"

"ဪ … ဒါက ဒီလိုပါပန် … ကိုယ်က အဲဒီဝံပုလွေ အရုပ်ကို သိပ်မြတ်နိုးတာ၊ ဘယ်လိုပြောရမလဲ … ကိုယ့်ရဲ့စိတ် ထဲမှာ မှတ်မှတ်ရရဖြစ်သွားမိတဲ့ ပန်ကို တွေ့လိုက်ရတော့ ကိုယ် မြတ်နိုးတဲ့ အရာတစ်ခုကို ပေးချင်လာတယ်၊ ဒါကြောင့် ပေး မိတာပါ ပန်"

"ဟွန်း … ရှင်မစဉ်းစားမိဘူးလား၊ ပန်တို့လို မိန်းက လေးတွေက ကြောက်စရာကောင်းတဲ့ အဲဒီလို ဝံပုလွေအရုပ်မျိုး ကို မနှစ်သက်ဘူးဆိုတာ"

ပန်သစ္စာ၏စကားကြောင့် လူရဲ မျက်ခုံးပင့်သွားသည်။ သူ၏မျက်ဝန်းနက်နက်များအထဲတွင် စိုးရိမ်ပူပန်မှုအရိပ်အယောင် တို့ ယှက်သန်းလာကြ၏။





"ပန် … အဲဒီဝံပုလွေအရုပ်ကို စွန့်ပစ်လိုက်ပြီလား ဟင်"

"မစွန့်ပစ်ပါဘူး ကိုရဲရဲ၊ ပန်က စကားကတိတည်တတ် သူပါ။ ပန် မနှစ်သက်ပေမယ့် ထာဝရသိမ်းထားမှာပါ"

လူရဲ၏မျက်ဝန်းများ ပိုမိုမှိုင်းညို့သွားကြ၏။

"ပန်ရယ် … ဝံပုလွေအရုပ်ကြီးက အမွေးဖွားဖွားနဲ့ အင်မတန် လှပါတယ် ပန်ရယ်၊ အဲဒါကို ပန်က မနှစ်သက်ဘူး …ဟုတ်လား၊ ကိုယ်ကတော့ အင်မတန် မြတ်နိုးတယ်"

ပန်သစ္စာက အသက်ပြင်းပြင်းရှူလိုက်ပြီးနောက် လူရဲ၏ မျက်ဝန်းနက်နက်များကို တည့်တည့်ကြည့်လိုက်ကာ အလေးအ …က်မေးသည်။

"ဒါဆို ပန်မေးမယ် … ဝံပုလွေတွေအပေါ် ကိုရဲ ဘယ် …မြင်သလဲ၊ ချစ်စရာ နှစ်လိုစရာလို့ မြင်သလား၊ မုန်းစရာ …က်ဆုပ်စရာလို့ မြင်သလား"

"တိရစ္ဆာန်မုန်သမှုဟာ မုန်းစရာ,စက်ဆုတ်စရာ မဟုတ် …ဘူး ပန်၊ တကယ်တော့ သူတို့ဟာ သူတို့ရဲ့ တောသဘာဝ …တိုင်း နေကြရရှာသူတွေပါ၊ သူတို့ဟာ သူတို့သဘောနဲ့ သူတို့ …တွေရဲ့မြို့ရွာတွေဆီ လာလေ့မရှိကြပါဘူး။ လူတွေကသာ မြို့ပြ

www.burmeseclassic.com



အိမ်ရာတွေ ချဲ့ထွင်ရင်းက တောတောင်တွေကို စတင် ကျူးလွန်ကြတာပါ၊ တောကောင်တွေ မှီတင်းနေထိုင်တဲ့ သစ်တောတွေကို လူတွေဟာ သူတို့ရဲ့လောဘလိုအင်ဖြည့်ဖို့ ကျူးကျော်ဝင်ရောက်ဖျက်ဆီးကြတယ်၊ အမဲလိုက်ကြတယ်၊ သတ္တုရှာဖွေကြတယ် သစ်ခုတ် ထင်းခုတ် ဝါးခုတ်ကြတယ်၊ ကဲ ... ဘယ်သူကလွန်သလဲ၊ တောတိရစ္ဆာန်တွေက လွန်သလား၊ လူသားတွေက လွန်သလား၊ တကယ်တော့ တိရစ္ဆာန်တွေဟာ သနားစရာ၊ ချစ်စရာတွေပါ ပန်''

''ဟုတ်ပါပြီလေ ... ဒါက ကိုရဲရဲ့အမြင်ကိုး၊ ဒါန် ပန် တစ်ခုပြောမယ် ... ပန်တို့ရဲ့ ဟဲဘူးရွာက ရွာသူရွာသားတွေဟာ ဝံပုလွေတောင်လို့ခေါ်တဲ့ ဟဲဘူးတောင်က ဟဲဘူးဝံပုလွေတွေကို ဘာမှအန္တရာယ်မပြုဘဲ အဲဒီဟဲဘူးဝံပုလွေတွေက လပြည့်ညတွေဆို သူတို့ဘာသာသူတို့ ဝင်လာကြပြီး တွေ့သမျှလူကို ကိုက်ခဲ့ဖို့ ကြိုးစားကြတယ်၊ ပန်တို့ရွာက ရွာသားနှစ်ယောက်ဟာ အဲဒီ ဟဲဘူးဝံပုလွေတွေ ကိုက်ခဲလို့ အသေဆိုးနဲ့ သေခဲ့ကြရတယ် လွန်ခဲ့တဲ့ လပြည့်ညကလည်း အဲဒီဝံပုလွေတွေနဲ့ ပန်တို့ရွာသားတွေ တိုက်ပွဲဖြစ်ခဲ့ရတယ်၊ သူတို့ ရွာထဲဝင်လာပြီး ဒုက္ခပေးလို့''

ပန်သစ္စာစကား ကြားရသည်တွင် လူရဲသည် ငေးငိုင်





ကြီး ဖြစ်သွားတော့၏။ ပြီးမှ သူက စကားတစ်လုံးချင်း ခပ်လေးလေး ပြောသည်။

''အဲဒီသတင်းတွေကို ဗန်းမော်ဘက်ကနေ မော်တော်နဲ့ဆင်းလာကတည်းက အတူပါလာတဲ့ ကုန်သည်တစ်ဦးပြောပြလို့ ကိုယ် သိပြီးပါပြီ ပန်၊ အဲဒီကိစ္စမှာ ဟဲဘူးဝံပုလွေတွေဘက်က စပြီးမှားတယ်လို့ ပန်ယူဆသလား''

''ယူဆတာ မဟုတ်ပါဘူး ကိုရဲ ... အမှန်တရားကိုမြင်ရတာပါ၊ ရွာသူရွာသားတွေက ဘယ်လိုမှဒုက္ခမပေးဘဲ သူတို့က ရွာထဲဝင်လာပြီး ဒုက္ခပေးတာပါ၊ တိရစ္ဆာန်ဖြစ်တဲ့အတွက် လူနဲ့ယှဉ်ပြိုင် မှားတယ်,မှန်တယ်လို့ မပြောချင်ပေမယ့် သူတို့က စပြီး ဒုက္ခပေးခဲ့တာတော့ အမှန်ပါပဲ''

လူရဲက နှုတ်ခမ်းကို ကွန့်ကွေးကာ ပြုံးလိုက်၏။

ထိုအပြုံးသည် ခါတိုင်း တွေ့ရဖူးသည့် လှပချိုမြသော အပြုံးမျိုး မဟုတ်။ မဲ့ပြုံးဖြစ်၏။

ချောမောသော သူ့မျက်နှာပေါ်တွင် ပထမဦးဆုံး တွေ့မြင်ရသည့် မဲ့ပြုံးဖြစ်၏။

ထိုအပြုံး၏နောက်ကွယ်မှ နက်ရှိုင်းလျှို့ဝှက်သော အဓိပ္ပာယ်ကို ပန်သစ္စာ မခန့်မှန်းတတ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် သူက ဟိုးအဝေး မြောက်ဘက်အရပ်တွ လှမ်းမြင်နေရသည့် ဟဲဘူးတောင်ကြီးဘက်ဆီသို့ နာကျင်နေပ ရှိသော မျက်ဝန်းများဖြင့် ငေးရီကြည့်လိုက်ကာ သွားကြ ထွက်လာသည့်အသံဖြင့် ခပ်တိုးတိုး ပြောလိုက်လေသည်။

"လူတွေက ဟဲဘူးဝံပုလွေတွေကိုပဲ အပြစ်မြင်နေ တယ်၊ ကိုယ်ကတော့ သူတို့ စမမှားဘူးလို့ ယုံတယ်"

သူက ပြောရင်း နှုတ်ခမ်းကိုမဲ့လိုက်ပြန်၏။

"ဟဲဘူးတောင်က ဝံပုလွေဂူတွေမှာ ဖြစ်ပေါ်ခဲ့ အကြောင်းမှန်ဇာတ်လမ်းကို ဘယ်သူမှ မသိကြပါဘူး၊ အဲဒီ မှသိဘဲ ဟဲဘူးဝံပုလွေတွေရဲ့အပေါ်ပဲ အပြစ်ပိုင်းမြင်နေကြ ပါ"

ဟဲဘူးတောင်ကြီးဆီ ငေးရီကြည့်ကာ လူရဲ တတွ တွတ်ပြောနေပုံက သူ့နံဘေးတွင် ပန်သစ္စာရှိနေသည်ကို သတိမမူမိဘဲ သူ့ဘာသာတစ်ကိုယ်တည်း ပြောနေသည့်ဟန် မျိုး ဖြစ်သည်။

"နေပါဦး ကိုရဲ ... ရှင်က ဟဲဘူးဝံပုလွေတွေရဲ့ ကြောင်း ဘာတွေသိထားလို့လဲ၊ ဒီဒေသကိုတောင် ခုမှရောက် တာ မဟုတ်လား"





ပန်သစ္စာက ခပ်ဆတ်ဆတ်မေးလိုက်မှ လူရဲသည် သူမ ကို ခပ်ဖြည်းဖြည်း လှည့်ကြည့်ပြီး ...

"ဒီရွာကိုတော့ ခုမှရောက်ဖူးတာပါ ပန်၊ ဟဲဘူးတောင် ကြီးရဲ့အကြောင်း သိနေတာတော့ ကြာပါပြီ"

"ရှင် ... ဟဲ ဟဲဘူးတောင်ရဲ့အကြောင်းကို သိနေတယ် ... ဟုတ်လား"

"ဟုတ်တယ် ပန်၊ ကိုယ့်အဘိုးဟာ အဲဒီမှာ နေခဲ့ဖူး တယ်"

"အို ... ဒီလောက်ကြောက်စရာကောင်းတဲ့ သားစား ဝံပုလွေတွေရှိတဲ့ ဟဲဘူးတောင်မှာ ရှင့်အဘိုး နေဖူးတယ် ... ဟုတ်လား၊ အဲဒီဝံပုလွေတွေက သူ့ကို ရန်မမူဘူးလား"

"အဘိုးနဲ့ သူတို့ရဲ့ကြားမှာ ဆက်နွယ်မှုရှိတယ် ပန်၊ အဘိုးက သူတို့ရဲ့အဖြစ်ကို စာနာတယ်၊ သူတို့ရဲ့ခံစားချက်ကို နားလည်တယ်၊ ဒီတော့ သူတို့ကလည်း ပြန်နားလည်တယ်၊ လောကကြီးမှာ အပြန်အလှန်နားလည်မှုနဲ့ စာနာမှုရှိရင် တစ်ဦးနဲ့ တစ်ဦး အဆင်ပြေတာပဲလေ"

ပန်သစ္စာမှာ လူရဲ၏စကားကို နားမရှင်းချေ။ လူသား တို့၏ရန်သူ သားစားဝံပုလွေတွေနှင့် အပြန်အလှန် နားလည်မှု



www.burmeseclassic.com

www.burmeseclassic.com



ရှိနိုင်သည်ဆိုသော လူရဲကိုသာ အထူးအဆန်းသတ္တဝါသဖွယ် အံ့ အားတသင့် ငေးကြည့်နေမိသည်။

သည်တစ်ခါတော့ လူရဲက ခါတိုင်းပြုံးနေကျ ချိုမြသော အပြုံးမျိုးဖြင့် ပြုံးကာ ပန်သံစွာကို ခေါင်းငဲ့ကြည့်လေ၏။

''ဘာလဲ ပန် ... ကိုယ်ပြောတာကို မယုံဘူးလား''

''ဝံပုလွေတွေနဲ့ နားလည်မှုရှိတယ်၊ ဝံပုလွေတွေက ရန်မမူဘူးဆိုတာ ပန်တော့ ယုံရခက်တယ်''

''ဒီလိုရှိတယ် ပန် ... ကမ္ဘာပေါ်မှာ တချို့လူတွေဟာ ရိုင်းစိုင်းကြမ်းတမ်းပါတယ်ဆိုတဲ့ တိရစ္ဆာန်တွေနဲ့အတူ ဘေးကင်းစွာ နေထိုင်ကြပါတယ်၊ တချို့ဆို အဆိပ်ပြင်းတဲ့မြွေတွေနဲ့အတူ ဂူတစ်ဂူထဲမှာ ဒါမှမဟုတ် အခန်းတစ်ခန်းထဲမှာ အတူနေနိုင်ကြတယ် ...၊

အချို့ကျတော့ အသိဉာဏ် အင်မတန်နည်းတယ်လို့ ယူဆထားကြတဲ့ အဆိပ်ပြင်း ကင်းမလက်မည်းတွေနဲ့အတူ နေနိုင်ကြတယ်၊ အချို့များဆို သူတို့ရဲ့ ကိုယ်ခန္ဓာအနှံ့ ပျားတွေ နေကြပြီး နေနိုင်ကြတယ်၊ ကျားတွေ ခြင်္သေ့တွေနဲ့လည်း လက်ပွန်းတတီး နေနိုင်ကြတယ် ...၊

အဲဒီလို သူတို့နေထိုင်နိုင်တာကို လူတွေက အထူးအ





ဆန်းအဖြစ် အံ့သြကြတယ်၊ ဒါပေမဲ့ လူတွေဟာ ရေမသတ္တဝါကြီးတွေဖြစ်တဲ့ ဆင်တွေနဲ့ လက်ရည်တစ်ပြင်တည်း နေတဲ့အပြင် ဆင်တွေအများကြီးကို သစ်ထုတ်ရေးလုပ်ငန်းခွင်မှာ ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်နိုင်းစေနေတာကိုကျတော့ မအံ့သြကြဘူး ...၊

အမှန်တော့ လူသားတွေလိုပဲ နှလုံးသားခံစားချက်၊ ဦးနှောက်ဉာဏ်ရည်ရှိတဲ့ တိရစ္ဆာန်တွေနဲ့ နားလည်မှုရှိအောင် ပြုလုပ်နိုင်ရင် သူတို့နဲ့အတူ ဘေးကင်းကင်း နေနိုင်ပါတယ်၊ သူတို့ကို ရန်လိုရင်တော့ သူတို့က ရန်ပြန်လိုမှာပဲ''

''ဟဲဘူးဝံပုလွေတွေကို ဟဲဘူးရွာသူရွာသားတွေက စပြီး နိုင်လိုခဲ့ကြတာ မဟုတ်ပါဘူး ကိုရဲ''

လူရဲက မဲ့ပြုံးပြုံးလိုက်ပြန်သည်။

''ဟဲဘူးဝံပုလွေတွေကလည်း အကြောင်းမဲ့ ရန်ရှာမှာ ဟုတ်ပါဘူး''

''အဲဒါတော့ ပန်မသိဘူး ကိုရဲ''

''ဟင်း ဟင်း ... အဲဒီအကြောင်းကို တစ်နေ့တော့ ပန် သိလာမှာပါ''

''အဲဒီအကြောင်း ကိုရဲသိရင် ပန့်ကိုပြောပြပါလား ကိုရဲ''

''တစ်နေ့တော့ ပြောပြနိုင်မှာပါ ပန် ... ပြောနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန် ရောက်လာတဲ့အခါပေါ့၊ ခုတော့ မပြောနိုင်သေးပါဘူး

လူရဲက လက်ပတ်နာရီကို ငုံ့ကြည့်လိုက်ပြီး ...

''ဗြော် ... ဦးလေးကို ဆေးတိုက်ဖို့အချိန်တော

ရောက်နေပြီ၊ ပန် ဆည်းဆာလည်း အတော်ညိုလာပြီ၊ ကိုယ်

ပြန်ကြရအောင်''

ဟု လောဆော်ကာ ထိုင်ရာမှ ထရပ်လိုက်ရာ ပန်သစ္စာ

မချင့်မရဲဖြင့် ထရပ်လိုက်ရတော့၏။

ထို့နောက် လူရဲက ပန်သစ္စာကို ရွာလမ်းဘက်သို့ အ

ရင်ဦးစွာ ပြန်စေ၏။

သူက နောက်ငါးမိနစ်ခန့်ကြာမှ လိုက်လာခဲ့မည်ဟု

သည်။

ပန်သစ္စာနှင့်သူ သောင်ပြင်ဘက်မှ အတူပြန်လာသည်

ကို ရွာသူရွာသားတို့ တွေ့က ပန်သစ္စာ၏ဂုဏ်သိက္ခာ ထိခို

မည်ကိုစိုးသဖြင့် ပန်သစ္စာအား ဦးစွာပြန်စေခြင်းဖြစ်၏။

မည်သို့ဖြစ်စေ ...

ပန်သစ္စာသည် ထိုညနေက ဘဝင်မကျစွာဖြင့် အိမ်

ပြန်လာခဲ့ရလေသည်။

✳ ✳ ✳



## အခန်း (၂)

ဟဲဘူးဝံပုလွေတစ္ဆေ

ဝံပုလွေပုံပြင်

သံသယလူသား

ဝံပုလွေနှလုံးသားနှင့်လူ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)



## ဟဲဘူးဝံပုလွေတစ္ဆေ

လပြည့်ညသို့ ရောက်ရှိခဲ့ပြန်ပြီဖြစ်၏။

ဟဲဘူးရွာကလေးသည်ကား ထိန်ထိန်သာသော လရောင်အောက်တွင် ပကတိအေးချမ်းသာယာလျက် ရှိနေလေသည်။

ရွာလူကြီးတို့သည် ရေနွေးကြမ်းဝိုင်းဖွဲ့ကာ ရပ်ရေးရွာရေး၊ သာရေးနာရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းတိုင်ပင်လျက် ရှိကြ၏။

ရွာကာလသားတို့သည်လည်း ဘင်ဂျိုတစ်လက်ဖြင့် အုပ်





စုလိုက် ရွာလယ်လမ်းတွင် လျှောက်ပြန်သံပေး ချစ်တေးကြူလျက် ရှိကြပြီ။

လုံမပျိုတို့သည်မူ လရောင်ဖြင့် ဆံနွယ်ဖွပ် မောင်းထောင်းသူထောင်း၊ ဗိုင်းငင်သူငင်လျက် ရှိလေသည်။

ကလေးများကမူ လရောင်ဖြင့် ဖွေးထင်းလျက်ရှိသော ရွာလယ်လမ်းမပေါ်တွင် ပျော်ရွှင်ဆူညံစွာ ပြေးလွှားဆော့ကစားလျက် . . .

ဟဲဘူးရွာသူရွာသားတို့၏စိတ်တွင် သူတို့ရွာသားများ ကောင်းကောင်းကြီး ဆုံးမလွှတ်လိုက်သဖြင့် ဟဲဘူးဝံပုလွေတို့ ရွာသို့ မလာဝံ့တော့ဟု ယူဆယုံကြည်လျက်ရှိလေ၏။

သို့ကြောင့်လည်း လပြည့်ည၏ အေးမြသောရသကို ခံစားကာ စိတ်အေးလက်အေး ဖြစ်နေကြခြင်းပင်။

ပန်သစ္စာသည်မူ ဗိုင်းလည်းမငင်နိုင်၊ မောင်းလည်းထောင်းဖြစ်ဘဲ အိမ်ပေါ်ထပ် သူမ၏ အိပ်ခန်းပြူတင်းတံခါးဝ၌ နွေးခြေခုံတစ်လုံးဖြင့် ထိုင်လျက် ပြည့်ဝန်းနေသည့် လဝန်းဖြူဖြူကို ငေးမောကြည့်နေမိလေသည်။

လပြည့်ဝန်းကို ငေးမျှော်ကြည့်ရင်း လူရဲကို သတိရလျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏စိတ်ထဲဝယ် ပြည့်ဝန်းသောလ ဝံပုလွေများနှင့် လူရဲတို့သည် တစ်စုံတစ်ခုသောအကြောင်းကြောင့် ယှက်နွယ် လျက်ရှိသည်ဟု ခံစားနေရလေသည်။

သို့ကြောင့်လည်း လပြည့်ဝန်းကို မေးမျှော်ကြည့်ရင်း လူရဲအား သတိရနေခြင်းဖြစ်၏။

ယင်းသတိရခြင်းနှင့်အတူ သူမ၏မျက်ဝန်းထဲဝယ် ဝံပု လွေကောင်များကိုပါ မြင်ယောင်လာပြီး ရင်ထဲဝယ် တစ်စုံတစ်ရာ ကို စိုးရိမ်ကြောင့်ကြသလိုလို ခံစားလာရလေ၏။

သူမအနေဖြင့် နှစ်ကြိမ်နှစ်ခါ ရင်းနှီးစွာ တွေ့ဆုံခဲ့ပြီး နောက် လူရဲအပေါ် သံယောဇဉ်ငြိတွယ်သလိုလို ရင်ခုန်လှုပ်ရှား ခံစားခဲ့မိသည်မှာ အမှန်ပင် ဖြစ်ပါသည်။

ချောမော၍ သိမ်မွေ့ကာ ဝတ်စားနေထိုင်ပုံက အထက် တန်းကျ မြို့ကြီးသားဆန်လှသည့် လူရဲဆိုသော ကိုလူချောကို ဟဲဘူးရွာ၏ ကွမ်းတောင်ကိုင်မလေး ပန်သစ္စာက အထင်ကြီး လေးစားခြင်းနှင့်အတူ သံယောဇဉ်နွယ်ယှက်ချင်သလိုလို ဖြစ်မိ ရသည်မှာ အမှန်ဖြစ်ပါ၏။

သို့သော် လူရဲက ဝံပုလွေတို့ဘက်မှ ရပ်တည်ကာ ဖုံး ကွယ်မှု ဖြုပ်ကွက်ပါသောစကားတို့ကို ပြောလာသည့်အခါ ပန်





သစ္စာမှာ အံ့သြခြင်းနှင့်အတူ စိတ်ပျက်သလိုလိုလည်း ဖြစ်သွားမိ လေသည်။

ဝံပုလွေရိုင်းများနှင့်ပတ်သက်ပြီး ကျောက်ဖြူတိုက်ကြီး ည် တစ်စုံတစ်ရာ ဆက်နွယ်မှုရှိနေဟန်ရှိကာ လူရဲသည်လည်း ယင်းဝံပုလွေတို့နှင့် ရင်းနှီးယှက်နွယ်နေဟန်ရှိသဖြင့် သူနှင့်ဆက် ဆက်ဆက်ဆံရန် ပန်သစ္စာ ဝန်လေးနေမိ၏။

သူမသည် ဟဲဘူးရွာသူရွာသားအားလုံးကဲ့သို့ပင် ဝံပုလွေ တို့ကို မုန်းသူဖြစ်သည်။

လူရဲကမူ ဝံပုလွေတို့ဘက်မှ ရပ်တည်သူဖြစ်သည်။

သူက ဟဲဘူးရွာသားတို့ကြောင့် ဝံပုလွေတို့ ထိခိုက်နစ် နာမှုကြီးစွာရှိခဲ့ပြီး ယင်းကြောင့် ဟဲဘူးဝံပုလွေတို့က ဟဲဘူးရွာ သားတို့ကို တိုက်ခိုက်ခြင်းဖြစ်သည်ဟု ကောက်ချက်ချချင်ဟန် ရှိသေ၏။

ထို့ကြောင့်လည်း ဟဲဘူးဝံပုလွေများနှင့် ပတ်သက်ပြီး သူမနှင့် လူရဲမှာ ပြဒါးတစ်လမ်းသံတစ်လမ်း ဖြစ်နေရခြင်း ဖြစ် သည်။

"အင်း . . . ဟဲဘူးဝံပုလွေတွေနဲ့ပတ်သက်ပြီး လျှို့ဝှက် ချက် တစ်ခုခုရှိပုံရတယ်၊ အဲဒါကို ကိုရဲက သိထားပုံပဲ၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဘာလဲဆိုတာကျ ပြောမပြဘူး၊ တော်တော် ပဟေဠိဆန်တဲ့ လူပဲ ...၊

ဘာပဲဖြစ်ဖြစ် သူ မပြောလည်း ဟဲဘူးဝံပုလွေတို့ရဲ့ နောက်ကြောင်းကို ငါသိအောင် ငါ့ဘာသာ ထောက်လှမ်းစုံစမ်းကြည့်မယ် ...၊

ဟဲဘူးဝံပုလွေတို့ရဲ့နောက်ကြောင်းနဲ့ လျှို့ဝှက်ချက်ကို သိရရင် ကိုရဲဟာ ဟဲဘူးဝံပုလွေတွေနဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတာကိုပါ သိရမှာပဲ''

သူမသည် ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် ညဉ့်နက်လာပြီဖြစ်သဖြင့် အေးစိမ့်စပြုလာရာ ပြတင်းတံခါးကို ပိတ်ရန် လက်လှမ်းလိုက်၏။

ယင်းအချိန်မှာပင် မမျှော်လင့်ဘဲ ဝံပုလွေအူသံကြီး တစ်သံကို ပီသစွာကြားလိုက်ရပါတော့သတည်း။

✳

'ဝူး အူ အူ ဝူး အူ အူ'





သည်တစ်ခါကြားရသည့် သည်းလှိုက်အူလှိုက် အူလိုက်သော ဝံပုလွေအူသံကြီးသည်ကား ကျောက်ဖြူတိုက်ကြီးရှိရာ ရွာတောင်ပိုင်းမှ ထွက်ပေါ်လာခြင်းမဟုတ်ဘဲ ရွာမြောက်ဘက် ...မ်း ရွာနှင့်မလှမ်းမကမ်းမှ ထွက်ပေါ်လာခြင်းဖြစ်သဖြင့် ပန်သစွာ အံ့သြသွားရသလို ...

ဟဲဘူးရွာသူရွာသားတို့သည်လည်း အံ့သြတွေဝေ ဖဝေ ...ါ ဖြစ်သွားကြရလေတော့၏။

ရွာသူကြီးများသည် ဝံပုလွေအူသံကြီးကြောင့် ပြောဘက်စ စကားတို့ကိုရပ်ကာ ရွာမြောက်ဘက်ဆီသို့ စိုးရိမ်စွာ ကြည့်လိုက်ကြလေသည်။

ကာလသားတို့လည်း အဆိုအတီးကိုရပ်ကာ ရွာမြောက်ဘက်သို့ မျက်မှောင်ကုတ်ကြည့်မိကြလေ၏။

လုံမပျိုတို့သည်မူ ဗိုင်းငင်ခြင်း၊ မောင်းထောင်းခြင်းတို့ကို ရပ်ကာ စိုးထိတ်စွာ နားစွင့်နေကြသည်။

ကလေးများမှာမူ အသံတိတ်သွားကြပြီး မိမိတို့၏အိမ် ...များဆီသို့ ပြေးကုန်ကြတော့၏။

'ဝူး အူ အူ ဝူး အူ အူ'

ဝံပုလွေအူသံကြီးက နောက်ထပ်တစ်ခါ ဆွဲဆွဲငင်ငင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာပြန်ရာ ယင်းအသံကြီးသည် ခါတိုင်းလပြည့်လသာ အချိန်အခါတို့တွင် ကျောက်ဖြူတိုက်ကြီးဘက်ဆီမှ ကြားရလေ့ရှိသော အသံကြီးဖြစ်ကြောင်း ဟဲဘူးရွာသူရွာသားတို့က မှတ်မိကြလေသည်။

သို့သော် ထိုအသံကြီးသည် ယခုအခါ ကျောက်ဖြူတိုက်ကြီးဘက်ဆီမှ ထွက်ပေါ်လာခြင်းမဟုတ်သဖြင့် ရွာသူရွာသားတို့မှာ နားမလည်နိုင်အောင် ဖြစ်နေရတော့၏။

ယင်းအခိုက်မှာပင် ရွာ၏ အနောက်စူးစူးအရပ်ရှိ ဝံပုလွေတောင်ခေါ် ဟဲဘူးတောင်ကြီးဘက်ဆီမှ ဝံပုလွေအူသံတို့ကို ခပ်သဲ့သဲ့ကြားလိုက်ရပြီး ခဏအတွင်းမှာပင် ဝံပုလွေတို့၏ မာန်မီသံများ၊ အူသံများသည် ရွာနှင့်နီးသည်ထက် နီးလာလျက်ရှိတော့၏။

'ဂူး အူ အူ ဝေါင်း ဝေါင်း'

''ဟာ ... ဟဲဘူးဝံပုလွေမိစ္ဆာတွေ ရွာဆီလာကြပြန်ပြီဟေ့ ... ပြေးကြ ပြေးကြ''

တစ်စုံတစ်ယောက်က အော်ဟစ်သတိပေးလိုက်သည်တွင် လူတို့လည်း ရွာလယ်လမ်းပေါ်မှနေ၍ မိမိတို့၏အိမ်ခြံတို့ဆီ ပြန်ပြေးကြလေ၏။

ခ နစ် စဉ် ကြယ် စာ ပေ



ရွာကလေးသားများသည်လည်း မိမိတို့၏အိမ်ဆီ ပြန်ပြေးကြကာ ဓားလှံတို့ကို ယူဆောင်လာကြပြီး ရွာလယ်လမ်းမပေါ်တွင် အသင့်အနေအထားဖြင့် ဝံပုလွေရိုင်းတို့အလာကို စောင့်ဆိုင်းလျက်ရှိကြလေသည်။

'ဂူး အူ အူ'

'ဝေါင်း ဝေါင်း'

ရွာ၏အလယ်ပိုင်း၌ စောင့်ကြည့်နေကြသူများကား ဝံပုလွေတို့၏အသံတို့ကိုသာ ကြားနေရပြီး ဝံပုလွေများ ရွာလယ်လမ်းအတိုင်း အပြေးအလွှားရောက်လာခြင်း မရှိသဖြင့် အံ့အားသင့်လျက် ရှိကြလေသည်။

ယင်းအချိန်မှာပင် ရွာမြောက်ဘက်စွန်းရှိ အိမ်အချို့ဆီမှ ဆူညံပါအောင် စူးစူးဝါးဝါး အော်ဟစ်သံတို့ အရပ်ပျက်သည့်နှယ် ထွက်ပေါ်လာလေ၏။

''အောင်မယ်လေး ... လုပ်ကြပါဦးတော့၊ ဝံပုလွေတွေ အိမ်ထဲဝင်လာပြီ''

''အား ... ဝံပုလွေကြီး ဝံပုလွေကြီး''

'ဝေါင်း ဝေါင်း'

''သေပါပြီဗျ''

ခ နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့အော်ဟစ်သံများ ကြားရသည်တွင် ရွာအလယ်ပိုင်းနှင့် တောင်ပိုင်းမှ ရွာသူရွာသားတို့မှာ အံ့ဩတုန်လှုပ်သွားကြတော့သည်။

ဝံပုလွေရိုင်းတို့သည်ကား ရွာမြောက်ဘက်စွန်းရှိ အိမ်အချို့ထဲသို့ အတင်းတရမန်ကြမ်း ဝင်ရောက်ကာ အိမ်ထဲမှ လူသားတို့ကို ကိုက်ခဲရန်ပြုလျက်ရှိချေပြီတည်း။

ရွာ၏မြောက်ဘက် အစွန်းဆုံးရှိ ဘကြီးဖြိုး၏အိမ်နောက်ဖေးမှ ဆွေးနေသော ထရံပေါက်ထဲ ဝံပုလွေတစ်ကောင် တိုးဝင်လာကာ ဘကြီးဖြိုးအား ခုန်အုပ်တိုက်ခိုက်လေ၏။

'ဝေါင်း'

''အား''

ဝံပုလွေကောင်တို့ကား အချို့တဲအိမ်တို့၏ အိမ်ခေါင်မိုးအပေါ် ခုန်တက်လျက် သက်ငယ်ပျစ်တို့အား ဖြဲကာ အိမ်ထဲခုန်ချဝင်ရောက်၍လည်းကောင်း၊ အိမ်ဘေးထရံဟောင်း ထရံဆွေးတို့ကို ဖြဲကာ ဝင်ရောက်၍လည်းကောင်း အိမ်ထဲမှ အိမ်သူအိမ်သားတို့အား ကိုက်ခဲကြရာ အိမ်သူအိမ်သားတို့ကလည်း ကြောက်ကြောက်နှင့် ပြန်လည်ခုခံကြလေသည်။

သို့သော် ဝံပုလွေကောင်တို့က ရုတ်တရက် အလစ်





အငိုက် ဝင်ရောက်တိုက်ခိုက်ကြခြင်းဖြစ်သဖြင့် ကလေးများစွာရှိသောအိမ်တို့မှာ ဝံပုလွေတို့၏ ကိုက်ခဲမှုကို အလူးအလဲခံရလေရာ ထိုသူတို့၏ ကြောက်လန့်တကြားအော်ဟစ်သံများက သွေးမှုက်ဖွယ် အဆက်မပြတ် ပေါ်ထွက်လျက် ရှိချေ၏။

'ဝေါင်း ဝေါင်း ဝေါင်း'

''အောင်မယ်လေးတော့''

'ဝေါင်း'

''အား''

ရွာမြောက်ပိုင်း၌ ဝံပုလွေတို့ ဝင်ရောက်ကျူးကျော် တိုက်ခိုက်လျက်ရှိကြောင်း သိရှိရသည်နှင့် ရွာအလယ်ပိုင်းနှင့် ရွာတောင်ပိုင်းမှ ကာလသားများ၊ လူရွယ်လူလတ်များသည် မီးတုတ်များ၊ ဓားလှံများကိုင်ဆောင်ကာ ရွာမြောက်ပိုင်းသို့ ဗြောသံပေးလျက် အပြေးအလွှား သွားရောက်ကြတော့၏။

''ဝေး ... ဝံပုလွေရိုင်းတွေကို သုတ်သင်ပစ်ကြဟေ့''

''ဝေး ... ဝံပုလွေတွေကို အသေဆော်ကြဟေ့''

ဝံပုလွေတို့ကား လူအုပ်စုကြီး၏ အော်ဟစ်ပြေးလွှားလာသံကို ကြားရသည်တွင် ကျူးကျော်ဝင်ရောက်လျက်ရှိသော အိမ်များအထဲမှ ခုန်ထွက်လာကြပြီးလျှင် ရွာအပြင်သို့ ပြေးထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြတော့သည်။

ပါးနပ်လှသည့် ဝံပုလွေရိုင်းတို့ကား ရွာကို အလစ်ဝင်ရောက် တိုက်ခိုက်ကြပြီးနောက် ရှောင်ထွက်သွားကြချေပြီတည်း။

''ဝေး ... ဝံပုလွေတွေကို လိုက်''

''တစ်ကောင်မှမကျန်အောင် သုတ်သင်ပစ်ကြဟေ့''

ဟဲဘူးဝံပုလွေတို့သည်ကား လယ်ကွင်းများကို ဖြတ်သန်း၍လည်းကောင်း၊ ဖုန်းဆိုးမြေကို ကျော်လွှား၍လည်းကောင်း ဟဲဘူးတောင်ခြေ တောအုပ်ဆီ ပြေးဝင်ပျောက်ကွယ်သွားကြလေပြီ။

''တောက် ... တောထဲဝင်ပြေးသွားကြပြီကွ''

''လာကွာ ... တောထဲဝင်လိုက်ကြရအောင်''

''ဟေ့ကောင်တွေ ... တောထဲဝင်လိုက်လို့တော့ မဖြစ်ဘူး၊ ညဘက်ကြီး အန္တရာယ်များတယ်ကွ''

''တောက် ... ဒီကောင်တွေက ရွာကို အလစ်ဝင်စီးသွားကြတာကွ''

စာရင်းချုပ်သည့်တွင် ဝံပုလွေနှစ်ကောင်သာ သေဆုံးကျန်ရစ်ပြီး ရွာမှ အဘိုးအိုတစ်ဦး၊ မိန်းမသုံးဦးနှင့် ကလေးနှစ်ဦးတို့ သေဆုံးကာ ရွာသားသုံးလေးဦး ဒဏ်ရာရရှိသွားခဲ့ကြလေ၏။

ယင်းသို့လျှင် ဝံပုလွေရိုင်းတို့၏ ဝင်ရောက်တိုက်ခိုက်





သတ်ဖြတ်ခြင်းခံရသဖြင့် လူခြောက်ဦးသေဆုံးရခြင်း သတင်းကရွာနီးချုပ်စပ်သို့ပါ ပျံ့နှံ့သွားတော့သည်။

နောက်ပိုင်းတွင် ဟဲဘူးရွာသူရွာသားတို့သည်ကား လသာရက်များ ရောက်ရှိလာမည်ကိုပင် ကြောက်ရွံ့ထိတ်လန့်လာကြကာ လပြည့်ညဆိုပါက အိမ်ထဲမှာ နေရသည်ကိုပင် မလုံခြုံသလို ခံစားလာရတော့၏။

ဟဲဘူးတစ်ရွာလုံး ဟဲဘူးဝံပုလွေတစ္ဆေအခြောက်ခံရပြီတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေစံအိမ်

"ကဲ ကိုစံဖြူ ... ကျုပ်တို့ ဒီအတိုင်းနေလို့တော့ မဖြ
တော့ဘူး၊ ဗန်းမော်တက်ပြီး ဂတ်ပိုင်ကြီးကို အကူအညီတောင်း
ဖြစ်တော့မယ်"

"အေးဗျာ ... ရွာမှာ ဒီလောက်လူတွေ ဒုက္ခရောက်နေ
တာကို သက်ဆိုင်ရာတော့ တင်ပြမှ ဖြစ်တော့မယ်ဗျ ကိုဘချေ
ရဲ့"

"ဒါပေမဲ့ ဒီတစ်ခါတော့ ကျောက်ဖြူတိုက်ကြီးရဲ့ ပယော
ဂ မပါဘူးဗျ ... နော၊ ဟိုနေ့ညက ပထမဦးဆုံး ထွက်ပေါ်လာ





တဲ့ ဝံပုလွေအူသံကြီးဟာ ကျောက်ဖြူတိုက်ကြီးဘက်က ထွက်ပေါ်
လာတာ မဟုတ်ဘူး"

"ဟုတ်တယ်ဗျို့ ... ကျုပ်လည်း အဲဒီဝံပုလွေအူသံကြီး
ကြားတော့ အတော်အံ့အားသင့်သွားတယ်ဗျ၊ ဒီအသံကြီးဟာ
ခါတိုင်းကျောက်ဖြူတိုက်ကြီးဘက်က ကြားနေကျပါလို့၊ ခုတော့
ရွာမြောက်ဘက်စွန်းက ကြားခဲ့တာဗျ"

"ဒါက ဒီလိုဖြစ်မယ်ကိုမြဆောင်ရဲ့ ... အဲဒီဝံပုလွေကြီး
ဟာ အရင်က ကျောက်ဖြူတိုက်ကြီးမှာ လူမနေတော့ ကျောက်
ဖြူတိုက်ကြီးထဲ ဝင်ပြီး ခိုအောင်းနေမှာပေါ့ဗျာ၊ အဲဒီကနေ လပြည့်
ညတွေမှာ အူတာဖြစ်မှာပေါ့၊ အခု ကျောက်ဖြူတိုက်ကြီးမှာ
လူတွေပြန်ရောက်နေတော့ သူ ကျောက်ဖြူတိုက်ကြီးဆီ ဘယ်
သွားလို့ရတော့မှာလဲ"

"အေးဗျာ ... ဘာပဲဖြစ်ဖြစ် အဲဒီစအူတဲ့ ဝံပုလွေ
ကောင်ကို အဦးဆုံး သုတ်သင်နိုင်ရင်တော့ ဟဲဘူးဝံပုလွေတွေရဲ့
ရန် အေးသွားမှာပဲ ကိုစံဖြူ"

"ဟုတ်တယ် ကိုမြဆောင် ... အဲဒီအကောင်က အူသံ
ပေးပြီး ဟဲဘူးတောင်က ဝံပုလွေရိုင်းတွေကို ခေါ်တာဗျ၊ သင်း
ကြောင့် ကျုပ်တို့ရွာ ဒုက္ခရောက်ရတာ၊ အဲဒီအကောင်ကို သုတ်



www.burmeseclassic.com

www.burmeseclassic.com



သင်နိုင်အောင် ကြိုးစားရမယ်''

ဟဲဘူးရွာသူရွာသားတို့မှာ တစ်နေ့တစ်နေ့ ဟဲဘူးဝံပုလွေ တို့၏အကြောင်းကိုသာ တိုင်ပင်ဆွေးနွေးလျက် ရှိကြလေ၏။

အချို့ကလည်း အကြောက်ပိုကာ နေ့ဘက်မှာပါ ဟဲဘူးဝံပုလွေတို့ လာရောက်တိုက်ခိုက်မှာ ကြောက်လန့်စိုးရိမ်ကြသဖြင့် မြေပဲခင်းသို့ပင် မသွားဝံ့ဖြစ်လာကြသည်။

ရွာလူကြီးများကမူ ဗန်းမော်သို့တက်ကာ ဗန်းမော်ဂတ်ပိုင်ကြီးအား အကျိုးအကြောင်းပြောပြ အကူအညီတောင်းကြလေတော့၏။

ဗန်းမော်ဂတ်ပိုင်ကြီးက ပုလိပ်သားသုံးဦးကို ရွာသို့ လွှတ်ပေးသည်။

ကာလသားခေါင်းဇော်မိုးဦးစီးကာ ကျေးရွာကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းပြီး ပြောင်းရှည်သေနတ်ကိုင် ပုလိပ်သုံးဦးနှင့် ပူးပေါင်းလျက် ရွာမြောက်ပိုင်းထိပ်၌ နေ့ကင်း၊ ညကင်း စောင့်ကြလေ၏။

ရွာမှ မုဆိုးဘရန်တောင်ကမူ ရွာသားအချို့နှင့်အတူ ဟဲဘူးတောထဲဝင်လျက် ဟဲဘူးတောင်ပေါ်တက်ကာ ဝံပုလွေတို့ကို သွားရောက်တိုက်ခိုက် သုတ်သင်လို၏။





သို့သော် ရွာလူကြီးတို့က ယင်းသို့ သွားရောက်တိုက်ခိုက်မှာကို အားမပေးကြချေ။

''ဟဲဘူးတောင်မှာ ဝံပုလွေဂူတွေ ပွစိထက်အောင် ရှိတယ်လို့ ကြားဖူးတယ်ကွ၊ သူတို့က ရှုပ်ထွေးတဲ့ဂူတွေထဲ အောင်းပြီး မင်းတို့ကို အလစ်အငိုက် တိုက်ခိုက်လိမ့်မယ်၊ အင်မတန်အန္တရာယ်များပါတယ်ကွာ''

''ဟုတ်တယ် ဘရန်တောင် . . . မင်းတို့ ဟဲဘူးတောင်ပေါ် သွားရင် ဝံပုလွေတွေ့ရဲ့ထောင်ချောက်ထဲ တိုးဝင်သလိုဖြစ်သွားမယ်၊ သူတို့ရဲ့သတ်ကွင်းထဲ ကျရောက်သွားရင် အရိုးအသားကျန်မှာ မဟုတ်ဘူး။ ရွာရဲ့ ကာကွယ်ရေး၊ လုံခြုံရေးကိုပဲ ဂရုစိုက်ပြီးလုပ်ကြတာပေါ့ကွာ''

ဟဲဘူးဝံပုလွေတို့နှင့်ပတ်သက်ပြီး ဟဲဘူးရွာတစ်ရွာလုံး ရင်နှလုံး တုန်လှုပ်ချောက်ချားကာ ဝံပုလွေရန်ကာကွယ်ရေးအတွက် လှုပ်လှုပ်ရှားရှား ဖြစ်နေကြသလို . . .

ပန်သစွာသည်လည်း ရိုင်းစိုင်းရက်စက်လှသည့် ဝံပုလွေတို့၏လုပ်ရပ်အတွက် ခံပြင်းကာ ဝံပုလွေတို့ဘက်မှ ရှေ့နေလိုက်သော လူရဲနှင့်တွေ့ဆုံလျက် ဝံပုလွေတို့၏ ရိုင်းစိုင်းရက်စက်မှုကို အပြစ်တင် ရှုတ်ချလိုစိတ် ပြင်းစွာဖြစ်ပေါ်လျက် ရှိတော့၏။

www.burmeseclassic.com



"ဟွန်း ...ဒီလောက် ယုတ်မာရက်စက်ပြီး ရွာကို ဒုက္ခပေးနေတဲ့ ဝံပုလွေရိုင်းတွေဘက်က သူ ရှေ့နေလိုက်နိုင်ပါ့မလား။ တွေ့ကြသေးတာပေါ့"

✳

သို့ဖြင့် တစ်နေ့ မွန်းလွဲချိန်ဝယ် မိဘများအား ရွာတော ပိုင်းမှ သူငယ်ချင်းမြတ်လှ၏အိမ်သို့ အလည်သွားခွင့်ပြုပါ ခွင့်တောင်းပြီး ရွာတောင်ဘက်သို့ တစ်ဦးတည်း ထွက်ခဲ့လေ သည်။

သူမသည် ရွာတောင်ဘက်စွန်းသို့ ရောက်လေလျှ ကိုးတောင်ပြည့်စေတီဟောင်းလေးဘက်သို့ လျှောက်ခဲ့ရာ စေ ပျက်အလွန် ဆင်ခြေလျှော၏အောက်ဘက် ကသစ်ပင်ရိပ်၌ ပ ချီဆွဲနေသော လူရဲကိုတွေ့လိုက်ရသည်၌ လွန်စွာ အံ့သြသွားလေ ၏။

သူမသည် ပန်းချီဆွဲသည်ကို တစ်ခါမျှ မမြင်ဖူးသေး လူရဲ ပန်းချီဆွဲတတ်မှန်း မသိသဖြင့်လည်း အတော်အံ့သြသွား





ခြင်း ဖြစ်လေသည်။

"ဩော် ...ကိုရဲက ပန်းချီဆရာလား"

ပန်သစ္စာ၏စကားသံကြောင့် နောက်ဘက်ရှိ လှည့်ကြည့်လိုက်ပြီးနောက် ချောမောသန့်ပြန့်သော လူရဲ၏မျက်နှာတွင် ပြုံးယောင်သမ်းသွားလေသည်။

သူက ဒေါက်ဖြင့်ထောက်ထားသော ကင်းဘတ်စ ပေါ် ဆေးခြယ်ခြင်းကို ရပ်တန့်ကာ ပန်သစ္စာဘက်သို့ မျက်နှာ လိုက်ပြီး ...

"ပန်းချီဆရာတော့ မဟုတ်ပါဘူး ပန်၊ ပန်းချီကို ဝါသနာပါလို့ နည်းနည်းပါးပါး သင်ကြားလေ့ကျင့်ထားတာပါ"

ဟု လေအေးအေးဖြင့်ပြောရင်း ခွေးခြေခုံလေးအပေါ် ထိုင်နေရာမှ ထရပ်လိုက်လေ၏။

ထိုအခါမှ ပန်သစ္စာက သူ့ပန်းချီကားကို သေသေချာချာ ကြည့်လိုက်မိတော့သည်။

"အို ...ဝံပုလွေပုံကြီးပါလား"

သူမက လူရဲတစ်ယောက် ရောဝတီမြစ်ကြီး၏ရှုခင်းကို နေသည်ဟု ထင်လိုက်မိသော်လည်း ပန်းချီကားထဲမှာက ယ်ဖွေးဖွေးနှင့် ဝံပုလွေကြီးတစ်ကောင်၏ ခေါင်းပိုင်းပုံကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလေသည်။

"ကိုရဲ့ကလည်း ရှုခင်းလှလှပုံတော့ မဆွဲဘူး။ ဘယ့်နှယ် ဝံပုလွေခေါင်းပုံကြီး ဆွဲရတာလဲ"

"ဘာဖြစ်လို့လဲ ပန် ... ကိုယ်က ရှုခင်းပုံတွေ ဘာတွေ သိပ်မဆွဲချင်ဘူး။ ဒီလို ဝံပုလွေပုံတွေဆွဲရတာပဲ လက်တွေ့တယ်"

ပန်သစ္စာက လူရဲကို အထူးအဆန်းသဖွယ်ကြည့်သည်။ ပြီးနောက် မမျိုသိပ်နိုင်တော့သောမေးခွန်းကို မေးလိုက်မိတော့

"ကိုရဲ ... ပန် တစ်ခုမေးမယ် ... ကိုရဲတို့ ကျောက်ဖြ တိုက်ကြီးဟာ ဘယ်လိုအကြောင်းကြောင့် ပန်တို့ရွာရဲ့ မဟာ သူ ဝံပုလွေတွေနဲ့ ပတ်သက်နေရတာလဲ"

"ပတ်သက်ဆို ကိုယ်တို့ဟာ ဝံပုလွေမျိုးရိုးက ဆင် သက်လာတာကိုး"

"ဘာ"

မမျှော်လင့်သော အဖြေစကားကြားလိုက်ရသည်တွင် ပန်သစ္စာသည် ရုတ်တရက် ထိတ်လန့်သွားပြီး လူရဲ၏မျက်နှာ အံ့သြ နားမလည်နိုင်ခြင်းနှင့်အတူ ချောက်ချားတုန်လှုပ်စွာ ကြည့် လိုက်မိလေသည်။

"ကို .. ကိုရဲတို့ဟာ ဝံပုလွေမျိုးရိုးက ဆင်းသက်လာတ





... ဟုတ်လား။ အို ... မဟုတ်တာ၊ အဓိပ္ပာယ်မရှိ"

"ဒီလိုပါ ပန် ... ကိုယ့်ရဲ့အဘေး ဦးစောဗလ ကွယ်လွန်ပြီးတဲ့နောက် ဝံပုလွေဖြစ်သွားတယ်လို့ ကိုယ်တို့အစဉ်အဆက် ယုံကြည်ကြတယ်၊ သတ္တဝါတွေမှာ နောက်ဘဝရှိတယ်ဆိုတာကို ပန် လက်ခံနိုင်တယ်မဟုတ်လား။ လူတစ်ယောက်ဖြစ်တဲ့ ကိုယ်တို့ရဲ့အဘေးဟာ ကွယ်လွန်ပြီးနောက်ဘဝမှာ ဝံပုလွေဖြစ်သွားတာ ဟာ သတ္တဝါမှန်သမျှ ကြုံရလေ့ရှိတဲ့ ဘဝသံသရာရဲ့ သဘာဝ ပဲ ပန်"

"နေပါဦး ... ကိုရဲတို့ရဲ့အဘေးဟာ နောက်ဘဝမှာ ဝံပုလွေဖြစ်သွားတယ်လို့ ဘာဖြစ်လို့ ပြောနိုင်တာလဲ"

"အိပ်မက် .. အိပ်မက်တွေကြောင့်ပါပဲ ပန်"

"ဘယ်လို ... အိပ်မက်တွေကြောင့် ... ဟုတ်လား"

"ဟုတ်တယ် ပန်"

"အဘေးကွယ်လွန်ပြီးတဲ့နောက် အဘေးရဲ့သား ကိုယ့်ရဲ့ အဘိုး ဦးစောဝဏ္ဏဟာ ထူးဆန်းတဲ့အိပ်မက်တွေ ညတိုင်းလိုလို မက်ခဲ့တယ်တဲ့၊ အဲဒီအိပ်မက်တွေအထဲမှာ အဘေးဟာ တော ကြီးတစ်ခုထဲမှာ ဝံပုလွေဘဝ ရောက်နေတယ်လို့ မြင်မက်ရ စပြီးမက်စတုန်းကတော့ အဘိုးဟာ သိပ်အလေးအနက်



www.burmeseclassic.com

www.burmeseclassic.com



မထားခဲ့ပါဘူး။ ဒါပေမဲ့ အဲဒီအိပ်မက်မျိုးကို မကြာခဏ မက်လာ တော့ အဘိုးဟာ သူ့ရဲ့အဖေ ဝံပုလွေဘဝ ရောက်နေတယ်လို့ တဖြည်းဖြည်း ယုံကြည်လာတယ် ...။

အဘိုးဟာ အဘွားဆုံးသွားပြီးတဲ့ နောက်ပိုင်းမှာ သူ့ရဲ့ အဖေကို တောနက်ကြီးတွေအထဲမှ သွားရှာမယ်လို့ သားနှစ် ယောက်ကို မကြာခဏ ပြောလာတယ် ...။

သားနှစ်ယောက်ဆိုတာက ကိုယ့်ရဲ့အဖေ ဦးစောစိတ္တနဲ့ ကိုယ့်ရဲ့ဦးလေး ဦးစောဒေဝတို့ပါပဲ ပန်''

ဤတွင် ပန်သစ္စာက ဖြတ်မေးလိုက်သည်။

''ကိုရဲတို့ရဲ့ မျိုးရိုးက နာမည်ရှေ့မှာ စောပါတယ်နော် ကိုရဲကျတော့ စောမပါဘူးလား''

''တကယ်တော့ ကိုယ့်ရဲ့နာမည်က စောလူရဲပါ ပန်''

''ဩော်''

''ကိုယ်တို့မျိုးရိုးက မကွ္ခရာမင်းသားကြီးရဲ့ သားတော် နယ်ချဲ့ဆန့်ကျင်ရေး မျိုးချစ်ခေါင်းဆောင် စောရန်ပိုင်နဲ့ ဆက်စ နေတယ်လို့ သိရတယ် ပန်၊ စောရန်ပိုင်ဟာ နယ်ချဲ့တော်လှ ရေး ခေတ်ဦးကာလတုန်းက ကချင်တိုင်းရင်းသားခေါင်းဆော ဖုံကန်ဒူဝါ, မိုးလိုင်းစော်ဘွား ဦးခမ်းလှိုင်တို့လိုပဲ မြစ်ကြီးန





နီးမော်ဒေသတစ်ဝိုက်မှာ နာမည်ကျော်ခဲ့တဲ့ နယ်ချဲ့ဆန့်ကျင်ရေး မျိုးချစ်ခေါင်းဆောင်ကြီးပါပဲ''

''အင်း ... နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင်ကြီး စော ရန်ပိုင်ကိုတော့ ပန် ကြားဖူးပါတယ်''

''ကိုယ့်ရဲ့ဘေး ဦးစောပလဟာ နယ်ချဲ့ဆန့်ကျင်ရေး ခေါင်းဆောင်ကြီး စောရန်ပိုင်နဲ့ သွေးသားတော်စပ်သလို စောရန် ပိုင်ရဲ့ နယ်ချဲ့ဆန့်ကျင်ရေးတပ်မှာ တပ်မှူးတစ်ဦးလည်း ဖြစ်ခဲ့ တယ် ပန် ...။

စောရန်ပိုင်ရဲ့ တာဝန်ပေးချက်အရ အဘေးဟာ မြစ်ကြီး နားအောက်ဘက် (၈၄) မိုင်အကွာမှာရှိတဲ့ ဆင်ဘိုရွာကို အခြေပြု ပြီး ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာတဲ့ နယ်ချဲ့ကုလား စစ်သင်္ဘောတွေကို ဆီးကြိုတိုက်ခိုက်ခဲ့တယ် ...။

တိုက်ပွဲတစ်ခုမှာတော့ ကုလားဖြူတပ်တွေဟာ ဆင်ဘို ကမ်းကို အမြောက်နဲ့ပစ်ပြီး အတင်းကပ်ဖို့ ကြိုးစားခဲ့တယ်တဲ့၊ ပေ (၁၀၀) ကျော်မြင့်တဲ့ ဆင်ဘိုကမ်းပါးပေါ်ကနေ အဘေးဦးစီးတဲ့ နယ်ချဲ့ဆန့်ကျင်ရေးတပ်သားတွေဟာ တူမီးသေနတ်တွေ, ဒူး လေးတွေနဲ့ ဆီးပစ်ပေမယ့် ကုလားဖြူတွေရဲ့အမြောက်ဒဏ်ကို မခံနိုင်ဘဲ ကမ်းပါးစောင်းကနေ ဆုတ်ခွာပေးခဲ့ရတယ်တဲ့ ပန် ...။

www.burmeseclassic.com



နယ်ချဲ့ကုလားဖြူတပ်တွေဟာ အံလုံးအရင်းနဲ့ ဆင်ဘ ရှာကိုသိမ်းတော့ လက်နက်ချင်းမမျှတဲ့အတွက် အဘေးတို့ဟာ ဆင်ဘိုကနေ ဖရိုဖရဲနဲ့ ဆုတ်ခွာပေးခဲ့ရတယ်၊ အဘေးကိုယ်တိုင် လည်း လက်မောင်းရင်းမှာ ကျည်သင့်ခဲ့တယ် ...။

အဘေးရဲ့တပည့်တွေက အဘေးကို ဖေးမခေါ်ခဲ့ကြရင်း ဆင်ဘိုရဲ့အနောက်တောင်ဘက် တောအုပ်ထဲ တိုးဝင်ခဲ့ကြရာက လွယ်ပေါ်တောင်တန်းဆီ ရောက်သွားခဲ့ရတယ် ...။

အဘေးရဲ့ လက်မောင်းရင်းကဒဏ်ရာဟာ တောတွင်း ဆေးဝါးတွေနဲ့ ကုသပေမယ့် သက်သာခြင်းမရှိဘဲ အနာကရင် လာတယ်၊ အဖျားဝင်ပြီး ငန်းဖမ်းလာတယ် ...။

အဲဒီလိုနဲ့ ကျောက်တောင်တစ်ခုက ကျောက်ဂူတစ်ခုထဲ ခိုအောင်းနေကြရင်း အဘေးဟာ ငန်းဖမ်းပြီး အဖျားကြီးရာက သတိလစ်မေ့မြောသွားခဲ့တယ်၊ အဘေးရဲ့တပည့်တွေက အဘေး သေသွားပြီလို့ ယူဆလို့လားမသိဘူး ... အဘေးကို အဲဒီ ကျောက်ဂူထဲမှာပဲ ထားခဲ့ကြတယ်၊ သူတို့ကတော့ နယ်ချဲ့တပ် တွေက တောနင်းရှာနေတဲ့အတွက် အဲဒီကျောက်တောင်ကို စွန့်ခွာ သွားခဲ့ကြတယ် ...။

အဘေးဟာ မေ့မြောနေရာက သတိပြန်ရလာပြီး





ကျောက်ဂူထဲကထွက်လို့ ရေငတ်လွန်းတဲ့အတွက် ရေထွက်ရှာခဲ့ တယ်၊ ဗိုက်ကဆာ, ရေကငတ်, ဒဏ်ရာကလည်း ကိုက်လွန်းလို့ တောထဲ ဒယိမ်းဒယိုင်နဲ့ လျှောက်သွားနေရာက စမ်းရေသောက် ကြုံရာသစ်သီးစားရင်း နှစ်ရက်အကြာမှာ အခြားကျောက်တောင် ကြီးတစ်လုံးရဲ့ တောင်ခြေအရောက် အားပြတ်ပြီး လဲကျသွားခဲ့ရ တယ် ...။

အဲဒီအချိန်မှာပဲ အဲဒီကျောက်တောင်ကြီးရဲ့ မှစာတက် နေတဲ့ ဂူပေါက်တွေအထဲကနေ ဝံပုလွေတွေအများကြီး ပြေးထွက် လာတာကို အဘေးတွေ့ရတယ် ...။

ဒါပေမဲ့ အဘေးဟာ ဝံပုလွေတွေရဲ့ရန်ကို ခုခံကာကွယ် နိုင်စွမ်းမရှိဘဲ မြေပြင်ပေါ်မှာပဲ ပက်လက်ဖြစ်နေခဲ့တယ်၊ သူ့ကို ဝံပုလွေတွေ ဝိုင်းဝန်းကိုက်ခဲကြတော့မယ်၊ သူဟာ ဝံပုလွေစာ ဖြစ်ပြီလို့ယူဆပြီး သွေးပျက်မတတ် ချောက်ချားတုန်လှုပ်နေဘာ ပေါ့ ...။

ဝံပုလွေအကောင်နှစ်ဆယ် သုံးဆယ်လောက်ဟာ အဘေးရှိရာကို တစ်ဟုန်ထိုးပြေးလာပြီး အဘေးကို ဝိုင်းလိုက်ကြ တယ် ...။

အဲဒီအချိန်မှာ ကျောက်ဂူတစ်လုံးအထဲကနေ ဖော်ဖြူ

www.burmeseclassic.com



စင်ကြယ်နဲ့အဘိုးအိုတစ်ဦး ရုတ်တရက်ထွက်လာပြီး ဝံပုလွေတွေကို တစ်ခုခုအော်ပြောလိုက်တယ် ...။

အဘေးဟာ ကြောက်စိတ်မွှန်ပြီး သတိလစ်မလို ဖြစ်နေတဲ့အတွက် အဲဒီအဘိုးအို ဘာပြောလိုက်သလဲဆိုတာကို သဲသဲကွဲကွဲ မကြားလိုက်ရဘူးတဲ့ ...။

ဝံပုလွေတွေဟာ အဘေးရဲ့အနားကို ရောက်လာကြတယ်၊ ဒါပေမဲ့ သူတို့ဟာ အဘေးကို ကိုက်ခဲခြင်းမပြုကြဘဲ အဘေးရဲ့လက်မောင်းရင်းက ရင်းနေတဲ့အနာကြီးကိုပဲ တစ်ကောင်ပြီးတစ်ကောင် လျှာနဲ့လျက်ကြတယ်တဲ့ ...။

အဘေးဟာ ပထမတော့ ကြောက်ရွံ့တုန်လှုပ်နေရာက အံ့အားသင့်ပြီး ငြိမ်ခံနေရတယ် ...။

နောက်တော့ သူဟာ သတိလစ်သွားတော့တယ် ...။

အဘေးပြန်သတိရလာတော့ ကျောက်ဂူတစ်ခုထဲ ရောက်နေပြီဖြစ်တယ် ...။

ခေါင်းက ဆံပင်တွေရော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ပါ ဖွေးဖွေးဖြူနေတဲ့ အဘိုးအိုက အဘေးကို ယာဂုကျိုပြီး တိုက်ကျွေးတယ်၊ အဘေးရဲ့အနာကို ဆေးရွက်တွေ မီးအုံးပြီး ကပ်ပေးတယ်၊ ဆေးကြောသုတ်သင်ပေးတယ် ...။

ခု နှစ် စဉ် ကြယ် တာ ပေ



အဘေးကို အဲဒီလို ပြုစုကုသပေးနေတဲ့ တစ်ချိန်လုံးမှာ ဝံပုလွေဘွဲ့ဟာ အဘေးရှိတဲ့ဂူထဲ ဝင်လိုက်ထွက်လိုက် လုပ်နေကြတယ် ...။

အဘေး သက်သာလာတော့ အဲဒီအဘိုးအိုက အဘေးဟာ ပဋ္ဌာန်းဆက်ရှိလို့ ဒီဝံပုလွေတောင်ကြီးဆီရောက်လာခဲ့တာဖြစ်တယ်၊ ဒီဝံပုလွေတောင်ကို သူစောင့်ရှောက်နေထိုင်လာခဲ့တာ နှစ်ပေါင်းသုံးဆယ်တင်းတင်းပြည့်ပြီ၊ အခုအထက်ပုဂ္ဂိုလ်များရဲ့ အမိန့်အရ ဟိမဝန္တာတောင်တန်းတွေဆီ ထွက်ခွာရတော့မယ်၊ သူ့ရဲ့ကိုယ်စား ဝံပုလွေတောင်ကြီးကို စောင့်ကြပ်ဖို့ အဘေးရောက်လာခြင်းဖြစ်တယ်၊ ဒါကြောင့် အဘေးဟာ သူ့ကိုယ်စား ဝံပုလွေတောင်ရဲ့ အစောင့်အကြပ်အဖြစ် နေရမယ်လို့ မိန့်ဆိုခဲ့တယ်...။

ပြီးတော့ အဘေးဟာ ဝံပုလွေတွေနဲ့ ရှေးဘဝ အဆက်ဆက်က ခွေမျိုးတော်ခဲ့သူဖြစ်တယ်၊ အဲဒီလို ပဋ္ဌာန်းဆက်ရှိလို့ ဝံပုလွေတောင်ကြီးဆီ ရောက်လာခဲ့တာဖြစ်တယ် ...။

အဘေးဟာ ရှေးဘဝတုန်းက ဒီတောင်ကြီးမှာ ဝံပုလွေဖြစ်ခဲ့ဖူးတယ်၊ ဒါကြောင့် ဝံပုလွေတွေနဲ့ ရင်းနှီးမှုမြန်ပြီး တစ်သွေးတစ်သားတည်း ဖြစ်လာခဲ့တယ်၊ ဒီတော့ ဝံပုလွေတွေနဲ့ ဝံပုလွေတောင်ကြီးကို စောင့်ရှောက်ရစ်ပါလို့ သေချာမှာတယ် ...။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အဘိုးအိုဟာ ဝံပုလွေတောင်ကနေ ထွက်ခွာ သွားခဲ့တယ် ...။

အဲဒီလိုနဲ့ အဘေးဟာ ဝံပုလွေတောင်မှာ သောင်တင် ကျန်ရစ်ခဲ့တယ်၊ သူဟာ တစ်ခါမှမရောက်ဖူးတဲ့ တောထဲမှာ မျက်စိလည်ပြီး သားမယားရှိရာ မြစ်ကြီးနားလည်း မပြန်တတ် နယ်ချဲ့စစ်ပုလိပ်ရန်ကလည်း ရှိလို့ အဲဒီဝံပုလွေတောင်မှာပဲ နှစ် ပေါင်းများစွာ ဝံပုလွေတွေနဲ့အတူ နေထိုင်ခဲ့ရတယ် ...။

ဝံပုလွေတွေဟာ အဘေးအတွက် စားရေးရိက္ခာ သား ကောင်ကို ရှာဖွေပေးကြတယ်၊ အဘေးကို ချစ်ခင်ပြီး အဘေး စကားကို တစ်သဝေမတိမ်း လိုက်နာကြတယ် ...။

အဘေးဟာ ဝံပုလွေတွေနဲ့ တစ်သွေးတစ်သားတည်း ဖြစ်သွားပြီး ဝံပုလွေတွေနဲ့ အတူနေရတာကို နှစ်ခြိုက်လာတယ် ဝံပုလွေတောမှာ ပျော်လာတယ် ...။

အဘေးဟာ သူ့ရဲ့ဖြစ်စဉ် ခံစားရသမျှတွေကို ပေရွက် တွေပေါ်မှာ ကညစ်နဲ့ရေးခြစ်ပြီး မှတ်တမ်းတင်ခဲ့တယ်၊ တော က ရတဲ့ ပေရွက်တွေအပေါ်မှာ ကျောက်ကညစ်နဲ့ ရေးခြစ်ခဲ့တာ ပါပဲ ...။

ဒီလိုနဲ့ ဝံပုလွေတောမှာပျော်ပြီး ဝံပုလွေတွေကို သံယော





ဇဉ်ကြီးနေတဲ့အတွက် အဘေးဟာ လူ့ရပ်ရွာကိုပြန်ဖို့ မစဉ်းစား တော့ဘူး။ သူ့ကိုလည်း မြစ်ကြီးနားမှာ ကျန်ရစ်ခဲ့တဲ့ ဇနီးနဲ့သား တွေက သေပြီလို့ ယူဆမှာပဲလို့ သူထင်ခဲ့တယ် ...။

နောက် နှစ်ပေါင်းနှစ်ဆယ်ကျော်လာပြီးတဲ့အချိန်မှာတော့ အဘေးဟာ အသက်ကြီးလာတာနဲ့အမျှ ရင်ဘတ်ထဲက အောင့် တဲ့ရောဂါ စွဲကပ်လာတယ်၊ အဲဒီရောဂါဟာ တစ်နေ့တခြား ဆိုး လာတဲ့အတွက် သူ မကြာခင် သေတော့မယ်လို့ ထင်မြင်ယူဆ ခဲ့တယ်၊ သူ့ရဲ့နောက်ဆုံးမှတ်တမ်းတွေမှာ သူဟာ မခံမရပ် နိုင်အောင် ဝေဒနာခံစားနေရတဲ့အတွက် မကြာမီရက်ပိုင်းအတွင်း ကွယ်လွန်ရတော့မယ် ...။

သူကွယ်လွန်တဲ့အခါ ဒီဝံပုလွေတောင်ကြီးကနေ ဘယ် မှ မသွားပါရစေနဲ့၊ ဒီဝံပုလွေတောင်မှာပဲ ဝံပုလွေတွေရဲ့ အစောင့် အရှောက် အကြီးအကဲ ပြန်ဖြစ်ပါရစေလို့ ဆုတောင်းနေကြောင်း မှတ်တမ်းပြု ကမ္ပည်းထိုးခဲ့တယ် ...။

အဘေးရဲ့မှတ်တမ်းဟာ အဲဒီမှာပဲ ဆုံးသွားခဲ့တယ် ...။

စောစောက ပြောခဲ့သလိုပဲ ကိုယ့်ရဲ့အဘိုး ဦးစောဝဏ္ဏ က သူ့ရဲ့အဖေ တောနက်ကြီးတစ်ခုထဲမှာ ဝံပုလွေဘဝ ရောက် နေတယ်လို့ အိပ်မက်တွေ ညစဉ်လိုလိုမက်ရာက ဇနီးဖြစ်သူ

www.burmeseclassic.com



သေဆုံးကွယ်လွန်သွားတဲ့အခါမှာတော့ အရွယ်ရောက်နေပြီဖြစ်
သားတွေကို မြစ်ကြီးနားမှာ ထားရစ်ခဲ့ပြီး သူဟာ တစ်ကိုယ်တည်
ခရီးထွက်သွားခဲ့တယ် ...၊

အဘိုးဟာ သူ့ရဲ့အိပ်မက်တွေထဲမှာ မြင်မက်ခဲ့တဲ့ ဝံ
လွှေဦးခေါင်းပုံသဏ္ဌာန် ကျောက်တောင်ကြီးကိုရှာဖွေဖို့ ထွက်
သွားခဲ့တာပါပဲ၊ အဲဒီ ဝံပုလွေသဏ္ဌာန် ဝံပုလွေတောင်ကြီး
ရောက်ရင် သူ့ရဲ့အဖေကို တွေ့ရလိမ့်မယ်လို့ ယုံကြည်စွဲလမ်း
ခဲ့တယ်''

ဤနေရာအရောက်ဝယ် ပန်သစ္စာက ဖြတ်မေးပြ
သည်။

''အဲဒီတော့ သူ့အဖေကို တွေ့သလား''

''အင်း ... တွေ့ခဲ့တယ်လို့ အဘိုးကပြောတာပဲ ပန်

''ရှင်! ... တွေ့ခဲ့တယ် ... ဟုတ်လား၊ ဘယ် ...
ဘယ်လို တွေ့ခဲ့တာလဲ ကိုရဲ''

''ဒီလိုလေ ... အဟမ်း''

လူရဲက သူ့စကားကိုဆက်ရန် လည်ချောင်းရှင်းလိုက်
လေသည်။

ယခုအခါတွင် သူတို့နှစ်ဦးသည် ပန်းချီကား၏နံဘေး





ရှိ ကသစ်ပင်အရိပ်အောက်မှ သဲပြင်ပေါ် ထိုင်လျက် ရောဝတီ
မြစ်ပြင်ကြီးကို မျက်နှာမူထားကြပြီဖြစ်၏။

နေလည်း အတော်စောင်းသွားပြီမို့ ကသစ်ပင်ကြီး၏
အရိပ်က သဲသောင်ပြင်ပေါ်ဝယ် ရှည်လျားစွာ ကျရောက်လျက်
ရှိသည်။

ဆည်းဆာနေခြည်တောက်တောက်က တဖျပ်ဖျပ် လှုပ်
ခတ်နေသည့် လှိုင်းကြက်ခွပ်တို့အပေါ်တွင် ရွှေရောင်ကို ပက်ဖျန်း
ထားပြီဖြစ်၏။

ရောမြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေပြည်
အေးအေးက သဲသောင်ပြင်အပေါ် ရှပ်တိုက်ပြေးလာကာ လူရဲနှင့်
ပန်သစ္စာတို့အား ကလူကျီစယ် တိုးဝှေ့သွားကြ၏။

လေပြည်ထဲတွင် ဖားဖားဝေလွင့်ဝဲလျက်ရှိသည့် ပန်
သစ္စာ၏ မဟူရာရောင်ဆံနွယ်မျှင်တို့ကို ငေးကြည့်ရင်း လူရဲက
စကားဆက်သည်။

''အဘိုးဦးစောဝဏ္ဏဟာ သူ့ရဲ့အဖေ စတည်းချခဲ့ရာ
ဆင်ဘိုအထိ မော်တော်တစ်စင်းငှားပြီး စုန်ဆင်းသွားခဲ့တယ် ...၊

ဆင်ဘိုရောက်တော့ အဘေးရဲ့သတင်းကို တိုးတိုးတိတ်
တိတ် စုံစမ်းရတယ်၊ အဘေးဟာ ဆင်ဘိုမှာ ထင်ရှားတဲ့ တော်



www.burmeseclassic.com

www.burmeseclassic.com



သူပုန်ခေါင်းဆောင်တစ်ဦးမို့ နယ်ချဲ့စစ်ပုလိပ်တွေက အဘေးနဲ့ ဆက်နွယ်ပတ်သက်သူတွေကို ရှာဖွေဖမ်းဆီးပြီး အဘေးကို လက်ရဖမ်းမိစေဖို့ အဘေးရဲ့သတင်းကို နှစ်တော်တော်ကြာအောင် စုံစမ်းထောက်လှမ်းခဲ့ဖူးတာကိုး ...။

နောက်ဆုံး အဘေးနဲ့အတူ တောထဲလိုက်ပြေး ပုန်းရှောင်ဖူးတဲ့ မျိုးချစ်တော်လှန်ရေးသမားကြီးတစ်ဦးကို တွေ့ခွင့်ရခဲ့ပြီး အဘေးဟာ လွယ်ပေါ်တောင်ကြောပေါ်မှာ ဒဏ်ရာကြောင့် ဖျားနာကွယ်လွန်ခဲ့ပြီး ဖြစ်တယ်လို့ သတင်းရခဲ့တယ် ...။

အဲဒီသတင်းအပေါ် အခြေခံပြီး အဘိုးဦးစောဝဏ္ဏဟာ လွယ်ပေါ်တောင်ကြောဆီ လမ်းပြတစ်ဦးငှားလို့ ခရီးဆက်ခဲ့တယ်

အဘေး ဖျားနာကွယ်လွန်ကျန်ရစ်ခဲ့တယ်ဆိုတဲ့ ကျောက်ဂူထဲမှာ ကွယ်လွန်ခဲ့တယ်ဆိုရင် အဘေးရဲ့အရိုးစုကို တွေ့ရမှာပေါ့။ အခုတော့ ဘယ်အရိုးစုကိုမှမတွေ့ရဘဲ အဘေးတို့တော်လှန်ရေးသမားတစ်စု ခိုအောင်းနေထိုင်ခဲ့ကြစဉ်က မီးသွေးခဲနဲ့ ရေးမှတ်ထားခဲ့တဲ့ အမှတ်အသားအချို့ကိုသာ ကျောက်ဂူရဲ့နံရံတွေအပေါ်မှာ တွေ့ခဲ့ရတယ် ...။

ဒါနဲ့ အဘိုးဟာ ဒီတောတောင်ကြီးထဲက ဝံပုလွေတွေရှိတဲ့နေရာမှာ ရှာရင် တွေ့နိုင်တယ်ဆိုပြီး ဝံပုလွေတွေရှိတတ်တဲ့





နေရာကို လိုက်ပို့ဖို့ လမ်းပြကို ပြောခဲ့တယ် ...။

လမ်းပြက ဒီလွယ်ပေါ်တောင်ကြောနဲ့ ဆက်စပ်နေတဲ့ ဟဲဘူးတောင် (ခေါ်) ဝံပုလွေတောင်မှာ ဝံပုလွေတွေပေါ်များတဲ့အကြောင်းနဲ့ အဲဒီသားစားဝံပုလွေတွေရဲ့အန္တရာယ်ဟာ ကြောက်စရာကောင်းလှကြောင်း, ဝံပုလွေအုပ်ကောင်းလွန်းလို့ ကျားရဲ့ ဘွ, ဆင်တွေတောင် အဲဒီဟဲဘူးတောရဲ့ ဟဲဘူးတောင်ကို ရှောင်ကြတဲ့အကြောင်း, တောလိုက်မုဆိုးတွေလည်း ဟဲဘူးတောနဲ့ ဟဲဘူးတောင်ဘက် ဘယ်တော့မှ အမဲလိုက်မသွားကြကြောင်း ပြောခဲ့တယ် ...။

ဘာပဲဖြစ်ဖြစ် ဝံပုလွေတွေရှိတယ်ဆိုတဲ့ ဟဲဘူးတောင်နဲ့ ဟဲဘူးတောဆီသွားဖို့ အဘိုးဟာ ဆုံးဖြတ်ထားပြီးဖြစ်တယ် ...။

လမ်းပြကတော့ အဲဒီဒေသကိုသွားရင် သူ မလိုက်နိုင်ဘူးလို့ ငြင်းဆန်တယ်၊ ဒါနဲ့အဘိုးဟာ အဲဒီလမ်းပြကို လမ်းပြခပေးပြီး ပြန်လွှတ်လိုက်တယ်၊ ပြီးတော့ လမ်းပြညွှန်ပြရာ တောင်ကြောတောလမ်းခရီးအတိုင်း ဟဲဘူးတောင်နဲ့ ဟဲဘူးတောဆီ တစ်ယောက်တည်း ခရီးဆက်ခဲ့တယ် ...။

နှစ်ညအိပ်ခရီးနှင်ပြီးတဲ့နောက်မှာ ဝံပုလွေရဲ့ဦးခေါင်းနဲ့ သဏ္ဌာန်တူတဲ့ ဟဲဘူးတောင်ခြေကို အဘိုးဦးစောဝဏ္ဏ ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တယ် ...။

သူ တောင်ခြေကိုရောက်သွားပြီး ကျောက်တောင်ကြီးရဲ့ နံရံက ဂူပေါက်တွေဆီ ချုံတစ်ချုံဘေးကနေ ကြည့်လိုက်တဲ့ အခိုက်မှာပဲ ဂူပေါက်တွေအထဲက ဝံပုလွေတွေ ထွက်လာတာကို တွေ့ရတော့တယ်''

ဤနေရာအရောက်တွင် လူရဲသည် စကားကို ခေတ္တရပ် ပြီး ပန်သစွာအား ခွင့်တောင်းကာ ဘောင်းဘီအိတ်ထဲမှ ငွေရောင် စီးကရက်ဘူးပြားလေးနှင့် ရွှန်ဆန်မီးခြစ်တို့ကို ထုတ်ယူလိုက်လေ၏။

ပြီးလျှင် ရေခဲတောင်တံဆိပ် စီးကရက်ကို နှုတ်ခမ်း ထောင့်စွန်း၌ စတိုင်လ်ပါပါ ခဲလိုက်ကာ မီးညှိလျှက် အားပါးတရ ဖွာရှိုက်လိုက်သည်။

ယခုအခါ ဆည်းဆာသည် အတန်ငယ် ညိုစပြုပြီ မြစ်ရေပြင်ပေါ်မှ ရွှေရောင်သည်ပင် ပျောက်ကွယ်သွားခဲ့ပြီ။

အိမ်ပြန်ရန် အချိန်သင့်ပြီဖြစ်သော်လည်း ပန်သစွာမှာ လူရဲပြောသောအကြောင်းအရာကို လွန်စွာစိတ်ဝင်စားနေပြီ ဖြစ် သဖြင့် ဆက်လက်နားစွင့်နေလေသည်။

စီးကရက်ကို သုံးလေးဖွာဖွာပြီးမှ လူရဲကစကားဆက်လေ





''ဝံပုလွေတွေဟာ အကောင်အရေအတွက် များပြား လှန်းပြီး သူတို့ဟာ ဂူအဝတွေကနေ ထွက်လာကြပြီးတဲ့နောက် တောင်ခါးပန်းပေါ်မှာ တအီအီနဲ့ ညည်းသံတွေပေးရင်း တစ် ကောင်နဲ့တစ်ကောင် တိုးဝှေ့လှည့်ပတ်လို့နေကြတယ် ...။

အဘိုးရဲ့လက်ထဲမှာ အမဲပစ်သေနတ်ကြီးပါပေမယ့် ဝံပု လွေတွေကို ရန်ပြုလိုစိတ်မရှိဘဲ ထမသိုင်းချုံကြီးရဲ့နောက်မှာ ပုန်းခိုရင်း ဝံပုလွေတွေရဲ့လှုပ်ရှားမှုကို စိတ်ဝင်စားစွာ ဆက်လက် စောင့်ကြည့်နေလိုက်တယ် ...။

တအောင့်လောက်အကြာမှာပဲ မိုးခြိမ်းသံလို ဝံပုလွေ ဟိန်းသံကြီးတစ်ချက် ထွက်ပေါ်လာတော့တယ်''

''ဝေါင်း''

''အဲဒီလို ဝံပုလွေဟိန်းသံကြီးထွက်ပေါ်လာတာနဲ့ လှုပ် လှုပ်ရှားရှားဖြစ်နေကြတဲ့ ဝံပုလွေတွေဟာ ငြိမ်ကုတ်သွားကြပြီး တအီ အီ ညည်းသံတွေကိုလည်း မပြုလုပ်ကြတော့ဘူး ...။

ခဏအကြာမှာပဲ ကြီးမားတဲ့ဂူဝတစ်နေရာကနေ သာ မန်ဝံပုလွေတွေထက် နှစ်ဆကျော်ကျော်လောက် ကြီးမားထွား ကျိုင်းလှတဲ့ ဝံပုလွေကြီးတစ်ကောင် ထွက်လာတာကို တွေ့လိုက်ရ တော့တယ် ...။



www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေကြီးဟာ ဂူဝကနေ ထွက်လာပြီးတာနဲ့ အဘိုးရဲ့ ရာဘက်ကို မျက်နှာမူလိုက်တယ်၊ ချုံကြီးကိုကွယ်ပြီး ချောင်းကြည့်နေတဲ့ အဘိုးဟာ သူပုန်းခိုနေတာကိုများ ဝံပုလွေကြီး သိသွားပြီလားလို့ ရင်ထိတ်သွားခဲ့တယ် ...၊

ဝံပုလွေကြီးဟာ အဘိုးရှိနေတဲ့ ထမသိုင်းချုံကြီးဘက်ဆီ စူးစူးစိုက်စိုက်ကြည့်နေလေတော့ အဘိုးဟာ စိုးရိမ်စိတ် ပိုလာတော့တယ်၊ ဒါပေမဲ့ ...အဘိုးရဲ့စိတ်ထဲမှာ သူ့လက်ထဲက သေနတ်ကို အသုံးချလိုစိတ်မရှိဘူး ဖြစ်နေတယ် ...၊

ဒါနဲ့ပဲ အဘိုးဟာ ဝံပုလွေကြီး ကျန်းမာချမ်းသာပါစေ ဟဲဘူးဝံပုလွေတွေ ကျန်းမာချမ်းသာကြပါစေလို့ စိတ်ထဲက မေတ္တာပို့လိုက်တယ် ...၊

အဘိုးဟာ စိတ်ထဲက အဲဒီလို အဆက်မပြတ်မေတ္တာပို့ နေလိုက်တာ ကွမ်းတစ်ယာညက်လောက် ကြာမလားမသိဘူး...

မေတ္တာရဲ့ဓာတ်ဟာ အံ့ဩစရာကောင်းလောက်အောင် အစွမ်းထက်လှတာကို အဘိုးတွေ့ရတယ် ...၊

လူနံ့ရသွားလို့ စူးစူးရဲရဲစိုက်ကြည့်နေပုံရတဲ့ ဝံပုလွေကြီးဟာ တအိအိညည်းသံပြုရင်း အခြားဘက်ဆီ မျက်နှာလှည့်သွားရာက ဦးခေါင်းကို ကောင်းကင်ဆီ မော့လျက် သည်းလိုက်





အူလိုက် အူလိုက်တော့တယ်''

'ဂူး အူ အူ အူ'

''ဝံပုလွေကြီးလည်း အဲဒီလိုအူလိုက်ရော ကျန်တဲ့ဝံပုလွေတွေအားလုံးဟာ ဝိုင်းအူလိုက်ကြတာ၊ ဟဲဘူးတောင်ကြီးတစ်ခုလုံး ပဲ့တင်ရိုက်သွားတော့တယ် ...၊

အဘိုးဟာ အဲဒီဝံပုလွေအူသံတွေ ကြားရတဲ့အခါမှာ ဝံပုလွေတွေဟာ သူ့ကို အန္တရာယ်ပြုမှာမဟုတ်တော့ဘူးလို့ စိတ်ထဲမှာ ခံစားလိုက်ရပြီး စိုးရိမ်ချောက်ချားမှုတွေလည်း ရင်ထဲကနေ ကွယ်ပျောက်သွားတော့တယ် ...၊

အဲဒီလိုလည်း အူပြီးရော ဝံပုလွေကြီးဟာ ဟဲဘူးတောင်ကြီးပေါ်ကနေ ဆင်းပြေးသွားတော့တယ် ...၊

ဝံပုလွေကြီးလည်း အဲဒီလိုဆင်းပြေးသွားရော ကျန်တဲ့ဝံပုလွေတွေဟာ သူတို့ရဲ့ခေါင်းဆောင်ဖြစ်ဟန်တူတဲ့ ဝံပုလွေကြီးရဲ့နောက်ကနေ တစ်ဟုန်ထိုးပြေးဆင်းလိုက်ပါသွားကြတော့တယ်၊

ဟဲဘူးတောင်ကြီးကနေ ဝံပုလွေတွေအားလုံး ထွက်ခွာသွားကြတယ်ဆိုရင်ပဲ အဘိုးဟာ ထမသိုင်းချုံကြီးရဲ့နောက်က ထွက်လိုက်ပြီး ဝံပုလွေဂူတွေရှိရာဆီ လျှောက်လှမ်းသွားတော့တယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



အဘိုးဟာ ရောမဝံပုလွေကြီး ထွက်လာရာ ကျောက်ဂူရဲ့ အဝကနေ ဝင်လိုက်တော့တယ် …။

ဒီလိုနဲ့ ကျောက်ဂူကြီးထဲ ရောက်သွားတဲ့အခါမှာတော့ ညှီစို့စို့အနံ့ကြီးရပြီး ကျောက်ဂူရဲ့နံရံတစ်ဖက်အနားမှာ သား ကောင်သားရေပြားခင်းထားတဲ့ ကျောက်ခုံရှည်တစ်လုံးကို တွေ့ရ တယ် …။

အဲဒီကျောက်ခုံပေါ်မှာတော့ အရိုးကျနေတဲ့အလောင်း တစ်လောင်းကို ပက်လက်အနေအထားနဲ့ တွေ့ရတော့တယ်။ အရိုးကျနေတဲ့အတွက် အဲဒီအလောင်းမှာ အသားတွေ လုံးဝမရှိ တော့ပေမယ့် အဲဒီအရိုးစုမှာ စုတ်ပြတ်သတ်နေတဲ့ အဝတ်အစား ကိုတော့ တွေ့ရတယ် …။

အဲဒီအဝတ်အစားကို ကြည့်လိုက်တာနဲ့ အဘိုးဟာ သူ့ အဖေရဲ့ အဝတ်အစားတွေဆိုတာ သိလိုက်တယ်၊ ဒါကြောင့် အဲဒီအရိုးစုအလောင်းကြီးဟာ သူ့အဖေပဲဆိုတာ သေချာသွားတာ ပေါ့ …။

ပိုပြီးသေချာသွားစေတာကတော့ အဲဒီအလောင်းရှိ ကျောက်ခုံရဲ့အနီးက ကျောက်အဆင့်တစ်ခုအပေါ်မှာ ကိုယ့် အဘေး ရေးထိုးမှတ်တမ်းတင်ခဲ့တဲ့ ပေရွက်တွေကို တွေ့လိုက်





တာပါပဲ …။

ပေရွက်တွေကို ဖတ်ကြည့်ပြီးတဲ့နောက်မှာတော့ အဲဒီ အရိုးစုအလောင်းဟာ အဘိုးရဲ့အလောင်းဆိုတာ သေချာသွား တော့တာပေါ့ …။

အဘိုးဟာ သူ့အဖေ (ကိုယ့်အဘေး) ရဲ့ အလောင်းအရိုး ကိုကြည့်ရင်း စိတ်ထိခိုက်ကြေကွဲနေတော့တယ် …။

အဘိုးဟာ သူ့အဖေရဲ့အရိုးစုအလောင်းနားမှာ အချိန် တော်ကြာငေးငေးငူငူကြီး ရပ်နေရာက စိတ်ထိခိုက်ကြေကွဲခြင်း၊ ပင်ပန်းနွမ်းနယ်လွန်းခြင်းတွေကြောင့် ဒူးညွတ်ကျပြီး ဂူကြမ်းပြင် ပေါ်မှာ အိပ်ပျော်သွားတော့တယ်၊ သတိလစ်သွားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ …။

ဘယ်လောက်ကြာအောင် သတိလစ်မေ့မြောသွားသလဲ မသိဘူး၊ သူ့ရဲ့ပါးပြင်တစ်ဖက်ကို စိုစွတ်ကြမ်းရှတဲ့အရာတစ်ခုက အရောက်ထိတွေ့နေတာကို ခံစားရပြီး ဖျတ်ခနဲ သတိပြန်ရလာ တယ်၊ အိပ်မောကျနေရာက နိုးလာတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

အဘိုးဟာ မျက်စိနှလုံးဖွင့်ကြည်လိုက်မိတဲ့အခါ သူ့ရဲ့ ဘေးနားမှာ ဝံပုလွေမျက်နှာကြီးကို တွေ့လိုက်ရတာမို့ လန့်ဖျပ် သွားတော့တယ်၊ လက်စသတ်တော့ ဝံပုလွေကြီးက သူ့ရဲ့ပါးပြင်



www.burmeseclassic.com

www.burmeseclassic.com



...ကို သွားနဲ့ ယက်နေတာကိုး ...။

ဒါပေမဲ့ ... ဝံပုလွေကြီးဟာ သူ့ကို အန္တရာယ်မပြု... သူ့ရဲ့ကိုယ်ကို ကိုယ်လုံးကြီးနဲ့ ပွတ်သပ်ရင်း တအီအီသာ ညည်း... နေတော့တယ်တဲ့၊ ဒါဟာ ဘဝဘဝဟောင်းတွေက ရေစ... ကြောင့်လား၊ အဘိုးပို့သတဲ့မေတ္တာစွမ်းအင်ကြောင့်လားတော့... မသိဘူးတဲ့ ...။

ဘာပဲဖြစ်ဖြစ် အဲဒီအချိန်ကစပြီး အဘိုးဟာ ဝံပုလွေ... ကို ကြောက်ရွံ့ခြင်းမဖြစ်တော့ဘဲ ချစ်ခင်လာမိတယ်တဲ့ ...

ဝံပုလွေကြီးဟာ အဘိုးအတွက်တော့ အိမ်မွေး... ကြောင်လေးလို ယဉ်ပါးလာတယ်တဲ့ ...။

ဒီလိုနဲ့ အဘိုးနဲ့ဝံပုလွေကြီးဟာ တစ်ဦးနဲ့တစ်ဦး သံယော... ဇဉ်သိပ်ဖြစ်ခဲ့ကြတယ်၊ ဝံပုလွေခေါင်းဆောင်ကြီးနဲ့ ချစ်ကြည်... တဲ့အတွက် အခြားဝံပုလွေတွေကလည်း အဘိုးကို ရန်မပြု... တော့ဘူးပေါ့ ...။

ဝံပုလွေကြီးလိုပဲ အဲဒီဟဲဘူးတောင်က အခြားဝံပု... တွေနဲ့ အဘိုးဟာ ရင်းနှီးလာခဲ့တယ်၊ ဝံပုလွေအားလုံးအပေါ်... အဘိုးဟာ သံယောဇဉ်ငြိတွယ်လာခဲ့တယ် ...။

အဘိုးအတွက် ရိက္ခာအဖြစ် သားကောင်ယပ်တွေ...





...ဝံပုလွေတွေက ရှာဖွေပေးခဲ့တယ်၊ ဒီလိုနဲ့အဘိုးဟာ ဝံပုလွေ ...တောမှာ ပျော်ပြီးနေခဲ့ရာက ဆယ်နှစ်လောက်ကြာတော့ ဝံပုလွေ ကြီးဟာ သေဆုံးသွားတော့တယ် ...။

အဘိုးဟာ စိတ်ထိခိုက်စွာနဲ့ပဲ ဝံပုလွေကြီးကို သူ့အဖေရဲ့ ...နှီးစုရှိရာ ကျောက်ဂူကြီးမှာပဲ သင်္ဂြိုဟ်ပေးခဲ့တယ် ...။

ဝံပုလွေကြီး သေဆုံးသွားခဲ့ပေမယ့် အဘိုးဟာ ဟဲဘူး ...လွေတွေအပေါ်မှာ သံယောဇဉ်ငြိတွယ်နေပြီမို့ ဟဲဘူးတောင်က ... ထွက်မသွားဘဲ ဟဲဘူးတောင်မှာပဲ ပျော်ရွှင်နေတော့တယ်၊

ဝံပုလွေတွေကို အဘိုးက ဆက်လက်အုပ်ချုပ်ခဲ့တယ်၊ ...ဆုံးကွယ်လွန်သွားတဲ့ ဝံပုလွေကြီးဟာ ဟဲဘူးဝံပုလွေမ တစ် ...ကောင်ရဲ့ဝမ်းမှာ ဝံပုလွေလေးအဖြစ် ဝင်စားလာမှာလား ... မျှော်လင့်စွာစောင့်ကြည့်ရင်း နောက်ဆယ့်ငါးနှစ်ကျော်လောက် ...ကြာမှာတော့ အဘိုးမှာ တောတွင်းငှက်ဖျားရောဂါ စွဲကပ်လာ ...တော့တယ် ...။

အဲဒီမှာ ထူးခြားတာက အဘိုးဟာ သူ့ရဲ့ငှက်ဖျားရောဂါ ...အတွက် ဆေးမြစ်ဆေးဥရှာရင်း စမ်းချောင်းတစ်ခုအနီးကို ရောက် ...ခဲ့တယ်၊ အဲဒီစမ်းချောင်းရဲ့ ရေထွက်ပေါက်အထဲမှာ ရွှေတုံး ...တွေကို ကျောက်တုံးတွေနဲ့ရောပြီး မမျှော်လင့်ဘဲ တွေ့ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ တကယ်တော့ အဘိုးဟာ ရွှေကြောတစ်ခုကို တွေ့ခဲ့ တာပါပဲ ...၊

အဲဒီရွှေကြောတွေ့ရာ စမ်းချောင်းကို စိတ်ထဲမှာ မှတ် သားထားပြီး အဘိုးဟာ ရွှေတုံးလေးအချို့ကို ယူလို့ သူ့ရဲ့ဂူ ပြန်လာခဲ့တယ် ...၊

နောက်ရက်တွေမှာတော့ သူ့ရဲ့အဖျားရောဂါဟာ ပြင် သထက်ပြင်းထန်လာလို့ အဘိုးဟာ မြစ်ကြီးနားကို ပြန်ပြီး ဆေ ကုဖို့ ဆုံးဖြတ်ခဲ့ရတယ်၊ လူကလည်း အရိုးပေါ်အရေတင် ဖြ လာခဲ့ရပြီလေ ...၊

ဒီလိုနဲ့ တစ်နေ့မှာတော့ အဘိုးဟာ သူ့အဖေရဲ့ မှ တမ်းပေရွက်တွေနဲ့ ရွှေတုံးတွေကို ကျောပိုးအိတ်ကြီးထဲထည့် ဟဲဘူးဝံပုလွေတွေကို နှုတ်ဆက်လို့ ဟဲဘူးတောင်ကနေ ထွ ခွာလာခဲ့တယ် ...၊

အဘိုးဟာ လူ့ရပ်ရွာကိုပဲရောက်ဖို့ ရည်သန်ခရီးနှ ရာက တောစပ်တစ်ခုအရောက်မှာ သစ်ခုတ်သမားအုပ်စုနဲ့ အားလျော်စွာ တွေ့ခဲ့တယ် ...၊

အဘိုးက သူဟာမြစ်ကြီးနားက ဖြစ်တယ်၊ ဆင်ဘို ကိုအရောက်မှာ အဖော်တွေနဲ့ အမဲလိုက်ထွက်ရာက လူစုကွဲ





တောထဲမှာ မျက်စိလည်နေခဲ့တာ ရက်အတော်ကြာခဲ့ပြီ ...၊

အဲဒီလို တောထဲလည်ရင်း ငှက်ဖျားရောဂါစွဲကပ်လာ လို့ သူ့ကိုမြစ်ကြီးနားပြန်ပို့ပေးပါလို့ သစ်ခုတ်သမားတွေကို အကူ အညီ တောင်းခဲ့တယ် ...၊

သဘောကောင်းတဲ့ သစ်ခုတ်သမားတစ်ဦးက အဘိုးကို မြစ်ဆိပ်တစ်ခုဆီ လမ်းပြခေါ်ဆောင်သွားတယ်၊ ပြီးတော့ အဆန် မော်တော်ကြီးနဲ့ တင်ပေးလိုက်တယ်၊ ဒီလိုနဲ့ အဘိုးဟာ မြစ်ကြီး နားကို ပြန်ရောက်လာခဲ့တယ် ...၊

အဘိုးဟာ သူ့ရဲ့သားနှစ်ယောက်ဖြစ်တဲ့ ကိုယ့်ရဲ့အဖေ ဦးစောစိတ္တနဲ့ ကိုယ့်ရဲ့ဦးလေး ဦးစောဒေဝတို့ကို အဖျားတက်နေတဲ့ ကြားက ဖြစ်ကြောင်းကုန်စင်ပြောပြခဲ့တယ် ...၊

ရွှေတုံးလေးတွေကိုလည်း ညီအစ်ကိုနှစ်ယောက် မျှယူ ပြီး ပေးအပ်ခဲ့တယ်၊ အဘေးရဲ့မှတ်တမ်းတွေ ပေရွက်တွေ လည်း ပေးအပ်တယ် ...၊

ဒါပေမဲ့ အဘိုးဟာ ငှက်ဖျားရဲ့ဒဏ်ကြောင့် ရွှေကြော တွေ့ခဲ့ရာစမ်းချောင်း ဘယ်မှာရှိသလဲဆိုတာ မမှတ်မိတော့ဘူး၊ နေရာအတိအကျ မပြောနိုင်တော့ဘူး ...၊

အဘိုးပြောနိုင်တာကတော့ မေတ္တာရဲ့အစွမ်းဟာ အင်း

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



တန် အံ့ဩစရာကောင်းတယ်၊ တောရိုင်းတိရစ္ဆာန်သတ္တဝါတွေ
သူတို့အပေါ်မှာ မေတ္တာထားရင် ရန်မမူကြဘူး။ အထူးသဖြ
သူ သံယောဇဉ်ဖြစ် ခင်တွယ်နေတဲ့ ဟဲဘူးဝံပုလွေတွေအပေါ်မှ
မေတ္တာထားပါ၊ ဟဲဘူးတောင်ဆီသွားပြီး ဟဲဘူးဝံပုလွေတွေ
စောင့်ရှောက်ပေးပါ၊ ဟဲဘူးတောင်, ဟဲဘူးတောကနေ ရရှိ
အကျိုးအမြတ်တွေကိုလည်း ရယူပါ၊ ဟဲဘူးတောင်, ဟဲဘူးတေ
ကိုလည်း စောင့်ရှောက်ပါလို့ အထပ်ထပ်မှာခဲ့တာပါပဲ ...၊

အဖေနဲ့ဦးလေးဟာ အဘိုးရဲ့ငှက်ဖျားရောဂါကို တိုင်
ရင်းဆေး, အင်္ဂလိပ်ဆေးနဲ့ အမျိုးမျိုးကုပေမယ့် ငှက်ဖျားရော
ဟာ ဦးနှောက်ထဲရောက်ပြီး ရောဂါသည်းသည်ထက် သည်းလာ
တယ်၊ ကယောင်ကတမ်းတွေ ပြောလာခဲ့တယ် ...၊

အဘိုးဟာ အဲဒီလို သတိရတစ်ချက်, မရတစ်ချက်
ကယောင်ကတမ်းတွေပြောလာရာက ကျိန်စာပါတိုက်လာတ
တယ်၊ အဲဒါဟာ ဟဲဘူးကျိန်စာတဲ့ ...၊

အမှန်တော့ အဘိုးဟာ သူဖြစ်ချင်တာကို မလုပ်ကြ
စိုးလို့ ကျိန်စာသဘောမျိုး ပြောဆိုခဲ့တာပါ၊ အဘိုးက သူ့ရဲ့
နွယ်က ဆင်းသက်လာတဲ့ ယောကျ်ားဟူသမျှဟာ ဟဲဘူးဝံပု
တွေကို စောင့်ရှောက်ရမယ်၊ ဟဲဘူးဝံပုလွေတွေ ဘေးကင်းအေ





ဘာကွယ်ပေးရမယ့် အဲဒီတာဝန်ကို ပျက်ကွက်ရင် ဘာဖြစ်ပါစေ၊
ညာဖြစ်ပါစေ စတဲ့ ကျိန်ဆိုချက်တွေ ကျိန်ဆိုသွားတာပါပဲ ပန်
ယ် ...၊

အဲဒီနောက် မကြာခင်မှာဘဲ အဘိုးဟာ ကွယ်လွန်သွား
ရှာခဲ့တယ် ...၊

အဘိုးပြောဆိုခဲ့တာတွေကို ကိုယ့်ရဲ့အဖေက သိပ်အ
လေးအနက် မထားခဲ့ဘူး။ အဖေဟာ ခေါင်းမာပြီး ဘယ်အရာကိုမှ
ယုံကြည်စွဲလမ်းမှုရှိသူမဟုတ်ဘူး။ အဘိုးမှာခဲ့တဲ့စကားကို အလေး
အနက်မထားဘူး။ အဘိုးကျိန်တဲ့ကျိန်စာဆိုတာကလည်း ငှက်ဖျား
ကြောင့် ဦးနှောက်ပျက်ပြီး ပြောချင်ရာပြောခဲ့တာကို ဂရုစိုက်
စရာမလိုဘူးလို့ ယူဆခဲ့တယ် ...၊

ဦးလေး ဦးစောဒေဝကတော့ အဘေးရဲ့ပေစာထဲက
အကြောင်းအရာတွေနဲ့ အဘိုးပြောသမျှကို ယုံကြည်လက်ခံခဲ့
တယ်၊ ပြီးတော့ အဘိုးတွေ့ခဲ့တဲ့ ရွှေကြောကိုလည်း ရှာဖွေလိုတဲ့
လောဘစိတ် ဦးလေးမှာရှိတယ် ...၊

ဒီလိုနဲ့ ဦးလေးဟာ အဘိုးမသေခင်က တဖွဖွမှာခဲ့တဲ့
အတိုင်း ဟဲဘူးတောနဲ့ ဟဲဘူးတောင်ဆီသွားပြီး ဝံပုလွေတွေကို
စောင့်ရှောက်ရမယ်လို့ အဖေ့ကိုပြောလာတယ်၊ သူနဲ့အတူလိုက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လည်း ခေါ်တယ် …။

ဒါပေမဲ့ အဖေက မလိုက်လိုဘူးလို့ ငြင်းလိုက်တယ်။ ဒါနဲ့ပဲ ဦးလေးဟာ မြစ်ကြီးနားကနေ သူ့မယားနဲ့ သူ့ရဲ့တပည့်ရင်း ဦးခမောက်တို့ကိုခေါ်လို့ မော်တော်တစ်စင်းနဲ့ စုန်ဆင်းသွားတော့တယ် …။

အဲဒီနောက်ပိုင်း မော်တော်ကြုံကတစ်ဆင့် ဟဲဘူးရွာမှာ ဦးလေး အိုးလုပ်ငန်းလုပ်နေတယ်လို့ သတင်းကြားရတယ်။ နောက် သုံးလေးလအကြာမှာတော့ ဦးလေးရဲ့ဇနီး ဒေါ်လေးကြွယ် ကွယ်လွန်သွားတယ်လို့ သတင်းရတယ် …။

နောက်ပိုင်းမှာ ဦးလေးရဲ့သတင်း မကြားရတော့ဘူး…

ဒါပေမဲ့ နောက်လေးငါးလလောက်အကြာမှာပဲ ကိုယ်ဟာ ညဘက် ထူးခြားတဲ့အိပ်မက်တွေ မက်လာခဲ့တယ် ပန်၊ အဲဒီ အိပ်မက်တွေထဲမှာ ကိုယ့်ရဲ့ဦးလေး ဦးစောဒေဝဟာ ဒုက္ခအကြီးအကျယ်ရောက်နေတယ်လို့ မြင်မက်လာတယ်၊ ဦးလေးရဲ့ တစ်ကိုယ်လုံး သွေးသံတရွှဲရွှဲနဲ့ မြင်မက်လာတယ်၊ ဦးလေးရဲ့ နာနာကျင်ကျင် အော်ဟစ်သံတွေကို အိပ်မက်ထဲမှာ ကြားလာရတယ်… ပိုပြီးထူးခြားတာက ဒေါသတကြီးဖြစ်နေတဲ့ ဝံပုလွေကြီးတွေကို မြင်မက်လာတယ် …။





အဲဒီအိပ်မက်အကြောင်း ကိုယ့်ရဲ့ဖေဖေကို ပြောပြခဲ့ပြီး ကိုယ်ဟာ ဦးလေးအတွက် စိုးရိမ်ပူပန်လာတယ် …။

ဒါနဲ့ ကမ်းနားဆိပ်ဆင်းပြီး ဟဲဘူးရွာဘက် ခရီးလမ်းကြုံတတ်တဲ့ မော်တော်သမားတွေကို ဦးလေးဦးစောဒေဝရဲ့ သတင်းစုံစမ်းခိုင်းခဲ့တယ် …။

အဲဒီမှာ လူကြုံတွေကတစ်ဆင့် သိရတာက ဦးလေးနဲ့ သူ့ရဲ့တပည့်ကြီး ဦးခမောက်တို့ဟာ ပြီးခဲ့တဲ့ခြောက်လကျော်လောက်ကပဲ အမဲလိုက်ဖို့ ဟဲဘူးရွာအနောက်မြောက်ဘက်က တောအုပ်ထဲ ဝင်သွားကြတာမှာ ဟဲဘူးရွာဆီ လုံးဝပြန်ရောက်မလာတော့ဘူးလို့ သိရတယ်၊ ဦးလေးပိုင်တဲ့ ကျောက်ဖြူတိုက်ကြီးကိုလည်း ဒီအတိုင်း သော့ခတ်ပိတ်ထားတယ်လို့ဆိုတယ် …။

ဒါနဲ့ပဲ ကိုယ်နဲ့အဖေဟာ ဦးလေးရဲ့သတင်း သေချာစုံစမ်းရလာဖို့ ဟဲဘူးရွာဆီ လိုက်သွားရအောင်လို့ တိုင်ပင်ကြပြီး ခရီးထွက်ဖို့ စီစဉ်ခဲ့ကြတယ် ပန်"

ဤနေရာအရောက်တွင် လူရဲက စကားရပ်လိုက်ပြီး မီးကျင်ကို ငေးကြည့်လိုက်သည်။

ဝန်းကျင်ဝယ် မြူတို့ဆိုင်းနေပြီး ညအမှောင်ထုက လွှမ်းမိုးရန် တာစူနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဤအခါတွင်မှ ပန်သစ္စာလည်း အနောက်ဘက်တောင် တန်း၌ နေဝင်သွားပြီကို သတိပြုမိတော့၏။

"အို ... မှောင်တောင် မှောင်တော့မှာပါလား"

"ဟုတ်တယ် ပန်၊ ပန့်ကို ပြောပြစရာတွေအများကြီး ရှိသေးပေမယ့် အခု အချိန်နှောင်းနေပြီ၊ ပန် အိမ်ပြန်ဖို့ နော သိပ်ကျနေလိမ့်မယ်၊ နောက်နေ့မှ ကိုယ်ဆက်ပြောပြပါ့မယ် ... ပန် စိတ်ဝင်စားတယ်ဆိုရင်ပေါ့"

ပြောရင်း လူရဲက သဲပြင်ပေါ်မှ ထရပ်လိုက်သည်တွ ပန်သစ္စာလည်း ထရပ်လိုက်ကာ ထဘီ၌ကပ်နေသည့် သဲမှုန် ကို လက်ဖြင့် ခပ်သွက်သွက်ခါချလိုက်သည်။

"ကိုရဲပြောတာတွေကို ပန် သိပ်ကို စိတ်ဝင်စားပါတယ် ကိုရဲ၊ ဒါပေမဲ့ ဒီနေ့တော့ အချိန်မရှိတော့လို့ ပန် ရွာထဲပြန်တော့ မယ်နော်၊ ခုတောင် အတော်နောက်ကျနေပြီ၊ အဖေတော အင်းဘက်က ပြန်ရောက်နေပြီ ထင်တယ်၊ ပန် သွားတော့မယ် နောက်နေ့နေ့လယ်ပိုင်း ကျလာခဲ့ဦးမယ် ... သိလား"

"လာပါ ပန် ... ကိုယ်စောင့်နေပါ့မယ်၊ ကိုယ်ဟာ ဒီဟဲဘူးဒေသကို အပူသောကနဲ့ လာရောက်ခဲ့ရသူပါ၊ ပန့်ကို တွေ့ရမြင်ရ၊ ပန်နဲ့စကားပြောခွင့်ရတဲ့ အချိန်တွေဟာ ကိုယ့်





တွက် အင်မတန် ရင်အေးမြရတဲ့ကာလတွေပါ၊ နောက်နေ့ နေ့ လယ်တွေမှာ ကိုယ် ဒီနေရာကပဲ စောင့်နေပါ့မယ်"

"ကောင်းပါပြီ ကိုရဲ၊ ကဲ ... ပန် သွားပြီ"

ပန်သစ္စာက လူရဲအား ကပျာကသီ နှုတ်ဆက်ပြီးနောက် သဲသောင်ပြင်မှနေ၍ စေတီဟောင်းကုန်းစောင်းလေးအပေါ် တက် ခဲ့ကာ ရိုးပြတ်လယ်ကွင်းနှင့် ဖုန်းဆိုးကွင်းပြင်လေးကိုဖြတ်လျက် ရွာလမ်းဆီ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းလာခဲ့တော့ သည်။

ပန်သစ္စာ ရွာလမ်းသို့ ပြန်ဝင်လာချိန်တွင် နေသိမ်းသွား ပြီဖြစ်ကာ ရေဝတီမြစ်ပြင်တစ်နံတစ်လျားမှာရော ရွာလမ်းအဝ နှင့် ရွာလမ်းတစ်လျှောက်မှာပါ မြူတို့လွှမ်းခြုံလျက် ရှိချေပြီ။

ညီအစ်ကိုမသိတသိအချိန်မှာပင် ရွာလမ်းအဝမှ ခပ် သုတ်သုတ် လှမ်းလျှောက်ဝင်လာနေသော ပန်သစ္စာအား ရွာ လမ်းထိပ်ရှိ မန်ကျည်းပင်ကြီး၏ပင်စည်ကို ကွယ်ကာ စောင့် ကြည့်နေသူတစ်ဦး ရှိလေ၏။

ထိုသူက ညမှောင်ရီသန်းစပြုချိန်တွင် မြစ်ကမ်းစပ် စေတီလမ်းကုန်းလေးဘက်ဆီမှ တစ်ဦးတည်းပြန်လာသည့် ပန် သစ္စာအား အံ့အားတသင့် ကြည့်နေရင်း စိတ်အလိုမကျသလို



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကြုတ်လိုက်လေသည်။

ထိုသူသည် ပန်သစ္စာတစ်ယောက် ယခုလိုအချိန်တွင် မည်သည့်အကြောင်းကြောင့် ရွာပြင်သောင်စပ်မှ တက်လာရသနည်း။ လူသူပြတ်လပ်ရာ ဘုရားကုန်းသောင်စပ်တွင် မည်သူနှင့် ချိန်းဆိုတွေ့ဆုံလေသနည်းဟု သံသယအတွေးများ ပွားနေစဉ်မှာပင် . . .

စေတီဘုရားဟောင်းကုန်းဘက်ဆီမှ ခပ်ဖြည်းဖြည်း လျှောက်လှမ်းလာနေသူကို ထပ်တွေ့လိုက်ရာ မျက်ခုံးနှစ်ဖက် ပင့်သွားမိတော့၏။

သက္ကလတ်ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီဖားဖားတို့ကို ဝတ်ဆင်ထားသူ ကိုလူချောက လက်တစ်ဖက်တွင် ပန်းခိုထောက်ခုံနှင့် ခြင်းတစ်ခုကိုလည်းကောင်း၊ အခြားလက်တစ်ဖက်တွင် ပန်းချီကားတစ်ချပ်ကိုလည်းကောင်း ဆွဲကိုင်လာသည်။

ဖုန်းဆိုးကွင်းပြင်ကို လေးဖင့်သောခြေလှမ်းများဖြင့် ဖြတ်လျှောက်လာပြီးနောက် ထိုသူ ကျောက်ဖြူစံအိမ်ဝင်းထဲဝင်ရောက်ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရသည့်အခါမှာမူ စောင့်ကြည့်နေသူသည် တောက်တစ်ချက်ခတ်လိုက်မိပါတော့သတည်း။

✳ ✳ ✳





သံသယလူသား

ရောမြစ်ကမ်းနံဘေး သဲသောင်ပြင်ဝယ် ဝံပုလွေပုံပြင်ကို အားထောင်မိခဲ့သည့် ညနေက အိမ်ပြန်နောက်ကျသဖြင့် မိဘနှစ်ပါး၏ ဆူပူကြိမ်းမောင်းမှုခံလိုက်ရသော ပန်သစ္စာမှာ ထိုနေ့ညနေမှ စ၍ ခြေချုပ်မိသွားလေတော့၏။

"သမီး . . . ညည်း နောက်ကို ဘယ်သွားသွား မသေးတို့ ခေါ်သွား၊ မသေးမပါဘဲ ဘယ်မှမသွားရဘူး"

ဟူသော မိခင်ဖြစ်သူ၏ တစ်ချက်လွှတ်အမိန့်။

"မိန်းကလေးဖြစ်ပြီး ဒီလောက်အကြာကြီး လျှောက်



www.burmeseclassic.com

www.burmeseclassic.com



သည့်သေလား၊ စည်းကမ်းမရှိလို့ကတော့ နောက်တစ်ခါဆို အတွေ့ပဲနော်''

ဟူသည့် ဖခင်ကြီး၏ ရာဇသံတို့ကြောင့် ပန်သစ္စာမှာ နောက်ရက်နေ့လယ်များတွင် ရွာပြင်သဲသောင်စပ်သို့ ထွက်ခွင့် မသာဘဲ အိမ်မှာသာ ကိုယ်ရှိန်သတ် ကုပ်နေရတော့သည်။

''အင်း ... ကိုရဲတော့ ငါ့ကို မျှော်နေရှာတော့မှာပဲ ငါ သူ့ကို သွားတွေ့ချင်လိုက်တာ၊ သူပြောပြတဲ့ စကားတွေဟာ သိပ်စိတ်ဝင်စားဖို့ကောင်းတာပဲ၊ သူ့ဦးလေး ဘာဆက်ဖြစ်သွား သလဲဆိုတာကို ငါ သိချင်လိုက်တာ ...၊

ဒါပေမဲ့ ကျောက်ဖြူတိုက်ကြီးက လူစိမ်း ကိုရဲနဲ့ ငါ သွားတွေ့တာသာ အဖေနဲ့အမေသိသွားရင် ငါ့ကျောပြင် ဗော တင်ကြမှာ ...၊

အဖေတို့ အမေတို့အပါအဝင် ငါတို့တစ်ရွာလုံးက အဲ ကျောက်ဖြူတိုက်ကြီးကြောင့် ငါတို့ရွာသူရွာသားတွေ သေကျေ ဒဏ်ရာရ ဒုက္ခရောက်ရတယ်လို့ ယူဆထားကြတာ ...၊

ဟဲဘူးဝံပုလွေတွေနဲ့ ပြဿနာဖြစ်ရတာဟာ အဲဒီ ကျောက်ဖြူတိုက်ကြီးရဲ့ စနက်ကြောင့်ပဲလို့ ထင်မြင်ထားကြတာ

ဒီလို တစ်ရွာလုံးက အမြင်မကြည်တဲ့ ကျောက်ဖြူတိုက်





ကြီးက လူစိမ်းလူရှယ်နဲ့ ငါ ပတ်သက်နေတာကိုသိရင် အဖေတို့ အမေတို့ ခွင့်လွှတ်ကြမှာမဟုတ်ဘူး ...၊

ဟူး ... ခက်ပါလား''

ပန်သစ္စာသည် အကြောင်းရင်းနှစ်ခုကြောင့် လူရဲနှင့် ထပ်မံတွေ့ဆုံလိုသောဆန္ဒ ရင်ဝယ် ပြင်းစွာဖြစ်ပေါ်နေ၏။

အကြောင်းတစ်ခုက ...

လူရဲ၏ဦးလေး ဦးစောဒေဝ ဘာဖြစ်သွားသနည်းဆို သည်ကို သိချင်နေခြင်းဖြစ်သည်။

ယင်းအပြင် ...

ကျောက်ဖြူတိုက်ကြီးဆီမှ လပြည့်ညများတွင် အဘယ် ကြောင့် ဝံပုလွေအူသံကြီးပေါ်ထွက်လာလေ့ရှိသနည်း။

ဦးစောဒေဝ မည်သို့သောဘေးဒုက္ခဆိုးများ တွေ့ကြုံခဲ့ရ သနည်း။

ဟဲဘူးတောင်မှ ဝံပုလွေတို့ များစွာနှစ်နာအောင် ဟဲဘူး ရွာသားတို့က ဒုက္ခပေးခဲ့နိုင်သည်ဟု လူရဲက ဘာကြောင့် ပြောလို သနည်း ...

စသည်တို့ကို သိချင်နေခြင်းဖြစ်၏။

နောက်အကြောင်းတစ်ခုမှာမူ အဘယ်ကြောင့်မှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် လူရဲနှင့် တွေ့ဆုံစကားပြောခွင့်ရတိုင်း ရင်ဝယ် ကြည်နူးသာယာချမ်းမြေ့သလိုလို ခံစားရ၏။

ယင်းသို့ လူရဲနှင့်တွေ့ဆုံရတိုင်း၊ လူရဲအား သတိတ(ရ)ဖြစ်မိတိုင်း သူမ၏ရင်က တသိမ့်သိမ့်ခုန်နေမိ၏။

ထိုသို့ ရင်ခုန်ကြည်နူးရခြင်းရသကို ခံမင်မိသလို(လို)ရှိသဖြင့်လည်း လူရဲအား ထပ်မံတွေ့ဆုံလိုသောဆန္ဒ ဖြစ်ပေါ်(နေ)ခြင်း ဖြစ်လေသည်။

ပန်သစ္စာသည် အိမ်ဘေးအဖီလေး၌ ရက်ကန်းခတ်ရင်း လူရဲအား သတိရလျက်ရှိစဉ် ခြံဝိုင်းထဲသို့ လူရိပ်တစ်ခု ဝင်လာသည်ကို မျက်ဝန်းထောင့်စွန်းမှ တွေ့လိုက်ရသဖြင့် ရက်ကန်းခတ်ခြင်းကိုရပ်ကာ ခြံဝဆီ လှည့်ကြည့်လိုက်၏။

ခြံဝိုင်းထဲ ခြေလှမ်းကျဲကျဲဖြင့် လှမ်းဝင်လာသူကား ဇော်မိုးပင် ဖြစ်လေသည်။

ကာလသားခေါင်းဇော်မိုးမှာ ဝံပုလွေတို့၏ ရန်ကြော(င့်)ဖွဲ့စည်းလိုက်သည့် ကျေးရွာကာကွယ်ရေးအဖွဲ့၏ ခေါင်းဆော(င်)လည်း ဖြစ်၏။

ဟဲဘူးဝံပုလွေရိုင်းတို့၏ရန်ကို စွမ်းစွမ်းတမံ ဦးဆော(င်)ကာကွယ်ပေးသူမို့ ယခုအခါ တစ်ရွာလုံးက ဇော်မိုးအား ရွာ(၏)





သူရဲကောင်းအဖြစ် ကျေးဇူးတင်လေးစားလျက် ရှိကြလေသည်။

ပန်သစ္စာကမူ သူမ၏ ငယ်သူငယ်ချင်းတစ်ဦးဖြစ်သော ဇော်မိုးကို ကြည့်မရချေ။

ဆံပင်တိုတိုနှင့် ခန္ဓာကိုယ်ကြံ့ခိုင်တောင့်တင်းသော ဇော်မိုးသည် မျက်နှာထားတည်သလောက် စကားပြောပြတ်သားသူဖြစ်၏။

သူမတို့လို ငယ်သူငယ်ချင်းတို့အား စကားပြောလျှင်ပင် ချိုချိုသာသာ မရှိ၊ ခပ်ပြတ်ပြတ်ပြောတတ်သဖြင့် သူ့အသွင်က ဘဝင်ကိုင်နေသည့်ဟန် ပေါက်နေသည်။

ပြီးတော့ တစ်ရွာလုံးရှိ ကာလသားတိုင်းလိုလိုက စိတ်ထဲတစား ပိုင်းဝန်းပိုးပန်းခြင်းခံနေရသည့် မိမိလို ရွာကွမ်းတောင်ကိုင်ကိုပင် ဇော်မိုးက ဂရုမပြုသလို ဘာသိဘာသာလုပ်နေသဖြင့် သူမ၏ရင်မှာ ခံပြင်းသလိုလို ဖြစ်နေမိ၏။

သို့ကြောင့်လည်း ဇော်မိုးတစ်ယောက် တစ်ရွာလုံးမှ မြှောက်စားထားသဖြင့် ဘဝင်မြင့်နေသည်ဟု ယူဆကာ ပန်သစ္စာက ကြည့်မရချေ။

ခုတော့ အရွယ်ရောက်စပြုကတည်းက သူမနှင့် မေးထူးခေါ်ပြောထက် မပိုသော ဇော်မိုးက သူမတို့၏ အိမ်ဝိုင်းထဲသို့

www.burmeseclassic.com



ဝင်ရောက်လာချေပြီ။

သူက ရွာ၏ကာကွယ်ရေးခေါင်းဆောင်မို့ ရွာထဲမှ မည်သူ့အိမ်သို့မဆို တံခါးမရှိ ဓားမရှိ ဝင်ခွင့်ရှိနေသလားမသိ။ လှမ်းကြည့်နေသည့် သူမကိုပင် ခွင့်မတောင်းဘဲ အိမ်ဝိုင်းထဲ ခပ်တည်တည် ဝင်ရောက်လာခဲ့ပြီ။

ဝင်လာသူက မျက်နှာထားရှုတည်တည်ဖြင့် ပိုင်စိုးပိုင်နင်း ဝင်ရောက်လာသလို အိမ်ရှင်ဖြစ်သည့် ပန်သစ္စာကလည်း အပြုံးဖြင့် မကြိုဆိုပါ။ ခပ်တည်တည်သာ လှမ်းကြည့်နေလိုက်ပါသည်။

ဇော်မိုးက အိမ်ပေါ်တက်သည့် လှေကားဆီမသွားဘဲ ရက်ကန်းစင်ရှိရာ အိမ်ဘေးအဖီထဲ လှမ်းဝင်လာလေ၏။

ပြီးတော့ သူက ရက်ကန်းစင်အနီး ရပ်လိုက်ရာ သူ့ကို စိတ်ထဲမှ ချဉ်တင်တင်ဖြစ်နေသည့် ပန်သစ္စာက သူ့ထံမှမျက်နှာလွှဲပြီး ရက်ကန်းကို ဆက်ခတ်ရန် လက်ခတ်ကိုကိုင်လိုက်လေသည်။

ယင်းအချိန်မှာပင် ဇော်မိုးမေးလိုက်သည့် စကားသံကြောင့် ပန်သစ္စာ၏ခန္ဓာကိုယ်လေး တောင့်ခနဲဖြစ်ကာ သူ့ကို ချာခနဲ လှည့်ကြည့်လိုက်မိတော့၏။





"မိသစ္စာ ... နင်နဲ့လူရဲဆိုတဲ့ကောင် ဘယ်လိုပတ်သက်နေသလဲ"

"အို ... နင် ... နင် ဘာပြောလိုက်တယ်"

ဇော်မိုးက ရက်ကန်းစင်နံဘေးမှ ခွေးခြေခုံပေါ် ထိုင်လိုက်ပြီး လက်ဖဝါးနှစ်ဖက်ကို ဒူးနှစ်လုံးအပေါ် ထောက်ရင်း ရှေ့သို့ကိုယ်ကိုကိုင်းကာ ပန်သစ္စာအား ခပ်တည်တည် စူးစိုက်ကြည့်ရင်းမှ လေသံခပ်တိုးတိုးဖြင့် ထပ်ပြောလိုက်သည်။ သူ့အသံက တိုးသော်လည်း မာကျောကာ ပြတ်သားလှ၏။

"ဗုဒ္ဓဟူးနေ့ ညနေစောင်းတုန်းက မြစ်ကမ်းစပ် သောင်ပြင်ဘက်ကနေ စေတီဟောင်းကုန်းလေးကို ဖြတ်ပြီး နင်ပြန်လာတာကို ငါတွေ့တယ် မိသစ္စာ၊ သောင်ပြင်ဘက်ကနေ နင်ထွက်လာပြီး တစ်အောင့်လောက်အကြာမှာပဲ ကျောက်ဖြူတိုက်ကြီးက လူရဲဆိုတဲ့ကောင် နင့်နောက်က လိုက်ထွက်လာတာကို ငါတွေ့တယ်၊ နင်တို့နှစ်ယောက် သောင်စပ်မှာ ချိန်းတွေ့ကြတာ မဟုတ်လား၊ တစ်ရွာသားလူစိမ်းတစ်ယောက်နဲ့ ဒီလောက်မြန်မြန်ကြီး ခင်မင်ဖြစ်သွားတာ ငါတော့ အံ့သြလို့မဆုံးဘူး"

"ဘာ ... ဘာပြောတယ်"

ဒေါသကြောင့် ပန်သစ္စာ၏ တစ်ကိုယ်လုံး ဆတ်ဆတ်

www.burmeseclassic.com

www.burmeseclassic.com



တုန်သွား၏။

"နင် ‥ နင်စော်ကားလှချေလား ဇော်မိုး၊ ငါက ဘာ
သူနဲ့ ဘာဖြစ်ရမှာမို့လဲ"

ပန်သစ္စာ၏အသံက အဖျားခတ်တုန်ခါသွားသော်လည်း
ကျယ်လောင်စူးရှခြင်းတော့ သိပ်မရှိချေ။

အိမ်ပေါ်တွင် ရှိနေသည့် မိခင်ဖြစ်သူ ကြားသွားမည်
သဖြင့် ပန်သစ္စာက ဒေါသကို တတ်နိုင်သမျှချုပ်ထိန်းကာ
အုပ်အုပ်ပြောလိုက်ခြင်းဖြစ်သည်။

ဇော်မိုးက ပန်သစ္စာအား မျက်မှောင်ကြုတ်ကြည့်
ထပ်ပြော၏။

"နင့်ကို ငါစော်ကားမော်ကား ပြောတာမဟုတ်
နင်ဟာ ပညာလည်း ရွာသူမိန်းမပျိုတွေအထဲမှာ အတတ်ဆုံး
မိဘကလည်း ရွာမှာအချမ်းသာဆုံး၊ ရုပ်ရည်ကလည်း
တောင်ကိုင် အချောဆုံး အလှဆုံး၊ ကိုယ့်ကျင့်တရားမှာလည်း
အပြစ်ဆိုစရာမရှိတဲ့ ဗိုင်းကောင်းကျောက်ဖိ ‥‥၊

ဒီလို ငါတို့ရွာရဲ့ တန်ဖိုးရှိတဲ့ ပန်းတစ်ပွင့်ကို သူ
တစ်မြို့တစ်ရွာသားက လှည့်ဖြားဖျက်ဆီးသွားမှာ ငါစိုးရိမ်
ခုလို လာပြောရတာပဲ မိသစ္စာ၊ အဲဒီလူရဲ့ဆိုတဲ့ကောင်အကြော





ယ်လောက်သိလို့ နင်က အရောတဝင် နေရတာလဲ၊ ကျောက်
ရဲ့တိုက်ကလူတွေဟာ ငါတို့ရွာရဲ့ မဟာရန်သူ၊ ဟဲဘူးဝံပုလွေ
နဲ့ ဆက်နွှယ်မှုတစ်ခုခုရှိနေတယ်လို့ ငါတို့တစ်ရွာလုံးက ယူဆ
တယ်၊ အဲဒီလို လူနဲ့မှ နင်ငြိတွယ်သွားရင် တစ်ရွာလုံးက
ကို ဒေါသဖြစ်ကြလိမ့်မယ်၊ နင် အဲဒီကောင်နဲ့ နောင်ကို
ဆက်ဆံဖို့ ငါသတိလာပေးတာပဲ"

"ဒီမှာဇော်မိုး ‥‥နင်က ရွာရဲ့ကာကွယ်ရေးခေါင်း
ဆောင်ဆိုပြီး ဒီပြင်လူကို ဩဝါဒပေးလို့ရချင်ရမယ် ‥‥ သိလား၊
ကိုတော့ ဩဝါဒပေးတာတွေ့ သတိပေးတာတွေ လာမလုပ်နဲ့၊
ကို နင် ချုပ်ချယ်ပိုင်ခွင့်၊ တားမြစ်ပိုင်ခွင့် မရှိဘူးဆိုတာ
ထားလိုက်"

"မိသစ္စာ ‥‥နင့်ကို ငါက ဩဝါဒလာပေးနေတာ
တ်ဘူး၊ တစ်ရွာတည်းသားချင်းအနေနဲ့ရော ငါ့သူငယ်ချင်း
ယောက်အနေနဲ့ပါ နင့်အတွက် စိုးရိမ်လို့ လာပြောတာပဲ၊
သိအောင် ရှင်းရှင်းပြောရရင် ငါဟာ အဲဒီကျောက်ဖြူတိုက်
ဆီ ပြန်ရောက်လာတဲ့ ဦးစောဒေဝကိုရော၊ ဦးခမောက်ကိုရော
သစ်တစ်ဦးဖြစ်တဲ့ လူရဲ့ဆိုတဲ့ကောင်ကိုရော မသင်္ကာဘူး၊
တို့ဟာ ငါတို့ရွာဆီ ကောင်းတဲ့လာခြင်းနဲ့ ပြန်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တွေ မဖြစ်နိုင်ဘူး၊ ငါ့ရဲ့စိတ်ထဲမှာ သူတို့ဟာ ငါတို့ရွာကို ဒု
အကြီးအကျယ် ပေးလိမ့်မယ်လို့ ထင်နေတယ်၊ ဒါကြောင့် နင်
သူတို့နဲ့ ကင်းကင်းရှင်းရှင်း နေစေချင်တယ်''

''ဒါကတော့ နင့်ရဲ့ တစ်ဖက်သတ်အမြင်ပဲ ဖော်
အဲဒီကျောက်ဖြူတိုက်က လူတွေဟာ ငါတို့ရွာကို ဒုက္ခပေးရအော
သူတို့နဲ့ငါတို့ရွာက လူတွေဟာ ရန်သူမှမဟုတ်တာ၊ ပြီးတော
အဲဒီကျောက်ဖြူတိုက်ကလူတွေနဲ့ ဟဲဘူးဝံပုလွေတွေ ဆက်နွယ်
ရှိနေတယ်ဆိုတာလည်း နင်တို့ရဲ့ ထင်မြင်ယူဆချက်သက်သ
ပါ၊ တကယ်လို့ ဆက်နွယ်နေတယ်ဆိုရင်တောင် သူတို့ကိ
သူတို့ ဆက်နွယ်နေတာဖြစ်မှာပါ၊ ဘာပဲဖြစ်ဖြစ် တစ်ဖက်သာ
ဘာမှ လက်ဆုပ်လက်ကိုင် သက်သေမပြနိုင်ဘဲ သံသယဝင်
မယုံသင်္ကာ ဖြစ်မနေသင့်ပါဘူးဟာ''

''အေးလေ ... ဒါကတော့ စောင့်ကြည့်သေးတာ
တစ်နေ့မှာတော့ အဲဒီကျောက်ဖြူတိုက်က လူတွေဟာ ငါတို့
ကို ဘယ်လိုဒုက္ခပေးသလဲဆိုတာ ငါလက်ဆုပ်လက်ကိုင်ပြနိုင်
လိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် နင်သာ တစ်မြို့တစ်ရွာသားလူလည်
အထင်ကြီးပြီး သဒ္ဓါမလွန်မိပါစေနဲ့၊ အယုံလွယ်ပြီး တစ်ချက်
တစ်မယ်မေ့တတ်တဲ့ ကြောင်ပါးကို ကိုးကွယ်မမှားမိပါစေနဲ့





ပန်းကောင်းအညွန့်ချိုးခံရမှာစိုးလို့ အခုလို သတိပေးရတာပဲ''

ဖော်မိုးက ခပ်ပြတ်ပြတ် ပြောပြီး ထိုင်ရာမှထကာ ခြံဝိုင်းထဲမှ ထွက်သွားရာ ပန်သစ္စာမှာ ဒေါသအမျက်ခြောင်းခြောင်း ထွက်လျက် ကျန်ရစ်ခဲ့လေတော့သတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ဝပုလွေနှလုံးသားနှင့်လူ

ဇော်မိုး၏သတိပေးစကားကို စေတနာစကားဟု ပန်
ပစ္စာ မယူဆမိ။ သက်သက်မဲ့ ဆရာကြီးလာလုပ်သည်၊ ဩဇာ
ပါပေးသည်ဟုသာ ထင်မှတ်နေမိ၏။

အထူးသဖြင့် သူမ သံယောဇဉ်ငြိတွယ်သလိုလို ဖြစ်နေမိ
ဖြစ်သော လူရဲအား မှိုချိုးမှျစ်ချိုး ပြောသွားခြင်းအတွက် ကျွဲမြီး
ဒ်လျှက်ရှိလေသည်။

"ဟွန်း . . . ငါ့ဘာသာ သဒ္ဒါလွန်လွန် သင်းနဲ့ ဘာဆိုင်
"





မည်သို့ပင်ဖြစ်စေ မိဘများ ပညတ်နေသည့်ကြားမှ၊
ယ်သူငယ်ချင်းဖြစ်သူ ဇော်မိုး သတိပေးတားမြစ်နေသည့်ကြားမှ
ပ်သစ္စာက လူရဲနှင့်ထပ်တွေ့ရန်သာ အခွင့်အခါကောင်းကို
ောင်းလျက်ရှိလေ၏။

သို့ဖြင့် တစ်နေ့မွန်းလွဲပိုင်းတွင် ဖခင်ကြီးက အင်းသို့
းနေပြီး အိမ်တွင် မိခင်ကြီးပဲရှိသည့်အခိုက် ပန်သစ္စာက
ိဝ်သို့ သွားခွင့်ပြုရန် မိခင်ကြီးထံခွင့်တောင်းလိုက်လေသည်။

"အမေ . . . ဒီနေ့ နှစ်နာရီလောက်မှာ ဗန်းမော်သင်္ဘော
ူးဆိပ်ကမ်းကို ဆိုက်မယ်တဲ့၊ သင်္ဘောကြီးနဲ့ သမီးမှာထားတဲ့
ေါ်ဒါဘူးတွေ, မျက်နှာချေဘူးတွေ သွားယူလိုက်ဦးမယ်နော်၊
းကို ခေါ်သွားမယ်"

ဟဲဘူးလို ရွာငယ်လေးတို့တွင် နေထိုင်သူတို့သည် နိုင်ငံ
ူသုံးကုန်ပစ္စည်းများကို ဗန်းမော်မှ သင်္ဘောကြီးဖြင့် မှာ
ိပြီဖြစ်သည်။ ဗန်းမော်ဈေးကြီးမှာက နိုင်ငံခြားဖြစ် အလှကုန်
ည်းများနှင့် လူသုံးကုန်ပစ္စည်းများ ပေါများလှသည် မဟုတ်ပါ

"အေး အေး . . . မသေးပါရင် သွား"

ရေမိုးချိုးပြီး အကြော့သားပြင်ဆင်ဖြီးလိမ်းထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ပန်သစ္စာသည် အိမ်အကူဖြစ်သူ မသေးအား ခေါ်ကာ ကမ်းနာ
ဘက်သို့ ထွက်ခဲ့လေသည်။

ရွာတောင်ဘက်စွန်း ရွာထိပ်လမ်းဝမှ ထွက်လိုက်သည်
နှင့် ရောဝတီမြစ်ပြင်ကြီးအား နောက်ခံပြုလျက် တည်ရှိနေသည်
ကျောက်ဖြူတိုက်ကြီးကို မြစ်ကမ်းစပ်အနီးတွင် ခံ့ညားသော
အသွင်ဖြင့် လှမ်းတွေ့ရလေ၏။

တစ်ရွာလုံးက ယင်းကျောက်ဖြူတိုက်ကြီးကို မိစ္ဆာစံအိ
ကြီးအဖြစ် သတ်မှတ်ထားကြသော်လည်း ပန်သစ္စာကမူ သူ
ခင်မင်သံယောဇဉ်ငြိတွယ်သလိုလို ဖြစ်နေမိသည့် ကိုလူချော
လူရဲရှိနေသည့် စံအိမ်ကြီးမို့ မနှစ်မြို့စရာ အခြောက်အခြ
အဖြစ် မမြင်မိဘဲ လှပခံ့ညားသော ဘုံဗိမ္မာန်ကြီးဟုသာ ထင်
ယူဆနေမိတော့သည်။

ပန်သစ္စာတို့သည် ရွာထိပ်မှထွက်လာလျက် မြေလ
ကလေးအတိုင်း လျှောက်လာကြကာ ကျောက်ဖြူတိုက်ကြီး
အရှေ့ဘက်တွင် လက်ယာဘက်သို့ ချိုးကွေ့ခဲ့သည်၌ မြစ်ဆိပ်
ရောက်ရှိသွားကြလေ၏။

ကျောက်ဖြူတိုက်ကြီးရှေ့မှ ဖြတ်သန်းခဲ့ကြစဉ်က
သားခြီတံခါးရွက်ကြီးများ ပိတ်ထားသည့် ခြံဝင်းထဲမှာရော တို





ကြီးအပေါ်ထပ်မှာပါ လူသူအရိပ်အယောင် လုံးဝမတွေ့ခဲ့ရချေ။

တိုက်ကြီး၏အပေါ်ထပ် ပြတင်းတံခါးများအားလုံးလိုလို
ကို ပိတ်ထားပြီး တံခါးတစ်ပေါက်သာ ဖွင့်ထားလေသည်။

မြစ်ဆိပ်သို့ရောက်ရှိခဲ့ကြပြီး ဗန်းမော်ဘက်မှ စုန်ဆင်း
လာမည့် မြရတနာမီးသင်္ဘောကြီးကို စောင့်စားလျက်ရှိစဉ် ပန်
သစ္စာသည် ဖွားဘီဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီးနောက်
မသေးအား မျက်လုံးလေးပြူးပြကာ ပြောလိုက်၏။

"ဟောတော့ အစ်မသေး၊ ပိုက်ဆံအိတ် အိမ်မှာကျန်ခဲ့
ပြီ"

"ဟင် ... ဟုတ်လား၊ မသေး သွားယူပေးရမလား
သစ္စာ"

"ပိုက်ဆံအိတ်က သစ္စာရဲ့အိပ်ခန်းထဲမှာ မသေးရဲ့၊
သစ္စာသွားယူမှ ဖြစ်မှာပေါ့၊ မသေး ဒီမှာစောင့်နေနော်၊ သစ္စာ
အိမ်ပြန်ယူလိုက်မယ်၊ သင်္ဘောဆိုက်လာရင် ခဏစောင့်ခိုင်းထား
ဦး၊ သင်္ဘောဆလင်ကြီးက သဘောကောင်းပါတယ်"

"အေး အေး ... သစ္စာ မြန်မြန်သာသွား"

ပန်သစ္စာက မသေးကို ဆိပ်ကမ်း၌ထားရစ်ခဲ့ပြီး ဆိပ်
ကမ်းမှ ပြန်တက်ခဲ့ရာ ကမ်းပါးပေါ်မရောက်မီ မိဝါနုနှင့်တက်ပင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့သည်။

"ဟဲ့ မိသစ္စာ . . . သုတ်သုတ်၊ သုတ်သုတ်နဲ့ ဘယ်လဲ"

"အိမ်မှာ ပိုက်ဆံအိတ်ကျန်ခဲ့လို့ဟ၊ ဗန်းမော်သဘော်နဲ့ ကုန်တွေမှာထားတာ လာဆင်းယူတာလေ၊ ဒီရောက်မှ ပိုက်ဆံအိတ်ကျန်ခဲ့မှန်း သိတယ်၊ ခု သွားပြန်ယူမလို့"

"အေး . . . ငါလည်း ဗန်းမော်သဘော် လာစောင့်တာ၊ နင့်အိမ် ငါလည်းလိုက်ခဲ့ပေးမယ်လေ"

"ဟာ . . . ရတယ် ရတယ်၊ ငါ့ဘာသာသွားမယ်၊ နင် ဆိပ်ကမ်းပဲ ဆင်းနှင့်ပါ ဟိုမှာ မမိသေးလည်းရှိတယ်"

အရေးထဲ မိဝါနုက အဖော်အဖြစ် ရွာဘက်ပြန်လိုက်ပေးခည်လုပ်နေသဖြင့် ခပ်မြန်မြန် ငြင်းပယ်ကာ ထားခဲ့ရသေးသည်။

ဆိပ်ကမ်းဘက်မှ လက်ယာဘက်သို့ ချိုးလျှက် မြေလမ်းဖြူဖြူအတိုင်း ခပ်သွက်သွက် လျှောက်လာခဲ့သည်တွင် ကျောက်ဖြူတိုက်ကြီး၏ရှေ့သို့ ရောက်ရှိလာတော့၏။

သူမ၏ရည်ရွယ်ချက်က ကျောက်ဖြူတိုက်ကြီးရှေ့မှ ဖြတ်ကာ ဖုန်းဆိုးလွင်ပြင်ကိုကျော်ပြီး ဘုရားဟောင်းကုန်းကလေး ဘက်သွားရန် ဖြစ်လေသည်။

ယင်းဘုရားဟောင်းကုန်းကလေးကိုကျော်ကာ သဲသောင်





ပြင်၌ ပန်းချီဆွဲရင်း သူမကိုမျှော်နေမည့် လူရဲထံသွားရောက်တွေ့ဆုံရန် ဖြစ်၏။

သို့သော် ကျောက်ဖြူတိုက်ကြီး၏ ဝင်းခြံတံခါးရှေ့သို့ သူမ ရောက်ရှိသွားသည့်အခါမှာမူ ခြံတံခါးရွက်သည် လူတစ်ကိုယ်ဝင်သာရုံမျှ ခပ်ဟဟလေး ပွင့်နေသည်ကို တွေ့ရသဖြင့် ပန်သစ္စာက ခေါင်းငဲ့ကြည့်လိုက်မိလေသည်။

ထိုအခါ တံခါးရွက်ဟဟအကြား၌ သူမကို ပြုံးကြည့်နေသည့် လူရဲ၏မျက်နှာချောချောလေးအား မမျှော်လင့်ဘဲ တွေ့ရလေ၏။

"ပန် . . . ကိုယ့်ကိုလာတွေ့တာလား"

"ဟုတ်တယ် ကိုရဲ . . . ကိုရဲ သောင်ပြင်ဘက် မသွားဘူးလား"

"နောက်မှသွားတာပေါ့၊ ဒီနေ့တော့ အဖေတို့ ရွှေကူဘက် သွားနေလို့ အိမ်စောင့်ဖြစ်ပြီး ခြံထဲမှာပဲ နေနေရတယ်၊ ကိုယ်နဲ့တွေ့ဖို့ဆို သဲသောင်ကမ်းစပ် သွားစရာမလိုပါဘူး၊ ဒီခြံဝင်းထဲမှာပဲ အေးအေးဆေးဆေးတွေ့ပြီး စကားပြောကြရအောင်ပါ၊ အိမ်မှာ အဖေရော ဦးခမောက်ပါ မရှိကြဘူး၊ ကိုယ်တစ်ယောက်တည်းရယ်၊ လာပါ ပန် . . . ခြံထဲဝင်လေ"



www.burmeseclassic.com

www.burmeseclassic.com



လှရဲက ခြံတံခါးကို အတန်ငယ်ထပ်ဟပေးပြီး ဖိတ်ခေါ်နေရာ ပန်သစ္စာလည်း သူမကို ရှာသူရှာသားတို့ တွေ့သွားမည်စိုးသဖြင့် ငြင်းဆန်ခြင်းမပြုတော့ဘဲ ခြံထဲလှမ်းဝင်လိုက်တော့သည်။

ကျောက်ဖြူတိုက်ကြီး၏ ခြံဝင်းထဲ တစ်ခါမျှ မရောက်ဖူးသော ပန်သစ္စာအဖို့ သန့်ပြန့်သည့်ခြံဝင်းကြီးထဲမှ ပြုပြင်မွမ်းမံထားသော ပန်းရုံတို့နှင့် ပန့်တင့်နေသည့် ကျောက်ဖြူတိုက်ကြီးကို အနီးကပ် မော့ကြည့်ရင်း သဘောကျနေမိတော့၏။

သို့သော် ခြံရှေ့ထောင့်နှစ်ဖက်မှ ပန်းရုံတို့အကြားၗ ဝံပုလွေပုံကျောက်ရုပ်တုတို့ကို တွေ့ရသည်တွင် စိတ်မသက်မသာဖြစ်သွားရလေသည်။

"အဲဒါတွေဟာ ဒီခြံကြီးကိုရောက်ပြီးတဲ့နောက် ကိုယ်ထုဆစ်ထားတဲ့ ကျောက်ရုပ်တုတွေပါပဲ ပန်"

"ဪ ... ကိုရဲက ပန်းပုလည်း ထုတတ်တယ်ပေါ့။ ဟုတ်လား"

"ဒါ ပန်းပုမဟုတ်ဘူး ပန်ရဲ့၊ ကျောက်ဆစ်ပညာနဲ့ ထုဆစ်ထားတာ၊ ကိုယ်က ပန်းပုပညာလည်း လေ့လာထားသူပါ။ အမှန်တော့ ကိုယ်ဟာ အနုပညာအလုပ်မှန်သမျှကို ဝါသနာပါ





...ပါ ပန်၊ စီးပွားရေးလုပ်ငန်းအဖြစ် မြစ်ကြီးနားမှာ မိဘတွေရဲ့ ...စ်ကက်လုပ်ငန်းကို ကူလုပ်နေပေမယ့် အားလပ်တဲ့အခါတိုင်း ...နုပညာကို သင်ကြားဆည်းပူးခဲ့တယ်လေ"

"အင်း ... အနုပညာကို လိုက်စားလို့ ပန်းချီဆွဲရင် ...ဖြစ်, ကျောက်ဆစ်ရုပ် ထုဆစ်ရင်ဖြစ်ဖြစ် အခြားအရုပ်တွေ ... ရေးဆွဲထုဆစ်တာမျိုး မလုပ်ဘဲ ဝံပုလွေပုံတွေပဲ ရေးဆွဲ ...ဆစ်ရသလား ကိုရဲ"

"ဟုတ်တယ် ပန် ... ကိုယ်ဟာ ဝံပုလွေအိပ်မက်တွေ ...ပြီးတဲ့နောက်ပိုင်းမှာ ဝံပုလွေအရုပ်တွေကိုပဲ ရေးဆွဲထုဆစ် ...တော့တယ်၊ ကိုယ့်အဘေးရဲ့ မှတ်တမ်းပေရွက်တွေကို ဖတ်ပြီး ...နောက်ပိုင်းမှာ ကိုယ်လည်း ကိုယ့်အဘေးတို့၊ အဘိုးတို့လိုပဲ ...လွေဘဝကနေ လူဝင်စား ဖြစ်လာသလားလို့ သံသယဝင်လာ ...ယ် ...၊

အဲဒီသံသယတွေဟာ ဝံပုလွေအိပ်မက်တွေ မက်လာပြီး ...နောက်မှာ ယုံကြည်မှုအဖြစ် ပြောင်းလဲလာတယ်၊ ဒီဟဲဘူးရွာ ... ရောက်လာတော့ ဝံပုလွေတောင်ကြီးနဲ့ ပိုနီးလာပြီး ကိုယ်သေ ...သည်း ဝံပုလွေဘဝရောက်မှာပဲလို့ ယုံကြည်ယူဆလာတယ်၊ ... ကဲ ... အိမ်ထဲဝင်ပြီး ကိုယ့်ရဲ့လက်ရာတွေကို ကြည့်ပါဦး



www.burmeseclassic.com

www.burmeseclassic.com



ပန်း ကိုယ် ဒီကျောက်ဖြူတိုက်ကြီးရောက်ကတည်းက အားထ
နေလို့ ပန်းချီကားတွေ အများကြီးရေးဆွဲဖြစ်ခဲ့တယ်လေ"

ပြောပြောဆိုဆိုဖြင့် ကျောက်ဖြူတိုက်ကြီးထဲ ဝင်
ဖိတ်ခေါ်လေရာ ပန်းသစ္စာမှာ စိတ်ထဲဝယ် အနည်းငယ် စိုးရွံ့
သလိုလို ခံစားရသော်လည်း သူမကို နူးညံ့သောမျက်လုံး
ဖြင့် စိုက်ငေးကြည့်နေသည့် လူရဲအား ငြင်းဆန်ရန် အားနာ
သဖြင့် ချီတုံချတုံ ဖြစ်နေရလေသည်။

"လာပါ ပန်း … ကိုယ့်ရဲ့ခံစားမှုလက်ရာတွေကို လိုက်
ကြည့်လှည့်ပါ"

ဆွံ့အသလို ဖြစ်နေသည့် ပန်းသစ္စာ၏လက်ဖျားလေး
ဖွဖွညင်သာ ဆုပ်ကိုင်ကာ လူရဲက ဆွဲခေါ်နေရာ ပန်းသစ္စာ
အိပ်မက်မက်နေသူနှယ် ခြေတစ်လှမ်းချင်း လှမ်းလျက် လိုက်
သွားမိတော့၏။

သူတို့သည် ကျောက်သားလှေကားထစ်များကို န
တက်ခဲ့ကြပြီးနောက် အိမ်ရှေ့တံခါးမကြီးမှ ကျောက်ဖြူတိုက်ကြ
အထဲသို့ ဝင်ရောက်ခဲ့ကြလေတော့သည်။

ကျယ်ဝန်းလှသည့် ကျောက်ဖြူတိုက်ကြီးထဲမှ အိမ်
ခန်းကြီးထဲတွင် ရှေးဟောင်းပရိဘောဂများသာ လွှမ်းမိုးလျ





ရှိပြီး တစ်အိမ်လုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေ၏။

မတ်တတ်ချိန်သီးလွဲနာရီကြီးမှ နာရီစက်သံ တချက်ချက်
အသာ စံအိမ်ကြီးထဲဝယ် ပျံ့လွင့်လျက်ရှိလေသည်။

"လာ ပန်း … ဒီအခန်းကြီးဟာ ကိုယ့်ရဲ့စတူဒီယိုပဲ၊
ကိုယ် ပန်းချီကားတွေဆွဲ၊ ပန်းပုတွေထုတဲ့အခန်းပေါ့"

လူရဲက ဧည့်ခန်းမကြီးနှင့် ကပ်လျက်အခန်းကျယ်ပြီး
တစ်ခုထဲသို့ ပန်းသစ္စာကို ခေါ်သွားလေ၏။

"အို"

စတူဒီယိုပြုလုပ်ထားသောအခန်းကြီးထဲဝယ် ထုလက်စ
ဝံပုလွေရုပ်တုကြီးများ၊ ထုဆစ်ပြီးသည့် ဝံပုလွေရုပ်တုကြီးများကို
များပြားစွာ တွေ့ရသလို ရေးဆွဲလက်စ ဝံပုလွေပန်းချီကားများနှင့်
ရေးဆွဲပြီးသည့် ဝံပုလွေပန်းချီကားများကိုလည်း များပြားစွာ
တွေ့ရလေသည်။

ယင်းအပြင် အခန်းနံရံများရှိ သားကောင်ဦးချိုကြီးများ
တွင် ဝံပုလွေအရေခွံ သုံးလေးခုကိုလည်း ချိတ်ဆွဲထားသေးသည်။

ခန်းမကြီးတစ်ခုလုံးမှာ ဝံပုလွေများသာ လွှမ်းမိုးလျက်ရှိ
ပြီး ပန်းချီကားကြီးတစ်ချပ်တွင်မူ လူသားတို့၏လက်ချက်ဖြင့်
ဝံပုလွေများ သွေးသံရဲရဲနှင့် အတုံးအရုံး သေဆုံးနေကြပုံကို



www.burmeseclassic.com

www.burmeseclassic.com



ရေးဆွဲထားလေ၏။

အနုပညာကို သိပ်နားမလည်သဖြင့် ယင်းပန်းချီကားများမှာ လက်ရာမြောက်မမြောက် ပန်သစ္စာ မခန့်မှန်းတတ်သော်လည်း ဒေါ်သတကြီး အစွယ်များဖြဲပြနေသည့် ဝံပုလွေပန်းချီကားကိုတွေ့ရလျှင် စိတ်ထဲ၌ ကြောက်ရွံ့သလိုခံစားရပြီး မျက်နှာညှိုးနွမ်းနေသော ဝံပုလွေပန်းချီကားကိုတွေ့ရပါက သနားကြင်နာသလို ခံစားရလေသည်။

လူရဲက ပြတင်းပေါက်တစ်ပေါက်ကို ဖွင့်လိုက်ရာ ခန်းမကြီးထဲတွင် အလင်းရောင်ပိုရလာလေ၏။ မြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေအေးအေးကလည်း ပြတင်းဝမှ ဟူးဟူးရားရား ပြေးဝင်လာလျက် ရှိလေသည်။

လူရဲက စားပွဲပုလေးတစ်လုံးအပေါ်မှ ပေရွက်ထုပ်ကို ယူလိုက်ပြီး ပန်သစ္စာအား လှမ်းပေးလိုက်လေ၏။

"အဲဒါ ကိုယ့်အဘေး ဦးစောဗလရဲ့ မှတ်တမ်းပေရွက်ထုပ်ပဲ ပန်"

ပန်သစ္စာက ပေရွက်တို့ကို ခဏမျှ ငုံ့ကြည့်လိုက်သည်ပြီးလျှင် ပေရွက်ထုပ်ကို ပြန်ပေးလိုက်ပြီး . . .

"ကိုရဲ . . . ပန် အခုလာတာ ကိုရဲ ဟိုနေ့က ပြောပြနေတဲ့ ကိုရဲ့ဦးလေးရဲ့အဖြစ်ကို သိချင်လို့ပါ။ ပန့်ကို ဆက်ပြောပြပါဦး"





ဟုပြောကာ ဝံပုလွေရုပ်တုကြီးတစ်ခုအနီးမှ ခွေးခြေခုံပြင်ပေါ်တွင် ထိုင်လိုက်လေသည်။

လူရဲက ပန်သစ္စာ၏ရှေ့မှ လက်တန်းပါသော ကုလားထိုင်တွင် ခပ်ဖြည်းဖြည်းထိုင်လိုက်ပြီးနောက် မျက်နှာက ညှိုးမှိုင်းသွားကာ တိုးလျှစွာ စကားတစ်လုံးချင်း ပြောလေသည်။

"ကိုယ်နဲ့ ကိုယ့်ရဲ့အဖေဟာ ဦးလေးဦးစောဒေဝအတွက် စိုးရိမ်စိတ်ဖြစ်ပြီး ဦးလေးရဲ့သတင်း စုံစမ်းဖို့ မြစ်ကြီးနားကနေ ထွက်လာခဲ့ကြတယ် ပန်၊ မြစ်ကြီးနားမှာတော့ ကိုယ့်ရဲ့အမေပဲ ကျန်ရစ်ခဲ့တယ် . . .၊

ပထမဦးဆုံး ဦးလေးရဲ့တပည့်ရင်းကြီးဖြစ်တဲ့ ဦးခမောက်တစ်ယောက် သူ့ရဲ့ဇာတိ ဗန်းမော်ကို ပြန်ရောက်မရောက် သွားကြည့်ကြတယ် . . .၊

ဗန်းမော်မှာ ဦးခမောက်ကို တွေ့ရတယ်၊ ဦးခမောက်ရဲ့ ပြောပြချက်အရ ဦးလေးနဲ့ ဦးခမောက်ဟာ ဝံပုလွေတောင်လို့ခေါ်တဲ့ ဟင်္သာတောင်ကြီးဆီသွားဖို့ ဟင်္သာရွာက ထွက်လာခဲ့ကြပြီးတဲ့နောက် ဟင်္သာတောကြီးကို ဖြတ်သန်းလာပြီး ဝံပုလွေတောင်



www.burmeseclassic.com

www.burmeseclassic.com



ခြေကို အရောက်မှာ ဦးလေးက ဦးခမောက်ကို ဆက်မလိုက်ေ
ဘဲ ပြန်လွှတ်ခဲ့တယ်တဲ့၊

ဦးလေးဟာ အဘိုးလိုပဲ ဝံပုလွေတွေကို မေတ္တာအမြဲပို့ေ
သူမို့ သူ့အတွက် ဝံပုလွေတွေ ရန်မူမှာကို မစိုးရိမ်ပေမယ့်
ဦးခမောက်အတွက်တော့ စိုးရိမ်တယ်၊ ဒါကြောင့် ဟဲဘူးရွာသ
ပြန်ချင်ပြန်နိုင်လို့ဆိုပြီး ပြန်လွှတ်တယ် …၊

သူကတော့ ဝံပုလွေတောင်မှာ ကြာမယ်၊ နှစ်ချီရ
လည်း ချီသွားမယ်လို့ ဆိုတယ်၊ ဒါနဲ့ ဦးခမောက်လည်း ဝံပုလွေ
တောင်ခြေကနေ လှည့်ပြန်ခဲ့ပြီး ဟဲဘူးရွာလည်း ပြန်မနေချင်တ
နဲ့ နီးရာမြစ်ကမ်းကနေ မော်တော်ကြုံစီးလို့ ဖန်းမော်ပြန်ခဲ့တယ
တဲ့ …၊

နောက်လေးငါးလလောက်ကြာတော့ ဦးခမောက်ဟ
ဟဲဘူးရွာဘက်က ပြန်လာတဲ့ အိုးအလုပ်သမားတစ်ယောက်ပြေ
တဲ့သတင်း ကြားရတာက ဦးစောဒေဝဟာ ကျောက်ဖြူတိုက်ကြီး
ဟဲဘူးရွာကို လုံးဝပြန်မလာဘူးဆိုတာပဲ၊ အဲဒါအပြင် လပြည့်ည
တွေမှာ ကျောက်ဖြူတိုက်ကြီးဘက်ဆီကနေ ဝံပုလွေအူသံကြီး
ကြားရပြီး အဲဒီလို ဝံပုလွေအူသံကြီး ထွက်ပေါ်လာတာနဲ့ တစ်ပြိုင်
နက် ဝံပုလွေတောင်ဘက်ကနေ ဝံပုလွေအူသံတွေ သံ့သံ့ကြား





တော့တာပဲတဲ့ …၊

နောက်မကြာခင်မှာပဲ ဝံပုလွေတောင်ဘက်ကနေ ဟဲဘူး
ဝံပုလွေတွေဟာ အုပ်လိုက်ချီပြီး ဟဲဘူးရွာထဲ ပြေးဝင်လာတော့
တယ်၊ ပြီးတော့ ရွာကိုဖြတ်သန်းပြီး ကျောက်ဖြူတိုက်ကြီးရဲ့
ခြံဝိုင်းရောက်ရင် ဝိုင်းအူကြတော့တာပဲတဲ့၊ အဲဒီလို ညတွေမှာဆို
ဟဲဘူးရွာတစ်ရွာလုံး ဝံပုလွေအူသံတွေနဲ့ ဆူညံနေတော့တာပဲလို့
အိုးအလုပ်သမားက ပြောပြခဲ့တယ် …၊

အဲဒီမှာတင် အုတ်တံတိုင်းအမြင့်ကြီးနဲ့ ခြံကာထားပြီး
ခြံဝင်းပေါက်အခန့် အမြင့်ကြီးကို သော့ပိတ်ထားတဲ့ ကျောက်ဖြူ
တိုက်ကြီးနဲ့ ခြံထဲ ဘယ်ကဝံပုလွေက ဝင်ပြီးအူနိုင်မလဲလို့ ဦး
ခမောက်က စဉ်းစားမိတယ်တဲ့

အဲဒီတော့မှ ထူးခြားချက်တစ်ခုကို ဦးခမောက်က သွား
သတိရတယ်''

ဤနေရာတွင် လူရဲကစကားကိုရပ်ပြီး စီးကရက်ထုတ်
ကာ မီးညှိဖွာရှိုက်နေရာ အချိန်မရလှသည့် ပန်သစ္စာက လောရ
တော့၏။

''ကဲပါ ကိုရဲရယ် … ဆက်ပြောပါဦး၊ ပန့်မှာ အချိန်
သိပ်မရှိဘူး''



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဒီလိုပန်ရဲ့ ဒီကျောက်ဖြူတိုက်ကြီးကို ဝယ် ပြီးတဲ့နောက် ဦးလေးဟာ မီးဖိုဆောင်ကြမ်းခင်းက လျှာထိုးပျဉ် တွေကို အသစ်ခင်းမယ်လို့ လှေလာကြည့်ရှုရာက ဆန့်ထည့်တဲ့ သံစည်ပိုင်းပြတ်ကြီးတစ်ခုကို မီးဖိုဆောင်ရဲ့ထောင့်ကနေ ဖယ်ရှား ဖို့ ကြိုးစားလိုက်တဲ့အခါ သံစည်ပိုင်းရဲ့ဖင်ကို အင်္ဂတေကိုင်ထား တာမို့ သံစည်ပိုင်းက အတော်လေးနေတာနဲ့ ဦးခမောက်နဲ့ နှ ယောက် ဝိုင်းမ,ရွှေ့ရတယ်တဲ့ . . .၊

အဲဒီသံစည်ပိုင်းပြတ်ကြီးကိုလည်း ဖယ်လိုက်ရော လင် ကိုင်သံကွင်းပါတဲ့ သံပြားပိုင်းတစ်ချပ်ကို သံစည်ပိုင်းရှိခဲ့ရာ နေ မှာ တွေ့ရတော့တာကိုး။ ဦးလေးတို့လည်း ကြမ်းပြင်နဲ့ တစ်သာ တည်းဖြစ်နေတဲ့ အဲဒီသံပြားပိုင်းကြီးကို ဆွဲမလိုက်တယ်ဆိုရင် မြေအောက်ကိုဆင်းတဲ့ လှေကားထစ်တွေ သွားတွေ့တော့တယ် တဲ့ . . .၊

မူလတိုက်ပိုင်ရှင် ပေါမိုင်းကြီးက မိသားစုလုံခြုံရေး တွက် အရေးပေါ်ပုန်းအောင်းဖို့ မြေတိုက်ခန်းပြုလုပ်ထားတာ ဖြစ်မယ်လို့ယူဆပြီး မီးအိမ်တွေယူလို့ ဦးလေးတို့ဟာ လှေကား ထစ်တွေအတိုင်း ဆင်းခဲ့ကြတယ်တဲ့၊ တကယ်တမ်းဆင်းကြည့် မြေအောက်ခန်းမဟုတ်ဘဲ လှိုဏ်ဂူလှိုဏ်လမ်းတစ်ခုဖြစ်နေတာ





တွေ့ကြရတယ် . . .၊

ဦးလေးတို့ဟာ လှိုဏ်လမ်းအတိုင်း ဆင်းကြည့်ကြတဲ့ အခါ လှိုဏ်လမ်းရဲ့ထွက်ပေါက်နေရာဟာ ဒီကျောက်ဖြူတိုက်ကြီး ရှိရာ ကမ်းပါးစောက်ကြီးရဲ့ အောက်ခြေရေစပ်ဖြစ်နေတာကို တွေ့ရတော့တယ်တဲ့ ပန် . . .၊

အဲဒီလှိုဏ်အဝမှာ ကျောက်ဆောင်တွေရှိနေတယ်၊ ကျောက်ဆောင်တွေကြားမှာ ရှိနေတဲ့ လှိုဏ်အဝကျဉ်းကျဉ်းလေး ကို မြစ်ဘက်ကကြည့်ရင် ကလိုင်အဖြစ်ပဲ တွေ့ရပြီး တောင်ကျ ရေတွေကြောင့် မြစ်ရေမြင့်တဲ့အခါ အဲဒီလှိုဏ်အဝဟာ ရေမျက်နှာ ပြင်အောက်ကို ရောက်သွားတယ်တဲ့ . . .၊

ခုလို ဆောင်းတွင်းကာလ နွေကာလလို မြစ်ရေပါး ပါးတဲ့ အခါမျိုးမှာ မြစ်ကမ်းပါးစောက်အောက်ခြေဆီ သဲသောင် ထက်ကနေ လာလို့ရတယ်တဲ့၊ မြစ်ကွေ့နေရာ မြစ်ရေဦးတိုက် ရွယ်ထိုးတဲ့နေရာမို့ သဲသောင်က ကမ်းပါးစောက်အောက်ခြေ အထိ မရောက်ပေမယ့် အဲဒီသဲသောင်စပ်ကနေ ကျောက်တုံး ကျောက်ဆောင်တွေကိုနင်းပြီး လှိုဏ်အဝဆီလာလို့ရတယ်တဲ့၊

အဲဒီလို မြေအောက်လှိုဏ်လမ်းကို တွေ့ထားတဲ့ ဦး ခမောက်ဟာ ဝံပုလွေတစ်ကောင်ကောင်များ ဟဲဘူးတောင်ဟဲ



www.burmeseclassic.com

www.burmeseclassic.com



ဘူးတောရဲ့ မြောက်ဘက်ကနေ ထွက်လာပြီး ရောဝတီမြစ် ကမ်းခြေ သဲသောင်စပ်အတိုင်း လာပြီးတော့ ကမ်းပါးစောက် အောက်အရောက်မှာ လျှို့ဝှက်လိုဏ်လမ်းကနေ တက်ခဲ့ရင် ကျောက်ဖြူတိုက်ကြီးအပေါ်ကို ရောက်နိုင်တာ တွေးမိတယ်တဲ့ ဘာဖြစ်လို့လဲဆိုတော့ မြေအောက်လိုဏ်လမ်းဝင်တဲ့ အိမ်ပေါက် လှေကားအပေါက်ကို စတွေ့ကတည်းက သံပြားဝိုင်းနဲ့ ပြန်မပိတ် ထားခဲ့ကြဘူးလေ ...။

ဦးခမောက်က သူ အဲဒီလိုတွေးမိတာတွေ ကိုယ်တို့ သားအဖကို ပြောပြခဲ့တယ် ပန်း၊ ကိုယ်တို့လည်း ဦးခမောက် တွေးတာ ဖြစ်နိုင်တယ်လို့ ယူဆကြတယ် ...။

နောက်ဆုံးမှာတော့ ဦးလေးဦးစောဒေဝရဲ့သတင်းကို စုံစမ်းဖို့ ကိုယ်တို့ ဟဲဘူးရွာဆီသွားရာမှာ ဦးခမောက်ကိုပါ လိုက် ခဲ့ဖို့ ဖေဖေက ခေါ်တယ်၊ ဦးခမောက်ကလည်း လိုလိုချင်ချင် လိုက်မယ်ဆိုပြီး လိုက်ပါခဲ့တယ် ...။

အဲ ... ဇန်းမော်ကနေ မန္တလေးဆင်းတဲ့ မီးသင်္ဘော လိုက်လာကြရာမှာ ဦးလေးစောဒေဝကို ကောင်းကောင်းသိတဲ့ သင်္ဘောသားတစ်ဦးက ဖေဖေ့ကို ဦးလေးစောဒေဝမှတ်ပြီး နှုတ် ဆက်စကားဆိုလာတာကို ကြုံရတော့တယ်၊ အဲဒီလို ဘာကြောင့်





ဖြစ်ရသလဲဆိုတော့ ဦးလေးစောဒေဝနဲ့ ဖေဖေဦးစောစိတ္တတို့ဟာ အမန်ညီအစ်ကိုဆိုပေမယ့် အမြွှာညီအစ်ကိုလို ရုပ်ချင်း အတော် တူနေလို့ပဲ ပန်း၊ ဆံပင်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေ သိပ် မတူတာနဲ့ ဆွတ်ဆွတ်ဖြူတာချင်းပဲ ကွာတယ်''

ဤနေရာအရောက်တွင် ပန်းသစ္စာက အံ့အားတသင့် ဖြင့် ဖြတ်မေးလိုက်သည်။

''ဟင်! ... ဒါ ဒါဆို ပန်းတို့ ဟဲဘူးရွာဆီ ပြန်ရောက် လာတာ ဦးစောဒေဝ မဟုတ်ဘူးပေါ့ ... ဟုတ်လား''

''ဟုတ်ပါတယ် ပန်း၊ ဦးလေးဦးစောဒေဝ မဟုတ်ပါဘူး၊ အဲဒါကိုယ့်ရဲ့ဖေဖေ ဦးစောစိတ္တပါ၊ ဒီလိုဖြစ်ရတာလည်း သင်္ဘော သားက လူမှားနှုတ်ဆက်မှ ဦးခမောက်က အကြံရသွားတယ်၊ သူ့ရဲ့အကြံကတော့ ကိုယ့်ရဲ့ဖေဖေဟာ ဟဲဘူးရွာက ကျောက်ဖြူ တိုက်ကြီးဆီ ဦးစောစိတ္တအဖြစ် ရောက်ရှိသွားတာထက် ဦးစော ဒေဝအဖြစ် ရောက်ရှိသွားတာက ပိုကောင်းမယ်ဆိုတဲ့ အကြံပါပဲ၊

ဦးစောစိတ္တအဖြစ် ရောက်ရှိသွားရင် ဟဲဘူးရွာသူရွာ သားတွေက စောစိတ္တဆိုတဲ့လူကြီး ရွာဆီရောက်လာပြီး စော ဒေဝဆိုတဲ့လူကြီးကရော ဘယ်ရောက်သွားသလဲလို့ သံသယ ဝင်မယ်၊ ပြီးတော့ စောဒေဝရဲ့အစ်ကို စောစိတ္တဆိုတာကရော



www.burmeseclassic.com

www.burmeseclassic.com



အသည်လိုလူကြီးလဲ၊ ဘာသဘော ဘာရည်ရွယ်ချက်နဲ့ ရွာ(သို့) ရောက်လာရတာလဲလို့ စသဖြင့် သံသယတွေပွားကြ၊ မယုံသင်္ကာ ဖြစ်ကြနဲ့ ဖြစ်ကုန်ကြမယ်၊ ဦးစောဒေဝအဖြစ် ပြန်ရောက်သွားရင် တော့ ကျောက်ဖြူတိုက်ကြီးရဲ့ပိုင်ရှင် သူ့တိုက်သူ ပြန်လာတာ သံသယဖြစ်စရာ မေးခွန်းထုတ်စရာ သိပ်မရှိတော့ဘူးပေါ့၊ ဒါကြောင့် ကိုယ့်ရဲ့ဖေဖေဟာ ဦးစောစိတ္တအဖြစ်နဲ့ မဟုတ်ဘဲ ဦးစောဒေဝအဖြစ်နဲ့ ဟဲဘူးရွာဆီ ဝင်ရင်ကောင်းမယ်လို့ အကြံပေး တာပါပဲ ပန် ...။

ဦးခမောက်က သူ့ရဲ့အကြံကိုပြောပြတော့ ကိုယ်(တို့) သားအဖက သူ့အကြံကို လက်ခံလိုက်ကြတယ်၊ ဒီလိုနဲ့ ကိုယ်(တို့) သုံးယောက်ဟာ ဟဲဘူးရွာဆီ ရောက်ရှိလာကြတာပါပဲ ပန်"

ထိုအခါ ပန်သစ္စာက အသိလိုဆုံးမေးခွန်းကိုမေးလိုက် တော့၏။

"ဒါဆို ကိုရဲရဲ့ဦးလေး ဦးစောဒေဝရဲ့သတင်းကိုရော ရပြီလားဟင်"

"ဘာသတင်းအစအနမှ မရသေးပါဘူး ပန်ရယ် ... အဲ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ ကိုရဲ"





"ဒီကျောက်ဖြူတိုက်ကြီးကိုရောက်မှ ကိုယ်ဟာ လေးငါး ခါရှိပြီ အိပ်မက်မက်တယ်၊ အဲဒီအိပ်မက်ထဲမှာ ဦးလေး ဦးစော ဒေဝကို သွေးသံရဲရဲနဲ့ တွေ့ရပြန်တယ်၊ ဦးလေးအတွက် ပူပန်စိုးရိမ်တဲ့သောကစိတ်ကြောင့် စိတ်စွဲပြီး မက်တာဖြစ်မှာပေါ့ ပန်၊ ဒါပေမဲ့ အဲဒီလိုအိပ်မက်တွေမက်တာ ညစဉ်လိုလိုဖြစ်လာပြီး အိပ်ရာကလန့်နိုးသွားရင်လည်း ကိုယ်ဟာ တော်ရုံနဲ့ ပြန်အိပ်လို့ မရတော့ဘူး ...။

ကိုယ်တို့ရဲ့ဘဝဟာ ဟဲဘူးဝံပုလွေတွေနဲ့ ဘာဖြစ်လို့ ဒီလောက်ဆက်စပ်ပတ်သက်နေရတာလဲလို့ တွေးမိပေမယ့် ထူး ဆန်းတာက ကိုယ်ဟာ ဟဲဘူးဝံပုလွေတွေရဲ့အပေါ်မှာ ရန်လိုစိတ် မရှိဘူး ပန်၊ အဘိုးရဲ့မှတ်တမ်းစာကို ဖတ်ရပြီးကတည်းက ဟဲဘူး ဝံပုလွေတွေရဲ့အပေါ်မှာ သံယောဇဉ်ဖြစ်သလိုလို ခင်တွယ် သလိုလို ခံစားရတယ် ပန် ...။

နောက်ပိုင်းညတွေမှာ ကိုယ်ကိုယ်တိုင် ဟဲဘူးဝံပုလွေ တွေရှိရာဆီ ရောက်သွားပြီး အဘိုးလိုပဲ ဟဲဘူးဝံပုလွေတွေနဲ့ ဆော့နေတယ်လို့ မက်လာခဲ့တယ်၊

အဲဒီလို တကယ်ဖြစ်လာမှာလို့ ကိုယ်ထင်လာတယ် ပန်"

"အို ... မဟုတ်နိုင်တာ၊ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေပါဦးမယ် ကိုရဲရယ်''

ပန်သစ္စာက လူရဲ၏မျက်နှာကို စိုးရိမ်စွာကြည့်ပြီး ပြော လိုက်ရာ လူရဲက သူမအား ရီဝေစွာ ပြန်လည်ငေးစိုက်ကြည့်ရင်း ဦးခေါင်းကို ဖြည်းညှင်းစွာယမ်းလျက် ခပ်တိုးတိုးပြောသည်။

''မဟုတ်ဘူး ပန်၊ ဦးလေးဟာ ဟဲဘူးတောင်မှာ ရှိနေပြီး ဟဲဘူးဝံပုလွေတွေနဲ့ အတူရှိနေတယ်လို့ ကိုယ်ယူဆမိတယ်၊ ဒါပေ မဲ့ ဦးလေးဟာ ဒုက္ခတစ်ခုခုတွေ့နေပုံပဲ၊ ကိုယ်လိုက်သွားပြီး ဝံပုလွေတွေရဲ့အကူအညီနဲ့ ဦးလေးကို ကယ်တင်နိုင်မယ်လို့ ယုံ ကြည်နေမိပြီ ပန်''

''အို ... ခက်ပါလား''

ပန်သစ္စာက စိတ်ပျက်စွာဖြင့် လူရဲ၏မျက်နှာကို သေချာ စွာ စိုက်ကြည့်လိုက်သည်။

လူရဲ၏ မျက်စိသူငယ်အိမ်က ပုံမှန်မဟုတ်သလို ကြော တောင်တောင် ကြောင်စီစီဖြစ်နေသည်ဟု သူမ ထင်မြင်လိုက် မိသည့်အခါမှာမူ ရင်ထဲဝယ် ထိတ်ခနဲ လန့်သွားမိတော့၏။

''ဦးခမောက်နဲ့ ဖေဖေကတော့ စိတ်စွဲလမ်းပြီး ဝံပုလွေ အိပ်မက်တွေမက်ရာက အဲဒီအိပ်မက်တွေကိုပါ စွဲလမ်းပြီး ထင် မြင်ချင်ရာ ထင်မြင်နေတာလို့ ဝေဖန်ကြတယ် ပန်''





''ဦးခမောက်နဲ့ ကိုရဲဖေဖေတို့ပြောတာ မှန်နေတာပဲ ကိုရဲရဲ့''

''မဟုတ်ဘူး ပန် ... ပန်တို့၊ ဦးခမောက်တို့က ကိုယ့် အိပ်နဲ့ မတူဘူးလေ၊ ကိုယ်ဟာ ဟဲဘူးဝံပုလွေတွေနဲ့ ပေါင်းစည်း နိုင်မှာ သေချာတယ်''

''ဟူး ... ခက်ပါလား ကိုရဲရယ်''

ပန်သစ္စာက လွန်စွာစိတ်ပျက်သွားပြီး သက်ပြင်းမှုတ် ထုတ်လိုက်မိသည်။

လူရဲက လွန်စွာအရေးကြီးဟန်ဖြင့် ပန်သစ္စာ၏ လက် ကောင်းရင်းနှစ်ဖက်ကို ရုတ်တရက် ဆုပ်ကိုင်လိုက်ပြီး ...

''ဟဲဘူးဝံပုလွေတွေနဲ့သာ ကိုယ်ပေါင်းစည်းမိသွားရင် ဒါက ပန်တို့ရဲ့ရန်သူတွေဘက် ပါသွားပြီဆိုပြီး ကိုယ့်ကို မုန်း သွားမှာလားဟင်''

ဟု မေးလိုက်ရာ သူ၏စကားသံက အဖျားခတ် တုန်ခါ နေတော့်ရှိလေသည်။ ပန်သစ္စာက သူ့လက်တို့ကို မသိမသာ ဖယ် ထုတ်လိုက်ရင်း ...

''ကိုရဲရယ် ပန်က ကိုရဲကို ဘယ်တော့မှ မမုန်းပါဘူး၊ ကိုရဲထင်သလိုလည်း ဖြစ်လာမှာ မဟုတ်ပါဘူး၊ ဦးခမောက်ပြော



www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ အိပ်မက်တွေကို ဖွဲ့လမ်းပြီး ကိုရဲထင်ချင်ရာ ထင်နေတာ
ပါ''

ဟုပြောလိုက်သည့်တိုင် လူရဲက ခေါင်းကိုသာ တွင်တွင်
ခါယမ်းလျက် ရှိလေသည်။ ထို့နောက် ပန်သစ္စာကို ရီဝေ
စိုက်ကြည့်ရင်း တိုးတိုးဖွဖွပြောသည်။

''မဟုတ်ဘူး ပန် ... ကိုယ့်အကြောင်းကို ကိုယ်သ
အသိဆုံးပါ၊ ကိုယ်ပူပန်တာ တစ်ခုပဲရှိတယ် ... အဲဒါဟာ ကို
ကို ပန် မုန်းသွားမှာကိုပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က ပန်
သိပ်ချစ်နေမိပြီဖြစ်လို့ပဲ ပန်''

''အို''

''ဒါကြောင့် ဝံပုလွေအရုပ်ကလေးပေးကတည်းက
ကို ကိုယ်ပြောခဲ့တယ်နော်၊ ပန် ကိုယ့်ကို မုန်းသွားရင်တော
အဲ့ဒီဝံပုလွေအရုပ်ကလေးကို ဖျက်ဆီးမပစ်ပါနဲ့၊ လွှင့်မပစ်ပါ
သူတစ်ပါးကို ပေးမပစ်ပါနဲ့လို့''

''အင်းပါ ကိုရဲရယ်၊ ပန် ကိုရဲကို ဘယ်တော့မှ မု
မသွားပါဘူး။ ဝံပုလွေအရုပ်ကလေးကိုလည်း ထာဝရ သိမ်းထာ
မှာပါ၊ ကဲ ... ပန်ပြန်တော့မယ် ကိုရဲ ... နော်''

ပန်သစ္စာက နှုတ်ဆက်စကားပြောရင်း ထိုင်ရာမှထ





လိုက်သည်။

''ပန် ... ကိုယ်ပြောတာ မမေ့ပါနဲ့နော်၊ ကိုယ့်ကို ဘယ်
တော့မှ မမုန်းပါနဲ့နော်''

စိုးရိမ်သောကမျက်ဝန်းများဖြင့် သူမကို ကြည့်ရင်းက
ပြောလျက် လူရဲက ကုလားထိုင်မှ ခပ်ဖြည်းဖြည်းထသည်။

သည့်အခါမှ လူရဲ၏မျက်ဝန်းများ ကြောင်စီစီဖြစ်နေရုံ
မျက်တွင်းများ၊ ပါးစောင်များ၊ နားထင်များပါ ချောင်ကျ
သည်ကို ပန်သစ္စာ သတိထားမိသည်။

ပန်သစ္စာမှာ လူရဲ၏ရှေ့တွင် ဆက်လက်ရပ်နေရန်ပင်
သောက်အောင် စိုးရွံ့လာမိတော့သည်။ ကျောက်ဖြူတိုက်ကြီး
အမြန်ဆုံး ပြန်ထွက်သွားလိုစိတ်က ရင်မှာ တုန်လှုပ်စွာ
ပေါ်လာတော့၏။

''ပန် ပန် ပြန်တော့မယ်နော် ကိုရဲ''

ပန်သစ္စာက နှုတ်ဆက်စကားထပ်ပြောပြီးနောက် သူ့
ချာခနဲလှည့်ထွက်ကာ စတူဒီယိုအခန်းကြီးထဲမှ ခပ်သွက်
လှမ်းထွက်လာခဲ့တော့သည်။

လူရဲကမူ ငူတူတူကြီး ရပ်ကျန်ရစ်ခဲ့ပါတော့သတည်း။

✳ ✳ ✳



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အဖြေမဲ့ပုစ္ဆာ

ဝံပုလွေစည်း - လူ့စည်း

သတ်ကွင်းဗျူဟာ

အသည်းကွဲတိုက်ပွဲ



### အဖြေမဲ့ပုစ္ဆာ

ပန်သစ္စာသည် လူရဲနှင့် ထပ်မံမတွေ့ဝံ့သလိုလို စိတ်ထဲ ခံစားစိုးရွံ့နေမိတော့သည်။

လူရဲနှင့် နောက်ဆုံးတွေ့ဆုံခဲ့သည့်ညက သူမ တော်ရုံ ကြင့် အိပ်မပျော်ခဲ့ချေ။

သူမ၏မျက်ဝန်းထဲဝယ် သူမကိုယ်တိုင် ထိုညက ဝံပုလွေ အိပ်မက်မြင်မက်ခြင်း ဖြစ်၏။

ထိုအိပ်မက်ထဲတွင် ...

သူမသည် ကျောက်ဖြူတိုက်ကြီးထဲမှ စတူဒီယိုအခန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲသို့ ရောက်ရှိလျက်ရှိလေသည်။

လူရဲက ညှိုးငယ်သောမျက်နှာလေးဖြင့် သူမကို စိုက်
ကြည့်နေရင်းမှ ပန်းချီကားကြီးတစ်ချပ်ကို လက်ညှိုးထိုးပြလိုက်
၏။

ယင်းပန်းချီကားကို ပန်သစ္စာ ကြည့်လိုက်သည်တွင်
ပန်းချီကားပေါ်၌ မည်သည့်ပုံမှရေးဆွဲထားခြင်းမရှိချေ။

ကင်းဘတ်စ အဖြူထည်သက်သက်ကိုသာ တွေ့ရလေ
သည်။

ထိုအခိုက်မှာပင် စတူဒီယိုအခန်းထဲ၌ မီးခိုးဖြူဖြူ
ငွေထောင်းထောင်းထဖြစ်ပေါ်လာ၏။

လူရဲက မီးခိုးငွေ့တို့အကြားမှ ခပ်ဖြည်းဖြည်း ဖြ
လျှောက်သွားကာ ပန်းချီကားထဲသို့ ဝင်သွားတော့သည်။ သူ
သွားပုံက ဝိညာဉ်တစ်ခုဝင်သွားပုံမျိုးဖြစ်ပြီး သူ့ပုံရိပ်ပျောက်သွ
တော့၏။

ပန်သစ္စာက အံ့အားတသင့် ငေးကြောင်ကြည့်နေစဉ်
ပင် စတူဒီယိုအခန်း၏ မည်သည့်နေရာမှ ထွက်ပေါ်လာ
မသိသော ဝံပုလွေအူသံရှည်ကို ကြားလာရတော့သည်။

'ဝူး အူ အူ အူ'





ဝံပုလွေအူသံရပ်သွားသည့်အခိုက်မှာပင် ပန်းချီကားထဲ၌
ဝံပုလွေကြီးတစ်ကောင်၏ပုံပေါ်လာပြီး ယင်းဝံပုလွေကြီးက သူမ
အား စိုက်ကြည့်ရင်း ပန်းချီကားထဲမှ လှမ်းထွက်လာရာ ပန်သစ္စာ
မှာ ငယ်သံပါအောင် အော်ဟစ်လိုက်မိပါတော့၏။

"အောင်မယ်လေး ... အား ဝံ ဝံပုလွေကြီး"

✳

အိပ်မက်မှလန့်နိုးတော့ ပန်သစ္စာ၏ နားသယ်စတွင်
ချွေးပွင့်လေးများ စို့ပျံလျက်ရှိသည်။

"သမီး သမီး ... ဘာဖြစ်တာလဲ"

မိခင်ကြီးက သူမ၏အိပ်ခန်းထဲသို့ စိုးရိမ်တကြီး ပြေးဝင်
လာ၏။ ဖခင်ကြီးကလည်း အိပ်မှုန်စုံမွှားမျက်နှာဖြင့် နောက်မှ
လိုက်ပါလာသည်။

"သမီး သမီး အိပ်မက်ဆိုးတွေ မက်လို့ပါ မေမေ"

"ဩော် ... တော်ပါသေးရဲ့၊ သမီးရဲ့ အောင်မယ်လေး
ဆို အော်သံကြားလိုက်တော့ မေမေဖြင့် လန့်သွားတာပဲ၊ ရှေ



www.burmeseclassic.com

www.burmeseclassic.com



ရော့ . . . ရေသောက်လိုက်''

အိပ်ရာခုတင်နံဘေးရှိ စားပွဲပုလေးအပေါ်မှ ဖန်ခွေ တကောင်းကို ငွဲ့ကာ မိခင်ဖြစ်သူက ရေတိုက်သည်။

ဖခင်ကြီးက ပန်သစ္စာအား မျက်မှောင်ကြုတ်ကြည့်ကာ မေး၏။

''သမီးရဲ့အော်သံကို ဖေဖေလည်းကြားလိုက်တယ် ဝံပုလွေကြီး ဝံပုလွေကြီးဆိုပြီး အော်လိုက်တယ် မဟုတ်လား''

''ဟုတ် . . . ဟုတ်ပါလိမ့်မယ် ဖေဖေ၊ အိပ်မက်ထဲမှာ ဝံပုလွေကြီးကို တွေ့ရလို့ပါ''

''အင်း . . . ဖေဖေတို့ ဟဲဘူးရွာသူရွာသားတွေလည်း ဝံပုလွေမိစ္ဆာကောင်တွေရဲ့ရန်ကို နေ့နေ့ညည စိုးရိမ်နေရလို့ ကြာ တိုင်းလိုလို စိတ်ချောက်ချားနေကြရတယ်၊ သမီးလည်း အဲဒီ စိတ်ချောက်ချားပြီး အိပ်မက်ဆိုးမက်တာဖြစ်မယ်၊ ဒါပေမဲ့ အဲ ဝံပုလွေကောင်တွေရဲ့ရန် မကြာခင် ရှင်းသွားတော့မှာပါ''

''ရှင် . . . ဘယ်လို ဖေဖေ၊ ဝံပုလွေတွေရဲ့ရန် မကြာခင် ရှင်းသွားတော့မယ် . . . ဟုတ်လား''

''ဟုတ်တယ်သမီး၊ ဖေဖေတို့ရွာလူကြီးတွေနဲ့ မော ဇော်မိုးတို့ ကျေးရွာကာကွယ်ရေးအဖွဲ့ဝင်တွေ ဒီညဦးကပဲ သူကြီး





ကိုမြဆောင်ရဲ့အိမ်မှာ အစည်းအဝေးလုပ် ဆုံးဖြတ်ကြပြီ''

''ဘယ် ဘယ်လို ဆုံးဖြတ်တာလဲ ဖေဖေ''

''ဖေဖေတို့ ရွာလူကြီးတွေ ဇန်းမော်ဂတ်ကိုသွားပြီး ဂတ် ပိုင်ကြီးကိုရော မြို့ပိုင်မင်းကိုပါ ဟဲဘူးဝံပုလွေတွေရဲ့ရန်ကို အပြီး အပိုင် နှိမ်နင်းပေးဖို့ အကူအညီသွားတောင်းကြမယ်လို့ ဆုံးဖြတ်ခဲ့ ကြတာပဲ သမီး၊ ဖြစ်နိုင်ရင် ဖေဖေတို့ဟာ ဝံပုလွေတောင်ဆီ အင်အားအလုံးအရင်းနဲ့သွားပြီး အဲဒီက ရှိရှိသမျှ ဝံပုလွေတွေကို အပြတ်ရှင်းပစ်နိုင်အောင် ကြိုးစားကြမယ်၊ ဒါဆို ဝံပုလွေမိစ္ဆာ ကောင်တွေရဲ့ရန်က ရှင်းပြီပေါ့သမီးရဲ့''

ဖခင်ကြီး၏စကားကို မိခင်ကြီးကပါ လိုက်လှိုက်လှဲလှဲ ထောက်ခံလေသည်။

''ကောင်းတယ် . . . ဒါမှ အဲဒီဝံပုလွေရဲကောင်တွေရဲ့ မျိုးပြုတ်သွားမှာ''

မိခင်ဖခင်တို့၏စကားကြောင့် ပန်သစ္စာ အသက်ရှူကျပ် သလိုလို ဖြစ်သွားရသည်။

''ကဲ ကဲ . . . သမီးပြန်အိပ်တော့၊ နောက်ဆို ဖေဖေတို့ အစ်ရွာလုံး ဝံပုလွေတွေရဲ့ရန်ကင်းပြီး စိတ်အေးချမ်းသာ ဖြစ်သွား တော့မှာပါကွယ်၊ ခုလည်း ဖေဖေတို့ရဲ့အိမ်က အင်မတန် လုံခြုံ



www.burmeseclassic.com

www.burmeseclassic.com



တာသ ဝံပုလွေမကလို့ ကျားရဲလိုတောကောင်ပဲလာလာ … ငိုးခိုင်စရာမရှိဘူး၊ စိတ်ချလက်ချပြန်အိပ်တော့ သမီး''

''ဟုတ် ‥ ဟုတ်ကဲ့ပါ ဖေဖေ''

ဖခင်ကြီးနှင့်မိခင်ကြီးတို့ အိပ်ခန်းထဲမှ ပြန်ထွက်သွားပြီး မိနစ်အတော်ကြာသည်အထိ အိပ်မက်ထဲတွင် ဝံပုလွေဘ ပြောင်းသွားသည့် လူရဲ၏ရုပ်သွင်ကို ပြန်လည်မြင်ယောင်ရင်း ပန်သစ္စာ ငေးငိုင်ငိုင်ဖြစ်လျက် ရှိပါတော့၏။

✳

နောက် သုံးလေးရက်အကြာ ဆွမ်းခံပြန်ချိန်ခန့်တွင် ပန်သစ္စာသည် ရွာလယ်ရှိ ဒေါ်ညို၏ကုန်စုံဆိုင်၌ မသေးနှင့်အတူ အိမ်အတွက် လိုအပ်သောကုန်ခြောက်များကို ဝယ်ယူလျက် ရှိစဉ် ပန်သစ္စာ၏အနီးသို့ လူရိပ်တစ်ခု မသိမသာ ကပ်လာ လေ၏။

''ဒီမှာ''

ထိုသူက အသံသြသြကြီးဖြင့် ခပ်တိုးတိုးခေါ်လိုက်ရာ





သူချင်းနီးကပ်လှသဖြင့် ပန်သစ္စာက လန့်ဖျပ်ပြီး ခေါင်းငဲ့ကြည့် လိုက်သည်တွင် ဈေးခြင်းတောင်းကြီးတစ်လုံး လက်ဝယ်ကိုင်ဆွဲ ထားသည့် ဦးခမောက်ကို တွေ့ရလေသည်။

ဦးခမောက်က ဈေးဆိုင်ဝန်းကျင်ကို မျက်လုံးပြူးပြူး ကြီးများဖြင့် ဝေ့ကြည့်အကဲခတ်လိုက်ပြီးနောက် လက်ထဲမှ စာ အိတ်အညိုတစ်လုံးကို ပန်သစ္စာအား ကမ်းပေးလေ၏။

''လူရဲ ပေးခိုင်းလိုက်တာ''

ဦးခမောက်၏ အသံသြသြကြီးကို တိုးလျှစွာကြားလိုက် ရသည်နှင့် ပန်သစ္စာက အံ့အားသင့်သွားသလို သဘောလည်း ကျေချင်းပေါက်သွားသဖြင့် အညိုရောင်စာအိတ်ရှည်ကို ဖျတ်ခနဲ ယူလိုက်ကာ လက်ထဲမှ ဈေးခြင်းတောင်းထဲ ထည့်လိုက်တော့ သည်။

ဆိုင်ထဲတွင် အခြားဈေးဝယ်သူ နှစ်ဦးသုံးဦးလည်း ရှိနေ ကြသလို မသေးသည်လည်း သကြားထုပ်ကို ဆိုင်ရှင်ဒေါ်ညိုနှင့် အတူ ချိန်တွယ်နေသဖြင့် ဦးခမောက်နှင့်ပန်သစ္စာတို့ စာပေး စာယူ လုပ်နေကြသည်ကို မည်သူမျှမတွေ့ကြချေ။

ဦးခမောက်က ကြက်ဥများဝယ်ပြီး ဆိုင်ထဲမှ ထွက်သွား သလို ပန်သစ္စာသည်လည်း စာအိတ်အညိုကို တော်ရုံဖြင့် သူ



www.burmeseclassic.com

www.burmeseclassic.com



ဘင်ပါးမမြင်နိုင်စေရန် ကုန်ခြောက်အထုပ်များကြားတွင် သေချာ ထိုးညှပ်လိုက်လေ၏။

ဈေးဝယ်ပြီး အိမ်ဘက်သို့ပြန်လာသည့်ခရီးတစ်လျှောက် တွင်မူ မည်သို့သောအရေးကိစ္စကြောင့် လူရဲက စာတစ်တန်ေ တစ်တန်ဖြင့် စာသဝဏ်လွှာပါးရပါလိမ့်မှ တွေးလာမိလေသည်။

✳

နေအိမ်သို့ ပြန်ရောက်သည်နှင့် မိခင်ကြီးအား ဝယ်လာ သမျှကို စာရင်းနှင့်တကွ အပ်လိုက်လေသည်။

ထို့နောက် မီးဖိုဆောင်မှထွက်ခဲ့ပြီး အိမ်အပေါ်ထပ်သို့ မိမိ၏အိပ်ခန်းသို့တက်ခဲ့ကာ အိပ်ခန်းထဲရောက်သည်နှင့် တံခါး ရွက်ကို ချက်ထိုးပိတ်လိုက်လေ၏။

ပြီးလျှင် ပြတင်းတံခါးပေါက်ကို ဖွင့်လိုက်ကာ ခုတင် ထက်၌ ထိုင်လိုက်ပြီးနောက် ရင်ဘတ်ကြားထဲ ထည့်ထားသည့် စာအိတ်ညိုကြီးကို ထုတ်ယူလိုက်လေသည်။

ပန်သစ္စာက အသေအချာ ကော်ကပ်ပိတ်ထားသော





စာအိတ်၏ အနားသားတစ်ဖက်ကို ဆုတ်လိုက်ပြီး အတွင်းမှ စာရွက်ခေါက်အထပ်အား ဆွဲထုတ်လိုက်လေ၏။

ထို့နောက် သူသည် အိပ်ရာပေါ်တွင် ပက်လက်အိပ်လိုက် ပြီး လူရဲ၏စာကို စတင်ဖတ်လိုက်ရာ ဖတ်ရင်း ဖတ်ရင်းဖြင့် မျက်လုံးလေးများ ပြူးကာ ရင်ခုန်သံမြန်လာပါတော့သည်။

ယင်းစာမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါ၏။

✳

ပန် ...

ပန်နဲ့ကိုယ် တွေ့ဆုံစကားပြောဖြစ်ဖို့ ခက်ခဲလှသမို့ ကိုယ် ဒီစာကိုရေးပြီး ဦးခမောက်နဲ့ ပို့ခိုင်းလိုက်ရတာပါ။

ခုလို စာရေးပို့လိုက်ရတာမှာ ရည်ရွယ်ချက်နှစ်ချက် ရှိပါတယ် ပန်၊ ပထမရည်ရွယ်ချက်ကတော့ ကိုယ့်ရင်ထဲက ပန်နဲ့ပတ်သက်ပြီး ဖြစ်ပေါ်နေတဲ့ခံစားချက်ကို ဖွင့်ပြောပြချင်လို့ ပါ။ နောက်ရည်ရွယ်ချက်ကတော့ ပန့်ကို နှုတ်ဆက်သွားချင်လို့ ပါ ပန်။



www.burmeseclassic.com

www.burmeseclassic.com



ပထမရည်ရွယ်ချက်ဖြစ်တဲ့ ပန်နဲ့ပတ်သက်ပြီး ဖြစ်ပေါ် သမျှခံစားမှုကို ပွင့်ပွင့်လင်းလင်း တင်ပြခွင့်ပြုပါ ပန်။

ပန်နဲ့ပတ်သက်ပြီး ကိုယ် ဟန်မဆောင်ချင်ဘူး။

ပန့်အပေါ်မှာ ပွင့်လင်းရိုးဖြောင့်ချင်တယ်။

ဒါကြောင့် ကွယ်ဝှက်ထိန်းချုပ်ခြင်းမပြုဘဲ ရိုးဖြောင့်စွာ ရှင်းရှင်းပဲ ပြောပါရစေ ပန်။

ကိုယ် ပန့်ကိုချစ်တယ်။

ချစ်တာမှ စွဲစွဲလမ်းလမ်းကို ချစ်တာပါ ပန်။

ကိုယ်ဟာ မိန်းကလေးအချို့နဲ့ ရင်းနှီးခင်မင်မှုရှိခဲ့ဖူးပေ မယ့် ဘယ်မိန်းကလေးကိုမှ ချစ်တယ်လို့မပြောခဲ့ဘူးပါဘူး ပန်။

အဲဒါ ဘာကြောင့်လဲဆိုတာ ကိုယ်ဟာ အချစ်ကို သိမ် တန်ဖိုးထားသူမို့ပဲ ပန်။ ကိုယ့်ရဲ့ဘဝမှာ ကိုယ် တကယ်မချစ်တဲ့ မိန်းကလေးကို ချစ်တယ်လို့ မပြောနိုင်ဘူးလေ။

အဲဒါဟာ ကိုယ့်ရဲ့ သံမဏိစောင့်စည်းမှုတစ်ခုပါပဲ။

ကိုယ်တကယ်ချစ်တဲ့ မိန်းကလေးကို တွေ့တဲ့အခါမှာ တော့ အဲဒီစောင့်စည်းမှု သံမဏိတံခါးရွက်ဟာ ကျိုးပျက်ခဲ့ရတယ် ပန်။

ပန့်ကို ကိုယ့်မျက်ဝန်းထဲမှာ အမြဲမြင်နေရတယ်။





ပန့်ရဲ့စကားသံလေးတွေကို ကြားနေရတယ်။

ပန်နဲ့ဆုံတိုင်း ရင်ခုန်လှုပ်ရှားရတယ်။

ပန်နဲ့ဆုံခွင့်မရတဲ့ နေ့ရက်တွေဟာ ကိုယ့်အတွက်တော့ အသင်္ချေအနန္တရှည်လျားပြီး ရင်ထဲမှာ လွမ်းတေးတွေသာ သီဆိုနေတော့တယ် ပန်။

အဲဒါတွေဟာ ပန့်ကို ချစ်လို့ပေါ့နော်။

အဲဒီချစ်ခြင်းတွေကို ဒီစာလွှာလေးက ပန့်ဆီ သယ်ဆောင်လာခဲ့ပါပြီကွယ်။

ဒီစာလွှာကိုဖတ်ပြီး ကိုယ့်ရင်ထဲက ခံစားမှုတွေကို ပန် သိနားလည်ပါစေ။

ပြီးတော့ ကိုယ့်ကိုပြန်ချစ်နိုင်ပါစေလို့ ကိုယ်ဆုတောင်း နေမှာနော်။

ဒါပေမဲ့ ပန်ရယ် ...

ပန့်ရဲ့အချစ်ကို ဒီဘဝမှာဖြင့် ကိုယ် ရယူပိုင်ခွင့်ရှိမှာ မဟုတ်တော့ပါဘူးလေ။

ကိုယ့်ဘဝရဲ့ ဝဋ်ကြွေးတွေဟာ ကိုယ့်နှလုံးသားရဲ့ခံစား မှုတွေကို တိုက်စားသွားတော့မယ် ပန်။

ဒါကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယရည်ရွယ်ချက်အဖြစ် ပန့်ကို ကိုယ်နှုတ်ဆက်ပါရစေ။ ကိုယ် ဟဲဘူးတောင်ကြီးဆီ မကြာခင် သွားရတော့မယ် ပန့်။

ဘာဖြစ်လို့လဲဆိုတော့ ဟဲဘူးတောင်က ဟဲဘူးဝံပုလွေတွေကို စောင့်ရှောက်ကာကွယ်အုပ်ချုပ်ဖို့ ဦးလေးက တာဝန်ပေးခဲ့လို့ပဲ ပန့်။

ဦးလေးဦးစောဒေဝဟာ တကယ်တော့ မသေခဲ့ပါဘူး ပန့်။ ဦးလေးနဲ့ကိုယ် ကြေကွဲဖွယ် ဘယ်လိုတွေ့ဆုံဖြစ်သလဲဆိုတာ ပန့်ကို ပြောပြမယ်။

ဒီလိုပန့် ရေ ...

လပြည့်ညတွေမှာ ကိုယ်တို့ရဲ့ကျောက်ဖြူတိုက်ကြီးဆီက ဝံပုလွေအူသံရှည်ကြီး ထွက်ပေါ်တတ်တယ်လို့ ပန့်ပြောခဲ့ဖူးတယ်နော်။

ကိုယ်ကလည်း ဝံပုလွေတစ်ကောင်ကောင်ဟာ ကိုယ်တို့ရဲ့ ကျောက်ဖြူတိုက်ကြီးအထဲကို ချောက်ကမ်းပါးအောက်ခြေ လျှို့ဝှက်လိုဏ်အဝကနေ ဝင်လာပြီး အဲဒီလိုအူတာဖြစ်နိုင်တယ်လို့ ယူဆခဲ့တယ်။

ဒါနဲ့ပဲ မနေ့က လဆန်း ၁၃ ရက်ညမှာ ကိုယ်ဟာ





အိပ်မပျော်နိုင်တာနဲ့ ကိုယ့်အခန်းရဲ့ ပြတင်းပေါက်ကိုဖွင့်လို့ လရောင်ဆမ်းထားတဲ့ ဧရာဝတီမြစ်ပြင်ဆီ ငေးနေမိခဲ့တယ် ပန့်။

သန်းခေါင်ယံလုလုအချိန်မှာတော့ ကိုယ့်တို့တိုက်ကြီးရဲ့ နောက်ကျောဘက် ချောက်ကမ်းပါးအောက်ခြေဆီ သဲသောင်စပ်အတိုင်း တစ်စုံတစ်ဦးဟာ ကုန်းကုန်းကွကွနဲ့ လာခဲ့တာကို အမှတ်မထင် လှမ်းတွေ့လိုက်ရတော့တယ် ပန့်။

လရောင်နဲ့ သေချာကြည့်လိုက်တော့ ဝံပုလွေတစ်ကောင်လို့ ထင်လိုက်ရတယ်။

ဒါပေမဲ့ သဲသောင်ပြင်ပေါ်မှာ သူလျှောက်လှမ်းလာတဲ့ဟန်က ဝံပုလွေတစ်ကောင် လာနေပုံနဲ့မတူဘဲ ကုန်းကွကွ ဖြစ်နေတယ်။

သူ့ရဲ့အရောင် ခပ်မွဲမွဲနဲ့ သဲပြင်ရဲ့အရောင်ကလည်း ဆာနေပြီး အတော်လည်းလှမ်းတာနဲ့ ကိုယ်ဟာ အဲဒါ ဝံပုလွေလား၊ လူလားလို့ ဝေခွဲမရခဲ့ဘူး ပန့်။

နောက်တော့ သူဟာ ချောက်အောက်ခြေထဲ ဝင်ရောက်သွားပြီး မြင်ကွင်းကနေ ပျောက်သွားတော့တယ်။

ဒါနဲ့ကိုယ်လည်း မသင်္ကာတာနဲ့ အမဲလိုက်ဓားမြှောင်နဲ့ လက်နှိပ်မီးယူလို့ တိုက်အောက်ထပ်ဆီ ဆင်းလာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ချောက်အောက်ခြေကို သွားရောက်စစ်ဆေး ကြည့်ရှုဖို့ နောက်ဖေးမီးဖိုဆောင်ထဲ ဝင်ခဲ့ပြီး လျှို့ဝှက်လှိုဏ်လမ်း ဆီ ဆင်းတဲ့အပေါက်ရှိရာ သံပြားပိုင်းတံခါးအနီး ချဉ်းကပ်ခဲ့ တယ်။

အဲဒီသံပြားပိုင်းတံခါးကို ကိုယ်တို့ကျောက်ဖြူတိုက်ကြီးသို့ ရောက်တဲ့နေ့ကပဲ ပိတ်ပြီး အပေါ်ကနေ ဆန်အပြည့်ထည့်ထား တဲ့ သံစည်ပိုင်းပြတ်ကြီး တင်ထားခဲ့တယ်လေ။

အခု အဲဒီသံစည်ပိုင်းပြတ်ကြီးကို တွန်းရွှေ့မယ်လို့ ဟန် ပြင်နေတုန်းမှာပဲ သံပြားပိုင်းတံခါးကို အောက်ဘက်ကနေ တစ်စုံ တစ်ဦးက တွန်းမနေတာ သတိပြုမိလိုက်တယ်။

သံပြားပိုင်းတံခါးရွက်ဟာ အပေါ်ကို နည်းနည်းကြွတက် လာပေမယ့် တံခါးရွက်ကို သံစည်ပိုင်းပြတ်ကြီးနဲ့ ဖိထားတဲ့ အတွက် တံခါးရွက်ဟာ ပွင့်မလာခဲ့ဘူး။

ကိုယ်လည်း အံ့အားတသင့်နဲ့ စောင့်ကြည့်နေတုန်း သံ ပြားပိုင်းတံခါးရဲ့အောက်ဘက်ကနေ ဝံပုလွေတစ်ကောင်ရဲ့ မာန်ဖီ သံမျိုး မသဲမကွဲ ကြားလိုက်ရတော့ ဒါဟာ ဝံပုလွေတစ်ကောင် က လျှို့ဝှက်လှိုဏ်လမ်းထဲဝင်လာပြီး သံပြားပိုင်းတံခါးရွက်ကို ဖွင့်ဖို့ ကြိုးစားနေတာပဲလို့ ယူဆလိုက်မိတယ်။





အဲဒီဝံပုလွေကောင်ဟာ အဲဒီလျှို့ဝှက်လှိုဏ်လမ်းကနေ ကျောက်ဖြူတိုက်ကြီးရဲ့အပေါ် တက်လာနိုင်ခဲ့ရင် ဘာလုပ်မှာလဲ ကိုယ်တို့ကို ရန်မူမှာလားလို့ တွေးရင်း ဝံပုလွေကောင်ကို ရင်ဆိုင် ဖို့ ဆုံးဖြတ်လိုက်တယ်။

ဒါနဲ့ပဲ ကိုယ်ဟာ သံစည်ပိုင်းပြတ်ကြီးကို အားစိုက်ပြီး တွန်းရွှေ့လိုက်တယ်။ သံစည်ပိုင်းပြတ်ပြီး ရွှေ့သွားပြီးချိန်မှာ သံပြားပိုင်းတံခါးရွက်ဟာ ဝုန်းခနဲပွင့်သွားပြီး တစ်စုံတစ်ဦးဟာ အောက်ဘက်ကနေ ရုတ်ခနဲ ထွက်လာတယ်။

သူ့ဆီက ဝံပုလွေတစ်ကောင်ရဲ့ မာန်ဖီသံမျိုး ကြားလိုက် ရပြီး ကိုယ့်ကို သူက ရုတ်တရက်ခုန်အုပ်လိုက်တယ်။ ကိုယ်လည်း ရုတ်တရက်မို့ လန့်ပြီး လက်ထဲက အမဲလိုက်ဓားမြှောင်နဲ့ ပင့်ထိုး ထည့်လိုက်တယ်။

အဲဒီအခါ သူ့ဆီက အားခနဲ စူးစူးဝါးဝါး အော်သံကြီး ကြားရတော့ ဟ .. လူပါလားဆိုပြီး ကိုယ်ဟာ အံ့ဩထိတ်လန့် သွားရတယ်။

အဲဒီအချိန်မှာပဲ ဆူဆူညံညံအသံတွေကြောင့် အိပ်ရာက လန့်နိုးလာကြတဲ့ ဖေဖေနဲ့ဦးခမောက်တို့ဟာ မီးအိမ်ကိုယ်စီ ကိုင် ပြီး မီးဖိုဆောင်ထဲ ပြေးဝင်လာကြတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခေါးချက်မိသွားသူက သွေးသံရဲရဲနဲ့ ပက်လက်ကြီးဖြစ်ပြီး ကြမ်းပြင်ပေါ်မှာ လူးလိမ့်နေတယ်။

ဖန်မီးအိမ်ရဲ့အလင်းရောင်တွေနဲ့ သူ့ကိုသေချာကြည့်လိုက်မှ သူဟာ ဝံပုလွေအရေကြီးခြုံထားတဲ့ လူတစ်ယောက်ဆိုတာ တွေ့ရတယ်။ သူ့ရဲ့မျက်နှာကတော့ ကန့်လန့်ဖြတ် ခေါးခုတ်ဒဏ်ရာတွေနဲ့ ရုပ်ဆင်းပျက်ပြီး ကြောက်စရာကြီး ဖြစ်နေတယ်။ သေချာထပ်ကြည့်မှ သူဟာ ကိုယ့်ရဲ့ဦးလေးဖြစ်နေတယ် ပ...

ဦးလေး ဦးစောဒဝေဟာ ဆီးစပ်ခုံအထက်မှာ ထိုးသွင်းဒဏ်ရာရရှိပြီး လူးလိမ့်ညည်းတွားနေရာက သတိလစ်သွားခဲ့တယ်။

ကိုယ်တို့လည်း စိတ်မကောင်းသိပ်ဖြစ်ပြီး ဦးလေးကို မွေ့မလို့ အိပ်ခန်းတစ်ခုထဲ ရွှေ့လိုက်တယ်။ သူ့ရဲ့ဒဏ်ရာကို ဆေးကြောပြီး အိမ်မှာရှိတဲ့ ဆေးဝါးတွေနဲ့ပဲ ဒဏ်ရာကို ဆေးထည့် ပတ်တီးစည်းပေးလိုက်တယ်။ သူရုံလာတဲ့ ဝံပုလွေဝတ်ရုံကြီးကိုလည်း ချွတ်ပစ်လိုက်ရတယ်။

ကိုယ်တို့လည်း ဒီထက်ပိုပြီး သူ့ကို ဘာမှ လုပ်မပေးနိုင်ဘူးလေ။ မနက်မိုးလင်းမှ မော်တော်စင်းလုံးငှားပြီး ဗန်းမော် ဆေးရုံပို့ရမှာပဲ။





နောက်တစ်နာရီလောက်ကြာတော့ ဦးလေးဟာ သတိရလာတယ်။ သူက ကိုယ်တို့ကိုကြည့်ပြီး အံ့သြဝမ်းသာနေရှာတယ်။

သူ့ဒဏ်ရာက သွေးတိတ်ပြီး စိမ့်မထွက်တော့ဘူး။ စကားကို ကောင်းကောင်းပြောနိုင်တယ်။

အဲဒီမှာ သူက သူ့အဖြစ်အပျက်တွေကို ပြောပြတယ်။

သူဟာ ဦးခမောက်နဲ့အတူ ဝံပုလွေတောင်ကြီးဘက် သွားတုန်းက ဟဲဘူးတောကို ကျော်ဖြတ်ပြီး ဝံပုလွေတောင်ရဲ့ ခြေရင်းနားအရောက်မှာပဲ ဦးခမောက်ကို ပြန်လွှတ်ခဲ့တယ်။ သူကတော့ ဝံပုလွေတောင်ဆီ ဆက်သွားခဲ့တယ်။

သူက သူ့ကိုယ်သူ ဝံပုလွေတွေနဲ့ ရှေးဘဝရေစက်ရှိသူလို့ယူတယ်။ ဒါကြောင့် ရှေးဘဝက သွေးသားတော်ခဲ့တဲ့ ဟဲဘူးဝံပုလွေတွေဟာ သူ့ကို ရန်မူမှာမဟုတ်ဘူးလို့ လုံးဝယုံကြည်နေတယ်။ ဟဲဘူးဝံပုလွေတွေကိုလည်း အဆက်မပြတ် မေတ္တာပို့သွားတယ်တဲ့။

သူ့ရဲ့ မေတ္တာစိတ်စွမ်းအင်ကြောင့်လားတော့ မသိဘူး။ ဟဲဘူးဝံပုလွေတွေဟာ သူ့ကိုမြင်တာနဲ့ တစ်ဟုန်ထိုး ပြေးလာကြတယ့် လုံးဝ ရန်မပြုဘူးတဲ့။ အဲဒီမှာ သူဟာ သူ့ရဲ့ယုံကြည်ချက် မှန်ပြီဆိုပြီး ကိုယ့်ကိုယ်ကိုယ် ပိုယုံကြည်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဝံပုလွေတောင်ကြီးက ဂူတွေအနှံ့ လျှောက်ကြည့် တော့ ဝံပုလွေတွေဟာ သူ့ကိုခြံရံပြီး လိုက်ခဲ့ကြတယ်။

ဦးလေးဟာ သူ့အဘိုးရဲ့အရိုးစုအလောင်းကို အကြီးဆုံး ကျောက်ဂူကြီးထဲမှာ တွေ့ခဲ့ရတယ်။ ဝံပုလွေအရိုးစုတစ်ခုကိုလည်း တွေ့ခဲ့ရတယ်။

ဟဲဘူးတောင်ဆီ ဦးလေးလာခဲ့တဲ့ ရည်ရွယ်ချက်က သုံး ချက်ရှိတယ်။ အဲဒီရည်ရွယ်ချက်တွေကတော့ သူ့အဘိုးဖြစ်သူ အရိုးစုရုပ်အလောင်းကို တွေ့ချင်တာရယ်၊ သူ့အဖေတွေ့ခဲ့ ရွှေကြောကို ရှာဖွေချင်တာရယ်၊ သူနဲ့ရေစက်ရှိတယ်လို့ ယူ ယုံကြည်နေတဲ့ ဟဲဘူးဝံပုလွေတွေနဲ့ တွေ့ဆုံချင်တာရယ်တို့ ဖြစ်တယ်။

ဦးလေးဟာ ဟဲဘူးတောင်ဆီရောက်ပြီး ဆယ့်လေး ရက်အကြာမှာပဲ ရွှေကြောကိုတွေ့ခဲ့တယ်။ အဲဒီရွှေကြော စမ်းချောင်းတစ်ခုရဲ့ ရေထွက်ပေါက်ထဲမှာ ကျောက်တုံးကျော လေးတွေနဲ့ ရောနေတယ်တဲ့။

ဦးလေးဟာ ဟဲဘူးဝံပုလွေတွေနဲ့ ပျော်ရွှင်စွာ အတူ ရင်း ရွှေတုံးရွှေခဲလေးတွေကို ရသမျှ ရှာဖွေစုဆောင်းခဲ့တ

ဝံပုလွေတွေဟာ သူ့ကို အခင်တွယ်ကြီးခင်တွယ်





လို့ သူကလည်း ဝံပုလွေတွေအပေါ် သံယောဇဉ်ဖြစ်သထက် ဖြစ်လာတယ်တဲ့။ ရက်ကြာလာတာနဲ့အမျှ သူနဲ့ဟဲဘူးဝံပုလွေတွေ ဟာ တစ်သားတည်းဖြစ်သွားပြီး သူ့ကိုယ်သူ ဝံပုလွေတွေရဲ့ အကြီးအကဲလို့ ယူဆလာခဲ့တယ်။

သူဟာ ဝံပုလွေတွေနဲ့အတူ အမဲလိုက်တယ်။ ဝံပုလွေ တွေနဲ့ အတူအိပ်၊ အတူစားတယ်။ ဝံပုလွေအရေကိုခြုံပြီး လှုပ်ရှား သွားလာနေရတာကို အရမ်းနှစ်ခြိုက်လာတယ်တဲ့။

အဲဒီလို နှစ်လသုံးလလောက် နေထိုင်ကျက်စားနေတုန်း မှာပဲ တစ်နေ့မနက်စောစောမှာ ဦးလေးဟာ ဝံပုလွေနဲ့အတူ အဝမှာ နေပူဆာလှုံနေတုန်း လျှိုဘက်ကနေ လူတစ်ယောက်ရဲ့ သိတ်လန့်တကြား အော်ဟစ်သံကို ကြားလိုက်ရတယ်။

ဒါနဲ့ ဦးလေးဟာ သူ့နံဘေးက ဝံပုလွေတွေနဲ့အတူ အော်သံကြားရာ လျှိုကြီးထဲ ပြေးဆင်းသွားကြည့်တော့ လျှိုထဲက ချောင်းလေးနံဘေးမှာ လူတစ်ယောက်နဲ့ ဝံပုလွေသုံးကောင် လုံးထွေးနေတာကို တွေ့ရတော့တယ်။

ဝံပုလွေသုံးကောင်ဟာ အဲဒီလူရဲ့ကိုယ်အနှံ့ကို ဒေါသ ကြီး ဝိုင်းကိုက်ခဲနေကြပြီး အဲဒီလူကတော့ ငယ်သံပါအောင် အော်ဟစ်ရုန်းကန်နေရှာတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ သူ့ကိုယ်သူ ဝံပုလွေလိုလို လူလိုလိုထင်နေတဲ့ ဦးလေးဟာ လူသားချင်းစာနာစိတ်ဝင်သွားပြီး သူ့ဝံပုလွေ သုံး ကောင်ကို အော်ဟစ်ဟန့်တားလိုက်တယ်တဲ့။

ဟဲဘူး ဝံပုလွေတွေဟာ သူ့စကားကို တစ်သဝေမတိမ်း နားထောင်လိုက်နာလေ့ရှိတာမို့ သူအော်ဟစ်ဟန့်တားလိုက်တာနဲ့ လှုပ်ရှားမှုကို ချက်ချင်းရပ်တန့်လိုက်တယ်။ တစ်ကောင်ဆိုရင် ဟိုလူရဲ့ကုပ်ကို ခဲထားရာက လွှတ်ပေးလိုက်တယ်။

ဒီမှာတင် ဦးလေးဟာ သွေးအလိမ်းလိမ်းဖြစ်နေရှာတဲ့ အဲဒီလူကို ဖေးမလို့ သူ့ရဲ့ဂူကြီးထဲ ခေါ်လာခဲ့တယ်။

တောတွင်းဆေးဝါးတွေနဲ့ သူ့ရဲ့ဒဏ်ရာတွေကို ကုသ ပေးခဲ့တယ်။

အဲဒီလူဟာ ဟဲဘူးရွာသားတစ်ဦးဖြစ်ပြီး အသက် ၄၅ နှစ်လောက်ရှိတယ်။ သူ့ကို ဦးလေးက မြင်ဖူးသလို သူ လည်း ဦးလေးကို ကောင်းကောင်းသိတယ်။ သူ့ရဲ့နာမည် ဦးဇော်ဋ္ဌေးတဲ့။ ဦးဇော်ဋ္ဌေးဟာ မုဆိုးတစ်ဦးဖြစ်သလို တောတော ထဲမှာ သစ်မွှေးရှာဖွေပြီး အသက်မွေးရသူတဲ့။ ဟဲဘူးရွာ သူ့ရဲ့မိန်းမ မမင်းမြနဲ့ သားဖြစ်သူ ဇော်မိုးတို့ ကျန်ခဲ့တယ် ပြောတယ်။





ဦးဇော်ဋ္ဌေးရဲ့သား ဇော်မိုးကိုတော့ ဦးလေးဟာ ကောင်း ကောင်းသိတယ်။ ဇော်မိုးဟာ ဟဲဘူးရွာ ကာလသားအုပ်စုရဲ့ ခေါင်းဆောင်ဖြစ်ပြီး ဦးလေးရဲ့လုပ်ငန်းမှာလည်း လေးငါးလ လောက် အလုပ်လာလုပ်ဖူးလို့ ဦးလေးက သိနေတာပဲ။

ဘာပဲဖြစ်ဖြစ် ဦးလေးဟာ ဟဲဘူးရွာသားကြီး ဦးဇော်ဋ္ဌေး ကို လူသားချင်းစာနာစိတ်နဲ့ ဖေးမကူညီမှုပြုခဲ့တယ်။ ဝံပုလွေ ကိုက်ဒဏ်ရာတွေကို စိတ်ရှည်လက်ရှည် ကုသပေးခဲ့တယ်။ ဦးဇော်ဋ္ဌေးကလည်း သူ မျက်စိလည်ပြီး ဟဲဘူးတောင်ခြေဆီ ရောက်လာရာက ဟဲဘူးဝံပုလွေတွေနဲ့ ပတ်သက်ဆုံခဲ့ရတာ ဖြစ် တယ်။ သူ့အသက်ကိုကယ်ခဲ့လို့ ဦးလေးကို ကျေးဇူးသိပ်တင် ကြောင်း ပြောခဲ့တယ်။

ဒါပေမဲ့ အဲဒီဦးဇော်ဋ္ဌေးဟာ အံ့သြလောက်အောင် ကျေး ဇူးကန်းခဲ့သူဖြစ်တယ် ပန်။ သူဟာ ဦးလေးဆီမှာ ရွှေတုံးရွှေခဲလေး တွေ ရှိနေတာကို သိသွားခဲ့တယ်။

လပြည့်ညတစ်ညမှာတော့ ဦးလေးနဲ့ ဟဲဘူးဝံပုလွေတွေ ဟာ ကျောက်ဂူတွေထဲက ထွက်ပြီး ထိန်ထိန်သာတဲ့လမင်းကြီးကို မော့ငေးကြည့်နေကြတယ်။

သန်းခေါင်တိုင်လို့ လမင်းကြီးမိုးကောင်းကင်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်မှာ ထိန်ထိန်သာတာနဲ့ ဟဲဘူးဝံပုလွေအုပ်ကြီးရဲ့ ဦးစီး ခေါင်းဆောင် ဦးလေးဟာ ဝံပုလွေတစ်ကောင်လို အူလိုက်တော့ တယ်။ အဲဒီအခါ အခြားဝံပုလွေတွေကလည်း လိုက်အူကြတာမှာ ဟဲဘူးတောင်ဝန်းကျင်အနှံ့ ဝံပုလွေအူသံတွေနဲ့ စီစီညံသွားတာပဲ တဲ့။

အဲဒီအချိန်မှာ ဒဏ်ရာတွေပျောက်ပြီး ကျန်းမာလာပြီဖြစ် တဲ့ ဦးဇော်ရွှေဟာ ကျောက်ဂူကြီးထဲမှာနေရစ်ပြီး ဦးလေးဝှက် သိမ်းထားတဲ့ ရွှေတုံးရွှေခဲတွေကို ရှာဖွေရယူထားခဲ့တယ်တဲ့။

ဦးလေးနဲ့ ဟဲဘူးဝံပုလွေတွေဟာ လပြည့်ညတစ်ညလုံး အူမြူးနေကြပြီး မနက်မိုးသောက်လုလုမှာမှ ကိုယ့်ဂူထဲကိုယ်ဝင် ပြီး အိပ်စက်ကြတယ်တဲ့။

ဦးလေးနဲ့ ဝံပုလွေတွေ အိပ်ရေးပျက်ပြီး အတုံးအရုံး အိပ်မောကျနေကြတာကို အခွင့်ကောင်းယူပြီး ဦးဇော်ရွှေဟာ ရွှေတုံးရွှေခဲအထုပ်ကို ယူလို့ ဂူကြီးထဲကနေ တိတ်တဆိတ် ထွက် ပြေးဖို့ ကြိုးစားခဲ့တယ်။

သူထွက်ပြေးတဲ့အချိန်ဟာ ဝေလီဝေလင်းကာလဖြစ်ပြီး နှင်းတွေ ပိန်းပိန်းပိတ်ကျရောက်နေတယ်တဲ့။

သူဟာ ဂူအဝအရောက်မှာ နှင်းခဲတွေကြောင့် ကျော





ကြမ်းပြင်ပေါ် ချော်လဲတော့တယ်။

သူ့ရဲ့ မိုင်းခနဲလဲသံကြောင့် ဦးလေးဟာ အိပ်ပျော်နေရာ က လန့်နိုးသွားတော့ ဦးဇော်ရွှေဟာ အထုပ်တစ်ခုကို လက်က ဆွဲရင်း လူးလဲထပြီး ဂူအဝကနေ ထွက်ပြေးသွားတာကို ဦးလေး က တွေ့လိုက်ရတယ်။

ဦးလေးဟာ မသင်္ကာဖြစ်သွားပြီး ဂူအတွင်းပိုင်း တစ် နေရာမှာ ဝှက်ထားတဲ့ သူ့ရဲ့ရွှေတုံးရွှေခဲတွေ ထည့်ထားတဲ့ အိတ်ကိုကြည့်တော့ မရှိတော့ဘူးတဲ့။

ဒီမှာတင် သူ့ရဲ့ရွှေတွေကို ဦးဇော်ရွှေ ခိုးပြေးပြီလို့ သိလိုက်တဲ့အတွက် နောက်ကပြေးလိုက် အော်ဟစ်ဟန့်တား တော့ ဝံပုလွေတချို့လည်း နိုးလာပြီး ဂူတွေထဲက ပြေးထွက်လာ ကြတော့တယ်။

ဦးလေးက ဦးဇော်ရွှေကို ဝံပုလွေတွေ ဝိုင်းရန်ပြုမှာစိုးတဲ့ အတွက် ဝံပုလွေတွေကို မလိုက်ဖို့ ဟန့်တားလိုက်ပြီး သူတစ်ဦး တည်း ဦးဇော်ရွှေရဲ့နောက် ပြေးလိုက်တော့တယ်။

တောင်အောက်က လျှိုကြီးထဲအရောက်မှာ ဦးလေးဟာ ဦးဇော်ရွှေကို မီလာတယ်။ ဦးလေးက ဦးဇော်ရွှေကို ခင်ဗျား ကျေးဇူးရှိလို့ ကျေးဇူးဆပ်တာလား။ ခု ရွှေထုပ်ကို ချခဲ့လို့ အော်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချိန်မှာပဲ ဦးဇော်ဒွေးဟာ ကိုယ်ကို ရုတ်ခနဲ တစ်ပတ်လှည့် လိုက်ပြီး လက်ထဲကဓားနဲ့ ဦးလေးကို ခုတ်ချလိုက်တယ်။

ဦးလေးဟာ မမျှော်လင့်ဘဲ မျက်နှာကို ဓားခုတ်ခံလိုက်ရ ပြီး နံဘေးလဲကျသွားချိန်မှာပဲ ဦးဇော်ဒွေးက လက်ထဲကဓားနဲ့ ဦးလေးကို အဆက်မပြတ် ခုတ်တော့တယ်။

ဓားချက်တွေဟာ ဦးလေးရဲ့မျက်နှာနဲ့ ခန္ဓာကိုယ်အနှံ့ ကျရောက်ပြီး သွေးအလိမ်းလိမ်းဖြစ်သွားချိန်မှာ ဦးလေးရဲ့ နာ နာကျင်ကျင်အော်ဟစ်သံကြောင့် ဟဲဘူဝံပုလွေတွေ လျှိုထဲ ပြေး ဆင်းလာတော့ ဦးဇော်ဒွေးလည်း ရွှေအိတ်ကိုယူပြီး သုတ်ခြေ တင် ထွက်ပြေးတော့တယ်။

သွေးအလိမ်းလိမ်းနဲ့ ဒဏ်ရာရထားတဲ့ ဦးလေးကို ဝံပုလွေတွေက ကျောက်ဂူရှိရာဆီ ခက်ခက်ခဲခဲ ကိုက်ချီဆွဲခေ သွားကြတယ်။ အချို့ ဝံပုလွေတွေက ဦးဇော်ဒွေးရဲ့နောက် ဆက် လိုက်ပေမယ့် ဦးဇော်ဒွေးဟာ ခြေရာပျောက်သွားနိုင်ခဲ့တယ်။

ဦးလေးဟာ ဦးဇော်ဒွေးရဲ့လက်ချက်ကြောင့် အသက် မသေပေမယ့် မျက်နှာမှာ ဓားခုတ်ဒဏ်ရာကြီးတွေကြောင့် ရုပ် ဆင်းပျက်ခဲ့ရတယ်။ လက်မောင်းတစ်ဖက် အကြောတွေပြတ်ပြီး တွဲလောင်းကျနေခဲ့ရတယ်။ သကောက်ခွက်ကြော အခုတ်ခံရ





ခြေတစ်ဖက် ဆာသွားခဲ့ရတယ်။

သူတို့ရဲ့ ဦးစီးခေါင်းဆောင်ကြီးဖြစ်သူ ဦးလေးဦးစောဒေဝ ဒီလို ဒုက္ခိတဘဝ ရောက်သွားရတာကို ဟဲဘူးဝံပုလွေတွေဟာ အနာကြည်းကြီး နာကြည်းသွားကြတယ်။ ဦးလေးလည်း သစ္စာ မဲ့ပြီး ကျေးဇူးရှင်ကို ကျေးဇူးကန်းတဲ့ ဟဲဘူးရွာသားကြီး ဦးဇော် ဒွေးကို နာကြည်းမဆုံး ဖြစ်ခဲ့ရတယ်။

ဦးလေးဦးစောဒေဝဟာ သူ့ရဲ့ ရုပ်ပျက်ဆင်းပျက်မျက်နှာ ကြီးနဲ့ လူတောထဲ မတိုးလိုတော့တာကြောင့် ဟဲဘူးရွာက ကျောက်ဖြူတိုက်ကြီးမှာ ပြန်နေဖို့ မစဉ်းစားတော့ဘူး။ ဟဲဘူး တောင်မှာပဲ ဟဲဘူးဝံပုလွေတွေနဲ့အတူ တစ်သက်လုံး နေသွားဖို့ ဆုံးဖြတ်ခဲ့တယ်။

ဒါပေမဲ့ သူ့ရဲ့ဇနီး ခေါင်းချခဲ့တဲ့ ကျောက်ဖြူတိုက်ကြီး ကိုလည်း သံယောဇဉ်မပြတ်ဘူး။ သူ့ရဲ့ဇနီးသည်ဟာ လပြည့်ည တစ်ညမှာ သေဆုံးကွယ်လွန်ခဲ့တာပဲလေ။

ဒါကြောင့် ဦးလေးဟာ လပြည့်ညရောက်တိုင်း သူ့ဇနီး ကို အလွမ်းပြေအဖြစ် ကျောက်ဖြူတိုက်ကြီးဆီ ညဦးကတည်းက လာရောက်ခဲ့တယ်။ ကျောက်ဖြူတိုက်ကြီးထဲ လျှို့ဝှက်လှိုဏ်လမ်း ကနေ ဝင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ ညည့်သန်းခေါင်ရောက်လို့ လဝန်းပြည့်ရွန်းလာချိန်မှာတော့ လမင်းကို ဝရန်တာကနေ မော့ကြည့်ရင်း သူ့ရဲ့ဘဝ သူ့ရဲ့အဖြစ်ကို နာကြည်းလွန်းလို့ ဝမ်းနည်းပက်လက်နဲ့ အော်ဟစ်မိတော့တယ်။ ဝံပုလွေတစ်ကောင်လို လှိုက်လှိုက်လှဲလှဲအူမိတယ်။

အဲဒီအခါ ဝံပုလွေတောင်က ဟဲဘူးဝံပုလွေတွေက ကြားပြီး သူတို့ပါ ဝိုင်းအူကြရာက ဦးလေးရဲ့အသံကြားရာ ဟဲဘူးရွာဆီ ပြေးလာကြတော့တာပဲ။ အဲဒီလိုလာရင်းနဲ့ လမ်းမှာ ဟဲဘူးရွာသားနှစ်ဦးနဲ့ ပက်ပင်းတွေ့တော့ ဟဲဘူးရွာသားတွေကို အနာကြည်းကြီးနာကြည်းထားတဲ့ ဟဲဘူးဝံပုလွေတွေဟာ အဲဒီရွာသားနှစ်ယောက်ကို ဝိုင်းဝန်းကိုက်ခဲသတ်ဖြတ်ခဲ့တယ် ပန်။

အဲဒီအချိန်ကစပြီး ဟဲဘူးရွာသူရွာသားတွေနဲ့ ဟဲဘူးဝံပုလွေတွေဟာ မဟာရန်သူတွေ ဖြစ်သွားခဲ့ကြရတာပါပဲကွယ်။

ဦးလေးဟာ အဲဒီအဖြစ်အပျက်တွေကို ဖြည်းဖြည်းချင်းပြောပြခဲ့တယ်။ ပြီးခဲ့တဲ့လပြည့်ညကတော့ လှိုဏ်လမ်းကနေ သူဝင်လို့ မရခဲ့ဘူး။ ဒါကြောင့် ဒီညလာပြီး စမ်းသပ်ဝင်ကြည့်တာတဲ့။ မနက်မိုးလင်းခါနီးမှာတော့ သူ့ရဲ့ဒဏ်ရာက မခံမရပ်နိုင်အောင် ကိုက်ခဲလာပြီး သွေးတွေ ဒလဟော ထွက်လာတယ်။ လှုကလည်း အမောဖောက်ပြီး နေထွက်ပြူစအချိန်မှာပဲ သေဆုံး





သွားရှာတယ် ပန်။

ကိုယ်တို့သားအဖရော ဦးခမောက်ပါ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရပေမယ့် ဦးလေးရဲ့အဖြစ်ဆိုးကို အခြား ဘယ်သူမှလည်း ပြောလို့မဖြစ်ဘူး။ ဘယ်သူ့မှလည်း အသိခံလို့ မဖြစ်ဘူး။ လူတွေသိကုန်ရင် ကိုယ်ဟာ ရာဇဝတ်ဘေးသင့်တော့မယ်လေ။ ကိုယ်ဟာ ဦးလေးကို သေစေလိုတဲ့ဆန္ဒ မရှိပေမယ့် သူဟာ ဘကယ်ပဲ သေသွားခဲ့ရရှာတယ် မဟုတ်လား။

ဒါနဲ့ပဲ ဦးလေးကို လူမသိ သူမသိ မြှုပ်နှံသင်္ဂြိုဟ်ဖို့စီမံကြရတော့တယ်။

ကျောက်ဖြူတိုက်ကြီးရဲ့ မြေညီထပ် မြေအောက်လှိုဏ်လမ်းဆင်းရာ အပေါက်ရဲ့နံဘေးနားမှာပဲ တွင်းတူးပြီး ဦးလေးရဲ့အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့ကြတယ်။

တစ်ခု ကိုယ်ပြောပြဖို့ ကျန်ခဲ့တာက ဦးလေးဟာ သူမနေရတော့ဘူးလို့သိလာချိန်မှာ ကိုယ့်ဆီက ကတိတစ်ခု တောင်းခဲ့တာပဲ ပန်။

သူက သူမရှိတဲ့နောက်မှာ ဟဲဘူးတောင်ကိုသွားပြီး ဟဲဘူးဝံပုလွေတွေကို သူ့ရဲ့ကိုယ်စားစောင့်ရှောက်ပါလို့ မှာကြားခဲ့တယ်။ သူ့ရဲ့လည်ပင်းမှာဆွဲထားတဲ့ ဆွဲကြိုးကို ကိုယ့်ရဲ့လည်



www.burmeseclassic.com

www.burmeseclassic.com



ပင်းမှာ ဆွဲပေးတယ်။

အဲဒီဆွဲကြိုးမှာ ဝံပုလွေအစွယ်ကြီးနှစ်ချောင်းကို နဖားဖောက်ပြီး တွဲလွဲဆွဲထားတယ်။

သူ့ရဲ့အဘိုး (ကိုယ့်ရဲ့အဘေး) သေရာကဝင်စားခဲ့တယ်လို့ ယူဆကြတဲ့ ဝံပုလွေကြီးရဲ့ အရိုးစုအလောင်းကနေ ဖြုတ်ယူထားတဲ့ အစွယ်တွေတဲ့။

အဲဒီ အစွယ်တွေပါတဲ့ဆွဲကြိုးကို ဆွဲထားရင် ဟဲဘူးဝံပုလွေတွေကရန် လုံးဝမပြုဘဲ သူတို့ရဲ့အရှင်သခင် အကြီးအကဲအဖြစ် အသိအမှတ်ပြုလိမ့်မယ်လို့ ဦးလေးက ပြောခဲ့တယ် ပန်။

ပြီးတော့ အရေးအကြီးဆုံးအချက်က ဟဲဘူးဝံပုလွေတွေဟာ ဟဲဘူးရွာကို အနာကြည်းကြီးနာကြည်းနေပြီမို့ လာမယ့်လပြည့်နေ့ညမှာ ရွာဆီ အလုံးအရင်းနဲ့လာပြီး တိုက်ခိုက်နိုင်တယ်ဆိုတာပဲ။

တကယ်တော့ ဇော်ဌေးဆိုတဲ့ ဟဲဘူးရွာသား လူယုတ်မာကြီးကြောင့် ဒီလိုပြဿနာတွေ ဖြစ်ခဲ့ရတာ။ ခုတော့ ဟဲဘူးဝံပုလွေတွေဟာ ဝံပုလွေတောင်က ဝံပုလွေအားလုံးကို စုရုံးပြီး ရွာဆီလာတိုက်ခိုက်တော့မယ်။

ဦးလေးသေဆုံးသွားပြီမို့ ဟဲဘူးတောင်ဆီ လပြည့်ည





သန်းခေါင်ယံမတိုင်မီ ပြန်မလာနိုင်တော့ဘူး၊ ဒါဆိုရင် ဟဲဘူးဝံပုလွေတွေဟာ ပိုပြီး ပေါက်ကွဲတော့မယ်။ ဒါကြောင့် ဦးလေးက သူ့ရဲ့ကိုယ်စား ကိုယ်သွားပြီး ဟဲဘူးဝံပုလွေတွေကို ထိန်းပေးဖို့ ပြောလာတယ်။ သူပေးတဲ့ ဝံပုလွေအစွယ် ဆွဲကြိုးကိုဆွဲပြီး ဝံပုလွေအရေခြုံလျက် ဟဲဘူးတောင်ကို သွားပါ။ ဟဲဘူးဝံပုလွေတွေက ကိုယ့်ကို ရန်မမူစေရဘူးတဲ့။

ဝံပုလွေတွေနဲ့ ရင်းနှီးမှုယူပြီးတာနဲ့ လပြည့်ညကျရင် ဟဲဘူးဝံပုလွေတွေကို လွယ်ပေါ်တောင်ကြောဘက် အာရုံပြောင်းပြီး မျှားခေါ်သွားပါ။ ဒါမှ ဟဲဘူးရွာဆီဦးတည်နေတဲ့ ဝံပုလွေတွေရဲ့ အာရုံကို လမ်းကြောင်းပြောင်းပေးနိုင်မှာဖြစ်တယ်။ အဲဒီအလုပ်ကို လုပ်ဖြစ်အောင် လုပ်ဖို့ ကိုယ့်ကိုကတိတောင်းတယ်။ ကိုယ်ကလည်း ဦးလေးမကွယ်လွန်မီ စိတ်ချမ်းသာသွားရအောင် ဦးလေးစေခိုင်းတဲ့အတိုင်း လုပ်ပါ့မယ်လို့ ကတိပေးလိုက်တယ်။

ဦးလေးကွယ်လွန်သွားပြီးတဲ့နောက် ဦးလေးကိုကတိပေးခဲ့တဲ့အတိုင်း ဟဲဘူးတောင်ကြီးဆီ သွားဖို့ ကိုယ်စီစဉ်နေတယ်ပန်။ ဖေဖေနဲ့ဦးခမောက်ကတော့ အန္တရာယ်များလှလို့ မသွားဖို့ အတန်တန် တားမြစ်နေကြတယ်။

ကိုယ်ကတော့ ကတိအပျက်မခံလိုဘူး သွားဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာပါပဲ။ အဝတ္ထုသဖြင့်တော့ လာမယ့်လပြည့်ညသန်းခေါင်ယံမှာ ဟဲဘူးဝံပုလွေတွေ ဟဲဘူးရွာဆီလာပြီး အလုံးအရင်းနဲ့ ပတိုက်ခိုက်နိုင်စေဖို့ ကြိုးစားချင်လို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဝံပုလွေတွေ တိုက်ခိုက်မယ့်ဟဲဘူးရွာထဲမှာ ကိုယ်သိပ်ချစ်ရတဲ့ ပန်သစ္စာဆိုတဲ့ မိန်းမချောလေး ရှိနေတယ်လေ။

ဝံပုလွေတောင်လို့ခေါ်တဲ့ ဟဲဘူးတောင်တစ်တောင်လုံးမှာရော အနီးအနားတောင်တွေကပါ ရှိတဲ့ဝံပုလွေတွေ စုလိုက်ရင် အကောင်တစ်ရာကျော်သွားမယ်။ အဲဒီလောက် များပြားတဲ့ ဝံပုလွေအုပ်ကြီး ပြုဆင်းလာပြီး မည်းမည်းမြင်ရာ တိုက်ခိုက်ကိုက်ဖြတ်ကြရင် အပြစ်မဲ့တဲ့ကလေးငယ်တွေ၊ မိန်းမသားတွေ သေကျေကုန်လိမ့်မယ်။

ဒါကြောင့် အဲဒီလိုအဖြစ်ဆိုးမျိုး မကြုံရအောင် ကိုယ်သွားပြီး တားမြစ်ရလိမ့်မယ် ပန်။

ကိုယ် ပန့်ကိုပြောချင်တာကတော့ အဲဒါတွေပါပဲ ပန်။

အစိက,က ပန့်ကို ကိုယ်ချစ်တယ်။ ကိုယ့်ကို ပန်ပြန်ချစ်နိုင်မလားဆိုတဲ့ ချစ်ပုစ္ဆာရဲ့အဖြေကို တစ်နေ့ကျရင် ကိုယ်သိပါရစေ။

ဟဲဘူး ဝံပုလွေတွေရဲ့ရန်က ပန်အပါအဝင် ဟဲဘူးရွာသူရွာသားတွေ ထာဝရကင်းဝေးပြီး အေးချမ်းသွားတဲ့တစ်နေ့မှာ ကိုယ် ဟဲဘူးရွာဆီ ပြန်လာမှာပါ ပန်။





ကံကြို့လို့ပြန်ဆုံခွင့်ရတဲ့အခါ ကိုယ့်အတွက်ချစ်ပုစ္ဆာကို တွက်စစ်ပြီး ချစ်အဖြေပေးနိုင်ပါစေကွယ်။ ကံဆိုးစွာ ကိုယ်ပြန်မလာနိုင်တော့ရင်လည်း ထာဝရအတွက် နှုတ်ဆက်ခဲ့ပါတယ် ပန်။

ပန့်ကိုသိပ်ချစ်တဲ့
ကိုယ်

လူရဲ၏စာကိုဖတ်ရင်း ပန်သစ္စာမှာ မျက်လုံးကလေးများ ပြူးကာ အံ့ဩတုန်လှုပ်ခြင်း ဖြစ်ရသလို ရွှေရင်ခုန်မိသည်မှာလည်း အမှန်ပင် ဖြစ်ပါ၏။

လူရဲ၏ ချောမောသန့်ပြန့်သောရုပ်ရည်၊ ရည်မွန်သိမ်မွေ့သော စကားသံတို့ကို ပြန်လည်ကြားယောင်မိပြန်တော့လည်း ကျောက်ဖြူတိုက်ကြီးနှင့်သာ လူရဲ မပတ်သက်ခဲ့ဘူးဆိုလျှင်၊ ဟဲဘူးဝံပုလွေတို့နှင့်သာ လူရဲ ကင်းလွတ်နေခဲ့မည်ဆိုလျှင်၊ လူသေမှုကို ကျူးလွန်မိသူအဖြစ် လူရဲ မရောက်ရှိခဲ့ဘူးဆိုလျှင် မည်မျှကောင်းမည်နည်းဟု ပန်သစ္စာ စိတ်လက်မချမ်းသာစွာ



www.burmeseclassic.com

www.burmeseclassic.com



တွေးနေမိတော့သည်။

"ဩော် ... ကိုရဲရယ်၊ ကိုရဲက ပန့်ကိုချစ်တယ်တဲ့လား ပန်ဟာ ကိုရဲရဲ့အချစ်ကို တုံ့ပြန်ချင်ရင်တောင် ပြဿနာတွေ ဖြေရှင်းမရနိုင်တဲ့ အခက်အခဲတွေက ကိုရဲနဲ့ ပန့်အကြားမှာ မဟာရံတံတိုင်းကြီးလို ကာဆီးနေပါလား ကိုရဲရယ် ...၊

ကိုရဲအတွက် အချစ်ပုစ္ဆာရဲ့အဖြေကို ပန် ဘယ်လို ထုတ်ပေးနိုင်မှာလဲ၊ အဖြေမဲ့ပုစ္ဆာအဖြစ်သာ ရှိနေဦးမှာပါကွယ်

ကိုရဲပြောသလို အရာရာ အဆင်ပြေသွားပြီး ထာဝရ အေးချမ်းသာယာသွားတဲ့ တစ်နေ့မှာတော့ ကိုရဲနဲ့ ပန် ပြန်ဆုံတန် ကောင်းပါရဲ့ ...၊

အဲဒီလိုဖြစ်အောင် ကိုရဲနဲ့ ပန်တို့ ကြိုးစားကြည့်ကြရ အောင်နော်"

ပန်သစ္စာသည် လူရဲ၏စာအား ရင်ခွင်အပ်ထားရင်း စိတ်ထဲမှသာ မကြာမီ အရာရာ အဆင်ပြေပါစေဟု ဆုတောင်း လျက် ရှိပါတော့သတည်း။

✳ ✳ ✳





## ဝံပုလွေစည်း ... လူစည်း

နောက်တစ်နေ့သည်ကား အဖိတ်နေ့ဖြစ်၏။

ဟဲဘူးရွာတစ်ရွာလုံးမှာ နံနက်လင်းကတည်းက လှုပ် လှုပ်ရှားရှား ဖြစ်နေတော့သည်။ သူကြီးဦးမြဆောင်ဦးဆောင်ကာ ရွာလူကြီးအချို့ မော်တော်ဖြင့် ဗန်းမော်သို့သွားရန် စီစဉ်နေကြ သည်။

ယင်း ရွာသူကြီးများအထဲတွင် ဇော်မိုး၏အဖေဦးဇော်ဒွေး ကိုပါ တွေ့ရ၏။

ဦးဇော်ဒွေးသည်ကား ယခင်က မုဆိုးတစ်ဦးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တောထဲမှာ သစ်မွှေးရှာပြီး အသက်မွေးသူလည်းဖြစ်၏။ အ
သောက်အစား လောင်းကစား ဝါသနာပါသူလည်းဖြစ်၏။

ဇော်မိုးသည်မူ အရွယ်ရောက်စကတည်းက ရရာအလု
ကို အားစိုက်သွန်စိုက်လုပ်ကိုင်ပြီး မိဘကို လုပ်ကျွေးနေသူဖြ
သည်။

ဇော်မိုးက ဖခင်ဖြစ်သူနှင့်စရိုက်ချင်းမတူ။ သူက အရက်
မသောက်၊ ဖဲမရိုက်၊ ကြက်မတိုက်သူဖြစ်၏။ မကောင်းမှုမှန်သမျှ
ကို ရှောင်ရှားသလို မဟုတ်မခံတတ်သူလည်း ဖြစ်၏။ ဖွဲ့သည်
ပြည့်ဝသလို အလုပ်ကြိုးစားသူလည်း ဖြစ်၏။

ယခုဆို အိုးလုပ်ငန်းကို ဦးစီးပြီး လုပ်ကိုင်နေသည်
လုပ်ငန်းရှင်ပေါက်စ ဖြစ်နေချေပြီ။

ယခုတလော သုံးလေးလခန့်ရှိပြီ ဦးဇော်ဒွေး တ
ယောက် ဗန်းမော်သွားလိုက်၊ ရွှေကူသွားလိုက် လုပ်နေ၏

ငွေလည်း အတော်ရှင်နေ၏။ ရွှေကူမှာလည်း မိန်း
တစ်ယောက်နှင့် ဘာလိုလို သတင်းဖြစ်၏။ ရွာပြန်ရောက်တော
လည်း ဦးဇော်ဒွေးတစ်ယောက် ကြက်ဝိုင်းမှ မပြန်တော့။ ဖဲဝိုင်း
မထတော့။

တောထဲသွားပြီး သစ်မွှေးများစွာရခဲ့ရာမှာ မြို့တ





ရောင်းချကာ ငွေရှင်နေခြင်းဖြစ်သည်ဟု ရပ်ရွာထဲတွင် သတင်း
လွှင့်ထား၏။

ဇော်မိုးကမူ ဖခင်ဖြစ်သူ၏ အကျင့်စရိုက်ကို မကြိုက်
သဖြင့် ဖခင်ကြီး သောက်စားသုံးဖြုန်းနေသည်ကို မမြင်ဟန်
ပြုနေ၏။ မိဘဖြစ်နေ၍လည်း ဝေဖန်ခြင်းမပြု။

ယခုတော့ တဘက်ကြီးခေါင်းပေါင်းကာ ရွာလူကြီးများ
နှင့် ရောလျက် ဟဲဘူးဝံပုလွေကောင်တွေကို အပြတ်ရှင်းရမည်ဟု
ရွာလယ်လမ်းပေါ်တွင် ဦးဇော်ဒွေးတစ်ယောက် အော်ကျယ်အော်
ကျယ်ပြောနေ၏။

မနက်ဖြန် လပြည့်နေ့ညတွင် ဟဲဘူးဝံပုလွေတို့အား
အပြုတ်နှိမ်ရန် ဗန်းမော်မှ ဂတ်ပိုင်ကြီးနှင့် မြို့ပိုင်မင်းတို့ထံ အကူအ
ညီ သွားတောင်းရန် စိုင်းပြင်နေကြခြင်းဖြစ်၏။

ထိုသို့ မြို့သို့တက်ပြီး အကူအညီတောင်းမည့် ရွာလူကြီး
များထဲတွင် ပန်သစ္စာ၏အဖေ ဦးအောင်မြိုင်လည်းပါ၏။

ပန်သစ္စာသည် မော်တော်ဆိပ်သို့ဆင်းရန် လူစုနေကြ
သည့် ရွာလူကြီးများကို ခြံတံခါးဝမှ ထွက်ကြည့်နေမိ၏။

တစ်ရွာလုံးရှိ ကလေးများ၊ မိန်းမများလည်း ပန်သစ္စာ
ကဲ့သို့ပင် ထွက်ကြည့်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဟဲဘူးတစ်ရွာလုံး ဝံပုလွေဆိုးတွေရဲ့ရန်က လုံး‌
ကင်းစေဖို့ မြို့တက်ပြီး အကူအညီတောင်းကြမှာကွဲ၊ သက်
ဆိုင်ရာကလည်း ဒီတစ်ခါတော့ ထိထိရောက်ရောက် ကူညီကြမှာ
ပါ၊ ဒါကြောင့် ရွာလူကြီးအားလုံးလိုလိုကို ခေါ်သွားတာ၊ လူမျာ
များနဲ့ သွားတောင်းဆိုမှ မြို့ပိုင်မင်းတို့ ဂတ်ပိုင်ကြီးတို့ကဂရုပြုမှာ

မောင်ဇော်မိုး ဦးဆောင်တဲ့ ရွာကာကွယ်ရေးအဖွဲ့ဝင်
တွေနဲ့ ရွာကာလသားတွေက ရွာမှာ စောင့်ကျန်ရစ်ကြ၊ လပြည့်
ညကျရင် ဝံပုလွေတွေကို အပြီးသတ်နှိမ်နင်းဖို့ လေးမြားတွေ
အသင့်ပြင်ထားနှင့်ကြ၊ ဓားသွား, လှံသွားတွေ သွေးထားကြ

သူကြီးဦးမြဆောင်က ရွာသူရွာသားတို့အား မှာစရာရှိ
သည်တို့ မှာကြားကာ အခြားရွာလူကြီးတို့နှင့်အတူ မြစ်ဆိပ်သို့
ဆင်းလျက် မော်တော်ဖြင့် ဖန်းမော်သို့ ထွက်ခွာသွားတော့၏။

ထိုနေ့က တစ်နေ့လုံး ဟဲဘူးရွာသူရွာသားတို့မှာ ဟဲဘူး
ဝံပုလွေတို့၏ ရန်ကို အပြီးတိုင် ချေမှုန်းရန် တက်တက်ကြွကြွ
ဖြစ်လျက်ရှိလေသည်။

ဇော်မိုးဦးဆောင်သော ကာလသားတို့နှင့် ကျေးရွာ
ကာကွယ်ရေးအဖွဲ့ဝင်တို့သည် လေးမြားဓားလှံတို့ကို ပြင်ဆင်
လျက် ရှိကြ၏။





မိန်းမများမှာလည်း သူတို့၏ လင်သားမောင်ဘွားတို့ကို
အားပေးလျက် ရှိကြကုန်၏။

ဟဲဘူးရွာတစ်ရွာလုံးမှာ ဟဲဘူးဝံပုလွေတို့ကို ချေမှုန်းရန်
လွန်စွာ စိတ်အားထက်သန်လျက်ရှိကြလေ၏။

ဟဲဘူးရွာတစ်ရွာလုံး လှုပ်လှုပ်ရှားရှားဖြစ်နေကြစဉ် ပန်
သစွာက ရွာလယ်လမ်းအတိုင်း တစ်ဦးတည်းလျှောက်လှမ်းလာ
ရာ ဇော်မိုးတို့၏အိမ်ဝိုင်းရှေ့သို့ ရောက်ရှိလာတော့၏။

ဇော်မိုးက အိမ်ခြံရှေ့ပိုင်း ဝဲဘက်ရှိ ရေတွင်းအနီးတွင်
လှံသွားကို သွေးလျက်ရှိရာ ပန်သစွာက ခြံဝိုင်းထဲဝင်ပြီး ရေတွင်း
ဆီ လျှောက်လှမ်းသွားလိုက်၏။

ဦးခေါင်းငုံ့ကာ ဓားသွေးကျောက်တုံးကြီးတွင် လှံသွားကို
သွေးနေသော ဇော်မိုးသည် သူ့အနီးလာရပ်သည့် ခြေဖမိုးဖြူဖြူ
ဖွေးဖွေးလေးတစ်စုံကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အံ့အား
တသင့် မော့ကြည့်လိုက်လေသည်။

ပဒုမ္မာပွင့်ရိုက် အင်္ကျီအပြာရောင်လက်စကလေးနှင့်
ချော်ကျက်ထဘီအပြာနုရောင်လေးကို လှပစွာ တွဲဖက်ဝတ်ကာ
ကြော့ကြော့ရှင်းရှင်းလေး ရပ်နေသည့် ပန်သစွာအား ဇော်မိုးက
အံ့ဩစွာ ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



“မိသစ္စာပါလား . . . ဘာကိစ္စရှိလို့လဲ မိသစ္စာ၊ နင်က
မလာစဖူး အလာထူးလို့”

ပြောပြီးသည်နှင့် ခေါင်းပြန်ငုံ့ကာ လုံ့သွားကို ဆက်သွေး
နေ၏။ ဇော်မိုး၏ ယင်းအမူအရာကိုပင် ပန်သစ္စာ သဘောမတွေ့
ခြင်း ဖြစ်သည်။

ဇော်မိုး၏ဟန်ပန်က သူရှိရာသို့ မလာစဖူး အလာထူး
သဖြင့် အံ့သြသွားဟန်ရှိသော်လည်း ထိုထက်ပိုမို ဂရုထားစေ
မလိုဟူသော သဘောမျိုးဖြစ်နေ၏။

သူ၏ ဤသို့ မထီမဲ့မြင်အပြုအမူမျိုးကိုပင် ပန်သစ္စာ
မုန်းခြင်းဖြစ်သည်။

အခြားရွာကလသားများသာဆိုပါက ပန်သစ္စာ ဤသို
စကားလာပြောလျှင် ပျာပျာသလဲဖြစ်ကြမည်သာ။

လူရဲဆိုလျှင် သူမကို ဂရုတစိုက်ရှိလွန်းလှ၏။

ဇော်မိုးကတော့ ထိုသို့မဟုတ်။ မထုံတက်တေးအသွင်
ဖြင့်သာ။ ပန်သစ္စာက သူ့အနီးတွင် လက်ကလေးပိုက်ရပ်ရင်း
သိလိုသည်ကိုမေးလိုက်သည်။

“ဇော်မိုး . . . နင်တို့ ဟဲဘူးဝံပုလွေတွေကို မျိုးဖြုတ်မလို့
ဆို . . . ဟုတ်လား”





“ဟုတ်တယ် . . . အဲဒီကောင်တွေမရှိမှ အေးမယ်၊ အခု
ရွာလူကြီးတွေ ဖန်းမော်တက်ပြီး အကူအညီတောင်းလို့ရရင်
ဟဲဘူးတောင်ဆီသွားပြီး ဝံပုလွေမိစ္ဆာတွေကို အမြစ်ပြတ်သုတ်သင်
မှာ”

“တကယ်လို့ သူတို့က ငါတို့ရွာကို ရန်မပြုတော့ဘူး
ဆိုရင်ကော နင်တို့က သူတို့ကို ရန်ပြုဦးမလား”

ဇော်မိုးက လုံ့သွေးခြင်းကို ရပ်တန့်လိုက်ပြီး သူမအား
အံ့သြသလို ကြည့်ရင်း ထိုင်ရာမှ ထရပ်လိုက်၏။

“မိသစ္စာ . . . နင်ဘာပြောလိုက်တယ်”

“အဲဒီ ဟဲဘူးဝံပုလွေတွေက ငါတို့ရွာကိုလာပြီး ဒုက္ခ
ပေးတော့ဘူးဆိုရင် ငါတို့ကလည်း သူတို့ကို ရန်ပြုဖို့ မလိုတော့
ဘူး မဟုတ်လား”

“အဓိပ္ပာယ်မရှိတဲ့စကား မပြောစမ်းပါနဲ့ မိသစ္စာရယ်၊
အဲဒီဝံပုလွေတွေကစပြီး ငါတို့ရွာကို ရန်ပြုခဲ့တယ်၊ သူတို့ကြောင့်
ငါတို့ရွာသားနှစ်ယောက် အသက်ဆုံးရှုံးခဲ့တာကနေ ပြဿနာ
န်မိုးက စခဲ့တာပဲ မဟုတ်လား၊ ခုဆို လပြည့်ညတိုင်း တစ်ရွာ
လုံး ထိတ်လန့်ချောက်ချားနေရတယ်၊ အဲဒီလို ဟဲဘူးဝံပုလွေ
စ္ဆေအခြောက်ခံနေရတဲ့ ဘဝကလွတ်အောင် သူတို့ကိုအမြစ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းမှုဖြစ်မယ် မိသစ္စာ၊ သေဆုံးခဲ့တဲ့ ငါတို့ရွာသားတွေအတွက် သင်းတို့ကို သွေးကြွေးဆပ်ရမယ်''

''ဒီမှာဇော်မိုး . . . တကယ်တော့ ဝံပုလွေစည်းနဲ့ ရွာ စည်းမှာ ငါတို့လူသားတွေက စည်းစဖောက်လို့ ဝံပုလွေတွေ ပြဿနာဖြစ်ရတာပါ၊ သူတို့က ဒီရန်မီးကို စမွှေးခဲ့တာ မဟုတ် ပါဘူး''

ဇော်မိုးက ပန်သစ္စာ၏စကားကြောင့် အံ့ဩသလို ဖြစ် သွားပြန်၏။ မျက်မှောင်ကိုလည်း ကြုတ်လိုက်သည်။

''နေပါဦး မိသစ္စာ . . . ဟဲဘူးဝံပုလွေတွေက ငါတို့ရွာ ဝင်ပြီး စတိုက်ခိုက်လို့ ဒီပြဿနာစခဲ့တာကို တစ်ရွာလုံးသိတယ် ဘယ်နှယ် . . . ငါတို့လူတွေဘက်က စည်းစဖောက်ရတယ်လို့'

''အေး . . . နင်မသိတဲ့အကြောင်း ရှိသေးတယ် ဇော်မိုး တကယ်တော့ ဟဲဘူးဝံပုလွေတွေဟာ သူ့ဘာသာ အရင်ကနေ ကြတာပါ၊ ဝံပုလွေတောင်ကြီးရဲ့ ဝန်းကျင်ဆီ လူတွေ ကျူးကျော် လာမှ ရန်ပြုတတ်ကြတာပါ . . .၊

တစ်နေ့မှာတော့ ငါတို့ရွာသားမုဆိုးတစ်ဦးဟာ တော လည်ရာက မျက်စိလည်ပြီ ဟဲဘူးတောင်ခြေဆီ ရောက်သွား တယ်၊ သူက လူစိမ်းမို့ ဝံပုလွေတွေက ဝိုင်းကိုက်တော့ အဲ





ဝံပုလွေတွေကိုအုပ်ချုပ်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးက ဝင်ရောက် ဟန့် တားခဲ့တယ်၊ ပြီးတော့ အဲဒီပုဂ္ဂိုလ်ကြီးက အဲဒီမုဆိုးကို ဆေးဝါး တွေကုသပေးခဲ့တယ် . . .၊

မုဆိုးဟာ ဒဏ်ရာအနာတွေ သက်သာပျောက်ကင်းလာ ချိန်မှာ အဲဒီပုဂ္ဂိုလ်ကြီး ရှာဖွေစုဆောင်းထားတဲ့ ရွှေတုံးရွှေခဲတွေ ကို ခိုးပြီးထွက်ပြေးသွားတော့တယ်၊ အဲဒီအခါ ပုဂ္ဂိုလ်ကြီးက လိုက်တားခဲ့တယ်၊ အဲဒီမှာတင် အဲဒီမုဆိုးဟာ ကျေးဇူးကန်းပြီး ပုဂ္ဂိုလ်ကြီးကို ဓားနဲ့ခုတ်ခဲ့တယ်၊ ခုတ်တာမှ အသေခုတ်တာ၊ အဲဒီပုဂ္ဂိုလ်ကြီးရဲ့အော်သံကြောင့် ဝံပုလွေတွေပြေးလာမှ မုဆိုးဟာ ကိုယ်လွတ်ရုန်း ပြေးသွားခဲ့တယ် . . .၊

အဲဒီကစပြီး ဟဲဘူးဝံပုလွေတွေဟာ ငါတို့ ဟဲဘူးရွာ သူရွာသားတွေအပေါ် ရန်ငြိုးသိုခဲ့တာပဲ ဇော်မိုး၊ ကဲ . . . ဒီတော့ ဝံပုလွေတွေက စည်းအရင်ဖောက်တာလား, ငါတို့လူသားတွေ ဘက်က စည်းစဖောက်တာလား စဉ်းစားကြည့်''

''နေပါဦး မိသစ္စာ . . . အဲဒီအကြောင်းတွေကို နင် ဘယ်လိုလုပ်သိထားတာလဲ''

''ကိုလူရဲပြောပြလို့ သိတာပါ''

''ဘာ . . . လူရဲ . . . ဟုတ်လား၊ ကျောက်ဖြူတိုက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



က လူရဲဆိုတဲ့ကောင်လား၊ အဲဒီကောင်ကရော ဘယ်လိုလုပ်သိတာလဲ၊ သူပြောတာတွေကို အမှန်တွေလို့ နင်ယုံသလား မိသစ္စာ''

''ငါယုံတယ် ဇော်မိုး၊ ကိုလူရဲဟာ နင်ထင်သလို မြို့စားလူလည်မဟုတ်ပါဘူး၊ မာယာပရိယာယ်တွေ ကြွယ်သူမဟုတ်ပါဘူး၊ တကယ်ကို ရိုးသားဖြောင့်မတ်သူပါ၊ သူက သူ့အတွေ့အကြုံ သူ့ခံစားချက်မှန်သမျှ ငါ့ကို မခြွင်းမချန်ပြောခဲ့တယ်၊ အဲဒီတုန်းက ငါတို့ရွာသားမုဆိုးကို ဝံပုလွေတွေ ရန်ပြုတဲ့ဘေးက ကယ်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးဆိုတာဟာ သူ့ရဲ့ဦးလေး ဦးစောဒေဝပါပဲ၊ ဦးစောဒေဝကတော့ အခုသေဆုံးသွားပါပြီ''

''မိသစ္စာ နင်ပြောနေတာတွေဟာ တကယ်လား''

''တကယ်ပါ ဇော်မိုး ... တကယ့်ဖြစ်ရပ်အမှန်တွေပါဟာ''

ဤတွင် ဇော်မိုးက ခါးထောက်ရပ်ရင်း မြေပြင်ကို စူးစိုက်ကြည့်ကာ နဖူးကြောထောင်ထလာအောင် စဉ်းစားတွေဝေနေရာမှ ပန်သစ္စာဘက်သို့ ဦးခေါင်းငဲ့ကြည့်လာပြီး အံ့ကြိတ်သံကြီးဖြင့် မေးလေသည်။

''ဒါဆို အဲဒီကျေးဇူးကန်းတဲ့ ဟဲဘူးရွာသားဆိုတာ ဘယ်





သူလဲ မိသစ္စာ''

''သိရင် နင်က ဘာလုပ်မလို့လဲ''

ဇော်မိုးက ဝဲဘက်လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ လက်ယာဘက်လက်ထဲမှ လှံတံကိုလည်း တင်းတင်းကြီး ဆုပ်ကိုင်လိုက်လေ၏။

''အမှန့်ချေမှာပေါ့၊ မုဆိုးတစ်ဦးဖြစ်တဲ့ ငါ့အဘိုးမသေခင်က ပြောတဲ့စကား ကြားဖူးတယ် မိသစ္စာ၊ ဟဲဘူးဝံပုလွေတွေဟာ ကြောက်စရာကောင်းတယ်ဆိုပေမယ့် အင်မတန် စည်းရှိတယ်တဲ့၊ သူတို့ဟာ ဟဲဘူးတောင်ဝန်းကျင်မှာပဲ ကျက်စားတတ်ပြီး နယ်ကျွံလေ့ မရှိကြဘူးတဲ့၊ တောထဲ မျက်စိလည်သွားသူဟာ သူတို့နယ်ထဲ မရောက်သရွေ့ အန္တရာယ်လာပြုတာမျိုး မရှိဘူးတဲ့၊ စမ်းချောင်းလေးတစ်ခု ခြားရင်တောင် ရန်လာမပြုဘူးတဲ့၊ အဲ ... သူတို့ရဲ့နယ်ကို ကျူးကျော်လာလို့ကတော့ အစိတ်သားကောင်တောင် ချမ်းသာမပေးဘူးဆိုပဲ၊ အဲဒီလောက် စည်းရှိတဲ့ ဟဲဘူးဝံပုလွေတွေဟာ ငါတို့ရဲ့ရွာထဲအထိ ဘာဖြစ်လို့ ကျူးကျော်ဝင်ရောက် ဒုက္ခပေးကြပါလိမ့်လို့ ငါ မကြာမကြာ တွေးမိခဲ့တယ် မိသစ္စာ၊ လက်စသတ်တော့ ငါတို့ရွာသားက စပြီး သစ္စာဖောက်ခဲ့တာကိုး၊ သင်းက ရန်မီးကို မွှေးခဲ့သူပဲ၊ သင်းကြောင့် ရွာသူ

www.burmeseclassic.com



ရွာသားတွေနဲ့ ဝံပုလွေတွေ သေကျေဒဏ်ရာရခဲ့ကြတယ်၊ သင်းကြောင့် ဟဲဘူးဝံပုလွေမျိုးပြုတ်တော့မယ်၊ သင်းဟာ ဘယ်သူလဲဆိုတာ ငါသိချင်တယ် မိသစ္စာ''

''အေး . . . အဲဒီလူဟာ ဘယ်သူလဲဆိုတာ ငါသိတယ် ဇော်မိုး၊ ဒါပေမဲ့ ငါမပြောနိုင်ဘူး''

''နင်က ဘာဖြစ်လို့ မပြောနိုင်ရတာလဲ မိသစ္စာ၊ နင်တို့အမျိုးထဲကမို့လား''

''ငါ့အမျိုးထဲက မဟုတ်ပါဘူးဟာ''

''ဒါဆိုပြောလေ၊ ငါတို့တစ်ရွာလုံးကို ဒုက္ခရောက်အောင် ရန်မီးမွှေးခဲ့သူကို ငါသိချင်တယ်၊ ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ အဲဒီလိုလူမျိုးကို ညှာတာနေစရာ ဘာအကြောင်းမှ မရှိဘူး အနည်းဆုံး သူ့ကို ရွာကနေ မောင်းထုတ်ပစ်ရမယ် မိသစ္စာ''

ပန်သစ္စာက သက်ပြင်းချလိုက်ပြီး လေပြေလေးဖြင့် ပြောသည်။

''ကဲပါဟာ . . . အဲဒီကိစ္စကို ထားလိုက်ပါ၊ မနက်ဖြန်လပြည့်ညမှာ တတ်နိုင်ရင် နင်တို့ဟဲဘူးတောင်ဆီ သွားပြီး ဝံပုလွေတွေကို ရန်မပြုစေချင်ဘူး၊ ငါသိထားသလောက် ပြောရင် ဟဲဘူးဝံပုလွေတွေဟာ မနက်ဖြန်လပြည့်ညမှာ ငါတို့ရွာဆီ





လာမှာ မဟုတ်ဘူးဟ၊ သူတို့ အခြားတစ်နေရာကို သွားဖို့ အစီအစဉ် ရှိတယ်''

''နေပါဦး မိသစ္စာ . . . ဟဲဘူးတောင်က ဝံပုလွေတွေရဲ့ လှုပ်ရှားမှုကို နင်က ဘယ်လိုသိနိုင်တာလဲ''

''ဒီလိုဇော်မိုး . . . ကိုလူရဲတို့ဟာ ဟဲဘူးတောင်က ဝံပုလွေတွေနဲ့ ဆက်နွယ်မှုရှိနေတယ်၊ သူတို့ဘယ်လိုကြောင့် ဆက်နွယ်မှုရှိသလဲဆိုတာကိုတော့ ငါ အခုမပြောချင်သေးဘူး။ ရှင်းရှင်းပြောရရင် ကိုလူရဲဟာ အဲဒီဝံပုလွေတွေ မနက်ဖြန်လပြည့်ညမှာ ငါတို့ရွာဆီ မလာအောင် လမ်းကြောင်းလွှဲဖို့ ကြိုးစားလိမ့်မယ်၊ ဒါကြောင့် နင်တို့ကလည်း ဟဲဘူးတောင်အထိ သွားပြီး ဝံပုလွေတွေကို ရန်မပြုသင့်ပါဘူးဟာ''

ဇော်မိုးသည် အတန်ကြာတွေဝေသွားပြီး ခဏကြာမှ စကားပြန်၏။

''မိသစ္စာ . . . ဟဲဘူးဝံပုလွေတွေရဲ့ရန်ကို ဖြိုခွင်းဖို့ကိစ္စဟာ၊ ငါတစ်ယောက်တည်း ဆုံးဖြတ်ခဲ့တာမဟုတ်ဘူး။ နင့်အဖေရော၊ ငါ့အဖေပါ ပါတဲ့ ရွာလူကြီးတွေဟာ သူကြီးနဲ့တိုင်ပင်ပြီး ဆုံးဖြတ်ချက်ချခဲ့တာဟ၊ ငါ့အဖေကဆို အဲဒီဝံပုလွေတွေ ရွာဆီလာတဲ့အထိ စောင့်မနေဘဲ ဟဲဘူးတောင်ဆီ ကိုယ်ကဦးအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးသွားပြီး လက်ဦးမှုယူ တိုက်ခိုက်ဖို့အဆိုပြုခဲ့တယ်ဟ ...။

ဟဲဘူးတောင်ခြေနဲ့ ဟဲဘူးတောရဲ့စပ်ကြားမှာ မြေလွတ် ဖုန်းဆိုးလွင်ပြင်လေးတစ်ခု ရှိတယ်၊ ဟဲဘူးဝံပုလွေတွေ ငါတို့ ရွာဆီလာရင် အဲဒီမြေကွက်ဖုန်းဆိုးလွင်ပြင်ကို ဖြတ်လာရမှာ ဒါကြောင့် အဲဒီလွင်ပြင်အစပ်ကနေ စောင့်ပြီး ချုံခိုတိုက်ရင် ဟဲဘူးဝံပုလွေတွေ အတုံးအရုံး သေကိုသေကုန်ရမယ်လို့ ငါ့အဖေ က ပြောခဲ့တာဟ၊ အဖေ့ရဲ့ဗျူဟာကို သူကြီးအပါအဝင်ကျန်တဲ့ ရွာလူကြီးတွေက သဘောကျလက်ခံတယ် မိသစ္စာ ...။

ငါတို့လူကြီးတွေ ဗန်းမော်တက်ပြီး သက်ဆိုင်ရာတင်ပြ လို့ သက်ဆိုင်ရာကပါ လက်ခံရင် အဲဒီဗျူဟာအတိုင်း လုပ်ကြ လိမ့်မယ်၊ အဲဒီအစီအစဉ်ကို ဖျက်လို့မရတော့ဘူး။ အေး ...နင် ပြောသလို မနက်ဖြန်ညမှာ ဟဲဘူးဝံပုလွေတွေဟာ တခြားဘက် ဆီ လမ်းကြောင်းပြောင်းသွားရင်တော့ ဝံပုလွေတွေသက်သာမယ် ဘာပဲဖြစ်ဖြစ် ငါတို့တစ်ရွာလုံးကတော့ ဟဲဘူးဝံပုလွေတွေကို အမြစ်ပြတ် မျိုးပြုတ်သွားစေချင်နေကြတာ အမှန်ပဲ မိသစ္စာ"

နောက်ဆုံးဝယ် ပန်သစ္စာမှာ သက်ပြင်းချရင်းသာ ဖော်မိုးတို့အိမ်ဘက်ဆီမှ စိတ်မောစွာ ပြန်လာခဲ့ရလေသည်။

"အင်း ... ဖော်မိုးပြောသလိုပဲ၊ မနက်ဖြန်လပြည့်ညကျ





ရင် ဟဲဘူးဝံပုလွေတွေကို လွယ်ပေါ်တောင်ကြောဘက် ကိုရဲခေါ် သွားနိုင်ရင်တော့ ဟဲဘူးတောင်မှာ သွေးချောင်းမစီးနိုင်တော့ဘူး ပေါ့"

* * *



www.burmeseclassic.com

www.burmeseclassic.com



## သတ်ကွင်းဗျူဟာ

နောက်နေ့ လပြည့်နေ့ နေ့လယ်ပိုင်းမှာပင် သူကြီးနှင့် ရွာသူကြီးများ ဟဲဘူးရွာသို့ မော်တော်ဖြင့် ပြန်ရောက်လာကြ လေသည်။

ရွာလူကြီးများနှင့်အတူ ပုလိပ်အင်စပက်တော်တစ်ဦးနှင့် ပုလိပ်သားလေးဦးအပြင် အင်္ဂလိပ်စစ်တပ်မှ ဂေါ်ရခါးတပ်ကြပ် ကော်ပရာတစ်ဦး၊ ဂေါ်ရခါးတပ်သားနှစ်ဦးတို့ လိုက်ပါလာကြလေ ၏။

ဂေါ်ရခါးတပ်သားတစ်ဦးက ရောမစက်သေနတ်ကြီးကို





ထမ်းလာရာ စက်သေနတ်မမြင်ဖူးသော ဟဲဘူးရွာသူရွာသား များနှင့် ကလေးများမှာ ယင်းဂေါ်ရခါးစစ်သား၏ နံဘေးမှ ဝိုင်း ဝိုင်းလည်နေကြတော့၏။

"ဟဲ့ မိဝါနုရဲ့ ... အဲဒီစစ်သေနတ်ကြီးက ခလုတ်တစ် ချက် ဆွဲလိုက်ရင် ကျည်ဆန်တွေအများကြီး အဆက်မပြတ် ထွက်တာတဲ့ဟဲ့"

"ဟင် ... ဟုတ်လား၊ ကြောက်စရာကြီးပါလား၊ ဒါဆို အဲဒီစက်သေနတ်ကြီးနဲ့ တစ်ချက်ဆွဲလိုက်ရင် ဝံပုလွေကောင်တွေ တော့ အတုံးအရုံး သေကုန်ကြမှာပဲနော် ပုံ့ပုံ့"

"ဟုတ်တယ် မိဝါနုရဲ့၊ ဒီတစ်ခါတော့ ဟဲဘူးဝံပုလွေ တွေ မျိုးပြုတ်ပြီသာမှတ်"

"ကောင်းတယ်၊ အဲဒီမိစ္ဆာကောင်တွေ မျိုးပြုတ်မှကောင်း တယ်၊ ဒီတစ်ခါ လပြည့်ညတော့ ပွဲကြီးပွဲကောင်းပဲဟေ့ ... ဟင်း ဟင်း ဟင်း"

ဟဲဘူးဝံပုလွေတို့အား အင်နှင့်အားနှင့် ရှင်းတော့မည် ဆိုသဖြင့် ဟဲဘူးတစ်ရွာလုံး ပျော်မဆုံး ဖြစ်နေကြတော့၏။

သူကြီးအိမ်တွင် ရွာလူကြီးများ စုဝေးကာ ပုလိပ်အင်စ ပက်တော်နှင့် ပုလိပ်သားများကိုရော၊ ဂေါ်ရခါးကော်ပရာကြီးနှင့်

www.burmeseclassic.com



တပ်သားနှစ်ဦးတို့ကိုပါ လိုလေသေးမရှိ ပြုစုကျွေးမွေးလျက်ရှိကြကုန်၏။

ကျေးရွာကာကွယ်ရေးအဖွဲ့ဝင်များနှင့် ကာလသားများသည်လည်း ဓားလှံတဝင့်ဝင့်ဖြင့် သူတို့ကိုယ်သူတို့ ရော့ ရော သူရဲကောင်းကြီးများသဖွယ် ရွာလယ်လမ်းတွင် ဂုဏ်ယူဝံ့ကြွားစွာ လမ်းသလားလျက်ရှိကြကုန်၏။

ကျေးရွာသူ မိန်းမပျိုပျိုအိုအိုတို့ကမူ သူမတို့၏ အမျိုးသားချင်း လင်သားမောင်ဘွားများကို ဒုက္ခပေး ကိုက်သတ်ခဲ့ကြသည့် ဟဲဘူးဝံပုလွေတို့ မျိုးပြုတ်တော့မည့်အရေးကို ဝမ်းမြောက်ဝမ်းသာစွာဖြင့် ထောပနာပြုကာ အချင်းချင်း စကားတင်းဆိုလျက် ရှိကြကုန်၏။

ကလေးများကမူ ဂေါ်ရခါးစစ်သားကြီးထမ်းလာသည့် စက်သေနတ်ကြီးဖြင့် အဘယ်သို့ တဒက်ဒက်ပစ်လိုက်လျှင် ဟဲဘူးဝံပုလွေတို့ အဘယ်သို့ တဘုံးဘုံး အတုံးအရုံး လဲကျသေဆုံးသွားကြမည်ကို ဟန်အမူအရာများနှင့်တကွ အချင်းချင်း ပြောဆိုကာ ရယ်မောပျော်ရွှင်လျက်ရှိကြကုန်၏။

ဟဲဘူးဝံပုလွေတို့အား အပြီးတိုင် သုတ်သင်တော့မည့် အရေးတော်ပုံကြီးတွင် ဟဲဘူးတစ်ရွာလုံး တက်ကြွပျော်ရွှင် အား





တက်လျက် ရှိကြသော်လည်း ရွာသူရွာသားနှစ်ဦးကမူ အများနှယ် ပျော်ရွှင်အားရခြင်းမရှိဘဲ ကိုယ့်အတွေးနှင့်ကိုယ် ငေးငိုင်လျက် ရှိလေ၏။

သူတို့နှစ်ဦးသည်ကား ...

ဖော်မိုးနှင့်ပန်သစ္စာတို့ပင် ဖြစ်ပါသတည်း။

✳

"ဦးဖော်ဒွေးပြောတဲ့ ဟဲဘူးတောင်ခြေနဲ့ ဟဲဘူးတောအုပ်အကြားက ဖုန်းဆိုးလွင်ပြင်လေးဟာ ဝံပုလွေတွေအတွက် သေတွင်း ထောင်ချောက်ပေါ့ ... ဟုတ်လား"

ပုလိပ်အင်စပက်တော် ဦးဘမြင့်က ဆတ်သားခြောက်တစ်ဖတ်ကို ကောက်ဝါးရင်း မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ် အင်စပက်တော်မင်း။ ဝံပုလွေတွေ တောင်ပေါ်က ဆင်းပြေးလာကြရင် အဲဒီ ဖုန်းဆိုးလွင်ပြင်လေးကို မဖြတ်မဖြစ်ဖြတ်ရမှာပါ၊ အင်စပက်တော်မင်းတို့နဲ့ ဒီက ဂေါ်ပရာကြီးတို့ကသာ ဒီဘက်ဖုန်းဆိုးကွင်းအစပ်ကနေ စက်



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကြီးနဲ့ ဆွဲလိုက်တော့ ကောက်နံ့တွေကို တံစဉ်နဲ့ရိတ်လိုက်သလိုကို ဖြစ်မှာပါပဲခင်ဗျ''

သူကြီးအိမ်မှ စကားဝိုင်းတွင် အတက်ကြွဆုံးပါဝင်ဆွေးနွေးနေသူမှာ ဇော်မိုးဖခင် ဦးဇော်ငွေးပင် ဖြစ်ပါ၏။

ဇော်မိုးကမူ လူကြီးဝိုင်း၏အစွန်တွင် ထိုင်ရင်း နားစွင့်နေလေသည်။

''နေပါဦး ကိုဇော်ငွေးရဲ့ . . . အဲဒီဖုန်းဆိုးလွင်ပြင်လေးက ဟဲဘူးကျောက်တောင်ကြီးရဲ့ ကျုပ်တို့ရွာဘက်အခြမ်းမှာ ရှိတာ ဟုတ်ရဲ့လားဗျ''

''ရော် . . . ဟုတ်ပါသော်ကော သူကြီးရယ်၊ အဲဒီနေရာကို ကျုပ်ကိုယ်တိုင် ရောက်ခဲ့တာပါဗျ''

''ခင်ဗျားက ဘယ်တုန်းက ရောက်ခဲ့တာလဲ၊ ကျုပ်တို့ရွာက ဘယ်မှဆိုးမှ အဲဒီဟဲဘူးတောင်ဘက် မသွားဝံ့တဲ့ဟာကို''

''သြော် သူကြီးနှယ် . . . ကျုပ်ပြောတာ မယုံဘူးပေါ့ . . . ဟုတ်လား၊ ဒီမှာသူကြီးရဲ့ . . . ကျုပ်က အဲဒီနေရာကို ရောက်ခဲ့ဖူးရုံ မကဘူး၊ အဲဒီဟဲဘူးတောင်ပေါ်မှာကို ခြောက်ည တိတိ အိပ်ခဲ့ဖူးသူပါဗျ''

ရွာသူကြီးနှင့်တကွ ရွာလူကြီးအားလုံးက ဦးဇော်ငွေးအား





အံ့သြစွာ ဝိုင်းကြည့်လိုက်ကြတော့၏။

''ဟ . . . ဟုတ်မှလည်း လုပ်ပါ ငါ့လူရာ၊ ဟဲဘူးတောင်ကြီးအနားတောင် ဘယ်သူမှ မကပ်ဝံ့ကြတဲ့ဟာကို ခင်ဗျားက အဲဒီဟဲဘူးတောင်ပေါ်မှာတောင် ခြောက်ည အိပ်ခဲ့တယ်ဆိုတော့ သူတွက်မရှိလိုက်တာဗျာ''

''ဟုတ်ပ့ါ ကိုဇော်ငွေးရာ၊ ခင်ဗျားကလည်း ကြွားစရာမရှိ ကြံဖန်ကြွားရတယ်လို့''

ရွာလူကြီးတစ်ဦးဖြစ်သော ဦးဘချော က ဝေဖန်ရှုတ်ချစကားပြောလိုက်ရာ ဦးဇော်ငွေးမှာ ရှူးရှူးရှားရှား ဖြစ်သွားရတော့၏။

''ဒီမှာဗျ . . . ကျုပ်ကြွားတာ မဟုတ်ဘူး သိရဲ့လား၊ ကျုပ် တစ်ရွာလုံးကို မပြောဘဲထားခဲ့တဲ့ကိစ္စတစ်ခု ရှိခဲ့တယ်ဗျ၊ လွန်ခဲ့တဲ့ လေးငါးလလောက်တုန်းက ကျုပ်ဟာ အမဲလိုက်ရင်း ချက်စိလည်ပြီး ဟဲဘူးတောင်ခြေနား ရောက်သွားခဲ့ဖူးတယ်ဗျ၊ ကျုပ်ကိုလည်းတွေ့ရော ဟဲဘူးဝံပုလွေတွေက ဝိုင်းကိုက်တော့တာပဲဗျို့၊ တော်ပါသေးရဲ့ . . . အဲဒီအချိန်မှာ ဝံပုလွေဂူကြီးတစ်ခုထဲကနေ ဝံပုလွေအရေခြုံထားတဲ့ လူကြီးတစ်ဦး ထွက်လာပြီး အော်ဟစ်ဟန့်တားလိုက်မှ ဝံပုလွေတွေဟာ အကိုက်ရပ်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့တယ်ဗျာ ...။

အဲဒီပုဂ္ဂိုလ်ကြီးဟာ ဟဲဘူးတောင်ကြီးပေါ် ကျုပ်ကိုခေါ် သွားပြီး ဆေးဝါးကုသပေးခဲ့တယ်ဗျ''

''ဟာ ... အဲဒါ တကယ်ပဲလား, ကိုဇော်ထွေး''

''ဟုတ်တယ်ဗျ၊ အဲဒီတုန်းက ကျုပ် တစ်ပတ်လော ရွာကို ပြန်မရောက်ဖြစ်ခဲ့ဘူးလေ၊ ကျုပ်ရဲ့မိသားစုနဲ့ ရွာကလူတွေ ကတော့ ကျုပ် တောထဲ သစ်မွှေးလည်ရှာရင်း ရက်ကြာညော သွားတယ်လို့ ယူဆခဲ့ကြတာကလား''

''ဒါဆို အဲဒီတုန်းက ဝံပုလွေတွေဟာ ခင်ဗျားကို မ မပြုကြဘူးပေါ့''

''လုံးဝ ရန်မပြုဘူးဗျ၊ ကျုပ်ကိုကယ်ခဲ့တဲ့ပုဂ္ဂိုလ်ကြီး ဝံပုလွေတွေအပေါ် အတော်ဩဇာညောင်းတာကလား''

''ဒါဆို အဲဒီပုဂ္ဂိုလ်ကြီး ဟဲဘူးတောင်ပေါ်မှာ အခု ရှိသေး သလား''

''အဲဒါတော့မသိဘူး''

''နောက်တော့ ခင်ဗျား ဘာဆက်ဖြစ်သလဲဗျ''

''အဲ ... ကျုပ်လည်း ဒဏ်ရာတွေ သက်သာလာတော့ ရွာကိုပြန်လာခဲ့တာပေါ့ဗျာ''





ဇော်မိုးသည် ထိုင်နေရာမှထပြီး သူကြီး၏အိမ်ဝိုင်းထဲမှ လှမ်းထွက်ခဲ့တော့၏။

သူ၏မျက်နှာသည် ရွာတော့မည့်မိုးနှယ် အုံ့မှိုင်းလျက် ရှိပြီး သူ၏ခြေလှမ်းများက ပန်သစ္စာတို့အိမ်ဘက်သို့ ဦးတည်လျက်

ပန်သစ္စာတို့အိမ်ဝိုင်းထဲသို့ ဇော်မိုး လှမ်းဝင်ခဲ့သည်တွင် ပန်သစ္စာသည် အိမ်ရှေ့သရက်ပင်အောက်မှ ကွပ်ပျစ်ပေါ်တွင် တစ်ယောက်တည်း ငေးငေးငူငူထိုင်လျက်ရှိသည်ကို တွေ့ရလေ ၏။

''မိသစ္စာ''

''ဘာလဲ ဇော်မိုး''

''နင် ငါ့ကို အမှန်အတိုင်းပြောစမ်း၊ ဟဲဘူးဝံပုလွေတွေနဲ့ ရန်မီးမွှေးခဲ့သူဟာ ငါ့ရဲ့အဖေ မဟုတ်လား''

ပြိုတော့မည့်မိုးလို အုံ့မှိုင်းနေသည့် မျက်နှာထားဖြင့် မေးလာသည့် ဇော်မိုးအား ကြည့်ရင်း ပန်သစ္စာက သက်ပြင်း ချလိုက်သည်။

''ဟင်း ... နင်သိသွားပြီပေါ့ ... ဟုတ်လား ဇော်မိုး''

''ငါမေးတာကိုပဲ နင်တိတိကျကျဖြေပါ မိသစ္စာ''

''ဟုတ်တယ် ဇော်မိုး ... ဦးလေး ဦးဇော်ထွေးပဲ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်ဌေးဟာ သူ့ကို ဝံပုလွေတွေရဲ့ရန်က ကယ်တင်ခဲ့တဲ့ ကိုလူရဲ့ဦးလေး ဦးစောဒေဝကို ဓားနဲ့ မသေမချင်းခုတ်သတ်ပြီး ဦးစောဒေဝ တောထဲက ရှာဖွေစုဆောင်းထားတဲ့ ရွှေတုံးရွှေခဲတွေကို ယူပြေးခဲ့တယ်၊ ဦးစောဒေဝဟာ ဓားဒဏ်ရာတွေကြောင့် မသေပေမယ့် ရုပ်ဆင်းပျက်ပြီး ဒုက္ခိတတစ်ပိုင်းဖြစ်ခဲ့ရတယ် ခုတော့ ဦးစောဒေဝလည်း သေသွားပါပြီ၊ ကျောက်ဖြူတိုက်ကြီးမှာ အခုရှိနေတဲ့ဦးစောဒေဝဆိုတာ ဦးစောဒေဝအစစ် မဟုတ်ဘူး ဦးစောဒေဝနဲ့ ရုပ်ချင်းတူတဲ့ ဦးစောဒေဝရဲ့ အစ်ကို ဦးစောစိတ္တပဲ၊ ဦးစောစိတ္တဟာ ကိုလူရဲ့ရဲ့အဖေပဲပေါ့၊ အဲဒီလို ဦးလေး ဦးဇော်ဌေးရဲ့လုပ်ရပ်ကြောင့် ဟဲဘူးဝံပုလွေတွေဟာ ငါတို့ ဟဲဘူးရွာအပေါ် အငြိုးထားပြီး ရန်ပြုခဲ့ကြတာပဲ ဇော်မိုး''

''တောက် ... ဖြစ်မှဖြစ်ရလေဟာ''

မချိတင်ကဲဖြစ်နေဟန်ရှိသည့် ဇော်မိုး၏မျက်နှာကို ကရုဏာသက်စွာဖြင့် ငေးကြည့်ရင်း ပန်သစ္စာက နှစ်သိမ့်စကားဆိုသည်။

''ဇော်မိုးရယ် ... နင် သိပ်ပြီး မချင့်မရဲ ဖြစ်မနေပါနဲ့တော့၊ အရာရာဟာ ဖြစ်ကံကြုံလို့ ဖြစ်သွားရတယ်လို့သာ မှတ်လိုက်ပါ၊ သဗ္ဗေသတ္တာကမ္မသကာဆိုတဲ့ ဘုရားဟောကြားချက်





အတိုင်း ငါရော နင်ရော ဝံပုလွေတွေရော သတ္တဝါဟူသမျှဟာ ကံကြမ္မာရဲ့စီမံရာအတိုင်း ခံရတယ်လို့ပဲ မှတ်ယူလိုက်ပါဟာ''

ဇော်မိုးက ခေါင်းကို စိတ်ပျက်စွာ ခါယမ်းလိုက်သည်။

''မဟုတ်ဘူးဟာ ... ခုဟာက နင်ပြောခဲ့သလိုပဲ လူ့စည်းနဲ့ ဝံပုလွေစည်း ဘယ်သူက စဖောက်ခဲ့တာလဲ၊ လူဘက်က စပြီး စည်းဖောက်ခဲ့လို့ ခုလိုပြဿနာတွေ မီးခိုးကြွက်လျှောက်ဖြစ်ခဲ့ရတာပဲ မဟုတ်လား၊ တကယ်တော့ နင်ပြောသလိုပဲ ဟဲဘူးဝံပုလွေတွေဟာ သူ့ဘာသာနေခဲ့ကြတာပါ၊ ခုတော့ အဲဒီလိုစည်းစမဖောက်ခဲ့တဲ့ ဟဲဘူးဝံပုလွေတွေ မျိုးဖြုတ်တာ ခံရတော့မယ်၊ ဒါဟာ ဘယ်လိုမှ တရားမျှတတဲ့ကိစ္စမဟုတ်ဘူး မိသစ္စာ''

''ဟုတ်တယ် ဇော်မိုး ... ဒါကြောင့် ငါခံစားနေရတာပေါ့၊ ကမ္ဘာလောကကြီးမှာ အတူတူနေခွင့်ရကြတဲ့ သက်ရှိသတ္တဝါအချင်းချင်းမှာ အသိဉာဏ်ပိုရှိပါတယ်ဆိုတဲ့ ငါတို့လူသားတွေကသာ အသိဉာဏ်နည်းတဲ့ တောတိရစ္ဆာန်သတ္တဝါတွေအပေါ် အမျိုးမျိုး ကျူးကျော်အနိုင်ယူခဲ့ကြတာပါ၊ ကျားတွေ, ကျားသစ်တွေဟာ မျိုးပြုန်းဆီ တက်လာခဲ့ကြပါတယ်၊ ငါတို့လူသားတွေကသာ တောထဲဝင်ပြီး သူတို့ကို ပစ်ခတ်သတ်ဖြတ်ခဲ့ကြတာပါ''

''ဟုတ်တယ် မိသစ္စာ ... အခုကိစ္စမှာလည်း ဟဲဘူးဝံပု



www.burmeseclassic.com

www.burmeseclassic.com



လှေတွေဘက်က စမှားခဲ့တာမဟုတ်ဘူးဆိုတာ ငါသိခဲ့ရပါပြီ"

"ဒါပေမဲ့ အရာရာဟာ နောက်ကျခဲ့ပြီ ဇော်မိုး၊ ခု ညနေဆည်းဆာကိုရောက်လာပြီ၊ ဟဲဘူးဝံပုလွေတွေကို အပြီး ပြတ် သုတ်သင်ရှင်းလင်းဖို့ စစ်ဆင်ရေးကြီး စတော့မယ်၊ ငါ့အ ကအစ တစ်ရွာလုံးဟာ အဲဒီစစ်ဆင်ရေးကြီးအတွက် အရမ်း တက်ကြွနေကြပြီ၊ ဒါကို နင်နဲ့ငါ ဘယ်လိုတားဆီးနိုင်မှာလဲ ပြီးတော့ အနာကြည်းကြီး နာကြည်းနေပြီဖြစ်တဲ့ ဟဲဘူးဝံပုလွေ တွေ ရွာကို လာရန်မပြုဖို့ ငါတို့အချိန်အတော်ကြာ ကြိုးစား တားဆီးမှုဖြစ်မှာ၊ အဲဒီလို အချိန်ယူဖို့ ငါတို့မှာ အချိန်မရှိတော့ ဘူး၊ ဟော ... သူကြီးလာနေပြီ"

ရွာလယ်လမ်းအတိုင်း လျှောက်လာသည့် သူကြီးနှင့် အဖွဲ့က ဇော်မိုးကို လှမ်းတွေ့သွား၏။

"ဟော့ မောင်ဇော်မိုး ... မင်းကွာ အရေးကြီးခါမှ ဘယ် ရောက်သွားရတာလဲ၊ တောထဲလိုက်မယ့် ကျေးရွာကာကွယ်ရေး အဖွဲ့တွေနဲ့ ကာလသားတွေကို ညစာထမင်း စောစောစားခိုင်းပြီး လူစုထားတော့၊ မီးတုတ်တွေ လက်နက်တွေပါ အပြည့်အစုံပါ စေ ... ဟုတ်ပြီလား"

"ဟုတ်ကဲ့"





"ကဲ ... သွား သွား၊ မင်းလူတွေကို လောဆော်တော့"

"ဟုတ်ကဲ့"

ဇော်မိုးမှာ ပန်းသစ္စာအား ခပ်ငိုင်ငိုင် တစ်ချက်ကြည့်ပြီး နောက် ခြံဝိုင်းထဲမှ ခေါင်းငိုက်စိုက်ချကာ ထွက်သွားပါတော့ သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အသည်းကွဲတိုက်ပွဲ

ဦးဖော်ဌေးက လမ်းပြအဖြစ် တက်ကြွစွာဆောင်ရွက်သာ ဟဲဘူးဝံပုလွေချေမှုန်းရေးအဖွဲ့ကြီးသည် တောလမ်းခရီးကို တိတ်ဆိတ်စွာနှင်လျက်ရှိတော့၏။

လေးဖာလုံခန့်ရှိသော တောလမ်းတစ်လျှောက် သစ်ရွက်ခြုံကြားမှ ထိုးဖောက်ကျရောက်လျက်ရှိသည့် လရောင်ကို အားပြုလျက်သာ ခရီးနှင်နေကြခြင်းဖြစ်ပြီး မီးတုတ်မီးရောင်နှင့် ဓာက်နှိပ်ဓာတ်မီးရောင်တို့ကို အားပြုခြင်းမရှိချေ။

မကြာမီမှာပင် ဟဲဘူးတောင်ခြေနှင့် မလှမ်းမကမ်းရှိ





တောစပ်သို့ သူတို့လူစုကြီး လျှို့ဝှက်တိတ်ဆိတ်စွာ ရောက်ရှိလာခဲ့ကြပြီ။

ဦးဖော်ဌေးပြောခဲ့သည့်အတိုင်း ဖုန်းဆိုးလွင်ပြင်ငယ်ကို တွေ့ရှိရပြီ ...

လပြည့်ည၏လရောင်သည် ဟဲဘူးကျောက်တောင်ကြီးနှင့် ကျောက်တောင်နှင့်တောစပ်အကြားရှိ ဖုန်းဆိုးလွင်ပြင်ငယ်အပေါ် ဖွေးထင်းစွာ ကျရောက်လျက်ရှိသည်။

ဦးဖော်ဌေးနှင့် ရွာမုဆိုးအချို့ တိုင်ပင်ကာ ဝံပုလွေတို့လာနိုင်သည့် လမ်းကြောင်းကိုရွေးပြီး ဂေါ်ရခါးကော်ပရာကြီးတို့စက်သေနတ်အဖွဲ့က လမ်းကြောင်းတည့်တည့်မှာ နေရာယူ၏။

ပုလိပ်အဖွဲ့ကလမ်းကြောင်း၏ ဝဲဘက်တွင် နေရာယူပြီး ဖော်မိုးဦးဆောင်သည့် ကျေးရွာကာကွယ်ရေးအဖွဲ့က လမ်းကြောင်း၏ လက်ယာဘက်တွင် နေရာယူကြလေသည်။

သူကြီးနှင့်အတူ လိုက်ပါလာသော ရွာလူကြီးအဖွဲ့က တိုက်ခိုက်ရေးအုပ်စု၏ နောက်ဘက်တွင် ရှိနေကြပြီး ကာလသားအချို့က ဖုန်းဆိုးလွင်ပြင်၏ ဝဲဘက်နှင့်ယာဘက်ရှိ ဆူးချုံပုတ်များကို ကွယ်ကာ မီးတုတ်များ အသင့်ကိုင်လျက် စောင့်စားနေကြလေသည်။

www.burmeseclassic.com



သူတို့က တိုက်ပွဲစသည်နှင့် မီးတုတ်များကို မီးရှို့ပြီး သတ်ကွင်းတစ်ခုလုံးကို လင်းကျင်းစေမည်ဖြစ်၏။

ဟဲဘူးတောင်ကြီးနှင့် တောစပ်အကြားရှိ ဖုန်းဆိုးလွင်ပြင် ငယ်သည်ကား ဟဲဘူးဝံပုလွေများအတွက် ထောင်ချောက် သေကွင်းပင် ဖြစ်ပါသတည်း။

✳

ပြည့်ရှိန်းသည်ထက် ပြည့်ရှိန်းဝင်းပလာနေသည့် လပြည့်ညလဝန်းကြီးကို ငေးမောကြည့်ရင်း ပန်သစ္စာမှာ ရွှေရင်ခုန်လျက် ရှိတော့သည်။

အိပ်ခန်းပြတင်းတံခါးကို ဖွင့်ထားလျက် ပြတင်းပေါက် အနီးတွင် ခွေးခြေခုံမြင့်လေးဖြင့်ထိုင်ကာ ပြတင်းပေါင်ပေါ်မှ လက်မောင်းအိုးပေါ်တွင် မေးစေ့လေးကိုမေးတင်ရင်း သူမက လပြည့်ဝန်းကြီးကို စိတ်မသက်သာစွာ ငေးမောကြည့်နေခြင်း ဖြစ်ပါ၏။

ယနေ့ လပြည့်ညအဖို့ သူမကဲ့သို့ပင် ဟဲဘူးရွာတစ်ရွာလုံး အိပ်ပျော်နိုင်ကြမည်မဟုတ်။ ညဥ့်သန်းခေါင်ယံတိုင်လေလျှင်





ဟဲဘူးတောင်ကြီးဘက်ဆီမှ ပစ်ခတ်တိုက်ခိုက်သံများ တစ်ခဲနက် ကြားရချေမည်ဟူသော မျှော်လင့်ချက်၊ ယုံကြည်ချက်များဖြင့် တစ်ရွာလုံး မအိပ်နိုင်ဘဲ ညဥ့်သန်းခေါင်ယံအချိန်ကိုသာ ရင်ခုန်စိတ်စောစွာ စောင့်စားလျက်ရှိကြလေသည်။

"ဘုရားသိကြားမလို့ ဟဲဘူးဝံပုလွေတွေကို ကိုရဲ ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်နိုင်ပါစေ၊ ဟဲဘူးဝံပုလွေတွေကို လွယ်ပေါ်တောင်ကြောဘက် အာရုံပြောင်းခေါ်သွားနိုင်ပါစေ၊ ဝံပုလွေတွေ ဟဲဘူးရွာဘက် လုံးဝမလာပါစေနဲ့"

ပန်သစ္စာသည် ပြာနက်သောကောင်းကင်ဝဠာပြင်ကြီး အထက်မှ လပြည့်ဝန်းကြီးကို ငေးမောကြည့်ရင်း စိတ်ထဲမှ တဖွဖွ ရေရွတ်ဆုတောင်းလျက်ရှိပါတော့သည်။

✳

ဝံပုလွေအစွယ်နှစ်ခုကို ဖောက်သီထားသည့် ဆွဲကြိုးကို လည်မှာ ဆွဲထားပြီး ဝံပုလွေအရေကြီးခြုံထားသည့် လူရဲသည် ဟဲဘူးတောင်ပေါ်ရှိ ကျောက်ဂူအဝမှ ကျောက်တုံးကြီးတစ်တုံးပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ထိုင်ရင်း လပြည့်ဝန်းကြီးကို မော့ကြည့်လျက် ရှိလေ၏

လပြည့်ည၏လဝန်းကြီးက အရှေ့ဘက်ကောင်းကင်ယံမှ မသိမသာ ရွေ့လျားမြင့်တက်လာပြီး သန်းခေါင်ယံတိုင်ခါနီးတွင် ဦးခေါင်းထိပ်တည့်တည့်အပေါ်သို့ ဘော်ငွေရောင်အဆင်းဖြင့် ရောက်ရှိလာခဲ့ချေပြီ။

ထိန်ထိန်သာသော လရောင်က ဟဲဘူးကျောက်တောင်ကြီးကို ငွေရောင်လွှမ်းခြုံစေလျက်ရှိပြီး တောင်အောက်ခြေမှ မြက်ခင်းပြင်များ၊ ဆူးချုံပုတ်များနှင့် သစ်တောအပေါ်သို့ပါ ငွေ ငွေစတို့ကို ကျဲပက်လျက် ရှိလေသည်။

လမင်းထိန်ထိန်သာလာသည်နှင့်အမျှ မှုစာတက်ခဲ သော ကျောက်ဂူများထဲမှ ဝံပုလွေများ အလျှိုအလျှို ထွက်လာကြပြီး လူရဲရှိရာ ကျောက်ဂူကြီး၏အဝအနီးသို့ စုရုံးရောက်ရှိလာကြတော့၏။

ညဥ့်သန်းခေါင်ရောက်လုလုမှာပင် တလှုပ်လှုပ်တရွရွဖြင့် ဂနာမငြိမ်ဖြစ်လာကြသော ဟဲဘူးဝံပုလွေတို့၏အလယ်တွင် လူရဲက မားမားမတ်မတ် ရပ်လိုက်လေသည်။

ဝံပုလွေရေခြုံထားသောလူရဲ၏ဟန်ပန်က လရောင်အောက်တွင် ကြွားဝင့်လျက်ရှိပြီး ဟဲဘူးဝံပုလွေတို့က သူတို့၏





အရှင်သခင်သစ်အဖြစ် အသိအမှတ်ပြုထားပြီဖြစ်သဖြင့် သူ့အနားတွင် ဝိုင်းပတ်လှည့်လျက် ရှိကြတော့၏။

"ကဲ ... ငါ့ရဲ့ညီအစ်ကိုတို့ ငါ့ရဲ့နောက်ကို လိုက်ခဲ့ကြလော့၊ လွယ်ပေါ်တောင်ကြောဆီ သွားကြမယ်၊ လွယ်ပေါ်တောင်ကြောဆီ သွားကြမယ် ... လာကြ လာကြ"

လူရဲက ဝံပုလွေအုပ်ကြီးအား နှိုးဆော်လိုက်ပြီး လွယ်ပေါ်တောင်ကြော၏ မြောက်ဘက်သို့ဆင်းသည့်လမ်းကြောင်းအတိုင်း တောင်ပေါ်မှ စတင်ဆင်းတော့၏။

သူက လက်ဖျောက်ကို တဖျောက်ဖျောက်တီးရင်း ပါးစပ်မှလည်း ချော့မြူကာ ဝံပုလွေအုပ်ကြီးကို ဟဲဘူးတောင်ကြီး၏ အနောက်ကျောဘက်အခြမ်းသို့ တရွေ့ရွေ့ခေါ်သွားတော့၏။

သူ့အနေဖြင့် ဤလပြည့်ညသန်းခေါင်ယံဝယ် ဟဲဘူးဝံပုလွေတို့အား ဟဲဘူးရွာဆီ အာရုံမရောက်စေရန် ဟဲဘူးရွာရှိရာအရပ်နှင့် ဆန့်ကျင်ဘက်အရပ်ဖြစ်သော လွယ်ပေါ်တောင်ကြောမြောက်ဘက်ဆီ ခေါ်သွားရမည် မဟုတ်ပါလား။

ဝံပုလွေအုပ်ကြီးကလည်း ဂနာမငြိမ် တလှုပ်လှုပ်တရွရွဖြစ်နေကြသည့်တိုင် သူတို့၏သခင်အသစ် လူရဲခေါ်ဆောင်ရာနောက်သို့ တအီအီညည်းရင်း လိုက်ပါလာကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ဤလပြည့်ညဝယ် ဟဲဘူးရွာဘက်သို့ ခြေဦးလှည့်လိုက်ကြသော်လည်း သူတို့၏အရှင်သခင်သစ်ခေါ်ရာနောက်သို့သာ ဦးလည်မသုန် လိုက်ပါရန် ဆုံးဖြတ်ထားကြပုံရလေသည်။

လူရဲကလည်း သူ့စကားကို တစ်သဝေမတိမ်းနားထောင်ကာ သူ့အပေါ် ပျဝပ်ကျိုးနွံလှသည့် ဟဲဘူးဝံပုလွေတို့အား စိတ်ထဲမှ ချီးကျူးရင်း နောင်မကြာမီမှာပင် သူချစ်မြတ်နိုးလျက်ရှိသည့် ပန်သစွာရှိနေသော ဟဲဘူးရွာအား ဟဲဘူးဝံပုလွေတို့ ဘယ်သောအခါမှ ရန်မပြုစေရန် ဖျောင်းဖျခွဲဆောင်နိုင်လိမ့်မည်ဟု ယုံကြည်လျက် ရှိတော့၏။

သို့ဖြင့် လူရဲသည် ဟဲဘူးဝံပုလွေအုပ်ကြီးကို တောင်အောက်သို့ ရောက်လုနီးနီးအထိ အောင်မြင်စွာခေါ်ဆောင်လာနိုင်ခဲ့ချေပြီ။

ယင်းအချိန်မှာပင် မထင်မှတ်သောအဖြစ်အပျက်သည် ဖြစ်ပျက်လာခဲ့ချေ၏တကား။

✳





လဝန်းက ကောင်းကင်ယံထက်တွင် ထိန်ထိန်သာတောက်ပလျက်ရှိပြီ။

သန်းခေါင်ယံသို့ ရောက်သည့်တိုင် ဟဲဘူးတောင်ကြီးဘက်ဆီမှ ဝံပုလွေတို့၏မာန်ဖီသံများ၊ လှုပ်လှုပ်ရှားရှားအသံများ မကြားရသဖြင့် သူကြီးဦးမြဆောင်မှာ စိတ်ထဲမှ အားမလိုအားမရဖြစ်လာတော့သည်။

သူတို့ ပုန်းဝှက်ခိုအောင်းနေရာ ဟဲဘူးတောအုပ်ထဲမှ မှုရစ်အော်သံ၊ ပုစဉ်းရင်ကွဲတို့၏ တစီစီမြည်သံတို့သာ ပေါ်ထွက်လျက်ရှိပြီး လရောင်အောက်မှ သစ်တောကြီးက ဆိတ်ဆိတ်ငြိမ်လျက်ရှိချေ၏။

“ဘယ်လိုလဲ . . . သန်းခေါင်ယံရောက်ပြီ၊ ဝံပုလွေတွေသည်း တောင်ပေါ်က ဆင်းမလာကြပါလားဗျ”

သူကြီးက အားမလိုအားမရအသံဖြင့် မေးလိုက်ရာ ဦးဖော်ဒွေးက ပြုံးလိုက်ပြီး . . .

“မပူပါနဲ့သူကြီးရယ် . . . ခင်ဗျားကောင်တွေ ခုချက်ချင်းတောင်ပေါ်က ပြေးဆင်းလာအောင် ကျုပ်လုပ်ပြပါ့မယ်၊ ကျုပ်ကဆိုးပါဗျ၊ တောကောင်တွေရဲ့အထာကို နားလည်ပြီးသားပါ၊ သနတ်သမားတွေကိုသာ အသင့်ပြင်ခိုင်းထားစမ်းပါ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ပြီးသည်နှင့် သူ၏ပါးစပ်ပေါက် ဘေးဘယ်ညာတွင် လက်ဖဝါးနှစ်ဖက်ကို ထောင်လိုက်ထားလိုက်ကာ ဟဲဘူးတောင်ကြီးဘက်သို့ တည့်တည့်လှည့်လျက် ဝံပုလွေအူသံမျိုးကြီးဖြင့် သဲလိုက်အူလိုက် အူလိုက်ပါတော့၏။

'ဝူး အူ အူ ဝူး အူ အူ'

✳

ဟဲဘူးတောင်ကြီး၏ အရှေ့ဘက်အခြမ်းဆီမှ ဝံပုလွေအူသံကြီး ရုတ်တရက်ထွက်ပေါ်လာသဖြင့် လူရဲ၏နောက်သို့ လိုက်ပါလျက်ရှိကြသည့် ဝံပုလွေအုပ်ကြီးမှာ လွယ်ပေါ်တောင်ကြောမြောက်ဘက်သို့ ဦးတည်နေကြရာမှ တုံ့ခနဲ ရပ်တန့်သွားကြလေတော့၏။

"ဟာ . . . ဘယ်ကဘယ်လို ဝံပုလွေအူသံကြီး ထွက်ပေါ်လာပါလိမ့်"

လူရဲ အံ့အားတသင့်ဖြစ်သွားစဉ်မှာပင် ဟဲဘူးဝံပုလွေတို့သည် ရုတ်ရုတ်သဲသဲဖြင့် ဂနာမငြိမ် လှုပ်လှုပ်ရှားရှားဖြစ်လာ

ခု နှစ် စဉ် ကြယ် တာ ပေ



ကြပြီး မာန်ဖီကြလျက် ဝံပုလွေအူသံကြီး ထွက်ပေါ်လျက်ရှိသည့် တောင်၏ အရှေ့ဘက်အခြမ်းဆီ ဦးလှည့်လိုက်ကြတော့သည်။

"ဟေ့ . . . လာကြလေ လာကြ၊ ငါ့ရဲ့နောက်ကို လိုက်ခဲ့ကြလေ"

လူရဲက အခြေအနေကိုရိပ်မိသဖြင့် ဝံပုလွေတို့အား အသံကုန်ဟစ်ကာ ခေါ်ငင်လိုက်လေ၏။

သို့သော် သူ၏အော်ခေါ်သံကို ကျောက်တောင်ကြီး၏ အရှေ့ဘက်အခြမ်းဆီမှ ဝံပုလွေအူသံကြီးနှင့် ဟဲဘူးဝံပုလွေတို့၏ တစ်ခဲနက် ဝိုင်းအူလိုက်သံက လွှမ်းမိုးသွားတော့သည်။

'ဝူး ဝူး အူ အူ အူ'

ဟဲဘူးဝံပုလွေတို့သည် ပြည့်ရွှန်းလျက်ရှိသော လပြည့်ဝန်းအား မော့ကြည့်ကာ သည်းလိုက်အူလိုက် အူလိုက်ကြပြီးနောက် ကျောက်တောင်ကြီးအပေါ် ပြေးတက်လျက် အရှေ့ဘက်ခြမ်းသို့ တစ်ဟုန်ထိုး ပြေးဆင်းသွားကြတော့၏။

'ဝူး အူ အူ အူ'

ဦးဇော်ဒွေးကား အဆက်မပြတ် အူလျက်ရှိချေသည်။

'ဝူး အူ အူ'

'ဝေါင်း ဝေါင်း ဝေါင်း'

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဟဲဘူးဝံပုလွေတို့ကား ဦးဖော်ဒွေး၏အူသံကြားရာ သစ်တောအုပ်ဆီ ဦးတည်လျက် ဖုန်းဆိုးလွင်ပြင်ကို တလွှားလွှားဖြင့် ပြေးလွှားဖြတ်ကျော်လျက်ရှိကြချေပြီ။

''ပစ်''

'ဒိုင်း ဒိုင်း ဒိုင်း'

'ဒက် ဒက် ဒက် ဒက်'

ကော်ဒိုက်ယမ်းအား ပေါက်ကွဲသံတို့နှင့်အတူ စက်သေနတ်သံတို့ အဆက်မပြတ် တစ်ခဲနက် ထွက်ပေါ်လာခဲ့ပြီ။

'ဒိုင်း ဒိုင်း'

'ဒက် ဒက် ဒက် ဒက် ဒက်'

ဖော်မိုးသည် သူ့မျက်စိရှေ့မှမြင်ကွင်းကို အံဝ်မက်မက်သူနှယ် ငေးကြောင်ကြည့်နေမိ၏။

မီးတုတ်မီးရောင်နှင့် လရောင်တို့အောက်ဝယ် ဖုန်းဆိုးကွင်းပြင်ရှိ မြက်ခြောက်ပင်တို့အကြားမှ တစ်ဟုန်ထိုး ဖြတ်သန်းပြေးလာလျက်ရှိကြသော ဝံပုလွေတို့သည် ထောင်းထောင်းထနေသည့် ယမ်းငွေ့များ၊ ဖုန်မှုန့်များအကြားတွင် ဖွေးခနဲ ထွေးခနဲ လဲကျသေဆုံးလျက် ရှိနေကြလေသည်။

ဝံပုလွေတို့သည် သူ့အဖေဦးဖော်ဒွေး ပြောခဲ့သည့်အတိုင်း တစ်ချိန်ဖြင့် ရိတ်လှီးခြင်းခံရသော ကောက်ပင်များနှယ် တိခနဲတုံးခနဲ လဲကျသေဆုံးလျက် ရှိကြလေ၏။

ဖော်မိုး၏မြင်ကွင်းရှေ့တွင် ဖုန်မှုန့်နှင့်ယမ်းငွေ့တို့က ထောင်းထောင်းထလျက်ရှိကြလေသည်။ ယင်းယမ်းငွေ့တို့ ဖုန်မှုန့်တို့အကြား၌ စက်သေနတ်ကျည်ကို ဖွတ်အတင်းဖြတ်တိုးနေကြသည့် ဟဲဘူးဝံပုလွေတို့ကား သေမင်း၏ခံတွင်းဝတွင် သေရမည်ကိုမမှုဘဲ ဝင်ရောက်အစတေးခံနေကြသည့်နှယ်ပါတကား။

ဦးဖော်ဒွေးထံမှ ဝံပုလွေအူသံထွက်ပေါ်နေသရွေ့ ဟဲဘူးဝံပုလွေတို့သည် သေကွင်းကို အမှုမထားစတမ်း ဖွတ်အတင်းဝင်တိုးနေကြမည်လားမသိ။

'ဝူး အူ အူ အူ အူ'

'ဒက် ဒက် ဒက် ဒက် ဒက်'

သတ်ကွင်းထဲတွင် ဟဲဘူးဝံပုလွေတို့ ထွေးခနဲ ဖွေးခနဲ တစ်ကောင်ပြီးတစ်ကောင် လဲကျသေဆုံးနေကြသည်မှာ မမြင်ရက်စရာပင်။

''အဖေ အဖေ ... တော်ပါတော့ဗျာ''

ဖော်မိုးက စက်သေနတ်သမားတို့ကို ကျော်ကာ အော်ဟစ်ဟန့်တားလိုက်သည့်တိုင် သူ့အော်သံက ကော်ဒိုက်ယမ်းအား




ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



တို့၏ပေါက်ကွဲသံ ဝံပုလွေအူသံ ဝံပုလွေတို့၏ မာန်ဖီသံတို့အကြား တွင် နစ်မြုပ်လျက်ရှိတော့သည်။

'ဂူး အူ အူ အူ အူ'

'ဒက် ဒက် ဒက် ဒက် ဒက်'

'ဝေါင်း ဝေါင်း ဝေါင်း'

ထိုစဉ် သတ်ကွင်းထဲသို့ အဆက်မပြတ် ပြေးဝင်လာလျက်ရှိကြသော ဝံပုလွေအုပ်ထဲတွင် ဝံပုလွေကြီးတစ်ကောင်ကို တွေ့လိုက်ရရာ ဖော်မိုးအံ့သြသွားတော့၏။

''ဟာ ဘယ် ဘယ်လို ဝံပုလွေကောင်ပါလိမ့်''

အာရုံစူးစိုက်ကာ သေချာကြည့်လိုက်မှ အဆိုပါဝံပုလွေကြီးမှာ ဝံပုလွေအစစ်မဟုတ်ဘဲ ဝံပုလွေအရေခြုံထားသည့် လူသား တစ်ဦး ဖြစ်မှန်း သိလိုက်ရတော့၏။

ယမ်းငွေ့များနှင့် ဖုန်လုံးတို့အကြားတွင် ဝံပုလွေတို့နောက်မှ ပြေးလိုက်လာသော ထိုလူက လက်နှစ်ဖက်ကို ရှေ့သို့ဆန့်တန်း ငွေ့ယမ်းလျက် အသံကုန် အော်ဟစ်ဟန့်တားနေလေသည်။

''တော်ကြပါတော့ မပစ်ကြပါနဲ့တော့၊ မပစ်ကြပါနဲ့တော့ တောင်းပန်ပါတယ်ဗျာ၊ မပစ်ကြပါနဲ့တော့''





ဖော်မိုးက ထိုသူကိုရော စက်သေနတ်သမားတို့ပါ အော်ဟစ်ဟန့်တားရန် ဟန်ပြင်လိုက်စဉ်မှာပင် စက်သေနတ်ကျည်များက ထိုသူ၏ ရင်ဘတ်ကို ထွင်းဖောက်သွားကြတော့၏။

'ဒက် ဒက် ဒက် ဒက် ဒက်'

''အား''

''ဟာ ... လူ လူပါလား''

ဝံပုလွေများအကြားတွင် ထွေးခနဲ လဲပြိုကျသွားသော ထိုသူ့ကို ကြောင်ကြည့်ကြရင်း သေနတ်သံများ ရုတ်တရက် ရပ်စဲသွားကြတော့၏။

ဟဲဘူး ဝံပုလွေတို့ ဖုန်းဆိုးကွင်းပြင်ထဲတွင် နေရာအနှံ့ မြင်မကောင်းအောင် ပြန့်ကြဲသေဆုံးလျက်ရှိကြသည်ကို လရောင်ဓာတ်မီးရောင်တို့ဖြင့် စိတ်မချမ်းမြေ့ဖွယ် မြင်နေရလေသည်။

မပြယ်လွင့်သေးသော ဖုန်မှုန့်နှင့်ယမ်းငွေ့များကြားမှ ဖြတ်ကာ ဖော်မိုးက လဲကျနေသူထံ ပြေးသွားပြီး ပွေ့မ,ယူလိုက်လေ၏။

ထိုသူ၏မျက်နှာကို လရောင်ဖြင့် တွေ့လိုက်ရတော့ ဖော်မိုး အံ့အားသင့်သွားလေသည်။

''ဟာ ... ကို ကိုလူရဲပါလား''



www.burmeseclassic.com

www.burmeseclassic.com



လူရဲက သူ့ကိုမော့ကြည့်သည်။ သို့သော် သဲကွဲစွာမြင်ဟန်မတူ။ လူရဲသည် ဝေဒနာပြင်းစွာ ခံစားရဟန်ဖြင့် မျက်နှာတစ်ချက်ရှုံ့မဲ့သွားပြီးနောက် ပါးစပ်မှ ခပ်သဲ့သဲ့အသံ ထွက်လာ၏။

''တော် ‥ တော်ကြပါတော့ဗျာ၊ ကျွန် ‥ ကျွန်တော့်ရဲ့ ညီအစ်ကိုတော်တွေကို မသတ် ‥ မသတ်ကြပါနဲ့တော့၊ သူ ‥ သူတို့ကို လွယ်ပေါ်တောင်ဘက် ခေါ် ‥ ခေါ်သွားတော့မှပါ ခင် ‥ ခင်များတို့ ဟဲဘူးရွာကို သူ ‥ သူတို့ ဒုက္ခမပေးစေရပါဘူးဗျာ၊ သူ ‥ သူတို့ကို မသတ် ‥ မသတ်ကြပါနဲ့တော့၊ ကျွန် ‥ ကျွန်တော် တောင်း ‥ တောင်းပန် ‥ အ အ''

မျက်ရည်များ စီးကျနေရာမှ လေသံပြတ်ကာ လူရဲ ဖက်လည်ကျသွားပါတော့သည်။

''ဖြစ်မှဖြစ်ရလေ ကိုလူရဲရယ်''

လူရဲ၏အလောင်းကို ပွေ့ထားရင်း ဖော်မိုးတစ်ယောက် စိတ်မကောင်းခြင်းများစွာ ဖြစ်နေစဉ်မှာပင် သူ့နောက်ဘက်မှ အားရဝမ်းသာ ရယ်မောသံကြီးတစ်ခုကို ကြားလိုက်ရတော့၏။

''ဟား ဟား ဟား ‥‥ ဘာတတ်နိုင်သေးသလဲကွ ‥‥ ဟင်၊ ငါ့ရဲ့အစီအမံကြောင့် သင်းတို့ ဟဲဘူးဝံပုလွေတွေ မျိုးပြတ်ကုန်ကြပြီ မဟုတ်လား ‥‥ ဟား ဟား ဟား''





ဦးဖော်ဒွေးကား ဝံပုလွေအသေကောင်များအကြားတွင် အောင်ပွဲခံအော်ဟစ်ပြောဆိုကာ တစ်လှမ်းချင်း လျှောက်သွားရင်း ဟားတိုက်ရယ်မောလျက် ရှိလေသည်။

ထိုမျှနှင့်အားမရသဲ ဦးဖော်ဒွေးက ဝံပုလွေအသေကောင်များကို ခြေထောက်ဖြင့် ခတ်လိုက်သေး၏။

'ဖောင်း' 'ဖောင်း'

''ဟား ဟား ဟား ‥‥ မိစ္ဆာကောင်တွေ သေတာကောင်းတယ်၊ သေစမ်း သေကြစမ်း ‥‥ ဟား ဟား ဟား ‥‥ ကဲကွာ ‥‥ မှတ်ပြီမဟုတ်လား''

'ဖောင်း' 'ဖောင်း'

ဦးဖော်ဒွေးက ဒေါ်ရာရကာ မြေပြင်ပေါ် သေးတစောင်းလဲကျလျက်ရှိသော ဝံပုလွေကြီးတစ်ကောင်ကို ခြေထောက်ဖြင့် ခတ်လိုက်စဉ် အသက်မသေသေးသည့် ထိုဝံပုလွေကြီးက ဝုန်းခနဲထပြီး ဦးဖော်ဒွေး၏ လည်မျိုကို ခုန်ဟပ်လိုက်တော့သည်။

'ဝေါင်း'

''အား''

ဦးဖော်ဒွေးမှာ မြေပြင်ပေါ်သို့ ဝံပုလွေကြီးနှင့် အတူလဲကျ လုံးထွေးသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . အဖေ"

ဖော်မိုးသည် ဖခင်ကြီး၏အဖြစ်ကို မြင်သဖြင့် တုန်လှုပ်သွားပြီး ပွေ့မ,ထားသည့် လူရဲအား မြေပြင်ထက်သို့ အသာချကာ ဖခင်ကြီးထံ ပြေးသွားလိုက်စဉ် . . .

ကျေးရွာကာကွယ်ရေးအဖွဲ့ဝင်တစ်ဦးက လက်ထဲမှ လှံဖြင့် ဝံပုလွေကောင်ကြီးကို ထိုးချလိုက်တော့၏။

'ခွပ်'

ဖော်မိုးက ဝံပုလွေအသေကောင်ကြီးအား သူ့အဖေ၏ ကိုယ်ပေါ်မှ ဖယ်ရှားလိုက်လေသည်။

ဖော်မိုး၏ဖခင် ဦးဖော်ဋ္ဌေးသည်ကား လည်ပင်းတွင် ဝံပုလွေအစွယ်ရာကြီးနှစ်ပေါက်နှင့် မရှူမလှ သေဆုံးလျက် ရှိချေပြီတည်း။

"ဖြစ်မှဖြစ်ရလေ အဖေရယ်"

ဖခင်ကြီး၏ဦးခေါင်းကို ဖော်မိုးက ရင်ခွင်ထဲတွင် ကြေကွဲစွာ ပွေ့ထားလိုက်လေသည်။

ဦးဖော်ဋ္ဌေးသည်ကား သူ့ကြမ္မာသူ ဖန်တီးသွားချေပြီတည်း။

✳





ဟဲဘူးတောင်၊ ဟဲဘူးတောနှင့် ဟဲဘူးရွာကလေးတို့၏ အပေါ်တွင် လပြည့်ဝန်းကြီးက ထိန်ထိန်သာမြဲသာလျက်ရှိပါ၏။

ဟဲဘူးရွာသားတို့သည် ဦးဖော်ဋ္ဌေး၏အလောင်းနှင့် လူရဲ၏ အလောင်းတို့ကို ဝါးလုံးတံပိုးတို့ဖြင့် ပခက်ပြုလုပ်ထမ်းကာ ဟဲဘူးရွာဆီသို့ တိတ်ဆိတ်စွာ ပြန်လာကြချေပြီ။

လူအုပ်တန်း၏နောက်ဆုံးမှ လိုက်ပါလာသော ဖော်မိုးက လပြည့်ဝန်းကြီးကို လမ်းလျှောက်ရင်း မော့ကြည့်လိုက်သည်။

ထိုသို့မော့ကြည့်ရင်း လဝန်းကြီးအား ခပ်ကိုးကိုး ပြောလိုက်မိတော့၏။

"လဝန်းကြီးရယ် . . . ဒီညကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေ မိသစ္စာကို ဘယ်လိုပြန်ပြောရပါ့မလဲကွယ်"

✳

ဟဲဘူးရွာသူကလေး ,ပန်သစ္စာသည် ဝံပုလွေအုပ်က



www.burmeseclassic.com

www.burmeseclassic.com



လေးကို ရင်ဝယ်ပိုက်ထားရင်း လပြည့်ညတိုင်း လူ့ရဲ့ဆိုသော လူချောလေး၏စကားသံတို့ကို ကြေကွဲစွာဖြင့် နှစ်ပေါင်းများစွာ ပြန်လည်ကြားယောင်လျက် ရှိပါတော့သတည်း။

"ပန် . . . ကိုယ့်ရဲ့လက်ဆောင်ကို မပျောက်မပျက် သိမ်းထားပါနော်၊

ပန် . . . ကိုယ့်ကို မုန်းသွားရင်တောင် ကိုယ့်ရဲ့ အမှတ်တရလက်ဆောင်ကို စွန့်ပစ်တာမျိုးမလုပ်ရဘူးနော်၊

ပန် . . . ကိုယ်ပြောတာ မမေ့ပါနဲ့နော်၊ ကိုယ့်ကို ဘယ်တော့မှ မမုန်းပါနဲ့နော်"

ပြီး

ဆက်လက်ကြိုးစားနေမယ့်

စိတြာအင္ဂ

# စိတြာအင္ဂ ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ

၁။ ကိုးမြို့ကိုးတံခါး ( စိတြကူ ကလောင်အမည်ဖြင့် )
၂။ သေမင်းပုရပိုက်ဖြူ ( ။ )
၃။ မရဏရှင်းတမ်း ( ။ )
၄။ ရွှေဘုံနန်းရှင် ( ။ )
၅။ ဂငယ်သုံးလုံးမောင်သုံးပုံး ( စိတြာအင္ဂ ကလောင်အမည်ဖြင့် )
၆။ မိကျောင်းစေတမန် ( ။ )
၇။ ခုနှစ်ဇီကျိန်စာ ( ။ )
၈။ စွယ်နက်ရှင် ( ။ )
၉။ ဗီးနပ်(စ်)ပုလဲ ( ။ )
၁၀။ ပင်လယ်မြွေဟောက် ( ။ )
၁၁။ အင်းဘီလူး ( ။ )
၁၂ သဝင်မြိုင်မောင်နမ ( ။ )
၁၃။ အရိုင်းမေတ္တာ ( ။ )
၁၄။ နံ့သာဓါးမ်ကြီး ရေကူဆီး ( ။ )
၁၅။ ငှက်ဂဠုန်မြွေနဂါး ( ။ )
၁၆။ သမုဒ္ဒယကောရီ ( ။ )
၁၇။ ကျောက်စိမ်းယက္ခ ( ။ )
၁၈။ လေးပွင့်သစ္စာ ( ။ )
၁၉။ ကိုးမြို့ ကိုးတံခါး ကိုးဖလား ( ။ )
၂၀။ ဘီလူးတောင်ကျိန်စာ ( ။ )

www.burmeseclassic.com

www.burmeseclassic.com

၂၁။ သွေးနှင်းဆီ ( စိတြအဂ္ဂ ကလောင်အမည်ဖြင့် )
၂၂။ ရေသူမလေး မဥ္ဇူရီ ( ။ )
၂၃။ မဟာရွှေတံခါး ရှမ်ဘဲလား ( ။ )
၂၄။ မဟာမြိုင်ဂူမှတ်တမ်း ( ။ )
၂၅။ ဂန္ဓာရကျောင်းနက်ကြီး ( ။ )
၂၆။ ဘာမသိသစ္စာ ( ။ )
၂၇။ ပဝါနီနီ ( ။ )
၂၈။ ဝက်ဝံနှလုံးသား ( ။ )
၂၉။ ခုနစ်စဉ်ကြယ်ပြောင်အမြီးထောင် ( ။ )
၃၀။ မောဟာဒေဝီ ( ။ )
၃၁။ ဒေါင်းဘာယက်ခွက်နှင့်သွေးကျိန်စာ ( ။ )
၃၂။ အနတ္တအကျဉ်းသား ( ။ )
၃၃။ မရဏတြိဂူ ( ။ )
၃၄။ တောင်သုံးလုံးရာဇာ ( ။ )
၃၅။ ကြောင်တစ်ရာမိုးမှောင် ( ။ )
၃၆။ မရဏလက် ( ။ )
၃၇။ ကညင်သုံးပေါက် ဖိုခုံလောက် ( ။ )
၃၈။ ဂငယ်သုံးလုံးမောင်သံပုံး (ဒု-ကြိမ်)( ။ )
၃၉။ မောင်းမမိဿံ၏ကျိန်စာ ( ။ )

---

ယ ခု လ

---

၄၀။ ဟဲဘူးဝံပုလွေတခွေ

www.burmeseclassic.com